
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းလောင်းထိုးသော ဝတ္ထုတိုများ

မင်းလူ

၂၀၀၃ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| - | မင်းလူ၏ အမှာစာ | ၆ |
| ၁။ | ကောင်လေးရေ | ၇ |
| ၂။ | မမ | ၃၃ |
| ၃။ | ဒါလီနှင့်နာရီ | ၉၉ |
| ၄။ | ပရိုင်းမိတ်တစ်ယောက်၏ ဆင်ကဲဖြစ်စဉ် | ၁၅၁ |
| ၅။ | ခေါင်းလောင်းထိုးသော လူတစ်ယောက် | ၁၈၅ |


www.burmeseclassic.com

www.burmeseclassic.com

# မင်းလူ၏ အမှာစာ

ဤစာအုပ်တွင် ပါဝင်သော ဝတ္ထုတိုများသည် အောက်ပါ စာအုပ်များတွင် ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။

၁။ ကောင်လေးရေ (ဝတ္ထုတိုစုစည်းမှု)

၂။ ရွှေရောင်မမရဲ့ ပုံတူ

၃။ ကံ့ကော်လေးပွင့် ဝတ္ထုများ

၄။ ခေတ်ပေါ်ငါးယောက် (ဝတ္ထုများ စုစည်းမှု)

၅။ ငိုအားနှင့် ရယ်အား

အမှတ်စဉ် ၅ မှလွဲ၍ ကျန်စာအုပ်များမှာ အခြားစာရေးဆရာများ၏ ဝတ္ထုများနှင့် တွဲဖက်၍ စုပေါင်းထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဟိုတစ်အုပ် ဒီတစ်အုပ် ပြန့်ကျဲပါဝင်နေခဲ့သော ကျွန်တော်၏ ဝတ္ထုများကို ယခု ပြန်လည်စုစည်းတင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

အထက်ပါ စာအုပ်များကို မဖတ်ရသေးသူများနှင့် ကျွန်တော်၏ ဝတ္ထုများကို တပေါင်းတစည်းတည်း ဖတ်လိုသူ သီးသန့် စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ပါသည်။

**ရိုသေလေးစားလျက်**
**မင်းလူ**



www.burmeseclassic.com

www.burmeseclassic.com

# ကောင်လေးရေ

www.burmeseclassic.com

# ကောင်လေးရေ

ဒီရက်ပိုင်းအတွင်းမှာမှ ဆောင်းက ပီပြင်လာတယ်။ ဒီနေ့ဆိုလျှင် ပိုပြီးတော့တောင် အေးသေးတယ်။ အအေးပိုလာသလား၊ အချမ်းပေါ့သွားသလားဆိုတာ သာမိုမီတာတောင် ကြည့်နေစရာ မလိုပါဘူး။ ခါတိုင်း အင်္ကျီထူထူကလေးဝတ်ထားရုံနဲ့ လုံလောက်ပေမဲ့ ဒီနေ့ ဖလန်နယ်အင်္ကျီပါ ထပ်ဝတ်ရတာကို ကြည့်ခြင်းအားဖြင့် သိသာပါတယ်။

အိပ်ရာထဲကို အစောကြီး ဝင်ခဲ့ပေမဲ့ အိပ်လို့မပျော်သေးဘူး၊ ချမ်းလွန်းလို့တော့မဟုတ်။ ခြုံထားတဲ့ အညာစောင်က နွေးနွေးထွေးထွေး ရှိပါတယ်။ တစ်ခါတစ်ခါ ဒီလိုပဲလေ၊ အကြောင်းမဲ့သက်သက် အိပ်မပျော်တာမျိုး ရှိတတ်တာပေါ့။

အပြင်ဘက်မှာတော့ တော်တော်အေးမှာပဲ။ လမ်းပေါ်မှာ လူသံသူသံဝေးလို့ ကားသံတောင်မှ တစ်ခါတစ်ခါမှ ကြားရတယ်။ ဒါပေါ့လေ ဒီလောက်တောင် ချမ်းအေးနေတဲ့ကာလကြီးမှာ အကြောင်းကိစ္စ အထူးအထွေ မရှိဘဲ ဘယ်သူက လမ်းသလားနေချင်ပါ့မလဲ။

ပိုးကောင်မွှားကောင်လေးတွေတောင် ချမ်းရှာလွန်းလို့



www.burmeseclassic.com

သစ်ခေါင်းထဲမှာပဲ ငြိမ်ကုပ်နေကြပြီထင်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လို့နေလေရဲ့။

မဟုတ်သေးပါဘူး။ ဟိုး… အဝေးကြီးဆီက သီချင်းသံသဲ့သဲ့ ကြားလိုက်ရပြန်တယ်။ ခဏကြာတော့ သီချင်းသံက ပိုပြီး ပီသလာတယ်။

*"မှုန်ပြာရီ xx ရာသီတွေပြောင်း xx တစ်ဆောင်းသစ်ပြန်ပြီ xx*
*ငွေနှင်းမှုန်မှုန် xx သုန်သုန်မြူးတော့ xx ဟေမာန်ဦး ကူးခဲ့ပြီ"*

ရင်ထဲက ထိတ်ခနဲ ဖြစ်သွားတယ်။ ဒီသီချင်းက ကောင်လေး ဆိုနေကျသီချင်း။ ဟိုး…လွန်ခဲ့တဲ့ နှစ်အတော်ကြာက ခုလို ဆောင်းချမ်း ကာလကြီးမှာပဲလေ။

ရတနာဆောင် တစ်ဆောင်လုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ခါတိုင်း ဒီအချိန်ဆို အဆောင်က စည်ကားတုန်း။ သီချင်းအော်ဆိုတဲ့ အသံတွေ၊ တစ်ယောက်နဲ့ တစ်ယောက် လှမ်းအော်နောက်ပြောင်တဲ့ အသံတွေ ဆူညံနေတယ်လေ။

ဒီနေ့တော့ ထူးထူးခြားခြား ချမ်းတဲ့ဒဏ်ကြောင့် ကိုယ့်အခန်း တွေထဲမှာပဲ စောင်ကလေးတွေခြုံပြီး ကွေးနေကြတယ်ထင်ပါရဲ့။ တချို့တွေလည်း အခန်းတစ်ခန်းမှာစုပြီး လက်ဖက်သုပ်ကလေး တစ်ပန်းကန်နဲ့ စကားပြောနေကြမှာပေါ့။ ဝရန်တာမှာ လမ်းသလားတဲ့ လူတော့ မရှိသလောက်ပဲ။

မမလည်း အခန်းဖော် ထွေးထွေးနဲ့အတူ အိမ်ကပါလာတဲ့ မြေပဲကြော်ပန်းကန်လေး အလယ်မှာချ၊ ဓာတ်ဗူးထဲက ရေနွေးကြမ်း ငှဲ့သောက်ရင်း အခန်းထဲမှာ စကားပြောနေကြတယ်။

ဒီလောက်ချမ်းတဲ့ အချိန်ကြီးမှာ အဆောင်ရှေ့ သီချင်း



www.burmeseclassic.com

လာဆိုကြတဲ့ ထံတျာသမားတွေကိုတော့ ချီးကျူးမိပါရဲ့။ တချို့က မီးပုကလေးဘေးမှာ ဝိုင်းထိုင်လို့၊ တချို့ကျတော့လည်း ကတ္တရာလမ်းပေါ်မှာ တန်းစီထိုင်လို့၊ များသောအားဖြင့်တော့ တစ်ဖွဲ့မှာ ဂစ်တာတစ်လက်စီလောက် ပါလာတယ်။ အဲဒီအချိန်မှာ ခေတ်စားတဲ့ စိုင်းထီးဆိုင် သီချင်းတွေ ဆိုကြတာပေါ့။ တချို့ကျတော့လည်း ဟေးလားဝါးလား ပေါက်ကရ လျှောက်အော်ကြတာပါပဲ။

သီချင်းဆိုတဲ့ လူတွေက စည်းကမ်းတော့ ရှိကြတယ်။ ဒါက ကျောင်းမှာ ထုံးစံပဲ။ တစ်ဖွဲ့က ဆိုနေတဲ့အချိန်မှာ တခြားတစ်ဖွဲ့က ဝင်မနှောင့်ယှက်ကြဘူး။ ဆိုနေတဲ့အဖွဲ့ကလည်း သီချင်းတစ်ပုဒ်ပြီးရင် တခြားအဖွဲ့တွေဆိုဖို့ အလှည့်ပေးရတယ်။

ဒီလိုနဲ့ ဆိုနေကြရင်းက မယ်ဒလင် လက်ကွက်စမ်းတဲ့အသံ ထွက်ပေါ်လာတယ်။ တခြားလူတွေလို မဟုတ်ဘဲ ကံ့ကော်ပင်ရဲ့ အမှောင်ရိပ်ကိုခိုပြီး တီးခတ်နေတဲ့သူဟာ ဘယ်သူလဲဆိုတာ ဒီက သိပြီးသားပါ။

"ဟော... သူလာပြီ မမထား"လို့ ထွေးထွေးက ပြောတယ်။ သူမပြောခင်ကတည်းက စေ့ထားတဲ့တံခါးကို နည်းနည်း ဟလိုက်မိပြီးပြီ။ ခဏကြာတော့ 'တစ်ဆောင်းသစ်ပြန်ပြီ'သီချင်းသံ ထွက်ပေါ်လာတယ်။ အသံက ချိုချိုအေးအေးလေး။

"ဒီခေတ်ထဲမှာ မယ်ဒလင်နဲ့ အနှစ်နှစ်ဆယ်သီချင်း လာဆိုနေတာ အံ့ပါရဲ့"လို့ ထွေးထွေးက လှမ်းပြောတယ်။ မမက သူ့ကို လက်ပြလိုက်တယ်။ နားထောင်နေတယ်၊ မနှောင့်ယှက်နဲ့ဆိုတဲ့ သဘော။ ထွေးထွေးက မဲ့ပြုံးပြုံးတယ်။ ဂရုမစိုက်နိုင်ဘူး၊ နံရံမှာ ကျောမှီထိုင်နေရာကနေ ခေါင်းအုံးပေါ်ကို ခေါင်းမှေးတင်ပြီး နားထောင်နေလိုက်တယ်။

နည်းနည်း ညဉ့်နက်လာပြီ။ သီချင်းဆိုတဲ့ လူတွေကလည်း



BURMESE CLASSIC .com
www.burmeseclassic.com

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်ကုန်ကြပြီ။ ထွေးထွေးတောင် စောင်ကလေး ခြုံပြီး ကွေးကွေးလေး အိပ်ပျော်နေပြီ။ ကံ့ကော်ပင် အမှောင်ရိပ်ထဲက မယ်ဒလင်သံနဲ့ သီချင်းသံအေးအေးကတော့ ထွက်ပေါ်လာနေဆဲ။ ညစဉ်ရက်ဆက် အခုလိုပဲ သီချင်းလာဆိုနေတာ ဆယ်ရက်မကတော့ဘူး။ စပြီး သတိထားမိတာတောင် ဆယ်ရက်လောက် ရှိပြီ။ ဒီအရင် ဘယ်တုန်းကတည်းက လာပြီး ဆိုနေတယ်တော့မသိ။

ဟထားတဲ့ တံခါးကြားက လေအေး စိမ့်ဝင်လာတယ်။ ရေခဲရေနဲ့ လှမ်းပက်လိုက်သလို ခိုက်ခနဲ တုန်သွားတယ်။ သြော်… အခန်းထဲမှာ နေနေရတဲ့လူတောင် ဒီလောက်အေးရင် နှင်းတောထဲမှာ နေနေရတဲ့ လူတစ်ယောက်တော့ ဘယ်လိုများ နေရှာလေမလဲ။ ကရုဏာစိတ်ကလေး ဝင်လာတာဟာ ကောင်လေးအပေါ် လိုက်လျောမှုတစ်ခုကို ပြုလုပ်မိစေတယ်။

ခါတ်ဗူးထဲက ရေနွေးကြမ်းပူပူကို မတ်ခွက်ထဲ ထည့်လိုက်တယ်။ စာတိုလေးတစ်စောင် ရေးတယ်။

"*ကောင်လေးရေ*

*ရေနွေးကြမ်းကြမ်းပူပူလေး သောက်လိုက်ဦး၊ သောက်ပြီးရင် ပြန်တော့နော်၊ အအေးမိပြီး ဖျားနာနေမှာ စိုးလို့ပါ*"

ရေနွေးခွက်နဲ့စာကို အဆောင်စောင့်ကြီးကတစ်ဆင့် ပေးခိုင်းလိုက်တယ်။ ခဏကြာတော့ အဆောင်စောင့်ကြီးက မတ်ခွက်ကို ပြန်လာပေးရင်း…

"ဘယ်လိုကောင်လေးမှန်းလည်း မသိပါဘူး ကလေးမရယ်"လို့ ပြောတယ်။

"ဟင်… ဘာဖြစ်လို့လဲ၊ သူက ဘာပြောလို့လဲ"

"ဘာမှမပြောဘူး၊ စာကို ဖတ်ကြည့်တယ်၊ ပြီးတော့ ရေနွေး



www.burmeseclassic.com

ပူပူလောင်လောင်ကြီးကို တကျိုက်ကျိုက် သောက်ချပြီးတော့ ချာခနဲ လှည့်ထွက်သွားတာပဲ”

အဲဒီစာတိုလေးနဲ့ ရေနွေးတစ်ခွက်ဟာ ကောင်လေးရဲ့ အချစ်ကို လက်ခံလိုက်သလို ဖြစ်သွားတော့တာပေါ့။

*

ကောင်လေးကို စပြီးသိခဲ့ရတာက ကောင်လေးကိုယ်တိုင် လာပြီး မိတ်ဆက်လို့ပဲ။

တစ်ညနေမှာ ညှော့သည်ရောက်နေတယ်ဆိုလို့ အဆောင် အောက်ထပ် ဧည့်ခန်းထဲ ဆင်းခဲ့တယ်။ ဧည့်ခန်းထဲမှာ ထိုင်နေတဲ့ ကောင်လေးတစ်ယောက် တွေ့တယ်။ တစ်ခါမှ မမြင်ဖူးဘူး။ သူငယ်ချင်း တစ်ယောက်ရဲ့ မောင်လေးဖြစ်မှာပဲလို့ ထင်လိုက်မိတယ်။ ကောင်လေး ရဲ့ ရှေ့မှာ ဝင်ထိုင်ပြီး...

“ဘာကိစ္စရှိလို့လဲ”လို့ မေးတော့...

“ကျွန်တော် မိတ်ဆက်ချင်လို့ပါ”တဲ့။ ရယ်ချင်သွားမိတယ်။

“မိတ်ဆက်ချင်ရအောင် မမက ရုပ်ရှင်မင်းသမီးလည်း မဟုတ်၊ အဆိုတော်လည်း မဟုတ်”

“ကျွန်တော့်နာမည် ညီမောင်ပါ”

သူ့ကိုယ်သူ မိတ်ဆက်ပြန်တယ်၊ ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောရမှာလား။ တော်တော်ကြောင်တဲ့ ကိစ္စပဲ။ မမက ဘာမှ ပြန်မပြောဘဲနေတော့...

“မမကတော့ ကျွန်တော့်ကို သိမှာမဟုတ်ဘူး၊ ကျွန်တော် ကတော့ မမကို သိနေတယ်လေ၊ ကျွန်တော်တို့က ပထမနှစ် ကျောင်းသားလေးတွေ မဟုတ်လား၊ မောင်မယ်သစ်လွင် ကြိုဆိုပွဲတုန်း



www.burmeseclassic.com

ကတည်းက မြင်ဖူးနေတာပါ”

“သြော်… ဟုတ်လား”

“မေဂျာတူတူဆိုတော့ သိကျွမ်းထားသင့်တယ်ထင်လို့၊ စာလေး ဘာလေး မေးလို့ရတာပေါ့”

စာမေးချင်ရင် ယောကျ်ားလေးအချင်းချင်း မေးပါလားလို့ ပြန်မပြောဖြစ်လိုက်ပါဘူး။ ကိုယ့်ဆီကို ယောကျ်ားလေးသည်သည် လာဖူးတာမဟုတ်တော့ ဘာတွေဘယ်လို ပြန်ပြောရမယ်ဆိုတာ မသိဘူးလေ။ ဒီအတိုင်းပဲ ထိုင်နေရတာပေါ့။ ခဏကြာတော့…

“ကျွန်တော် ပြန်ဦးမယ်”လို့ ပြောတယ်။

“ဟုတ်ကဲ့”

ဒါပဲ ပြန်ပြောတတ်တယ်။ ထိုင်နေရာက ထရပ်လိုက်ပြီးတော့မှ “ကျွန်တော် အဆောင်ကို လာလည်ရမလား”တဲ့။ ကဲ ဘယ်လို ကောင်လေးလဲ မဖိတ်ခေါ်ဘဲနဲ့ အတင်းလာလည်ပြီးတော့မှ ခွင့်တောင်း နေပြန်တယ်။သက်သက် လာနောက်နေတာလားလို့ ထင်မိ သေးတယ်။ ဟောက်လွှတ်လိုက်ရ ကောင်းမလား။ သို့ပေမဲ့ သူ့မျက်နှာ ထားက တည်တည်ငြိမ်ငြိမ်ပဲ။

မလာနဲ့လို့ ပြောလွှတ်ရမှာလား၊ လာခဲ့လေလို့ ဖိတ်ခေါ် ရမှာလား။ ဒီလိုကိစ္စမျိုးတွေ မမ သိပ်မကျွမ်းကျင်ဘူး။

“ခဏခဏတော့ မလာနဲ့”လို့ လွှတ်ခနဲ ပြောလိုက်မိတယ်။

*

ကောင်လေးက တခြားကျောင်းသားတွေနဲ့ မတူဘဲ ထူးခြား နေတယ်။ အဲဒီအချိန်က တက္ကသိုလ်ကျောင်းသားတွေဟာ လွယ်အိတ် မလွယ်တတ်ကြသေးဘူး။ ကင်းနုတ်လို့ခေါ်တဲ့ သားရေဖုံး မှတ်စုစာအုပ်



www.burmeseclassic.com

လေးတွေ တကိုင်ကိုင်နဲ့ ဟန်ရေးပြနေကြတဲ့ အချိန်။ ကောင်လေးကတော့ ကဝလွယ်အိတ်အကြီးကြီး လွယ်လို့။ ပြီးတော့ တခြားကျောင်းသားတွေလို ဝတ်ကောင်းစားလှတွေလည်း မဝတ်ဘူး။ ပြည်တွင်းဖြစ် တက်ထရွန်အင်္ကျီလေးနဲ့ ချည်လုံချည်လေးနဲ့။ ကောင်လေးဟာ နွမ်းပါးပုံရတယ်ဆိုပြီး ကရုဏာ သက်မိခဲ့တာပေါ့။

တကယ်တော့ မမတို့ကလည်း နွမ်းပါးတာပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသ မြို့ငယ်လေးတစ်မြို့က သာမန် လက်လုပ်လက်စားမိသားစုက မွေးဖွားလာခဲ့တာ။ ပညာသင် ထောက်ပံ့ကြေးရယ်၊ မြို့နယ်က စေတနာရှင်များရဲ့ ကူညီမှုရယ်ကြောင့် တက္ကသိုလ်ပညာကိုလာသင်နေနိုင်တာပါ။

ကောင်လေးဟာလည်း မမတို့လိုပဲ ချို့ချို့တဲ့တဲ့ ပညာသင်နေရတဲ့ သူရယ်လို့ ထင်မိတယ်။ ဘယ်ကလာ ဟုတ်ရမှာလဲ။ ကောင်လေးရဲ့ မိဘတွေက အတန်အသင့် ကြွယ်ဝတဲ့သူတွေပဲ။ အိမ်ပိုင်ရာပိုင်နဲ့ ဝင်ငွေမဆိုးလှတဲ့ စီးပွားရေး လုပ်ငန်းနဲ့။ အဲဒီအကြောင်းကို မမက မေးတော့…

"ကျွန်တော့်မိဘတွေ ပိုက်ဆံရှိတာ ကျွန်တော်ရှိတာမှ မဟုတ်ဘဲ၊ ကျွန်တော် ဘာမှ မမက်မောဘူး၊ ကျွန်တော်က ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်ချင်တာ"

ကိုယ့်ကိုယ်ကိုပဲ အားကိုးတယ်ဆိုတဲ့ စိတ်ဓာတ်ကိုတော့ ချီးကျူးမိပါရဲ့။ သို့ပေမဲ့ ကျောင်းလခ ပေးနိုင်လျက်သားနဲ့ မပေးဘဲနေတာ၊ ကျောင်းလခ ကြွေးတွေကျန်လို့ အိမ်ကို တိုင်စာပို့ခံရတာ၊ ကြွေးမကျေလို့ အောင်စာရင်း ထုတ်မပေးတာတို့ကို ဂုဏ်ယူချင်တာကိုတော့ မမ သဘောမကျလှဘူး။

နောက်ပြီးတော့ ကောင်လေးက ကျောင်းမှန်မှန် မတက်ဘူး



www.burmeseclassic.com

နော်။ မမက ပြောတော့ ကောင်လေးက...

"ကျောင်းပညာနဲ့ချည်းပဲ မလုံလောက်ဘူး မမရဲ့၊ လူတွေရဲ့ ဘဝအကြောင်းကိုလည်း လေ့လာရဦးမယ်"တဲ့။

အမယ်လေးကွယ် လေ့လာစရာအချိန် ဒီလောက်ပဲ ရှားရသလား။ ကျောင်းအားတဲ့ အချိန်တွေမှာ လေ့လာစမ်းပါ။ တကယ်တော့ မမ သိပါတယ်လေ၊ ကောင်လေးက လေ့လာနေတာ မဟုတ်ဘူး။ 'လေ'နေတာပါ။

လက်စသတ်တော့ ကောင်လေးဟာ ဆင်းရဲချင်ယောင် ဆောင်နေတာပါလား။ ဆင်းရဲချင်ယောင် ဆောင်တာနဲ့ တကယ်ဆင်းရဲတာနဲ့ ဘယ်မှာ တူနိုင်ပါ့မလဲ။ ဆင်းရဲချင်ယောင် ဆောင်ရတာ ပျော်စရာကောင်းချင်ကောင်းမယ်။ တကယ် ဆင်းရဲရတာကတော့ စိတ်ညစ်စရာကြီးပါကွယ်။ တကယ် ဆင်းရဲဖူးမှ ဆင်းရဲရတဲ့ အရသာကို သိတာပါ။

မမတို့ ငယ်ငယ်က တကယ်ဆင်းရဲခဲ့ဖူးတယ်။ အဖေရယ်၊ အမေရယ်၊ မောင်နှမငါးယောက်ရယ် တစ်နေ့လုပ်မှ တစ်နေ့စားရတာတောင် မဟုတ်ဘူး။ တစ်နေ့လုပ်ပြီး တစ်နပ်စားဖို့ တော်တော်ကြိုးစားခဲ့ရတာ။ မနက်စာ စားပြီးတာနဲ့ ညစာအတွက် ဆက်ပြီးပူနေရတဲ့ အခြေအနေ။ အဖေရော၊ အမေရော၊ အစ်ကိုတွေ၊ အစ်မတွေရော အလုပ်လုပ်ကြရတယ်။ မမသာ အဲဒီတုန်းက ငယ်သေးလို့ မလုပ်ရတာ။

အလုပ်မလုပ်ရသလို ကျောင်းလည်း မနေဘူး။ မမအသက် ခုနစ်နှစ်ရောက်မှ နည်းနည်း အသက်ရှုချောင်လာလို့ ကျောင်းစနေရတာ။

ကံတရားဟာ တစ်သက်မှာ တစ်ခါတော့ တံခါးခေါက်တတ်



www.burmeseclassic.com

တယ်တဲ့။ လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါတော့ ကံကောင်းတတ်စမြဲလို့ ဆိုလိုတာပေါ့။ မမအဖို့တော့ အဲဒီ တစ်ခါသော ကံကောင်းခြင်းဟာ တက္ကသိုလ်တက်ခွင့် ရခြင်းပါပဲ။ ဒါကြောင့် မမ ဘယ်တော့မှ ကျောင်းမပြေးဘူး၊ အတန်းတစ်ချိန် လစ်တာဟာ မိဘကို တစ်ကြိမ်စော်ကားတာပဲလို့ မမထင်တယ်။

ကောင်လေးက ရုပ်ရှင်ကြည့်ဖို့ ခေါ်တာကို မမက ကျောင်းချိန် ပျက်မှာစိုးလို့ မလိုက်ခဲ့ဘူးလေ။

"ကျောင်းပိတ်ရက်ဆိုရင် မမ လိုက်ပါတယ်၊ ခုဟာက ကျောင်းချိန် ဖျက်ရမှာဆိုတော့ မဖြစ်နိုင်ဘူး"

"လက်မှတ်က ဝယ်ပြီးနေပြီ၊ ကြိုတင်လက်မှတ် ဝယ်ထားတာ"

"မမကို ဘာလို့ ကြိုမပြောတာလဲ"

"မြို့ထဲရောက်တုန်း လက်မှတ်ဝင်ဝယ်ခဲ့တာ မမကို ကြိုပြောဖို့ အချိန်မရဘူး၊ ကျွန်တော်က ကြည့်ချင်တယ်ဆိုရင် မမလိုက်ကြည့်မှာပဲလို့ ယုံကြည်လို့"

"ကျောင်းဖျက်လို့တော့ မဖြစ်ဘူးကွယ်"

"ဘာလဲ မမ ကိုယ့်ချစ်သူနဲ့တူတူ ရုပ်ရှင်ကြည့်ရဖို့ထက် ကျောင်းနေ့ဝက်မပျက်ဖို့က ပိုအရေးကြီးသလားဟင်"

"နှစ်ခုစလုံး အရေးကြီးတာပါပဲ၊ ဒါပေမဲ့ ရုပ်ရှင်က ကျောင်းပိတ်ရက်တွေမှာ ကြည့်လို့ရတယ်၊ ကျောင်းဆိုတာက ပျက်သွားတဲ့ အချိန်အတွက် အစားပြန်တက်လို့ မရဘူးမဟုတ်လား"

"ဒါဆိုလည်း ပြီးရော"

ကောင်လေးက ကြိုတင်လက်မှတ် စာရွက်ကို အပိုင်းပိုင်း ဆုတ်ဖြဲပစ်လိုက်သည်။

*

ကောင်လေးဟာ စကတည်းက မမကို အနိုင်ယူဖို့ ကြိုးစားခဲ့တာ



www.burmeseclassic.com

ပါပဲ။

ကြည့်လေ ကိုယ့်ကိုယ်ကို အတင်းမိတ်ဆက်ပြီး အဆောင်ကို လာလည်တယ်။ ခဏခဏဆိုတော့ မမလည်း ရှက်လာတယ်။ တစ်ခါတလေ ဆင်းမတွေ့ဘဲ နေလိုက်မိတယ်။ ကောင်လေးကတော့ ဆင်းမတွေ့လည်း ဧည့်ခန်းထဲမှာ အချိန်ကုန်တဲ့အထိ တစ်ယောက်တည်း ထိုင်နေတတ်တယ်။ မမကို ဆန္ဒပြတာပေါ့။ သူငယ်ချင်းတွေက...

"ဘယ်လိုလုပ်တာလဲ ထားရယ်၊ ကောင်လေး သနားပါတယ်၊ ဒီလောက်တော့ ပညာမပြသင့်ပါဘူး"လို့ ပြောကြတယ်။

"ဆင်းတွေ့လိုက်ပါကွယ်"လို့ တိုက်တွန်းကြတယ်။

"မတွေ့ချင်ပါဘူး"ဆိုတော့...

"ဘာလဲ ရင်မဆိုင်ရဲဘူးပေါ့၊ အဲဒါကိုက ထားရဲ့ စိတ်တွေ မရိုးမသား ဖြစ်နေတာပဲ"လို့ စကြပြန်တယ်။

အမှန်ပြောရရင် အဲဒီအချိန်ထိ ကောင်လေးအပေါ်မှာ မမ ဘယ်လိုမှ သဘောမထားမိသေးပါဘူး။ ထွေးထွေးကတော့ ပြောတယ်။

"ကိုညီမောင်က ပေကပ်ကပ်ကလေးနဲ့ တူတယ်၊ ကိုင်ရတွယ်ရ ခက်မယ်နော်"

ထွေးထွေးသတိပေးတာ သိပ်မှန်တာပဲ။ သို့ပေမဲ့ ဟိုတစ်ချိန် တုန်းကတော့ အဲဒါတွေ မတွေးမိဘူး။ ကောင်လေးအပေါ်မှာ ကရုဏာ သက်မိတာပဲ သိတယ်။

ကောင်လေးက မမကို ချစ်ခွင့်ပန်ပုံကိုလည်း ကြည့်ဦးလေ။ တစ်ရက်မှာ အတန်းပြီးလို့ ထွေးထွေးနဲ့အတူ အဆောင်ကို ပြန်အလာ လမ်းမှာရပ်စောင့်နေတဲ့ ကောင်လေးနဲ့ ဆုံတယ်။ မမက ပြုံးပြီး နှုတ်ဆက်ပေမဲ့ ကောင်လေးက မပြုံးမရယ်၊ ခပ်တည်တည်နဲ့...

"မထွေးထွေး အဆောင်ကို ပြန်နှင့်ပါ၊ ကျွန်တော် မမထားနှင့်



www.burmeseclassic.com

နှစ်ယောက်တည်း စကားပြောစရာရှိလို့”တဲ့။

ထွေးထွေးလည်း ယောင်တောင်တောင်နဲ့ ထွက်သွားရှာတယ်။

“ဘယ်လို ပြောလိုက်တာလဲ၊ ထွေးထွေးကို အားနာစရာကြီး”လို့ မမကပြောတော့…

“ကျွန်တော် ပြောချင်တဲ့အချိန်မှာ ပြောလိုက်ရမှ ဖြစ်မယ်၊ နို့မို့ဆိုရင် ပြောဖြစ်မှာ မဟုတ်ဘူး”ဆိုပြီး မမကို ချစ်တဲ့အကြောင်း မသွယ်မဝိုက်ဘဲ ပြောတယ်။

*

နောက်ရက်တွေကျတော့ အဆောင်ကို နေ့တိုင်းလာပြီး အဖြေတောင်းတယ်။ တစ်ခါတလေ လမ်းမှာ စောင့်နေတတ်တယ်။ ထွေးထွေးကလည်း ကောင်လေးကို တွေ့တာနဲ့ တစ်ချိုးတည်း လစ်တော့တာပဲ။

အဆောင်က လူတွေက မမကို စကြတယ်။ တချို့ကတော့ မမနဲ့ ကောင်လေး တွဲနေကြပြီလို့ပဲ ထင်နေကြပြီ၊ ကြာတော့ မမရှက်လာတယ်။ ဒါကြောင့် အဆောင်ကို မလာနဲ့တော့လို့ ပြောလိုက်မိတယ်။ ကောင်လေးကတော့ ထုံးစံအတိုင်းပဲ။ ဘာမှ ပြန်မပြောဘဲ မမကို အတော်ကြာအောင် စိုက်ကြည့်တယ်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားတယ်။

ရက်အတော်ကြာအောင် ကောင်လေးကို မတွေ့ရတော့ဘူး။

မတွေ့ရတာကြာတော့လည်း စိတ်ထဲက မနေတတ် မထိုင်တတ် သလို ဖြစ်လာပြန်ရော။ နောက်တော့ ကောင်လေး ပြန်ပေါ်လာတယ်။

ညည အဆောင်ရှေ့မှာ သီချင်းလာဆိုတာလေ။ ဒီလိုနဲ့ ရေနွေးတစ်ခွက်နဲ့ စာတိုလေးတစ်စောင် ပေးလိုက်မိတာ။

နောက်တစ်နေ့ကျတော့ အဆောင်ကို ကောင်လေး ရောက်လာ



www.burmeseclassic.com

တယ်။

“ကျွန်တော် အအေးမိပြီး ဖျားမှာကို တကယ်ပဲ စိုးရိမ်သလား”

မမ ခေါင်းညိတ်ပြတော့…

“ဘာဖြစ်လို့ စိုးရိမ်ရတာလဲ”

“နေမကောင်းဖြစ်ရင် ကျောင်းမတက်နိုင်မှာ စိုးလို့ပါ”

ကောင်လေးက မခိုးမခန့် ပြုံးတယ်။ ပြီးတော့…

“ကျွန်တော် ကျောင်းထွက်တော့မယ်”လို့ ခပ်လေးလေး ပြောတယ်။

“ဟင်… ဘာဖြစ်လို့ ထွက်ရမှာလဲ”

ကောင်လေးရဲ့ မျက်နှာဟာ ချက်ချင်း ဆွေးဆွေးမြည့်မြည့် ဖြစ်သွားတယ်။ ကောင်လေးမှာ ဘာပြဿနာ ရှိနေပြီလဲလို့လည်း စိုးရိမ်သွားတယ်။

ကောင်လေးက အဆောင်ပြင်ဘက်ကို ငေးကြည့်နေရင်း…

“တက္ကသိုလ်နယ်မြေဆိုတာ ကျဉ်းကျဉ်းကလေးပါ၊ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ချင် မမြင်ချင်ပါဘူးဆိုပြီး ရှောင်တိမ်းလို့ ရနိုင်တဲ့ နေရာမျိုး မဟုတ်ပါဘူး၊ ဒီတော့ မမနဲ့ ကျွန်တော်ဟာလည်း တစ်နေရာမှာမဟုတ် တစ်နေရာမှာ ဆုံမိကြမှာပဲ၊ အဲဒီလို ဆုံတဲ့အခါတိုင်း ကျွန်တော် ဝေဒနာ ခံစားနေရလိမ့်မယ်၊ ဒါကြောင့် ဒီနယ်မြေမှာ မမရင်လည်း မရှိမှ၊ ကျွန်တော်ရင်လည်း မရှိမှ ကောင်းမှာပဲ၊ မမကတော့ ဒီနယ်မြေကို ဖက်တွယ်ထားမယ့်လူပါလေ၊ ငါးမိနစ်လောက် ကျောင်းနောက်ကျတာကိုတောင် အသက်တစ်ရက်လောက် တိုသွားတယ်လို့ ထင်တာမဟုတ်လား၊ ဒါကြောင့် ကျွန်တော်ကပဲ ရှောင်ပေးဖို့ ဆုံးဖြတ်လိုက်ရတာပါ”

ယောကျ်ားလေးတွေဟာ ဒီလိုပဲနော်။ ပြန်မချစ်ရင် စာမေးပွဲ



www.burmeseclassic.com

မဖြေတော့ဘူး၊ ကျောင်းမတက်တော့ဘူးဆိုတာ အဲဒီအချိန်က ယောက်ျားလေးတွေ အများဆုံးသုံးတဲ့ လက်နက်တစ်ခုပါ။ မိန်းကလေးတွေရဲ့ သနားကြင်နာတတ်တဲ့ ပျော့ကွက်ကိုနင်းပြီး ဒီလိုအကျပ်ကိုင်တတ်တာကို မမလည်း သိနေပြီးသားပါ။ ဒါမျိုးတွေက ရိုးနေပြီဖြစ်တဲ့ နည်းလမ်းဟောင်းကြီးပါ။ သို့ပေမဲ့ များသောအားဖြင့်တော့ အောင်မြင်သွားတတ်ကြတာပါပဲလေ။

*

ဇွတ်တရွတ် ပေကပ်ကပ် လုပ်တတ်တာက ကောင်လေးရဲ့ အကျင့်ပဲ။ အင်းလျားကန်စပ်မှာ ထိုင်နေတုန်း မမကို အတင်းဖက်နမ်းတယ်။ မမက အဲဒါမျိုးတွေကို မကြိုက်ဘူး။ နောက်ဒါမျိုး မလုပ်နဲ့လို့ ပြောတော့...

"မမရဲ့ ဒါရည်းစားထားနေတာလေ၊ မြေဝိုင်းခေတ် နှစ်ပါးသွားကနေတာ မဟုတ်ဘူး"

လို့ပြောပြီး မမ မကြိုက်မှန်းသိလျက်နဲ့ ထပ်ကာထပ်ကာ နမ်းနေပြန်တယ်။ မမက စိတ်ဆိုးပြီး...

"နောက်ကို မင်းနဲ့ ဘယ်တော့မှ တူတူမလိုက်တော့ဘူး"ပြောတော့မှ...

"မမ မကြိုက်ရင်လည်း နောက်ကို ဒါမျိုး မလုပ်တော့ပါဘူး"လို့ ပြောတယ်။ ဒီလိုတော့လည်း လိမ္မာသားပဲလို့ ထင်လိုက်မိတယ်။

ဘယ်ဟုတ်ပါ့မလဲ၊ တစ်ညနေ အင်းလျားကန်ဘက် လျှောက်ကြရင်း ကန်စပ်က မြက်ခင်းမှာ ခဏထိုင်ရအောင်လို့ ပြောတယ်။ ပြီး လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ထုတ်ပြီး...

"ရော့ မမက ဒီစာအုပ် ဖတ်နေ"တဲ့။ စာအုပ်က ဘုရားရှိခိုး



www.burmeseclassic.com

အမျိုးမျိုးဆိုတဲ့ စာအုပ်။ ကောင်လေးကတော့ စိပ်ပုတီးတစ်ကုံးကို ထုတ်ပြီး အကျအန စိပ်နေလေရဲ့။ သက်သက် ငေါ့တာလေ။

အဲဒါမျိုးတွေက အများကြီးပဲ။ ဆေးပေါ့လိပ်ကြီး တဖွာဖွာ လုပ်နေလို့ ဆေးလိပ်မသောက်ပါနဲ့ ပြောရင် နောက်တစ်နေ့ကျတော့ ဆေးတံကြီး ခဲလာတာမျိုး။

တစ်ရက်ကျတော့ ကောင်လေးရဲ့ မွေးနေ့မို့ ဘုရားကို သွား ကြတယ်။ ဒါက မမရဲ့ အစီအစဉ်။ ကောင်လေးရဲ့ အလိုဆိုရင်တော့ ရုပ်ရှင်ကြည့်မယ်၊ တစ်နေရာသွားထိုင်မယ်ပေါ့၊ မမက ဘုရားကိုပဲ အတင်းခေါ်ခဲ့လို့ လိုက်လာရတာ။

ညနေစောင်းတော့ အာဇာနည်ကုန်းဘက်က လှည့်ပြီး ဆင်းလာ ကြတယ်။ လမ်းခုလတ်က ကုန်းလေးတစ်ခုပေါ်မှာ ခုံတန်းလျားကလေး တစ်ခုကိုတွေ့တော့ ကောင်လေးက...

"ခဏထိုင်ရအောင်နော် မမ"လို့ ပြောတယ်။

"ဟင့်အင်း မထိုင်နဲ့တော့လေ၊ နောက်ကျနေမယ်"

"မကျပါဘူး၊ အစောကြီး ရှိသေးတယ်"

"အဆောင်ပိတ်သွားရင် မကောင်းဘူး၊ ပြောစရာ ဖြစ်နေမယ်"

"အဆောင်ပိတ်သွားတော့လည်း မပြန်နဲ့တော့ပေါ့"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့ကွာ"

မရဘူး။ ကောင်လေးက ခုံတန်းလျားမှာ ဝင်ထိုင်တယ်။ မမက မထိုင်ဘူး၊ ရပ်နေတယ်။

"ကဲ... ထလေ"

ကောင်လေးက ပေပြီးထိုင်နေတုန်း ဆယ်မိနစ်လောက် ကြာတဲ့အထိ ပြန်ဖို့ပြောလို့ မရဘူး။ ကားစီးရမယ့် အချိန်နဲ့ဆိုရင် ခုချိန်ပြန်မှ အဆောင်ပိတ်ချိန် မီရုံပဲ ရှိမယ်။ မတတ်နိုင်ဘူး။

"ကဲ... မင်းမလိုက်ချင်နေ၊ မမဘာသာ ပြန်တော့မယ်"



www.burmeseclassic.com

"ပြန်လေ… ပြန်လို့ရရင် ပြန်ပေါ့"ဆိုပြီး မမလက်ထဲက ပိုက်ဆံအိတ်ကို ဆွဲလုယူထားလိုက်တယ်။

မမစိတ်ဆိုးသွားတယ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အဆောင်ကို ရောက်အောင်ပြန်မယ်ဆိုပြီး ထွက်လာခဲ့တယ်။ စိတ်ထဲကလည်း ကောင်လေးဟာ မမတကယ်စိတ်ဆိုးမှန်းသိရင် လိုက်လာမှာပဲလို့ ထင်မိတယ်။ သို့ပေမဲ့ လိုက်မလာပါဘူး။

ကားမှတ်တိုင်နား ရောက်ကာနီးမှာ မိုးဖွဲကလေးတွေ ကျလာ တယ်။ မမမှာ ထီးပါပါတယ်။ ကောင်လေးမှာ ထီးမပါဘူး။ ကောင်လေးတော့ မိုးမိတော့မှာပဲလို့ စိုးရိမ်သွားမိတယ်။ ဒါကြောင့် နောက်ကြောင်း ပြန်လှည့်လာခဲ့တယ်။ ကောင်လေးကတော့ ခုံတန်းလျား ပေါ်မှာ ထိုင်လျက်ပဲ။ မမက ထီးမိုးပေးလိုက်တဲ့အခါ…

"ပိုက်ဆံအိတ် လာပြန်ယူတာလား မမ"လို့ ပြောတယ်။

မမစိတ်ထဲ ထောင်းခနဲ ဖြစ်သွားတယ်။

"မင်း မမကို တကယ်မချစ်ပါဘူး"လို့ ပြောလိုက်မိတယ်။ ကောင်လေးက ဆတ်ခနဲ ထရပ်ပြီး…

"ဘာဖြစ်လို့ ဒီလို ပြောနိုင်ရတာလဲ၊ ဘာအကြောင်းကြောင့် ပြောတာလဲ"လို့ ဒေါသတကြီး အော်ဟစ်ခဲ့တယ်။

နောက်နေ့ကျတော့လည်း ကောင်လေးဟာ ဘာမှ မဖြစ်ခဲ့သလို ခါတိုင်းလို ပြုံးပြုံးရယ်ရယ် ဖြစ်နေပြန်တယ်။

*

စာကြိုးစားဖို့၊ ကျောင်းမှန်မှန်တက်ဖို့၊ ကိုယ့်ဘဝကိုယ် တိုးတက် အောင် လုပ်ဖို့ မမက ပြောတဲ့အခါ…

"ငွေရေးကြေးရေး၊ စီးပွားရေး တိုးတက်ဖို့၊ ရာထူးဂုဏ်ထူး



www.burmeseclassic.com

တိုးတက်ဖို့ထက် အသိပညာ တိုးတက်ဖို့က ပိုအရေးကြီးပါတယ်”လို့ ကောင်လေးက ပြောတယ်။ သိပ်မှန်တဲ့ စကားပေါ့၊ မမ လက်ခံပါတယ်။ သို့ပေမဲ့ ကောင်လေးရဲ့ ထုံးစံအတိုင်း စကားဟာ စကားပါပဲ။

ကောင်လေးက မမကို ပြောဖူးတယ်။

“မမဟာ ထမင်းအကြောင်းကို ခဏခဏ ပြောတယ်နော်”

“ဟုတ်တယ်လေ ထမင်းက သိပ်အရေးကြီးတယ် မဟုတ်လား၊ မမက ထမင်းဆာရတဲ့ ဒုက္ခကို ခံစားဖူးတော့ ထမင်းငတ်မှာကို သိပ်ကြောက်တာပေါ့”

“ထမင်းမစားဘဲ နေလို့ရပါတယ် မမရဲ့”

“ထမင်းမစားရင် အသက် ဘယ်ရှင်နိုင်မလဲ”

“ဆာရင် အချစ်ကိုစားမယ်၊ အချစ်ကို သောက်မယ်၊ ချမ်းရင် အချစ်ကိုခြုံမယ်၊ အို… လေမရှိရင်တောင် ကိစ္စမရှိဘူး၊ အချစ်ကို ရှူရှိုက်ပြီး အသက်ရှင်နေမယ်”

ကျွန်တော်က တစ်နေ့လုံး ထမင်းတစ်နပ်မှ မစားဘဲ နေဖူးတယ်၊ နေနိုင်တယ်လို့ ကောင်လေး ပြောဖူးတယ်။ ပိုက်ဆံမရှိလို့ ဝယ်မစားနိုင်လို့မှ မဟုတ်ဘဲ၊ တမင် မစားပဲ နေတာ။ ထမင်းမစားပေမဲ့ လက်ဖက်ရည်တော့ တစ်ခွက်ပြီးတစ်ခွက် သောက်တယ်နော်။

*

မမ ဘွဲ့ရပြီးတော့ အလုပ်ရှာတယ်။ လွယ်လွယ်နဲ့ မရဘူး။ အဖေတို့ အမေတို့ရှိတဲ့ မြို့ကိုပဲ ပြန်တော့မလို့တောင် ဆုံးဖြတ်မိသေးတယ်။ ဒီမှာ ကောင်လေးသံယောဇဉ် ရှိနေတာကတစ်ကြောင်း အလုပ်အကိုင်ကလည်း ဒီမှာဆို ပိုပြီး အဆင်ပြေမယ်ထင်တာက တစ်ကြောင်းကြောင့် ရန်ကုန်မှာပဲ ဆက်နေတယ်။

နောက် မမ အလုပ်ရတယ်။ အစတော့ လုပ်အားပေးပေါ့။



www.burmeseclassic.com

တစ်နှစ်လောက်ကြာမှ အမြဲတမ်းဝန်ထမ်း ဖြစ်လာတယ်။ အောက်တန်း စာရေးပေါ့လေ။

ကောင်လေးကတော့ ဘာမှ မပြောင်းလဲဘူး။ အရင်အတိုင်းပဲ။ ကျောင်းမှာ မမ မရှိတော့လို့ ပိုပြီးတော့တောင် နေချင်သလို နေသေးတယ်။ မမလည်း တတ်နိုင်သလောက်တော့ ပြောခဲ့ပါတယ်။

ကောင်လေးဟာ တီးလုံးဆန်းတစ်ခုကို ထွင်လာခဲ့ပြန်တယ်။ စာရေးဆရာလုပ်ဖို့ ကြိုးစားနေတယ်တဲ့။ ဒါကိုတော့ မမ ထောက်ခံတယ်။ ဝမ်းလည်း သာမိတယ်။ ကောင်လေးရဲ့ ပြောပုံဆိုပုံ နေပုံထိုင်ပုံက စာရေးဆရာတွေနဲ့ တူတယ်လို့ ထင်မိတာကိုး၊ ကောင်လေးနဲ့ လိုက်ဖက်မယ့် အလုပ်တစ်ခုပဲလို့ ယူဆမိတယ်။

ဘယ်မှာ ဟုတ်လို့လဲ၊ ကောင်လေးဟာ ဖြစ်သလိုနေ ဖြစ်သလိုစား၊ ခပ်စုတ်စုတ်နေတာ တစ်ခုပဲ စာရေးဆရာနဲ့ တူတယ်။ အပြင်ပန်းအားဖြင့် တူတယ်ဆိုပါတော့။ စိတ်ဓာတ်ကတော့ တခြားစီပါပဲ။ စာရေးဆရာတွေဟာ အနေစုတ်ပေမဲ့ ရိုးသားသန့်ရှင်းတဲ့ စာပေတွေကို ရေးသားပြုစုနေကြတယ်။ ကောင်လေးကတော့ ပေပေတေတေ နေတာကလွဲလို့ ဘာမှ ကြိုးစားအားထုတ်မှု မရှိဘူး။

ဒီကြားထဲမှာပဲ ကောင်လေး နောက်ဆုံးနှစ် စာမေးပွဲ ကျတယ်။ အရက်လည်း သောက်တတ်လာတယ်။ မမ မနေသာတော့ဘူး။ မမရဲ့ လိုလားချက်တွေကို တောင်းဆိုရတော့တယ်။

အရက် မသောက်ရဘူး။

စာမေးပွဲ အောင်အောင် ဖြေရမယ်။

ဘဝရှေ့ရေးအတွက် ခုကတည်းက အစီအစဉ်ချပြီး စဉ်းစားထားရမယ်။

မမပြောတာတွေ ငြိမ်နားထောင်နေပြီးတော့မှ…



www.burmeseclassic.com

"အဲဒါတွေ မလိုက်နာရင် ဘာလုပ်မှာလဲ"လို့ မေးတယ်။

"ဘာလုပ်မယ်လို့တော့ မစဉ်းစားရသေးဘူး၊ မင်း လိုက်နာမှာပဲဆိုတာ သိလို့လေ"

မမဟာ ကောင်လေးကို စည်းရုံးဖို့ ကြိုးစားတယ်။

အလကားပါပဲလေ။ အဲဒီနေ့ကစပြီး မမပြောတာတွေကို အကုန်လုံး ဆန့်ကျင်ပြီး လျှောက်လုပ်ခဲ့တာပဲ မဟုတ်လား။

စာမေးပွဲ တစ်နှစ်ထပ်ကျတယ်။ အောင်စာရင်းထွက်တဲ့နေ့က မမ သွားကြည့်သေးတယ်။ ကောင်လေးရဲ့ နာမည်မပါပေမဲ့ အရင်လိုပဲ ကျောင်းလခကြွေးကျန်လို့ ဖြစ်မှာပါလို့ အကောင်းဖက်က လှည့်တွေးပါသေးတယ်။

ညနေကျတော့ မမငှားနေတဲ့ အဆောင်ဧည့်ခန်းကို ကောင်လေး ရောက်လာတယ်။ အရက်တွေ တအားမူးလို့ပဲ။

"ကျွန်တော် စာမေးပွဲကျတယ်၊ အရက်လည်း သောက်လာတယ်၊ ဘဝရှေ့ရေးကလည်း ဘာမှ အာမခံချက် မရှိဘူး၊ ကျွန်တော်က လူဆိုးပေါ့ဗျာ၊ အဲဒီ ဆိုးတဲ့အချက်တွေအားလုံးကို အချစ်တစ်ခုတည်းနဲ့ မမ ချေဖျက်ပစ်နိုင်မလား"

မမ ခေါင်းခါပြလိုက်တယ်။ အဲဒါ လမ်းခွဲမှုရဲ့ အစပဲ။

*

မမက ပညာလည်းစုံပြီ၊ အလုပ်နဲ့အကိုင်နဲ့လည်း ဖြစ်ပြီ။ ပြီးတော့ ရန်ကုန်မှာ တစ်ယောက်တည်း နေရတာ စိတ်မချဘူးဆိုပြီး မိဘတွေက အိမ်ထောင်ပြုဖို့ တိုက်တွန်းကြတယ်။ မမက ရတဲ့လခလေးနဲ့ ကျစ်ကျစ်လျစ်လျစ်နေ၊ ငွေကလေးစုပြီး မိဘတွေဆီ တတ်နိုင်သလောက် ပို့နေရတာကိုတောင် မကျေနပ် မတင်းတိမ်နိုင်သေးဘူး။


www.burmeseclassic.com

တကယ်တော့ အဖေတို့ အမေတို့ဟာ အဲဒီအချိန်မှာ မမရဲ့ အထောက် အပံ့ကို မလိုပါဘူး။ ပုံမှန်လေး စားသောက်နေထိုင်သွားနိုင်တဲ့ အခြေအနေမှာ ရှိနေပါပြီ။

အဲဒီတုန်းမှာပဲ မမတို့နဲ့ တစ်မြို့တည်းနေခဲ့တဲ့ ကိုစိန်မျိုးနဲ့ တွေ့တယ်။ သူက မမကို လက်ထပ်ချင်တယ်လို့ ကမ်းလှမ်းတယ်။ ကောင်လေးနဲ့ မမဖြစ်ခဲ့တဲ့ ကိစ္စကိုလည်း သူသိတယ်။ သို့ပေမဲ့ မသိသလိုပဲ နေတယ်။ မမက မနေနိုင်ဘူး။ ဖွင့်ပြောလိုက်တယ်။ သူက

"ထားအရင်က ဖြစ်ခဲ့တာတွေ ကိုယ်နဲ့ မဆိုင်ပါဘူး၊ မေ့ပစ် လိုက်ပါ၊ ကိုယ်လည်း မေ့ပစ်ပါ့မယ်၊ ရည်းစားကွဲခဲ့ဖူးတဲ့ လူတိုင်းသာ အပြစ်ရှိမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ လူတွေရဲ့ ကိုးဆယ်ရာခိုင်နှုန်း လောက်ဟာ အပြစ်ရှိတဲ့လူတွေ ဖြစ်နေမှာပေါ့၊ တစ်ခုတော့ ပြော ချင်တယ်၊ အဲဒီ ကိုးဆယ်ရာခိုင်နှုန်းထဲမှာ ကိုယ်မပါဘူး၊ ကိုယ့်ရဲ့ အချစ်ဦးဟာ ထားပါ"

ကိုစိန်မျိုးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး မမဟာ ရာထူးဂုဏ်ထူးကို မက်မောတယ် လို့ ကောင်လေးဆီက အသံထွက်လာသေးတယ်။

မမ မက်မောမိတဲ့ ရာထူးကိုလည်း ကြည့်ပါဦး။ လခလေးရာ လောက်သာရတဲ့ ဒုလက်ထောက် အင်ဂျင်နီယာဆိုတဲ့ ရာထူးကလေးပါ။ ကိုစိန်မျိုးဟာ စက်မှုသိပ္ပံမှာ သုံးနှစ်လောက် တက်ခွင့်ရဖို့၊ ဒုလက် ထောက် အင်ဂျင်နီယာဆိုတဲ့ ရာထူးဂုဏ်ပုဒ်ကလေးရဖို့ ဘယ်လောက် ရုန်းကန်ကြိုးစားခဲ့ရတယ် မှတ်သလဲ။ သူနဲ့ မမဟာ ဘဝတူပါ။

*

မမ လက်ထပ်တာနဲ့ ပတ်သက်ပြီး ကောင်လေးရဲ့ တုံ့ပြန်မှုက



www.burmeseclassic.com

ရက်စက်လွန်းလှတယ်။

မမတို့ရဲ့ မင်္ဂလာဆောင်ကို မမတို့ ငှားနေမယ့် အိမ်ခန်းကလေးမှာပဲ အကျဉ်းရုံး လုပ်လိုက်တယ်။ ကောင်လေးကိုတော့ မဖိတ်မိခဲ့ဘူး။

မဖိတ်ပေမဲ့ ကောင်လေး ရောက်လာတယ်။ သူငယ်ချင်းတွေ တစ်အုပ်ကြီးနဲ့။ ပြဿနာဖြစ်မှာစိုးလို့ ကောင်လေးတို့ဝိုင်းနား မလာချင်ပေမဲ့ မကောင်းတတ်လို့ လာပြီး နှုတ်ဆက်ရတယ်။ ကောင်လေးက ကိုစိန်မျိုးကို လက်ဆွဲနှုတ်ဆက်ပြီး…

"ဦးစိန်မျိုးက သိပ်ကံကောင်းပါတယ်၊ မမထားက သိပ်လိမ္မာတယ်ဗျ၊ အမြော်အမြင်လည်း ကြီးတယ်"

မမမျက်နှာ ကွက်ခနဲ ပျက်သွားမိမှာ သေချာပါတယ်။ ကိုစိန်မျိုးကတော့…

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"လို့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ပြုံးပြီး ပြန်ပြောတယ်။

*

ဒီလောက်နဲ့ မပြီးသေးဘူး အရက်မူးလာတဲ့အခါ မမတို့အိမ်ရှေ့မှာ သီချင်းတွေ လာအော်ဆိုတယ်။ ပေါက်ကရတွေ လျှောက်အော်သွားတယ်။

ဒါတင် မကသေးဘူး။ ကောင်လေး စာမေးပွဲ ထပ်ကျတယ်။ တကယ်က သွားတောင် ဖြေရဲ့လား မသိ။ သုံးခါကျလို့ ကျောင်းထွက်လိုက်ရတယ်။ အလုပ်လည်း မလုပ်ဘူး၊ အရက်ကို အဖော်ပြုပြီး သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်၊ နေချင်သလို နေနေတယ်။



www.burmeseclassic.com

ကောင်လေးရဲ့ မိဘတွေလည်း လက်မြှောက်ထားလိုက်ရပြီတဲ့။

အဆိုးဆုံးက ခုလို ဖြစ်ရတာဟာ မမက ရက်ရက်စက်စက် အသည်းကို ခွဲလိုက်လို့ပဲဆိုပြီး လူတကာကို လျှောက်ပြောတာ။ လူတွေက မမကိုမြင်ရင် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးလို့ ထင်အောင် လုပ်လိုက်တာပဲ။

အဲဒီလို လုပ်လိုက်လို့ ကောင်လေးအတွက် ဘာအကျိုးရှိသွားသလဲ။ မမအတွက်သာ အကျိုးမဲ့ရာမဲ့ကြောင်း ဖြစ်သွားစေနိုင်တယ် မဟုတ်လား။ အဲဒီလိုဖြစ်ရအောင်ပဲ တမင်တကာ လုပ်နေလေသလား မသိ။ မမနဲ့ ကိုစိန်မျိုးတို့ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်အောင်၊ မမတို့ အိမ်ထောင်ရေးမှာ အဖုအထစ်၊ အထုံးအဖွဲ့ဖြစ်အောင် မလုပ်သင့်ဘူးလို့ ထင်တယ်လေ။ ကောင်လေးဟာ သဘောထား မကြီးတတ်သေးပါလား၊ အသက် အစိတ်ဝန်းကျင်ကို ရောက်လာတဲ့ လူတစ်ယောက်ဟာ ရင့်ကျက်သင့်ပါပြီ။ ကိုယ့်ဘဝနဲ့ကိုယ် ကြိုက်သလို နေနိုင်ပါတယ်။ သို့ပေမဲ့ နေသားကျပြီး သာယာနေတဲ့ သူများဘဝကိုတော့ မထိခိုက်သင့်ပါဘူး။

ကောင်လေးက မမတို့ကို သဲကြီးမဲကြီး တိုက်ခိုက်နေပေမဲ့ မအောင်မြင်တာတော့ အမှန်ပါပဲ။ ကိုစိန်မျိုးဟာ သိပ် သဘောထားကြီးတယ်။ ကောင်လေးနဲ့ မမတို့ရဲ့ အကြောင်းကို သူမေ့ပစ်မယ်ဆိုတဲ့ စကားအတိုင်း တကယ် မေ့ပစ်တာပါ။ တစ်ခါတလေ ကောင်လေး အရက်တွေမူးပြီး အိမ်ရှေ့က လာအော်တဲ့အချိန်မှာ သူမအိပ်သေးဘူး။ သို့ပေမဲ့ သူနဲ့မဆိုင်သလိုပဲ မသိချင်ယောင် ဆောင်နေတယ်။

*

ခုတော့ သူအိပ်ပျော်နေတယ်။ ဩော်... ခင်ပွန်းသည် တစ်



www.burmeseclassic.com

ယောက်ကို ဘေးမှာထားပြီး ကောင်လေးအကြောင်း တွေးနေတာ အပြစ်များ ရှိနေမလား။ မဟုတ်ဘူး၊ မမကိုယ်မမ သိတယ်၊ ချစ်သူဟောင်းကို လွမ်းဆွတ်တမ်းတနေတာ မဟုတ်ဘူး။ ဖြစ်စဉ်တစ်ခုကို ရိုးရိုးလေးတွေးကြည့်နေတာပဲ။ သံဝေဂရတယ်လို့တော့ မဆိုလိုပါဘူး။ ဘာပဲဖြစ်ဖြစ် အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ဇွတ်အတင်း ပြည်ဖုံးကားချပစ်လို့ ရတာမျိုးမှ မဟုတ်ဘဲ။ အတိတ်က အဖြစ်အပျက်တွေဟာ ပြက္ခဒိန် ဟောင်းတစ်ခုလို ဘယ်လွှင့်ပစ်လို့ ရပါ့မလဲ။

ကောင်လေးရဲ့ အကြောင်းကို တွေးနေမိတဲ့အတွက် မမကိုယ်မမ လိပ်ပြာလုံပါတယ်။ ခုချိန်မှာ ကောင်လေးအပေါ်မှာထားတဲ့ မမရဲ့ သဘောထားက အိမ်ကထွက်ပြေးပြီး တေပေလေလွင့်နေတဲ့ မောင်လေး အရင်း တစ်ယောက်တွက် စိတ်မကောင်းတာမျိုးလောက်ပါပဲ။

ကောင်လေးဟာ မမကို တကယ်မချစ်ခဲ့ဘူးဆိုတာ မမ သိပါတယ်။ ကောင်လေးဟာ မမကို ရည်းစားတစ်ယောက်အနေနဲ့ တွဲခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ချစ်သူသက်တမ်း တစ်လျှောက်လုံးမှာ မမကို လက်ထပ်ဖို့ဆိုတဲ့ကိစ္စကို တစ်ခါမှ မပြောခဲ့ဖူးပဲ။

ခုချိန်မှာကော မမအပေါ်မှာ ဘယ်လို သဘောထားသလဲ။ ကိုယ့်ဘာသာ တေချင်ပေချင် လေချင်တာကို မမကြောင့်ပါလို့ လက်ညှိုးထိုးပြီး တရားခံရှာနိုင်ဖို့လောက်သာ သဘောထားနေတာ မဟုတ်လား။

ခုအခါမှာ မမရဲ့ဘဝဟာ သာယာနေပါပြီ။ ကောင်လေး တစ်ခါက ပြောဖူးတဲ့ စကားတစ်ခွန်းကတော့ မှန်ပါတယ်။ အချစ်ကို ခြိုးမယ်ဆိုတာလေ၊ ကိုစိန်မျိုးရဲ့ မေတ္တာဟာ ဆောင်းအခါ နွေးပြီး၊ နွေအခါ အေးမြတဲ့၊ မိုးအခါမှာ မိုးသီးမိုးပေါက်ဒဏ်၊ မုန်တိုင်းဒဏ်ကို



www.burmeseclassic.com

ကာကွယ်ပေးတဲ့ ခြံလွှာပါပဲ။ သူ့ရဲ့ မေတ္တာခြံလွှာအောက်မှာ မမ လုံခြုံစွာ ရှိနေပါပြီ။

ကိုစိန်မျိုးကို သမီးရည်းစားတစ်ယောက်လို မချစ်ခဲ့ဖူးပေမဲ့ ခင်ပွန်းသည်တစ်ယောက်လိုတော့ မမ သိပ်ချစ်နေရပါပြီ။ ပြီးတော့...

*

"ဟော့... သစ္စာဖောက်မကြီး ထွက်ခဲ့"

"အင်ဂျင်နီယာဆိုတာ တည်ဆောက်ရတဲ့လူကွ၊ သူများ တည်ဆောက်ထားတဲ့ အချစ်ကို ဖျက်ဆီးရတဲ့လူ မဟုတ်ဘူး၊ ဟော့... သိပ်ပျော်နေကြလားဟေ့"

ကောင်လေးရဲ့ စကားတွေက ကြမ်းတမ်းရိုင်းပျလာပြီ၊ အရင်လို စောင်းမြောင်းပြောတာမျိုး မဟုတ်ဘဲ တိုက်ရိုက်စော်ကားလာခဲ့ပြီ။

အဲဒီအချိန်မှာ ကောင်လေးရဲ့ အသံအပြင် တခြားလူတွေရဲ့ အသံပါ ကြားလာရတယ်။

"ခင်ဗျား သိပ်မူးနေပြီထင်တယ်၊ ပြန်ပါတော့"

"ဘာလို့ ပြန်ရမှာလဲ၊ ကျုပ်ဘာသာ သီချင်းဆိုတာ"

"ခုလို လျှောက်အော်နေတာ မကောင်းပါဘူး"

"ဘာဖြစ်လဲ ခင်ဗျားတို့က ဘာဆိုင်လို့ ဝင်ပြောရတာလဲ"

"သီချင်းဆိုတယ်ဆိုပြီး ခင်ဗျားလက်ထဲက ခဲလုံးကြီးကကော"

"သြော်... ဒါလား၊ ဒါ... ခဲလုံးမဟုတ်ဘူးဗျ၊ ကျုပ်နှလုံးသား၊ ကျုပ်ရဲ့ နှလုံးသားကို စားသုံးချင်တဲ့ လူတွေကို လက်ဆောင်ပေး မလို့"

ကင်းလှည့်လာတဲ့ ရဲတွေလား၊ ရပ်ကွက် ပြည်သူ့ ကောင်စီ



www.burmeseclassic.com

အဖွဲ့ဝင်တွေလား၊ အရန်မီးသတ် ရဲဘော်လေးတွေလား ပြောမရဆိုမရ လို့ ရိုက်နှက်တာများ ဖြစ်ကုန်မှာလား။

"ဟော့လူ ဘာလုပ် တာလဲ မပစ်နဲ့လေ"

"ကျုပ်ကို မဆွဲနဲ့"

"ပြောနေတာ မရဘူးလား"

လှဲနေရာက ဆတ်ခနဲ ထထိုင်လိုက်မိတယ်။အဲဒီ အခိုက်အတန့် မှာပဲ 'ဟင့်'ခနဲ အသံတစ်ခု ကြားလိုက်ရတယ်။ အို... တစ်ဖက်ဘေးမှာ အိပ်နေတဲ့ သားလေးရဲ့ အသံပါလား။ ခြောက်လအရွယ် သားငယ်လေး ဟာ နို့ဆာလို့ ပါးစပ်ကလေးဟပြီး အမေကို လိုက်စမ်းနေရှာတယ်။

အိပ်ရာပေါ် ပြန်လှဲလိုက်တယ်။ သားကို နို့တိုက်တယ်။ သွားပေဦးတော့ ကောင်လေးရေ...။ ခုချိန်မှာ မင်းအတွက် မျက်ရည်ကျ ဖို့ထက် သားလေးအတွက် နို့ရည်ထွက်ဖို့က ပိုပြီး အရေးကြီးနေ ပါတယ်။

ကိုစိန်မျိုးရဲ့ လက်တစ်ဖက်က လက်မောင်းပေါ် လာတင်တယ်။ သားလေးက နို့ကိုငုံရင်း နှစ်နှစ်ခြိုက်ခြိုက် ပြန်အိပ်ပျော်သွားပြီ။ ဒီအချိန်မှာ အပြင်ဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မသိချင်တော့ ဘူး။ ဘာသံမှလဲ မကြားတော့ဘူး။ ကမ္ဘာကြီးတစ်ခုလုံးကို မေ့သွားပြီ။


နွေးထွေးတဲ့ အိပ်ရာကလေးထဲမှာ သာနေတဲ့ နေမင်းကြီးနဲ့ လမင်းငယ်လေးပဲ ရှိတော့တယ်။ ။

**[မိုးဝေမဂ္ဂဇင်း ၁၉၈၆၊ ဖေဖော်ဝါရီနှင့်**

**ကောင်လေးရေ ဝတ္ထုတို စုစည်းမှု ၁၉၉၉ မှ]**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## မမ

မိဘအစဉ်အဆက်ကတည်းကချမ်းသာကြွယ်ဝသူများ ဖြစ်ခဲ့သည့်အပြင်လက်ရှိရာထူးကြီးကြီးကိုလည်း ရရှိထားသူ ဦးကြာစိန်သည် ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်ရက် သေဆုံးခဲ့ခြင်း သည် ဤဇာတ်လမ်း၏ အစ ဖြစ်ပေသည်။



www.burmeseclassic.com

(၁)

ဦးကြာစိန်သည် ဤလောကကြီးမှ စွန့်ခွာသွားသော အခါတွင် သူအနှစ်သက်ဆုံး၊ အမြတ်နိုးဆုံး အရာသုံးခု ကျန်ရစ်ခဲ့လေသည်။

သူ့ရာထူး၊ သူပိုင်ခြံမြေတိုက်တာ မော်တော်ကား ပစ္စည်းဥစ္စာများနှင့် သူ့ဇနီး။ ထိုသုံးမျိုးအနက် တစ်မျိုးမှာ အလိုလျောက် ပျောက်ကွယ်၍ သွားရသည်။ သူသေဆုံးသောအခါ သူ့ရာထူးသည် မည်ကာမတ္တလောက်သာ ကျန်၏။ နာရေးကြော်ငြာများတွင် ထည့်သွင်းအသုံးပြုခြင်း၊ ရုံးမှ ရသင့်သောငွေများ ထုတ်ယူခြင်းများ ပြုလုပ်ပြီးသောအခါ ထိုရာထူးသည် ဘာမျှ အရာမထင်တော့ပေ။

အကောင်အထည်အဖြစ် ထင်ရှားစွာ ကျန်ရစ်သော အရာများကား သူ့ဇနီးနှင့် အမွေပစ္စည်းများ။ တကယ်တော့ ထိုအရာနှစ်ခုသည် တပေါင်းတည်း ကျန်ရစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဦးကြာစိန် သေဆုံးသွားသောအခါ ဇနီးဖြစ်သူ ဒေါ်ခင်မူသည် အမွေပစ္စည်းအားလုံးကို ဆက်ခံပိုင်ခွင့် ရှိသည်မဟုတ်လား။ ဒေါ်ခင်မူသည် အသက် သုံးဆယ့်ခြောက်နှစ် ရှိပြီ။ သို့ရာတွင် ထိုမျှလောက် အသက်ကြီးပြီဟု ထင်ရလောက်အောင် မရင့်ရော်သေး။ ထို့အတူ အသက် အစိတ်



www.burmeseclassic.com

လောက်ပဲ ထင်ရတယ်ဟု ဆိုရလောက်အောင်လည်း နုပျိုသည်တော့ မဟုတ်ချေ။ သုံးဆယ်နှင့် သုံးဆယ့်ငါးကြားလောက်ဟု ထင်ရသည်။

ဦးကြာစိန်သည် ကွယ်လွန်သောအချိန်တွင် အသက် ငါးဆယ့်သုံးနှစ်ရှိပြီ ဖြစ်သည်။ ထို့ကြောင့် သူသည် ဒေါ်ခင်မူထက် အသက် ဆယ့်ခုနစ်နှစ်ခန့် ကြီးလေသည်။

ဦးကြာစိန် မရှိတော့သည့် နောက်ပိုင်းတွင် ဒေါ်ခင်မူသည် အရာရာကို တစ်ဦးတည်း ရင်ဆိုင်ခဲ့ရလေသည်။ စကားအဖြစ် တင်စားပြောခြင်း မဟုတ်။ အမှန်ပင် တစ်ယောက်တည်း။ သူသည် ဦးကြာစိန်နှင့် သားသမီးတစ်ယောက်မှ မရခဲ့ချေ။ ထို့ကြောင့် ဆိတ်ငြိမ်ရပ်ကွက်ရှိ ခြံကြီးထဲမှ နှစ်ထပ်တိုက်ကြီးထဲတွင် ထမင်းချက် လင်မယားနှစ်ယောက်၊ အိမ်ဖော်မိန်းကလေး တစ်ယောက်၊ ဒရိုင်ဘာ အဘိုးကြီး တစ်ယောက်၊ မာလီကုလားကြီး တစ်ယောက်နှင့်အတူ ကျန်ရစ်ခဲ့ရခြင်း ဖြစ်သည်။ ထိုသူများမှာလည်း သူခိုင်းရာကိုသာ လုပ်ကိုင်တတ်ကြသူများဖြစ်၍ နက်နဲသော အရေးကိစ္စများတွင် တိုင်ပင်ရန်သော်လည်းကောင်း၊ ဦးစီးခေါင်းဆောင် ပြုလုပ်ခိုင်းရန်သော် လည်းကောင်း သင့်တော်ကြသူများ မဟုတ်ကြ။ ထိုအခါ ဒေါ်ခင်မူသည် မိမိကိုယ်ကိုသာ အားကိုးရတော့သည်။

တစ်ခုတော့ရှိ၏။ ဒေါ်ခင်မူကဲ့သို့ အရွယ်လည်းရှိ၊ လှလည်းလှ၊ ပစ္စည်းဥစ္စာလည်း ကြွယ်ဝသော သူတစ်ယောက်အား ကူညီမစလိုသူများ ပေါ်ပေါက်လာရမည်မှာ ဓမ္မတာတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

# (၂)

ဒေါ်ခင်မူ ပထမဆုံး ရင်ဆိုင်ရသော ပြဿနာမှာ ဦးကြာစိန်၏ ရုံးမှ သူ့အတွက် ရသင့်ရထိုက်သော ငွေများ ထုတ်ယူရေးကိစ္စပင် ဖြစ်သည်။ တတ်ကျွမ်းနားလည်သူများအဖို့တော့ ထိုကိစ္စသည် သိပ်မခဲယဉ်းနိုင်ချေ။ ဒေါ်ခင်မူအတွက်ကား အခက်အခဲတစ်ရပ် ဖြစ်၏။

သူသည် ဦးကြာစိန် ရှိစဉ်ကတည်းက ရုံးပြင်ကနား သွားရောက်ခဲ့ဖူးသူမဟုတ်။ ဦးကြာစိန်ကလည်း သူ့ရုံးသို့ လက်ထပ်ခါစက တစ်ခေါက်နှစ်ခေါက်မျှသာ ခေါ်သွားခဲ့ဖူးသည်။ ထို့ပြင် ဦးကြာစိန်သည် အပျော်အပါး ဝါသနာပါသူ မဟုတ်။ ပွဲလမ်းသဘင်များ၊ ညစ်ခံပွဲများ သွားလေ့မရှိ။ မသွားမဖြစ်မှသာ သွားသည်။ ဝတ်ကျေတန်းကျေလောက် သွားရမည့် ပွဲမျိုးဆိုမှ သူတစ်ယောက်တည်း သွားသည်။ အလွန်မတန် ရင်းနှီးသူများဆိုမှ ဒေါ်ခင်မူကို ခေါ်သွားတတ်လေသည်။ ဒေါ်ခင်မူကလည်း ပြင်ပပွဲလမ်းသဘင်များထက် မိမိအိမ်တွင်းမှာ စီမံအုပ်ချုပ်ရခြင်းကို ပို၍ သဘောကျသည်။ ညစ်ခံပွဲများထက် မိမိ မီးဖိုချောင်ကို ပို၍ စိတ်ဝင်စားသည်။



www.burmeseclassic.com

တကယ်တော့လည်း သူသည် မီးဖိုချောင်ထဲမှ ညှော်ခန်းသို့ ရောက်ရှိလာခဲ့ရသူ မဟုတ်လား။

ဤကဲ့သို့ အပြင်လောကနှင့် အဆက်အဆံနည်းသူ တစ်ယောက် အဖို့ ခုလိုကိစ္စမျိုးတွင် အခက်အခဲကြုံရမည်မှာ ဓမ္မတာပင်။ ကူညီမည့်သူ လည်း မရှိ၊ လောလောဆယ် ခေါင်းပူနေရသော အချိန်တွင် ဘယ်သူ့ကို အကူအညီ တောင်းရမည်မှန်း မစဉ်းစားတတ်။ သူ့မှာ ဆွေမျိုးသားချင်းလည်း မရှိ။ အစကတည်းက အမေနှင့်သူ နှစ်ယောက် တည်း။ ခု အမေလည်း မရှိတော့။ ဘယ်သူ့ကို အားကိုးရပါ့။ မရှိ။ ကိုယ့်ကိုယ်ကို အားကိုးရန်သာ ရှိလေ၏။

ဦးကြာစိန်၏ ရုံးသို့ သွားရောက် စုံစမ်းရသည်။ ရုံးအဝင် ဝမှာပင် ပထမဆုံး အခက်အခဲနှင့် ရင်ဆိုင်ရသည်။ အပေါက်ဝမှာ စားပွဲတစ်လုံးနှင့် ထိုင်နေသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။ ထိုသူက မေးသည်။

"ဘယ်သွားမလို့လဲ"

ဒေါ်ခင်မူ အဖြေရခက်သွားသည်။ လာတာကတော့ ဒီရုံးကိုပဲ။ သို့ရာတွင် ဒီရုံးကိုပဲလေဟု ပြောလို့ မဖြစ်။ ဘယ်ဌာန၊ ဘယ်သူ့ဆီ သွားမည်ဟု ပြောရမည် ဖြစ်သည်။ သူမပြောတတ်။

"ဟို ဒီအပေါ်ကို"ဟု ပြောလိုက်မိသည်။ ထိုသူက မျက်မှောင် ကုတ်လိုက်ပြီး . . .

"မဟုတ်သေးဘူးလေ၊ ဘယ်သူ့ဆီ သွားမှာလဲ"

ဦးကြာစိန်ရှိစဉ်က ပြောပြဖူးသော ရုံးက လူနာမည်တွေ အပူတပြင်း စဉ်းစားရသည်။ ဘယ်လိုမှ သတိမရ။

နောက်ဆုံး မတတ်သာသဖြင့် သူ့ကိုယ်သူ မိတ်ဆက်လိုက်ရ၏။



www.burmeseclassic.com

"ကျွန်မ ဦးကြာစိန်ရဲ့ ဇနီးပါ အဲဒီကိစ္စ"

"သြော်... သြော် အဲဒီပုံစံမှာ ဖြည့်ပါ"ဆိုပြီး စာရွက်ကလေး တစ်ခု ပေးသည်။ ဧည့်သည်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ပြီးတော့ တွေ့ဆုံလိုသူ၊ ရာထူးအဆင့်၊ တွေ့ဆုံမည့်ကိစ္စ၊ ဘယ်သူ့ကို ဦးတည်နှာမည် တပ်ရမှန်း မသိပြန် ထိုအခက်အခဲကို ထိုသူကလည်း ရိပ်မိဟန် တူသည်။

"ကိစ္စမရှိပါဘူး၊ ဦးဘသိန်းလို့သာ ရေးလိုက်ပါ၊ အောက် ကတော့ ကိုယ်ရေးကိုယ်တာလို့ ရေးလိုက်ပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ ဟိုကျတော့ရော ကျွန်မ ဦးဘသိန်းနဲ့ပဲ တွေ့ရမှာလား"

"ဟုတ်ကဲ့ခင်ဗျ"

ခေါ်ခင်မူသည် ထိုအတိုင်းရေးပြီး အပေါ်ထပ်သို့ တုန့်နှေးသော ခြေလှမ်းများဖြင့် တက်လာခဲ့သည်။

လွန်ခဲ့သော ငါးနှစ်လောက်က ရုံးကို တစ်ခေါက်ရောက်ဖူး သည်။ ထိုစဉ်က သူ့ကို ရုံးမှ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြလေ သည်။ "ဆရာကတော် ကြွပါခင်ဗျ၊ ဟော မမလည်း ပါလာတယ်နော်၊ ဘာစားဦးမလဲ၊ ကျွန်တော် ပြေးမှာလိုက်မယ်လေ၊ ကျွန်မတို့က ဆရာ့ကို သိပ်ကြောက်ရတာ မမရဲ့၊ ညီမကို မြင်ဖူးချင်နေတာကြာပြီ၊ ခုတွေ့ရတော့ ထင်ထားတာထက်တောင် လှနေသေးတယ်၊ ဟင်း... ဟင်း၊ ဟဲ... ဟဲ"

ခုတစ်ခါကျတော့ ဒီလိုမဟုတ်။ ရုံးကြီးသည် သူ့ကို အေးစက် စက် အမူအရာဖြင့် ဆီးကြိုလေသည်။ အရေးတယူ မေးမြန်းမည့်သူ မရှိ။ သာမန် လူစိမ်းဧည့်သည်တစ်ယောက် ဝင်လာသလိုမျိုး။ တစ်ချက်လှမ်းကြည့်ပြီး အလုပ်ဆက်လုပ်နေသူတွေ။ ဖျတ်ခနဲ မျက်လုံး



www.burmeseclassic.com

လှန်ကြည့်ပြီး ဖတ်လက်စ စာအုပ်ဆီသို့ ခေါင်းပြန်ငုံ့သွားသူတွေ။

ဝန်ထမ်းအသစ်တွေမို့ သူတို့ မသိကြလေသလား။ သို့တည်း မဟုတ် မရောက်တာကြာလို့ မမှတ်မိကြတာလား။ ဒါတော့ မဖြစ်နိုင်။ ဦးကြာစိန်၏ အသုဘကို ရုံးကလူတွေ လိုက်ပို့ကြသေးတာပဲ။ ပြီးတော့ ဟိုးထောင့်စားပွဲက စာရေးမ ခပ်ကြီးကြီးတစ်ယောက်က သူ့ကို လှမ်းကြည့်လိုက်၊ ဘေးစားပွဲက ခပ်ငယ်ငယ် တစ်ယောက်ကို တစ်စုံတစ်ခု လှမ်းပြောလိုက် လုပ်နေသည်ကို သူတွေ့လိုက်ရသည်။ သဘောကောင်းမည် ထင်ရသော လူတစ်ယောက်၏ စားပွဲရှေ့မှာ ရပ်ပြီး မေးလိုက်သည်။

"ဒီမှာရှင့် ဦးဘသိန်းနဲ့ တွေ့ရမလားလို့"

လူကြီးက မော့ကြည့်ပြီး...

"ဩော်"ဟု ဆိုသည်။

ဒေါ်ခင်မူကို ခဏစိုက်ကြည့်ပြီး မှတ်မိသွားဟန် တူသည်။ နည်းနည်း ပြုံး၏။

"ဦးဘသိန်း အစည်းအဝေးခန်းထဲ ရောက်နေတယ်၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်မ... ကျွန်မ ဦးကြာစိန်ရဲ့ ဇနီးပါ၊ ဟိုကိစ္စ"

"ဩော်... ဟုတ်ကဲ့ အစည်းအဝေးက ကြာဦးမယ်ဗျ၊ နောက်နေ့မှ လာပါလား"

"ဟုတ်ကဲ့ရှင့်၊ ဟိုဒင်း ကျွန်မလာတဲ့အကြောင်း ဦးဘသိန်းကို ပြောပေးနိုင်မလား"

"ရပါတယ် ကျွန်တော် ပြောလိုက်ပါ့မယ်"

ဒေါ်ခင်မူသည် ရုံးလှေကားပေါ်မှ ပြေးမဆင်းမိစေရန် သတိထားလာရသည်။ ရုံးသည် ဘယ်လို ဖြစ်သွားလေသနည်း။



www.burmeseclassic.com

အမှန်ကတော့ ရှင်းရှင်းလေး။ ဝန်ကြီးတစ်မတ်၊ ဝန်ကတော်တစ်ကျပ်ဆိုသော စကားအတိုင်း ခုနေခါတွင် ဦးကြာစိန်၏ မျက်နှာကို ထောက်ထားစရာ မရှိတော့။ ဦးကြာစိန်၏ မိန်းမကို အရေးတယူ လုပ်လို့လည်း သွားလေသူကြီးက ထပြီး ရာထူးတိုးဖို့ ထောက်ခံပေးမည် မဟုတ်ချေ။ ရုံးမှာ သူမျက်မှန်းတန်းမိသူ တစ်ယောက်နှစ်ယောက်တော့ ရှိသည်။ သို့ရာတွင် နာမည်တွေကို သူမမှတ်မိ။ ထိုနေ့က တွေ့လည်းမတွေ့မိခဲ့။ ခုတွေ့ခဲ့ရသူတွေမှာ သူမမြင်ဖူးသူတွေ ဖြစ်သည်။ မြင်ဖူးလျှင်လည်း အမှတ်တမဲ့ ဖြစ်လိမ့်မည်။ ဒါကြောင့်များ အမှတ်တမဲ့ ပြန်လုပ်ကြလေသလား မသိ။

ရုံးက လူတွေကြားထဲတွင် သူသည် ကျောင်းခန်းထဲသို့ ပထမဆုံးအကြိမ် ဝင်ရသော ကျောင်းသားသစ် တစ်ယောက်ကဲ့သို့ အားငယ်ခဲ့ရသည်။ ထိုအခါကျမှပင် အစ်ကိုကြီး ဦးကြာစိန်ကို ပို၍ သတိရမိ၏။ ထိုနေ့က အိမ်ပြန်ရောက်ရောက်ချင်း သူ့အခန်းထဲ ပြေးဝင်ပြီး ခေါင်းအုံးပေါ်မှာ မျက်နှာအပ်လျက် တလှိုက်လှိုက် ငိုကြွေးခဲ့ရရှာသည်။

ရုံးကို သူလန့်သွားသည်။ ရုံးက ရနိုင်သော ငွေမှာ သူ့လက်ရှိ အခြေအနေနှင့်စာလျှင် ဘာမျှ မပြောပလောက်။ သို့ရာတွင် အစ်ကိုကြီး၏ ချွေးနဲ့စာဖြင့်ရသော ငွေကို သူတန်ဖိုးထားသည်။ ပြီးတော့ သူ့မှာ စိတ်ကူးတစ်ခု ရှိသည်။ ထိုငွေဖြင့် အစ်ကိုကြီးကို ရည်စူး၍ အလှူအတန်း လုပ်မည်။

ခုတော့ ထိုငွေကို မယူချင်တော့သော စိတ်များပင် ဝင်ရောက်လာသည်။ တကယ်တော့ အလိုလိုက ရုံးနှင့် စိမ်းခဲ့သူတစ်ယောက် ဖြစ်သည့်ပြင် လောလောဆယ် အရာရာကို တွေးတောအားငယ်နေသည့် အခြေအနေကြောင့်သာ ဖြစ်သည်။ သူ့လိုပင် ခင်ပွန်းသည် သေဆုံးသွား



www.burmeseclassic.com

သဖြင့် ကျန်ရစ်သော အရေးကိစ္စများကို ဒိုင်ခံ ဖြေရှင်းဆောင်ရွက်ရသော အမျိုးသမီးတွေ အများကြီး ရှိခဲ့သည်၊ ရှိနေဆဲ၊ ရှိဦးမည် မဟုတ်လား။ သူတို့ကော ဘယ်လိုလုပ်ကြသလဲ။

မည်သို့ပင်ဖြစ်စေ သူရုံးသို့သွားပြီး နောက်တစ်နေ့တွင် ဦးဘသိန်းထံမှ တယ်လီဖုန်း လာလေသည်။ ဦးဘသိန်းက လောလောဆယ် ဒေါ်ခင်မူလာဖို့ မလိုသေးကြောင်း၊ လိုအပ်သည့်အခါ ဖုန်းဆက်၍ အကြောင်းကြားမည် ဖြစ်ကြောင်း၊ ကိစ္စအဝဝတွင် တာဝန်ယူပါကြောင်း။

ဒေါ်ခင်မူ စိတ်နည်းနည်း သက်သာရာ ရသွားသည်။ အားငယ်စိတ်ကတော့ ရှိနေဆဲ။ မရှိပါနဲ့ ဒေါ်ခင်မူ၊ မရှိပါနဲ့ ခုမှ အစပဲရှိပါသေးတယ်။ နောက်ထပ် ပြဿနာတွေ အများကြီး လာပါလိမ့်ဦးမယ်။

*



www.burmeseclassic.com

www.burmeseclassic.com

# (၃)

"ဒီလိုရှိပါတယ် မခင်မူ၊ ခုချိန်မှာ မခင်မူအဖို့ စိတ်နှလုံး မသာမယာ ရှိနေလိမ့်မယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာကြည့်လို့ ရပါတယ်။ ဒါပေမဲ့ မခင်မူရဲ့ ကိုယ်ကျိုးအတွက် တစ်နည်းအားဖြင့် ရှေ့ရေးအတွက် ဆိုပါတော့၊ မပြောမဖြစ် ပြောစရာလေးရှိလို့ လာခဲ့တာပါပဲ"

"ဟုတ်ကဲ့ ပြောပါ"ဟု ဒေါ်ခင်မူက ပြောလိုက်သည်။ အိမ်ကို ဦးယုကြည် ရောက်လာကတည်းက အကြောင်းကိစ္စ တစ်ခုခု ရှိလို့ဟု သူခန့်မှန်းခဲ့ပြီးသား ဖြစ်သည်။ ဦးယုကြည်သည် ကိစ္စ အထွေအထူးမရှိဘဲ အိမ်လည်သွားတတ်သော လူစားမျိုးမဟုတ်။ သူသည် ဦးကြာစိန်၏ မိတ်ဆွေဖြစ်သည်။ ဦးကြာစိန်၏ ရှေ့နေလည်း ဖြစ်သည်။ သူနှင့် ဦးကြာစိန်တို့သည် အသက်ချင်းလည်း ရွယ်တူ လောက်ပဲ ရှိမည်။ ပြီးတော့ ဦးကြာစိန်၏ အသိမိတ်ဆွေများ ထဲတွင် အိမ်ကို အရောက်အပေါက် အများဆုံးလူလည်း ဖြစ်သည်။ တစ်လလျှင် တစ်ခေါက် နှစ်ခေါက်လောက် ရောက်တတ်သည်။ ထို့ကြောင့် သူသည် အိမ်၏ အတွင်းရေးကိစ္စများကို အခြားသူများထက်



www.burmeseclassic.com

ပို၍ သိထားသူ ဖြစ်သည်။ သိသင့်သိထိုက်သော ကိစ္စများကို ဆိုလိုပါသည်။

"အေးဗျာ၊ ကျွန်တော်လည်း ကိုကြာစိန် ရက်လည်ပြီးကတည်းက မော်လမြိုင်က အမှုအတွက် ဆင်းသွားရတာနဲ့ မခင်မူဆီ မရောက်ဖြစ်ဘူး၊ ဟိုကနေ ဖုန်းဆက်သေးတယ်ဗျ၊ အဲဒီအချိန်မှာ မုန်တိုင်းရှိနေလို့လား မသိဘူး၊ ဖုန်းခေါ်လို့ မရဘူး၊ တခြားကိစ္စတွေ အဆင်ပြေ ရဲ့လားလို့ မေးချင်လို့"

"ပြေပါတယ်ရှင်၊ ဟိုအစ်ကိုကြီးရဲ့ ရုံးက ကိစ္စနည်းနည်းပဲ ရှိပါတယ်၊ အဲဒါ အစ်ကိုကြီးရဲ့ လက်အောက်က အရာရှိတစ်ယောက်က ကူညီနေပါတယ်"

"သြော်"ဟုဆိုပြီး ဦးယုကြည်က တစ်စုံတစ်ခု စဉ်းစားနေသည်။

ထို့နောက်...

"အင်း ကျွန်တော်ဟာ ကိုကြာစိန်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေဆိုလည်း ဟုတ်၊ ရှေ့နေဆိုလည်း ဟုတ်တော့ကာ သူနဲ့ပတ်သက်တဲ့ ကိစ္စအတော်များများကို ကျွန်တော်ပဲ တာဝန်ယူခဲ့ရပါတယ်၊ ခုကိုကြာစိန် မရှိတော့ပေမဲ့လည်း မပြီးပြတ်သေးတဲ့ ကိစ္စတွေအတွက် ကျွန်တော်ပဲ ဆက်ပြီး ဆောင်ရွက်နေရဦးမှာပါပဲ၊ အဲ... ကျွန်တော်က ရှေ့နေဆိုတော့ တစ်ခါတလေလည်း စကားကြောရှည်တယ်ဗျာ၊ တချို့ ကိစ္စကျတော့လည်း ရှင်းရှင်းပြတ်ပြတ် ပြောရတာရှိတယ်၊ ခုထိတော့ ကျွန်တော်ဟာ ဦးကြာစိန်ရဲ့ ရှေ့နေအဖြစ် ရှိနေတုန်းပါပဲ၊ ကိစ္စတွေ ပြီးသွားတဲ့အခါမှာတော့ မခင်မူရဲ့ သဘောဆန္ဒအတိုင်းပဲပေါ့၊ ကျွန်တော့်ကို မခင်မူရဲ့ ရှေ့နေအဖြစ် ဆက်ပြီး ဆောင်ရွက်စေချင်လည်း ရတယ်၊ မလိုအပ်ဘူးဆိုရင်လည်း ရတယ်၊ ကျွန်တော်ကတော့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ဆက်ရှိနေမှာပါပဲ၊ တကယ်လို့ မခင်မူ လိုအပ်တယ်ဆိုရင် အမျိုးသမီး ရှေ့နေတစ်ယောက် ကျွန်တော် ရှာပေးပါ့မယ်"



www.burmeseclassic.com

"ကျွန်မ အဲဒါတွေ သိပ်နားမလည်ပါဘူး"

"အေးလေ၊ အဲဒါတွေက နောက်မှ စဉ်းစားပါ"

ဦးယုကြည်သည် စားပွဲပေါ်မှ ကော်ဖီပန်းကန်ကိုယူပြီး တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ လက်ဆွဲအိတ်ဇစ်ကို ဆွဲဖွင့်လိုက်ပြီး အထဲမှ သားရေအိတ်အနက် သေးသေးလေးကို ထုတ်ယူလိုက်၏။ ဒေါ်ခင်မူ ရုတ်တရက် မျက်နှာညှိုးသွားသည်။ ဦးယုကြည်ကလည်း အလိုက်သိစွာပင် သားရေအိတ်ကလေးကို ပြန်ထည့်ထားလိုက်သည်။ ဒေါ်ခင်မူသည် သားရေအိတ်ကို မြင်သဖြင့် ဦးကြာစိန်ကို ရုတ်တရက် သတိရသွားခြင်း ဖြစ်လေသည်။ ဦးကြာစိန်မှာလည်း ဒီလို သားရေအိတ်ကလေးမျိုး ရှိသည်။ ဆေးတံထည့်သော အိတ်။ ဦးယုကြည်ရော ဦးကြာစိန်ပါ ဆေးတံသမားများ ဖြစ်ကြသည်။

"အဲဒီတော့ဗျာ၊ အခုပြောရမှာက ကိုကြာစိန်အနေနဲ့ အခြားလူတွေဆီက ရစရာရှိတဲ့ငွေ၊ သူက ပေးရမဲ့ငွေ၊ ဘဏ်လက်ကျန်ငွေ၊ အဲဒါတွေ မခင်မူ သိသလား"

ဒေါ်ခင်မူ ခေါင်းခါသည်။

"ဟုတ်တယ်ဗျာ၊ တကယ်တော့ ခင်ဗျား သိသင့်တယ်၊ ကိုကြာစိန်ကိုလည်း မကြာခဏ ပြောခဲ့ပါတယ်၊ ကိုကြာစိန်ကလည်း အသိပေးချင်တယ်၊ ဒါပေမဲ့ ခင်ဗျားက အဲဒါတွေ စိတ်မဝင်စားဘူးလို့ ပြောတယ်ဆို"

ဒေါ်ခင်မူ ခေါင်းညိတ်ပြန်သည်။

"အခုတော့ စိတ်မဝင်စားလို့ မရတော့ဘူး၊ တစ်ခုတော့ ရှိတယ်၊ မခင်မူအနေနဲ့ သိထားရုံပါပဲ၊ စီစဉ်တာကတော့ ကျွန်တော် ဆောင်ရွက်ပေးရမှာပါ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"



www.burmeseclassic.com

ဦးယုကြည်သည် လက်ဆွဲအိတ်ကို နှိုက်ပြန်သည်။ ဒီတစ်ခါတော့ ဖိုင်တွဲတစ်ခု ဆွဲထုတ်ခြင်း ဖြစ်သည်။ ပေါင်ပေါ်မှာ တင်လိုက်ပြီး ဖိုင်တွဲကိုဖွင့်သည်။ စာရွက်တွေ လှန်သည်။ ပြီးတော့ ဒေါ်ခင်မူကို တစ်ရွက်ချင်း ရှင်းပြနေသည်။ ကိန်းဂဏန်းတွေ ပြောသည်။ ဒေါ်ခင်မူ သေသေချာချာနားမလည်။ တစ်ခုပဲ နားလည်သည်။ ဘဏ်လက်ကျန်ငွေ ခုနစ်သောင်း ငါးထောင် ကိုးရာ ခြောက်ဆယ့်ခုနစ်ကျပ်နှင့် နှစ်ဆယ့်လေးပြား။

"အဲဒါပါပဲ မခင်မူ၊ တချို့ကိစ္စတွေကတော့ ဒီတစ်ပတ်နှစ်ပတ်အတွင်း ပြီးသွားမှာပါ၊ တချို့ကတော့ အချိန်ယူတန် ယူရလိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့၊ ဦးယုကြည် ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်မ အားလုံးလွှဲအပ်ပါတယ်၊ ယုံလည်း ယုံကြည်ပါတယ်"

"စိတ်ချပါဗျာ၊ ကျွန်တော် တာဝန်ယူပါတယ်၊ အဲဒါ ပြီးတော့ မခင်မူကို အရေးကြီးတာလေး တစ်ခုမေးချင်ပါတယ်"

"မေးပါ ဦးယုကြည်"

ဦးယုကြည်သည် ဒေါ်ခင်မူကို ခဏမျှ စိုက်ကြည့်လိုက်ပြီး...

"ဒီလိုဗျာ မမေးလို့လည်း မဖြစ်ဘူး၊ ဒါကြောင့်ပါ အားတော့ နာတယ်ဗျာ"

ခဏမျှ စဉ်းစားရင်း အသင့်တော်ဆုံး စကားလုံးကို ရွေးချယ်သည်။

"ကိုကြာစိန်ဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာ မခင်မူကို ဘာများ မှာသွားပါသေးသလဲ"

"ရှင်"

ဒေါ်ခင်မူ ဦးယုကြည်ကို ငေးကြောင်ကြည့်နေမိသည်။



www.burmeseclassic.com

ဦးယုကြည်က ပြောသာပြောပါဆိုသော သဘောဖြင့် ခေါင်းဆတ်ပြသည်။ ဒေါ်ခင်မူက...

"ကျွန်မ မပြောပါရစေနဲ့ရှင်"

"မဟုတ်သေးဘူး မခင်မူ၊ ခင်ဗျားရဲ့ အကျိုးအတွက်လည်းပါ ပါတယ်၊ ကိုကြာစိန်ရဲ့ ရှေ့နေတစ်ယောက် အနေနဲ့ မေးတာပါ"

ဒေါ်ခင်မူ ခေါင်းခါသည်။

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စမို့ပါ၊ ဦးယုကြည်နဲ့ မသက်ဆိုင်တဲ့ ကိစ္စပါ"

ဦးယုကြည် လက်လှမ်းကာပြပြီး...

"အို... ဆောရီး မခင်မူ၊ ကျွန်တော်က တိုက်ရိုက်မေးရမှာ အားနာလို့ပါ၊ ကျွန်တော် မေးချင်တာက စီးပွားရေးကိစ္စပါ၊ ကိုကြာစိန်ရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာ၊ အဲ အမွေပေါ့လေ၊ အဲဒါနဲ့ပတ်သက်လို့ ဘာများ ပြောသွားပါသေးလဲလို့ မေးတာပါ"

"ဘာမှ ပြောမသွားပါဘူး"

ဒေါ်ခင်မူ ခပ်တိုတို ဖြေသည်။

"အိုကေ၊ ဒါပါပဲ ကျွန်တော် သိချင်တာ၊ ကျွန်တော်တစ်ခု သတိပေးချင်တာကတော့ ကိုကြာစိန်ရဲ့ အမွေကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာတစ်ခုခု ဖြစ်လာခဲ့ရင် ကျွန်တော့်ကို အသိမပေးဘဲနဲ့ ဘာမှ မလုပ်စေချင်ဘူး၊ စကားပြောစရာရှိရင် ကျွန်မရဲ့ ရှေ့နေ ဦးယုကြည်နဲ့ ပြောပါလို့သာ ကျွန်တော့်ကို လွှဲလိုက်ပါ၊ ဒါပါပဲ"

ဦးယုကြည်သည် စကားကို အဆုံးသတ်ပြီး ဒေါ်ခင်မူကို အကဲခတ်လိုက်သည်။ ဒေါ်ခင်မူသည် ဦးကြာစိန်နှင့် ပတ်သက်သော စကားများကိုသာ ဆက်တိုက် ကြားခဲ့ရသဖြင့် သူ့ခင်ပွန်းကို သတိရ လွမ်းဆွတ်သွားဟန် တူသည်။ လောလောဆယ်တွင် သူ့ထံ၌



www.burmeseclassic.com

ဝမ်းနည်းခြင်းတစ်ခုသာ တွေ့ရသည်။ အမွေပစ္စည်းများနှင့် ပတ်သက်၍ စဉ်းစားနေသော အရိပ်အယောင် မတွေ့ရ။ သူသည် ဦးကြာစိန်ကို လက်ထပ်ခဲ့ခြင်းသည် ဥစ္စာပစ္စည်းကို မျှော်မြင်သောကြောင့် မဟုတ်ဟု ဦးယုကြည် ဆုံးဖြတ်လိုက်မိသည်။ ဒေါ်ခင်မူကိုလည်း လေးစားသွားမိသည်။

"ခုလို မခင်မူရဲ့ စိတ်ကို အနှောင့်အယှက် ပေးမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ခုနပြောတဲ့ ကိစ္စအတွက် ကျွန်တော် တာဝန်ယူပါတယ်၊ မခင်မူ ဘာမှ အားမငယ်စေချင်ဘူး"

ဦးယုကြည်က အားပေးစကား ပြောနေသော်လည်း ဒေါ်ခင်မူ၏ မျက်နှာမှာ ညှိုးငယ်နေဆဲ။ တကယ်တော့ လင်သေပြီးစ မုဆိုးမတို့ မည်သည် မီးဖိုချောင်ထဲမှာ ဆား ကုန်နေတာကလေးလောက်ကိုပင် အားငယ်စရာအဖြစ် ကြံဖန်တွေးတော ပူပင်တတ်ကြသည် မဟုတ်လား။

*



www.burmeseclassic.com

www.burmeseclassic.com

(၄)

ဤလောက၌ မိန်းမတို့သည် ယောကျ်ားတို့ရှေ့တွင် အချို့သော အမူအကျင့်များကို ပြုလုပ်ရန် ရှက်ရွံ့တတ်ကြ၏။ သို့ရာတွင် အောက်ပါ ပုဂ္ဂိုလ်အမျိုးအစားများ မပါဝင်ချေ။

လက္ခဏာဆရာ။

ဘတ်စကားပေါ်တွင် ယောကျ်ားတစ်ယောက်နှင့် ဘေးချင်း ယှဉ်ထိုင်မိသောအခါမှာပင် ပခုံးချင်း မထိမိအောင် ကိုယ်ကို ကျုံ့ထား သော်လည်း လက္ခဏာဆရာအားမူ မိမိလက်ဖဝါးကို ကြည်ကြည်ဖြူဖြူ ကိုင်ခွင့်ပေးတတ်လေသည်။

ဓာတ်ပုံဆရာ။

လူစိမ်းယောကျ်ားတစ်ဦးကို မျက်မွေးထော် မော်၍ပင် မကြည့် တတ်သော်လည်း ဓာတ်ပုံဆရာ၏ရှေ့တွင် မြက်ခင်းပေါ် လှဲအိပ်ခြင်း၊ မေးကို လက်ဖြင့်ထောက်၍ မျက်လုံး ထောင့်ကပ်ခြင်း ပြုံးရယ်ခြင်း၊ မူခြင်း၊ နွဲ့ခြင်းစသော ကိုယ်ဟန်အမူအရာ အမျိုးမျိုး လုပ်ပြရန် ဝန်မလေးချေ။

နောက်ပြီးတော့…



www.burmeseclassic.com

ဗိုက်သား၊ ခါးသားပေါ်မည်စိုး၍ အင်္ကျီကို မကြာခဏ ဆွဲချတတ်သော မိန်းကလေးမျိုးပင်ဖြစ်စေဆရာဝန်က ဆေးထိုးမည် ဆိုလျှင်...

နာမှာကြောက်တာတစ်ခုသာ စိတ်ထဲ၌ သတိပြုမိတတ်ပေသည်။

*

ဆရာဝန် ဇင်မင်းလတ်သည် သူ့ဆေးခန်းကလေးထဲတွင် ထိုင်နေသည်။ ကိုင်ဇာ သီချင်းတစ်ပုဒ်အတိုင်း လေချွန်နေမိ၏။

အလိုက်မှာ "သူမလာ လာ လာ၊ လာ လာ လာ ကိုယ်က စောင့်ရမှာ"တဲ့။

သူသည် လူနာအလာ စောင့်နေခြင်း ဖြစ်လေသည်။

ဟောက်စ်ဆာဂျင်ခေါ် အလုပ်သင်ဆရာဝန်အဖြစ် ဆေးရုံတွင် ဆင်းပြီးသွားခဲ့သည်မှာ နှစ်ပတ်ခန့်သာ ရှိသေးသည်။ ထို့အတူ ဤဆေးခန်းမှာ သူစထိုင်ခဲ့သည်မှာလည်းရက်ပိုင်းသာ ရှိသေးသည်။

အရင်က ဤဆေးခန်းမှာ ထိုင်သူမှာ သူ့ဆရာ ဖြစ်သည်။ ဆရာ နယ်ပြောင်းသွားသောအခါ ဆေးခန်းပိုင်ရှင်ကို သူနှင့် ဆက်သွယ်ပေးခဲ့သည်။ ထို့ကြောင့် သူလာထိုင်ခြင်း ဖြစ်သည်။ သူသည် အလုပ်သင်ဆရာဝန် ဘဝတုန်းက မြို့စွန်က အခြားဆေးခန်းတစ်ခုမှာ ဝါရင့်ဆရာတစ်ဦးနှင့် ပူးတွဲထိုင်ခဲ့ဖူးသည်။ တစ်ဦးတည်းပင်တိုင် ဆရာဝန်အဖြစ်နှင့်တော့ ဤဆေးခန်းသည် ပထမဆုံး။

သူစရောက်သည့်နေ့မှစ၍ ခုထိဆေးခန်းကို လူနာအလာ နည်းနေသည်။ လူနာဆိုတာကလည်း ရပ်ရှင်ပရိသတ်လို အစွဲရှိတတ်သည်။ ဆရာဝန်တစ်ယောက်က တစ်ယောက်ပြောင်းဖို့ တော်တော်



www.burmeseclassic.com

စဉ်းစားလေ့ ရှိကြသည်။ သူတို့ဘက်က ကြည့်ပြန်တော့လည်း မှန်သည်။ လူနာများသည် ဆရာဝန်ထံ ရောက်ရှိလာခြင်းမှာ အပ်ချုပ်ဆိုင်တွင် အင်္ကျီတစ်ထည်အပ်ရန် လာခြင်းမဟုတ်ဘဲ သူတို့၏ ကိုယ်ခန္ဓာများကို အပ်ရန်ရောက်ရှိလာခြင်း ဖြစ်သောကြောင့်ပင်။

ပြီးတော့ ဇင်မင်းလတ်သည် အပတိတ်အပြာန် မကောင်းချေ။ အသက်ကလည်း ငယ်သေးသည်။ အခုမှ နှစ်ဆယ့်ခြောက်နှစ်။ လူပုံကလည်း ပိန်ပိန်ပါးပါး၊ အဝတ်အစား တောက်တောက် ပြောင်ပြောင်၊ သပ်သပ်ရပ်ရပ်မရှိ။ သို့ရာတွင် သူ့ကိုယ်သူ ယုံကြည် စိတ်ချမှု ရှိသည်။ သူသည် ပင်ကိုဉာဏ်ကောင်းသူ ဖြစ်သည့်အပြင် ဆရာဝန်ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့သူလည်း ဖြစ်သည်။ ခုလောလောဆယ်တွင် သူ့ဆေးခန်း၌ လူနာပါးနေသည်တော့ အမှန်။

ထိုအချိန်တွင် ဆေးခန်းရှေ့သို့ ကားအသစ်ကလေးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ဒရိုင်ဘာ ဖြစ်ဟန်တူသော အဘိုးကြီး တစ်ယောက် ဆင်းလာသည်။ ဆေးခန်းပိုင်ရှင်ဆီလာသော ဧည့်သည် ဖြစ်မည်ထင်၍ တစ်ချက် လှမ်းကြည့်မိသည်။ ပက်လက်ကုလားထိုင်မှာ ထိုင်မြဲထိုင်ရင်း ဖတ်လက်စ မဂ္ဂဇင်းကို ဆက်ဖတ်နေ၏။ အဘိုးကြီး သည် သူ့ဆေးခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာတော့မှ ဆတ်ကနဲ ထရပ်ပြီး ကြိုဆိုလိုက်သည်။

"ဒေါက်တာရှိလား"

အဘိုးကြီးက မေးသောကြောင့် သူက ရှိပါတယ်ဟု ဖြေလိုက် သည်။ အဘိုးကြီးသည် သူ့ကို ဘာမျှ ထပ်မမေးတော့ဘဲ စမ်းသပ်ခန်းထဲ စွတ်ဝင်သွားသည်။ သူလည်း ယောင်ကြောင်ပြီး လိုက်ဝင်သွားမိသည်။ စမ်းသပ်ခန်းထဲမှာ ဘယ်သူမှ မတွေ့တော့မှ အဘိုးကြီးက...



www.burmeseclassic.com

"ဒေါက်တာ ရှိတယ်ဆို၊ ဘယ်မှာလဲ"

ထိုအခါမှ ဇင်မင်းလတ် သဘောပေါက်သွားသည်။ အဘိုးကြီးသည် သူ့ကို ဆရာဝန်ဟု မထင်။ ဆေးခန်းက ကူဖော်လောင်ဖက် ကောင်လေးဟု ထင်မလားမသိ။ ဒီကောင်လေးကလည်း လက်ဖက်ရည် သွားသောက်နေသောကြောင့် သူ့ကို ထင်သွားနိုင်လောက်သည်။

"ဩော်... ဒေါက်တာဦးလှရီကို ပြောတာလားခင်ဗျာ၊ ဆရာက နယ်ကို ပြောင်းသွားပါပြီ၊ ဘာကိစ္စများပါလိမ့်"

"ဟိုဒင်း၊ ဒါနဲ့ ငါ့တူက"

"ကျွန်တော် ဒီဆေးခန်းက ဆရာဝန်ပါ"

"ဩော်"

အဘိုးကြီး၏ မျက်နှာတွင် အတန်ငယ် အံ့သြဟန် ဖြစ်သွား၏။ ပြီးတော့မှ...

"ဒါဖြင့်လည်း ဆရာလေးပဲ လိုက်ခဲ့ပါ၊ ဟိုမှာ မခင်မူရယ် နည်းနည်း နေမကောင်းလို့"

ဇင်မင်းလတ် ခဏစဉ်းစားသည်။ ထိုအချိန်တွင် ဆေးခန်းက ကောင်လေး ပြန်ရောက်လာသည်။ ထို့ကြောင့် လူနာလာလျှင် ခဏစောင့်ခိုင်းဖို့မှာပြီး လိုက်သွားသည်။

ဒေါ်ခင်မူ၏ တိုက်ရှေ့မှာ ကားရပ်လိုက်ပြီးနောက် အဘိုးကြီးက ကားတံခါးဖွင့်ပေးရန် ပျာပျာသလဲ ပြေးဆင်းလာသည်။ ထိုအချိန်တွင် ဇင်မင်းလတ်က ကားတံခါးကိုဖွင့်ပြီး ဆင်းပြီးနေပြီ။ အဘိုးကြီးက သူ့လက်ဆွဲအိတ်ကို လှမ်းယူဖို့ ပြင်သည်။ သူက...

"နေပါစေ ဦးလေး၊ ကျွန်တော့်ဘာသာ ဆွဲခဲ့ပါ့မယ်၊ ပေါ့ပေါ့လေးပါ"ဟု ပြောလိုက်သည်။ အဘိုးကြီးက ဒီဆရာဝန် ဘယ့်နှယ်



www.burmeseclassic.com

ဟာပါလိမ့်မလဲဟု တွေးရင်းက တိုက်ထဲသို့ ဦးဆောင် ခေါ်သွား လေသည်။

ဇင်မင်းလတ်စိတ်ထဲတွင် နည်းနည်းတော့ လှုပ်ရှားမိသည်။ အဘယ်ကြောင့်ဆိုသော် သူ ဆရာဝန်ဘဝတွင် ခုတစ်ကြိမ်သည် ပထမဆုံးအိမ်သို့ အပင့်အခေါ်ခံရခြင်း ဖြစ်သောကြောင့်ပင်။ ပြီးတော့ သူကုသရမည့်သူက မိန်းမတစ်ယောက်။

ကြမ်းပြင်က ပြောင်လက်နေသည်။ အိမ်ထောင် ပရိဘောဂ တွေက အကောင်းစားတွေချည်း။ လှပခံ့ညားသော လှေကားကြီး အတိုင်း အပေါ်ထပ်သို့ တက်သွားရသည်။ အခန်းကျဉ်းကလေး တစ်ခန်းကို ကျော်ပြီးနောက် အိပ်ခန်းဟု ထင်ရသော အခန်းတစ်ခုရှေ့သို့ ရောက်လာသည်။ အဘိုးကြီးက ဦးဆောင်ပြီး အခန်းထဲဝင်သည်။ ဇင်မင်းလတ်သည် နောက်က လိုက်ဝင်လာရင်း အဘိုးကြီး၏ ပခုံးပေါ်မှ ကျော်၍ ကြည့်လိုက်၏။

သူ့ခြေလှမ်းသည် မဆိုစလောက် တုံ့သွားသည်။ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် ခေါင်းအုံးနှစ်လုံးကို ထပ်လျက် ကျောမှီပြီး ခြေဆင်းထိုင်နေသော အမျိုးသမီးကြီး တစ်ဦး။ ဇင်မင်းလတ် တစ်စုံတစ်ခုကို သတိရလိုက်သည်။ သူ့ဆရာက မှာသွားသော စကား၊ လွန်ခဲ့သော တစ်လခန့်က ဦးကြာစိန် သေဆုံးသွားကြောင်း၊ ဒေါ်ခင်မူ တစ်ယောက်တည်း ကျန်ခဲ့ကြောင်း၊ ဆရာမရှိတော့သည့် နောက် အကူအညီ ပေးဖို့အကြောင်း။

ဒေါ်ခင်မူသည်လည်း ဒရိုင်ဘာ အဘိုးကြီးလိုပင် ဆေးအိတ်ကို ကိုယ်တိုင်ကိုင်၍ ဝင်လာသော ဇင်မင်းလတ်အား ဆရာဝန်ဟု မထင်ချေ။ ဇင်မင်းလတ်ကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး နောက်က ဝင်လာမည့် ဒေါက်တာ ဦးလှရီကို ရှာသည်။ ဘယ်သူမှ ထပ်ဝင်



www.burmeseclassic.com

မလာသဖြင့် နားမလည်သလို ဖြစ်သွား၏။ ဒရိုင်ဘာ အဘိုးကြီးက ဝင်ရှင်းပြလိုက်သည်။ ထိုအခါကျမှ...

"ဩော်... ထိုင်ပါဆရာ"

ဇင်မင်းလတ်သည် ခုတင်ဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ဒေါ်ခင်မူ၏ အသံသည် အားနည်းနေကြောင်း သိသာစေသည်။ မျက်လုံးတွေကလည်း ညှိုးငယ်နေသည်။

"ဘာဖြစ်လို့လဲ"

ဇင်မင်းလတ်က မေးသည်။

"ဘာဖြစ်သွားမှန်း မသိဘူး ဆရာ၊ ထိုင်ရာက ထလိုက်တော့ ရုတ်တရက် မျက်လုံးတွေ ပြာပြီး မူးသွားလို့"

ဇင်မင်းလတ်က ခေါင်းညိတ်လိုက်၏။ ဒေါ်ခင်မူ၏ လက်ကို စမ်းကြည့်သည်။ အဖျားသွေးမရှိ။ နားကြပ်ကို ထုတ်ပြီး စမ်းကြည့်ပြန်သည်။

"အိပ်ပျက်သလား"ဟု မေးလိုက်သည်။

ဒေါ်ခင်မူက ခေါင်းညိတ်ပြသည်။ သွေးပေါင်ချိန် တိုင်းကြည့်သည်။

"ဘာမှ မဖြစ်ပါဘူး၊ အားလုံး ကောင်းပါတယ်၊ ဒါပေမဲ့ အားနည်းနေတယ်"

အကြောဆေးတစ်လုံး ထိုးပေးလိုက်သည်။ အိပ်ဆေးပေးသည်။ အသင့်ပါလာသော အားဆေးအနည်းငယ် ပေးသည်။ ဝယ်သောက်ဖို့ အားဆေးနှင့် စိတ်ငြိမ်ဆေးကို ရေးပေးလိုက်သည်။

"ကော်ဖီ သောက်ပါဦး ဆရာ"

ဇင်မင်းလတ် ကော်ဖီသောက်သည်။ နက်စ်ကော်ဖီ ဖြစ်လေသည်။ သူ ကော်ဖီသောက်ပြီးချိန်တွင် ဒေါ်ခင်မူ စကားပြောသည်။



www.burmeseclassic.com

"ဒေါက်တာ ဦးလှရီက ကျွန်မတို့ရဲ့ မိသားစုဆရာဝန်ပါ၊ ဆရာ့ကို ဦးလှရီက ဆေးခန်းကို လွှဲခဲ့တယ်ဆိုတော့ နောက် အကူအညီလိုရင် ဆရာ့ဆီပဲ လာရမှာပဲ"

"ရပါတယ် ခင်ဗျာ၊ ကျွန်တော့်ဆရာကလည်း မှာခဲ့ပါတယ်၊ လိုအပ်တာရှိရင် အကူအညီပေးဖို့"

"ကျေးဇူးပါပဲ ဆရာ"

"ဖြစ်နိုင်ရင်တော့ အိပ်ရေးပျက် မခံပါနဲ့၊ ဒီနေ့ကစပြီး အေးအေးဆေးဆေး အနားယူပါ၊ ကိုယ်ရော စိတ်ရောပေါ့၊ အကြောင်းရှိ ရင်လည်း ကျွန်တော့်ဆီ လာခဲ့ပါ၊ ညနေ ငါးနာရီကနေ ညကိုးနာရီထိ ဆေးခန်းမှာ ရှိပါတယ်"

"ဟုတ်ကဲ့"ဟုဆိုပြီး ထမင်းချက် မကြင်ပုအား မှန်တင်ခုံပေါ်မှ ပိုက်ဆံအိတ် ယူပေးဖို့ လှမ်းပြောသည်။

ဇင်မင်းလတ် နည်းနည်း ရင်ခုန်နေသည်။ ဒေါ်ခင်မူ၏ အလှအပကြောင့် မဟုတ်ဟု ထင်သည်။ သူသည် မိမိကုသနေရသော လူနာအပေါ် 'လူနာ'အဖြစ်မှတစ်ပါး အခြားသော စိတ်မျိုး မထား သင့်ဟုဆိုသော ဆရာဝန်တို့၏ ပဋိညာဉ်ကို နားလည်ပါသည်။ အိမ်သို့ ပင့်ခေါ်ခြင်းခံရသော ပထမဆုံး အတွေ့အကြုံကြောင့် လည်းကောင်း၊ သူလို ချာတိတ်ဆရာဝန်ကို ချမ်းသာကြွယ်ဝသော အမျိုးသမီးကြီးတစ်ဦးက မိသားစု ဆရာဝန်တစ်ဦးအဖြစ် ခန့်လိုက်ခြင်း ကြောင့် လည်းကောင်း စိတ်လှုပ်ရှားမိခြင်းသာ ဖြစ်တန်ရာသည်။

"ဘယ်လောက် ကျပါသလဲ ဆရာ"

ဇင်မင်းလတ်သည် ရုတ်တရက် အမေးခံလိုက်ရသဖြင့် ယောင်ပြီး "ဟာ... ကိစ္စမရှိပါဘူး"ဟု ပြောမိသည်။

"အို... မဟုတ်တာပဲ ဆရာရယ်"



www.burmeseclassic.com

ဟုဆိုပြီး ဒေါ်ခင်မူကဆယ်တန်ငါးရွက်ကို လက်နှစ်ဖက်ဖြင့် တလေးတစား ပေးသည်။ ဇင်မင်းလတ်က လှမ်းယူလိုက်ပြီးမှ…

"ဒီလောက် မလိုပါဘူး ခင်ဗျာ၊ အားလုံး သုံးဆယ်ပဲ ကျပါတယ်"

ပိုက်ဆံနှစ်ဆယ် ပြန်ပေးသည်။ ဘာကြောင့်မှန်းတော့ မသိ။ ဒေါ်ခင်မူသည် ရိုးသားဟန်တူပြီး နွမ်းပါးပုံရသော ဆရာဝန် ပိန်ပိန်ကလေးကို သနားသွားသလိုလို ဖြစ်မိသည်။ လူနာတစ်ယောက်သည် ဆရာဝန်တစ်ယောက်ကို ပြန်၍ သနားနေခြင်းသည် သိပ်တော့ သဘာဝမကျလှချေ။ တကယ်ဆိုလျှင် ဇင်မင်းလတ်ကသာ ဒေါ်ခင်မူကို သနားသင့်သည်။ ပိုက်ဆံမရှိခြင်းထက် အားကိုးစရာ မရှိခြင်းက ပို၍ သနားစရာ ကောင်းသည် မဟုတ်လား။

*



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဒေါ်ခင်မူသည် မိတ်ဆွေသုံးဦးကို ရရှိခဲ့လေသည်။ ဦးဘသိန်း၊ ဦးယုကြည်နှင့် ဇင်မင်းလတ်တို့ ဖြစ်၏။ တစ်ယောက်က ရုံးလောကမှ အရာရှိ၊ တစ်ယောက်က ရှေ့နေ၊ တစ်ယောက်က ဆရာဝန်။ သူတို့ သုံးဦးစလုံးသည် ဒေါ်ခင်မူကို ကူညီခဲ့ကြသူများ ဖြစ်သည်။

ဦးဘသိန်း၏ ကူညီမှုကြောင့် ရုံးကိစ္စ အဆင်ပြေသွားသည်။ ကိုယ်တိုင် မသွားမဖြစ်သော တစ်ခါနှစ်ခါလောက်သာ ဒေါ်ခင်မူ သွားလိုက်ရသည်။ ကျန်ကိစ္စများကို ဦးဘသိန်းက သူ့နည်း သူ့ဟန်ဖြင့် ဆောင်ရွက်လိုက်သည်။ ငွေရရှိပြီးသည်အထိ အဆင်တပြေ ဖြစ်သွား လေသည်။

ဦးယုကြည်သည် စာရင်းရှင်းစရာရှိသော ကိစ္စများအတွက် ဆောင်ရွက်ပေးသည်။ ဘဏ်စာရင်း၊ ကားပိုင်ရှင် အမည်၊ အိမ်ဂရန် စသည်တို့ကို ဒေါ်ခင်မူ့အမည်သို့ လွှဲပြောင်းရန် စီစဉ်သည်။

ဇင်မင်းလတ်သည် ဒေါ်ခင်မူ၏ မိသားစုဆရာဝန်အဖြစ် ကျန်းမာရေးကိစ္စကို တာဝန်ယူသည်။ အစားအသောက် နည်းပါး၊



www.burmeseclassic.com

အိပ်ရေးပျက်၊ စိတ်အားလျော့နေသဖြင့် အားနည်းနေသော ဒေါ်ခင်မူကို ပြန်လည်ပြုစု ပျိုးထောင်ပေးသည်။

ဤမှုလောက် ပြောလျှင်ပင် ထိုပုဂ္ဂိုလ်သုံးဦးသည် ဒေါ်ခင်မူနှင့် အတော်ရင်းနှီးနေပြီ ဖြစ်ကြောင်း သိသာပေပြီ။ ထိုသို့ ရင်းနှီးရာမှတစ်ဆင့် ဒေါ်ခင်မူ့အပေါ် သဘောထားတွေ ပြောင်းလဲလာကြခြင်း၊ တစ်နည်းအားဖြင့် ဦးကြာစိန်ဆုံးပြီး ခြောက်လခန့်ကြာသော အချိန်အခါသည် ဤဇာတ်လမ်း၏ အလယ် ဖြစ်ပေသည်။



www.burmeseclassic.com

## (၅)

စနေနေ့ ရုံးဆင်းချိန်တွင် ဦးဘသိန်း ရောက်ရှိလာသည်။ သူသည် ခုလိုပင် နှစ်ပတ်သုံးပတ် တစ်ခါလောက် ရောက်လာတတ်သည်။ အကြောင်းမဲ့သက်သက် လာခြင်းတော့ မဟုတ်။ ထို့အတူ ကိစ္စအထွေအထူးရှိ၍ လာခြင်းလည်း မဟုတ်။ အကြောင်းမရှိ အကြောင်းရှာပြီး လာခြင်းသာ ဖြစ်သည်။ ရုံးကို ဦးကြာစိန်၏ မိတ်ဆွေတစ်ယောက်လာကြောင်း၊ ဦးကြာစိန်ဆုံးသွားကြောင်း မသိ၍ လာခြင်းဖြစ်ကြောင်း၊ ထိုမိတ်ဆွေက စိတ်မကောင်းကြောင်း ပြောသွားသဖြင့် လာပြောခြင်းဖြစ်ကြောင်း စသော အကြောင်းပြချက်များဖြင့် "ကျွန်တော် ဖုန်းဆက်ပြီး ပြောဦးမလို့ပဲ၊ မရောက်တာလည်းကြာ၊ နောက်ပြီး ဒေါ်ခင်မူမှုများ ဘာအကူအညီလိုဦးမလဲလို့" ဟူသော စကားဖြင့်လည်း သက်သေထူတတ်သည်။ ဘာအကူအညီလိုသေးသလဲဟု သုံးနှုန်းလိုက်သော်လည်း သူ့မျက်နှာထားကတော့ ဘာခိုင်းစရာ ရှိသေးလဲဆိုသော ဟန်မျိုး ဖြစ်လေသည်။

ဒီနေ့တွင်လည်း…

"ဆရာဦးကြာစိန်ရဲ့ မှတ်စုစာအုပ်တစ်အုပ်ကို ရုံးစတိုခန်းထဲက



www.burmeseclassic.com

ဗီရိုတစ်လုံးမှာ သွားတွေ့လို့ လာပေးတာ”ဟူသော ဆင်ခြေဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ တကယ်တော့ စာအုပ်သည် ဘာမျှ အရေးပါခြင်း မရှိချေ။ ရုံးလုပ်ငန်းများ၊ ချိန်းဆိုထားသော အလုပ်ကိစ္စများကို အကြမ်းမှတ်ထားသော စာအုပ်သာ ဖြစ်သည်။

“ဒေါ်ခင်မူကသာ မမှတ်မိတာပါ၊ ဆရာရှိစဉ်တုန်း ဒီအိမ်ကို ကျွန်တော် သုံးလေးခေါက် ရောက်ဖူးပါတယ်”

ဦးဘသိန်းသည် စကားကြုံတိုင်း ထိုအကြောင်းကို ပြောလေ့ရှိသည်။ ခုလည်း တစ်ခါထပ်ပြောပြန်သည်။ ဒေါ်ခင်မူကလည်း ယခင်အခါတွေတုန်းကလိုပင် ပြန်ဖြေ၏။

“အဲဒီတုန်းက ကျွန်မကလည်း အိမ်မှုကိစ္စတွေနဲ့ ရှုပ်နေတော့၊ နောက်ပြီး အစ်ကိုကြီးနဲ့ ဦးဘသိန်းကလည်း အလုပ်ကိစ္စ တိုင်ပင်နေတာ ဝင်မရှုပ်ချင်တာနဲ့ပဲ”

“ဟုတ်တယ်ဗျာ၊ ဆရာကတော့ သိပ်အလုပ်လုပ်တယ်၊ ရုံးမှာ မပြတ်ရင် အိမ်အထိယူလုပ်တာ၊ အင်းလေ အလုပ်ပင်ပန်းလွန်းတဲ့ ဒဏ်လည်း ပါမှာပေါ့၊ တကယ်လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ ကျွန်တော်ကလည်း ဆရာ့တပည့်ရင်းဆိုတော့ ဆရာ့ခြေရာကို နင်းနိုင်ဖို့ ကြိုးစား နေရတာပါဗျာ... ဟဲ... ဟဲ...”

သူဘာကို ဆိုလိုသလဲ။ ဆရာ့ခြေရာကို နင်းမယ်ဆိုတာ ဦးကြာစိန်လိုပင် အလုပ်ကို ကြိုးစားမှာ ပြောတာလား။ ဒေါ်ခင်မူကို ချိတ်လိုက်တာလား။ သို့တည်းမဟုတ် သူ့ဆရာ ဦးကြာစိန်လိုပင် ဦးနှောက်သွေးကြောပြတ်ပြီး သေမှာကို ပြောတာလား။ ဒေါ်ခင်မူကတော့ အလုပ်အပေါ် သံယောဇဉ်ကြီးရှာသော သူ့အစ်ကိုကြီး ဦးကြာစိန်ကို ဖျတ်ခနဲ လွမ်းဆွတ် သတိရလိုက်မိလေသည်။

“ဆရာက အလုပ် သိပ်လုပ်တယ်၊ ဟိုဘက်ဌာနက ညွှန်မှူးက



www.burmeseclassic.com

သိပ်မကြိုးစားချင်ဘူး၊ ဌာနချင်းကလည်း အဆက်အသွယ် ရှိနေတော့ ဒီဘက်က ဆရာ အလုပ်လုပ်သလောက် ဟိုဘက်က လိုက်မလုပ်နိုင်ရင် သိက္ခာကျမယ် မဟုတ်လား၊ အဲဒီတော့ သူလည်း လုပ်ရတော့တာပေါ့၊ ဒါတောင်မှ ဆရာ့လောက် မလုပ်နိုင်တော့ သူ့ဘက်မှာ အလုပ်က တစ်ခါတစ်ခါ ပုံပုံသွားတယ်၊ အဲဒါကို သူက သိပ်မကျေနပ်ဘူး၊ ဆရာမရှိတော့တဲ့နောက် ဆရာ့နေရာ ညွှန်မှူးအသစ် မရောက်ခင် ဟိုဘက်ညွှန်မှူးက တွဲကိုင်ရတယ်၊ အဲဒီမှာ ဆရာ့တပည့်တွေဆိုရင် သူက နည်းနည်း နှိမ်ချင်တယ်၊ ဒေါ်ခင်မူ ရုံးကို လာတုန်းက ဝန်ထမ်းတွေက သိပ်လိုက်လိုက်လှဲလှဲ နှုတ်မဆက်ရဲကြတာ အဲဒါကြောင့်ဗျ၊ သူ့အငြိုအငြင်ခံရမှာ ကြောက်လို့၊ ဒါပေမဲ့ ကျွန်တော်ကတော့ မရဘူးဗျ၊ မှန်တဲ့ဘက်ကပဲ ရပ်မှာပဲ၊ ဘာပဲဖြစ်နေနေ ဟုတ်တယ်လေ၊ ကျွန်တော့်စိတ်က တစ်မျိုးဗျ မရဘူး၊ ဒါကြောင့်လည်း ဒေါ်ခင်မူကိစ္စတုန်းက ကျွန်တော် ဒိုင်ခံပြီး ဆောင်ရွက်ပေးခဲ့တာပေါ့”

“ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ခုတော့ အစ်ကိုကြီးနေရာမှာ ညွှန်မှူးအသစ် ရောက်ရောပေါ့”

“ရောက်ပြီဗျ၊ အဲဒီ ညွှန်မှူးကလည်း မဆိုးပါဘူး”

“ခုရောက်တဲ့ ညွှန်မှူးကရော ဟိုဘက်ညွှန်မှူးနဲ့”

ဒေါ်ခင်မူ၏ စကားမဆုံးခင် ဦးဘသိန်းက ဖြတ်၍...

“ဟား... သူတို့နှစ်ယောက်ကတော့ အဆင်ပြေတယ်ဗျ၊ တစ်ယောက်နဲ့ တစ်ယောက် ညှိပြီး လုပ်ကြတာကိုး”

ဦးဘသိန်းသည် သူ့စကားကို သူ့ဘာသာ သဘောကျပြီး ရယ်သည်။ ဒေါ်ခင်မူလည်း နည်းနည်း လိုက်ရယ်ရသည်။

ဦးဘသိန်းသည် ဦးကြာစိန်လက်အောက်က အရာရှိတစ်ဦး



www.burmeseclassic.com

ဖြစ်သည်။ ဦးကြာစိန်သည် သူ့ကို လက်ရုံးသဖွယ် အားကိုးသည်ဟု ဆိုသည်။ သူ့အသက်သည် ဒေါ်ခင်မူနှင့် မတိမ်းမယိမ်းလောက်ပင် ရှိမည်။ အိမ်ထောင် မရှိ။ လူပျိုကြီးဟု သူ့ပြောစကားအရ သိရ၏။ သူ့ကိုယ်ခန္ဓာသည် လူငယ်တစ်ယောက်လို ကျစ်ကျစ်လျစ်လျစ် တောင့်တောင့်တင်းတင်းတော့ မဟုတ်။ သို့ရာတွင် ပြည့်ပြည့်ဝဝ ရှိသည်။ အသားအရေ စိုပြည်သည်။ ရုပ်အဆင်းကလည်း တည်တည် ခန့်ခန့် မဟုတ်သော်လည်း ပြေပြေပြစ်ပြစ်ရှိ၏။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ အရောင်နုများကို ဝတ်လေ့ရှိသည်။ သူသည် အသက်လေးဆယ်နား ကပ်နေပြီဖြစ်သော်လည်း လူငယ်မျှသာ ဖြစ်သော ဇင်မင်းလတ်ထက်ပင် ပို၍ သားနားပြီး ကြည့်ပျော် ရှုပျော် ရှိလေသည်။

"ဒေါ်ခင်မူ ဘာမှ အားမနာနဲ့နော်၊ ကျွန်တော့်ကို အကူအညီ လိုရင် ပြောနော်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အရင်းအချာထဲကလို သဘောထားပေါ့၊ ဆရာမရှိတဲ့နောက် ဒေါ်ခင်မူနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ တာဝန်ရှိတယ်"

သူသည် အာဝဇ္ဇန်းလည်း အလွန်ရွှင်သူ ဖြစ်သည်။ အိမ်ကို လာလည်လျှင် သူကချည်း စကားတွေ ပြောတတ်သည်။ ဒေါ်ခင်မူသည် တစ်ခွန်းတလေ ဝင်ထောက်ပေးရုံကလွဲပြီး နားထောင်သမား သက်သက်။ ပြီးတော့ ဦးဘသိန်းသည် "ကျွန်တော့်မှာ တာဝန်ရှိတယ်" ဆိုသော စကားကို မကြာခဏ ပြောတတ်လေသည်။ ဘာတာဝန် ရှိတာလဲ။

*



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဒေါ်ခင်မူ၏ တိုယိုတာကရောင်း ကားကလေးသည် ပြည်လမ်း အတိုင်း မောင်းလာသည်။ ပြည်လမ်းသည် ကားအသွားအလာ ရှုပ်သည့်တိုင် လမ်းကျယ်သဖြင့် လွတ်လွတ်လပ်လပ် မောင်းနိုင်သည်။ အရှိန်ကို မြှင့်ချင် မြှင့်နိုင်သည်။ သို့ရာတွင် ဒေါ်ခင်မူ့ကားကတော့ ခပ်မှန်မှန်ပင် သွားနေသည်။ ဒေါ်ခင်မူသည် ကားမြန်မြန်မောင်းခြင်းကို မနှစ်သက်ကြောင်း ဒရိုင်ဘာ အဘိုးကြီးက သိပြီးသား။ အချို့ ကား ဟောင်းဟောင်းများပင် သူတို့ကားကို ကျော်တက်သွားကြသည်။

ဒေါ်ခင်မူသည် ကားကူရှင်နောက်မှီတွင် ကိုယ်လုံးကိုနှစ်၍ မှီထားသည်။ တချို့ လူများလို ကားစီးရခြင်း၏ အရသာကို ခံစား နေခြင်းတော့ မဟုတ်ချေ။ စိတ်ပင်ပန်းမှုဖြင့် တစ်ကိုယ်လုံး နွမ်းနယ်နေသောကြောင့် ဖြစ်သည်။

သူသည် ခုနပင် အစ်ကိုကြီး ဦးကြာစိန်ဆီ ရောက်ရှိခဲ့သည်။ ဦးကြာစိန် စစ်စစ်ကို တွေ့ရသည်တော့ မဟုတ်။ ဦးကြာစိန်၏ ကိုယ်စား အလွမ်းပြေ ကြည့်ခဲ့ရခြင်းသာ ဖြစ်သည်။

ကြာတောသုသာန်အတွင်းရှိ သူ့အစ်ကိုကြီး၏ အုတ်ဂူကလေး။



www.burmeseclassic.com

သူသည် ထိုနေရာသို့ တစ်လတစ်ခေါက် မှန်မှန်ရောက်ဖြစ်သည်။ ဦးကြာစိန်ဆုံးသော လဆန်း ခုနစ်ရက်နေ့တိုင်း ဖြစ်၏။ အုတ်ဂူအနီး ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းသည်။ မြက်ပေါင်းပင် တွေ နုတ်ပစ်သည်။ ဖဲကြိုးကလေးဖြင့် စည်းနှောင်ထားသော နှင်းဆီပန်းစည်းကို အုတ်ဂူပေါ် တင်သည်။ ပြီးတော့ သူ့အစ်ကိုကြီးအား ရည်းစူး၍ အုတ်ဂူကလေးကို ထိုင်ကန်တော့သည်။

ထိုနေရာမှ ပြန်လာပြီးတိုင်း သူ့မျက်နှာသည် ညှိုးနွမ်းနေလေ့ရှိသည်။ အလွမ်းရိပ်များကိုလည်း သူ့မျက်လုံးထဲမှာ မြင်နေရသည်။ ထိုအခါမျိုးတွင် သူသည် ခုလိုပင် ကားပေါ်မှာ ငြိမ်သက်စွာ လိုက်ပါလာရင်း မောပန်းနေတတ်၏။ ပြီးတော့ ရက်သတ္တတစ်ပတ်လောက်ကြာအောင် အိပ်မပျော်ဘဲ နေရပြန်သည်။ အစားအသောက်ပါ လျော့ပါးသွားပြီး အားနည်းလာရသည်။ အိပ်ရာပေါ်မှာ လှဲနေရပြန်၏။ ထိုအခါ ဇင်မင်းလတ်ကို သွားခေါ်ရလေသည်။

ကားသည် သူတို့လမ်းထိပ်က ဇင်မင်းလတ်ဆေးခန်းကို ဖြတ်ကျော်မိသောအခါ ဒေါ်ခင်မူ တစ်ချက်လှမ်းကြည့်မိသည်။ ဆေးခန်းဖွင့်ထားသည်။ သူသည် ဇင်မင်းလတ်ကို ဝင်တွေ့ချင်လာသည်။ ကားရပ်ခိုင်းပြီး ပြန်ကွေ့ဖို့ ပြောလိုက်သည်။

ဆေးခန်းရှေ့မှာ ကားရပ်ပြီးသောအခါ တော်တော်နှင့်မဆင်းဖြစ်။ ရက်ရွံ့နေသောကြောင့် မဟုတ်။ မောနေသောကြောင့်ဖြစ်သည်။ ကားတံခါးလက်ကို ဆွဲရန်နှင့် တွန်းဖွင့်ရန်ပင် အားမရှိသလိုဖြစ်သည်။ ကားပေါ်က ဆင်းပြီးတော့လည်း ကားကို မှီ၍ ခဏမျှရပ်နေရသေးသည်။

ဒရိုင်ဘာ အဘိုးကြီးက...

"မခင်မူ အိမ်ရောက်မှ ဦးလေး ဒေါက်တာကို လာခေါ်လိုက်



www.burmeseclassic.com

မယ်လေ”ဟု ပြောသည်။

သူ ခေါင်းခါလိုက်၏။

“ဦးလေး ဒေါက်တာကို ခုပြေးခေါ်လိုက်ရမလား”

“နေပါစေ ဦးလေး ရတယ်”

ဒေါ်ခင်မူသည် အားတင်းပြီး လျှောက်သည်။ အိမ်ပြန်ရောက်မှ ကားလွှတ်ပြီး ခေါ်ခိုင်းလျှင် ရပါလျက် သူဘာကြောင့် ခုလိုလာခဲ့မိမှန်း သူ့ကိုယ်သူ မသိ။ လောလောဆယ် ခြေလှမ်းမှန်အောင် ထိန်းသိမ်းဖို့သာ ပဓာန။

ဆေးခန်းထဲ ဝင်မိသောအခါ အပြင်ခန်းရှိ လူနာစောင့်သောခုံတန်းကလေးမှာ ထိုင်နေသော ဆေးခန်းအကူ ကောင်လေးသည် ပျာပျာသလဲ ထရပ်ပြီး ကြိုဆိုလိုက်၏။ ဒေါ်ခင်မူက ရှိသလားဆိုသောသဘောဖြင့် ခေါင်းဆတ်ပြီး မေးလိုက်သည်။ ကောင်လေးက အလျင်အမြန် ခေါင်းညိတ်ပြီး အထဲကို လက်ညှိုးထိုးပြသည်။ ဒေါ်ခင်မူသည် ဝင်ပေါက်၏ ဘောင်ကို လက်ဖြင့်ထိန်းကိုင်ပြီး ခန်းဆီးစကို ဆွဲဖယ်လိုက်သည်။

ဇင်မင်းလတ်သည် စားပွဲမှာထိုင်ရင်း တစ်စုံတစ်ခု ရေးနေသည်။ ဒေါ်ခင်မူ၏ လှုပ်ရှားမှုအရိပ်ကြောင့် ခေါင်းမော့ကြည့်သည်။ အံ့သြဟန်ဖြစ်သွားပြီး မတ်တတ်ထရပ်လိုက်သည်။ ဇင်မင်းလတ်ကို မြင်လိုက်ရသောအခါ တင်းထားသောစိတ်ကို လျှော့ချလိုက်သောကြောင့်လား မသိ၊ အမှန်တကယ်ပင် မဟန်နိုင်တော့သောကြောင့်လား မသိ။

ခန်းဆီးစကို ဆုပ်ကိုင်ထားသော လက်သည် ပြေပျော့သွားသည်။ ဘောင်ကို ကိုင်ထားသော လက်သည် ပတ္တာသဖွယ် ဖြစ်သွားသည်။ သူ့ကိုယ်သည် လည်ပြီး ရှေ့သို့ ယိမ်းထိုးသွားသည်။

ဇင်မင်းလတ်သည် ကုလားထိုင်ကို ခြေဖြင့် ခတ်လိုက်ပြီး



www.burmeseclassic.com

ဒေါ်ခင်မူ့ဆီ ပြေးသွားသည်။ ကုလားထိုင် လဲကျသွားသော်လည်း ဒေါ်ခင်မူ မလဲသေး။

အကြိမ်ကြိမ် ဓာတ်တိုက်ထားသော ပြဓာတ်ထဲက ပြကွက်တစ်ခုလိုပင် ဒေါ်ခင်မူသည် ဇင်မင်းလတ်၏ ရင်ခွင်ထဲသို့ အလိုက်သင့် အံဝင်ခွင်ကျမှီလျက်သား ကျသွားလေ၏။

*

ဒေါ်ခင်မူသည် ထူးဆန်းသော ခံစားမှုတစ်မျိုးကို ကြုံတွေ့နေရသည်။ ထိုခံစားမှုသည် ဇင်မင်းလတ်၏ ဆေးခန်းသို့ ရောက်ရှိခဲ့သည့် အချိန်မှ အစပြုကြောင်း ထင်ရှားလေသည်။

ဘယ်လိုဖြစ်ခဲ့လေသနည်း။ မှတ်မိသမျှ ပြန်စဉ်းစားသည်။ အားလုံးလိုလိုပင် မှတ်မိနေသည်ဟု ထင်၏။ ကြိုတောကအပြန် ဇင်မင်းလတ်ဆေးခန်းကို ဝင်သည်။ ဆေးခန်းထဲ ရောက်သောအခါ မူးလဲသည်။ ဇင်မင်းလတ်က သူ့ကို ဝင်ပွေ့သည်။ သူသည် လုံးဝ သတိလစ်သွားခြင်း မရှိခဲ့ပေ။ အားလုံး သိနေသည်။ ဇင်မင်းလတ်သည် ဆေးခန်းအကူ ကောင်လေးကို လှမ်းခေါ်သည်။ ကောင်လေး၏ အကူအညီဖြင့် သူ့ကို စမ်းသပ် ခုတင်ပေါ် ပွေ့တင်သည်။ ကောင်လေးကို ယပ်ခတ်ခိုင်းသံ ကြားရသည်။ ထို့နောက် ရှူဆေးနံ့ ရသည်။ ရေဆွတ်ထားသော အဝတ်စဖြင့် မျက်နှာကို သုတ်ပေးသည်။ သတိရလားဟု မေးသံကြားသည်။ သူခေါင်းညိတ်ပြသည်။ အသက်ဝအောင် ရှူဟု ပြောသည်။ ခဏအတွင်းမှာပင် အမူးပြေသွား၏။ မျက်စိကို ဖွင့်ကြည့်သောအခါ သူ့ကို ကြင်နာစွာ ကြည့်နေသော ဇင်မင်းလတ်ကို တွေ့ရလေသည်။ ထိုအခါတွင် သူသည် ပြန်လည်၍ မောပန်းလာပြန်၏။ သို့ရာတွင် ထိုအမောသည် ရောဂါဝေဒနာ ဖိစီးသဖြင့်



www.burmeseclassic.com

မောသော အမောမျိုး မဟုတ်ချေ။

အထက်အဆိုပါ အမောသည်ပင် ပထမဆုံး ကြုံတွေ့ဖူးသည့် ထူးဆန်းသော ခံစားမှု ဖြစ်သည်။ ထိုအရာသည် ဘာဖြစ်သနည်း။ သူမစဉ်းစားရဲ၊ မဆုံးဖြတ်ရဲသေးချေ။

*

ဇင်မင်းလတ်ကမူ ပြက်ပြက်ထင်ထင် မြင်လိုက်ရလေသည်။ ဒေါ်ခင်မူ သူ့ရင်ခွင်ထဲ မှီကျလာသောအခါ ရုတ်တရက် ထပြီး လည်ပတ်သော ရေစုတ်စက်တစ်လုံးလို သူ့နှလုံးသားသည် တဒုတ်ဒုတ် မောင်းခုတ်လာ၏။ သူသည် ခဏမျှ ဆရာဝန်စိတ် ပျောက်သွားရသည်။ ဒေါ်ခင်မူကို ဆယ်စက္ကန့်လောက်ကြာအောင် တွေတွေကြီး ငေးစိုက်ကြည့်နေမိခြင်း ဖြစ်သည်။ ဒေါ်ခင်မူ၏ လက်ချောင်းကလေးများသည် ဇင်မင်းလတ်၏ လက်ဖဝါးအောက်မှာ ရောက်နေသည်။ လက်ကလေး ဆတ်ကနဲ တုန်သွား၏။ ဒေါ်ခင်မူ၏ လက်များ အေးစက်နေကြောင်း သိရသည်။ ထိုအခါမှပင် ဇင်မင်းလတ် သတိပြန်လည်လာသည်။

ဆေးခန်း အကူကောင်လေးကို လှမ်းခေါ်ပြီး ဒေါ်ခင်မူကို စမ်းသပ်ခုတင်ပေါ် ပွေ့တင်သည်။ အလျှင်အမြန် ပြုစုကုသသည်။ သွေးပေါင်ချိန် တိုင်းသည်။ ဆေးထိုးသည်။ သူသည် လိုအပ်သည်ထက် ပို၍ စိုးရိမ်နေခဲ့၏။ ဆေးထိုးပြွန်၊ ဆေးပုလင်းများ ယူငင်ပြင်ဆင်ရာတွင် အယောင်ယောင် အမှားမှား မဖြစ်အောင် သတိထားရသည်။ အရင်က ဒီလို မဖြစ်ဖူးခဲ့။ အလုပ်သင်ဆရာဝန် ဘဝကပင် ခေါင်းအေးအေး တည်တည်ငြိမ်ငြိမ် အလုပ်လုပ်တတ်သူဟု နာမည်ရခဲ့ပါလျက် ခုကျမှ ဘယ်လို ဖြစ်ရသနည်း။ ဆေးရုံမှာ သေကောင်ပေါင်းလဲ လူနာတွေ



www.burmeseclassic.com

နှင့် ရင်ဆိုင်ဖူးပါသည်။ ခုဟာက သိပ်စိုးရိမ်ရသော အခြေအနေလည်း မဟုတ်ပါပဲ။

ဆေးရုံဆင်းတုန်းက အမျိုးသမီး လူနာအတော်များများကို တွေ့ခဲ့ရသည်။ ဗဟိုအမျိုးသမီး ဆေးရုံကြီးမှာ ကျတုန်းကဆိုလျှင် မမြင်ချင် မတွေ့ချင်လို့ပင် မရ။ သူ့ဘယ်လို စိတ်ထားမျိုးမှ ဖြစ်မလာခဲ့။ ခု ဆယ်စက္ကန့်လောက်သာ တွေ့ထိလိုက်ရတော့မှ ဘာဖြစ်ကုန်သတုံး။ ဒေါ်ခင်မူ၏ အဝတ်အစားများမှာလည်း လက်ရှည် ရင်စေ့ အင်္ကျီ၊ ခြေမျက်စိထိဖုံးသော ထဘီပိတ်စတွေကလည်း ထူထူထဲထဲ တွေချည်း။

မှန်သည်၊ ဇင်မင်းလတ်တွင် ဖြစ်ပေါ်သော စိတ်ထားသည် ဒေါ်ခင်မူအား မတော်မတရား ကြံစည်လိုခြင်း မဟုတ်။ ရိုးသားသန့်ရှင်းစွာ ဖြစ်ပေါ်လာသော မေတ္တာတရားသာ ဖြစ်သည်။

ထိုနေ့က ဒေါ်ခင်မူ ပြန်သွားပြီးနောက် ဇင်မင်းလတ်သည် ငိုင်တွေလျက် ကျန်ရစ်ခဲ့သည်။ သူ့မှာ အားနည်းသော ရောဂါမရှိပါဘဲလျက် အလိုလို မောပန်း၍ လာလေသည်။ ထိုအမောသည် ဆေးကု၍ မရကြောင်း သူသိသည်။ ဒေါ်ခင်မူကို ချစ်မိလေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com

# (၇)

ဇင်မင်းလတ်သည် ဆေးခန်းပိတ်ပြီးလျှင် ပေါက်ချလာလေမလားဟု သူမျှော်လင့်မိသည်။ ဆေးခန်းမှာ သူမူးလဲခဲ့သဖြင့် သက်သာ၊ မသက်သာ လာမေးလိမ့်မည်ဟု ထင်နေသည်။ ရောက်မလာခဲ့ချေ။ နောက်တစ်နေ့ လာမည်ဟု ထင်သော်လည်း မလာ။ ဇင်မင်းလတ်သည် ရက်အတန်ကြာအောင် ပျောက်ချက်သား ကောင်းနေမိ၏။

သူသည် ဇင်မင်းလတ်ကို တွေ့လည်း တွေ့ချင်သည်။ တွေ့ရမှာလည်း ရှက်သလို ဖြစ်နေသည်။ ဇင်မင်းလတ် ရောက်မလာသောကြောင့် ရင်ထဲက ဟာသလိုကြီးလည်း ဖြစ်နေရ၏။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဟု ဆက်ပြီး မတွေးမိအောင် ကြိုးစားနေရသည်။

တစ်နေ့ သူညေ့ခန်းမှာ ထိုင်နေတုန်း တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။ နှစ်ကြိမ် သုံးကြိမ်အထိ သူသွားမကိုင်ရဲသေးဘဲ ဖြစ်နေသည်။ တယ်လီဖုန်းကို ဇင်မင်းလတ်အမှတ်ဖြင့် ငေးစိုက်ကြည့်နေလေသလား မသိ။ ကြည့်ရင်းက စိတ်မလုံမလဲ ဖြစ်လာပြန်သည်။ စတုတ္ထအကြိမ် ခေါင်းလောင်းသံ မြည်ပြီးသောအခါ မီးဖိုချောင်ထဲမှ "လာပြီ၊ လာပြီ"သော အသံနှင့်အတူ ထမင်းချက်



www.burmeseclassic.com

မကြင်ပု၏ ယောက်ျား ပြေးထွက်လာသည်။ ထိုအခါကျမှ "နေပစေ အစ်မ ကိုင်လိုက်မယ်"ဟု ပြောပြီး တယ်လီဖုန်းကို သွားကိုင်သည်။

"ဟုတ်ကဲ့ ပြောပါရှင်"

"ဒေါ်ခင်မူလား ကျွန်တော် ဦးယုကြည်ပါ"

*

"ကိစ္စထူးများ ရှိသလား ဦးယုကြည်"

ဦးယုကြည်သည် တယ်လီဖုန်းဖြင့် အရင်အကြောင်းကြား ပြီးနောက် ဒေါ်ခင်မူအိမ်သို့ ရောက်လာသည်။ ဧည့်ခန်းမှာ ထိုင်ကြသော အခါ ဒေါ်ခင်မူက စ၍ မေးလိုက်သည်။ ဦးယုကြည်၏ မျက်နှာထား သည် ခါတိုင်းလိုပင် တည်တည်ငြိမ်ငြိမ် ဖြစ်သော်လည်း ဒေါ်ခင်မူ၏ မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်ဘဲ ဖြစ်သွားရသည်။

"အထွေအထူး မရှိပါဘူး မခင်မူ၊ မရောက်တာလဲကြာ၊ ပြီးတော့ မနေ့က မောင်ဇင်မင်းလတ်နဲ့ မြို့ထဲမှာတွေ့လို့ အဲဒါ မခင်မူ နေမကောင်းဘူးဆိုတာ သိရတာနဲ့"

"သြော်... ဟုတ်ကဲ့၊ ခုတော့ တော်တော်လေး သက်သာသွားပါ ပြီ"ဟု ပြောလိုက်သည်။ ဒေါ်ခင်မူစိတ်ထဲတွင် ဇင်မင်းလတ် ဘာကြောင့် မလာပါလိမ့်ဟု တွေးနေမိသည်။ ဦးယုကြည်ကမူ သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေ၏။ ဒေါ်ခင်မူက ကိစ္စထူးရှိသလားဟု မေးလိုက်သော မေးခွန်းသည် သာမန်သဘောမျှသာ ဖြစ်သည်။ သို့ရာတွင် သူ့အဖို့မူ တစ်ဘက်ရှေ့နေ၏ အငိုက်ဖမ်းပြီး မေးသော မေးခွန်းလို အဖြေရခက် သွားရသည်။ သူသည် သူများအိမ်သို့ အကြောင်းမရှိဘဲ အလည်အပတ် သွားတတ်သူ မဟုတ်။ ခုလည်း အကြောင်းမဲ့လာခြင်း မဟုတ်ချေ။ အကြောင်းကိစ္စ ရှိလို့ပဲဟုလည်း ပြောလို့မဖြစ်။ ထို့ကြောင့် မရေမရာ သော အကြောင်းများကိုပင် ပြောနေမိ၏။



www.burmeseclassic.com

"မခင်မူ မူးလဲလို့ဆို"

"ဟုတ်ကဲ့"

"ဘယ်လိုဖြစ်ရတာလဲဗျာ"

"မြို့ထဲကအပြန် ရုတ်တရက် ဖြစ်သွားတာပါ၊ အားနည်းလို့ပါ၊ သိပ် အရေးမကြီးပါဘူး"

"အေးဗျာ၊ မခင်မူ ကျန်းမာရေးလည်း ဂရုစိုက်ပါဦး"

ဒေါ်ခင်မူက ခေါင်းညိတ်ပြပြီး...

"သြော်... ဒါနဲ့ ဦးယုကြည် ဘာသောက်မလဲဟင်၊ အပူလား၊ အအေးလား"

"နေပါစေ မခင်မူ"

"မဟုတ်တာပဲ၊ ရာသီဥတုကအိုက်စပ်စပ်နဲ့မို့ ကျွန်မ အအေး တိုက်မလို့"

"မသောက်တော့ဘူး မခင်မူ၊ ရေအေးအေး တစ်ခွက်သာ ပေးပါ"

ဒေါ်ခင်မူက ရေခဲသေတ္တာထဲမှ ရေခဲရေပုလင်းနှင့် ဖန်ခွက် ထုတ်ပေးသည်။ ဦးယုကြည်က ရေခဲရေနှစ်ခွက် ဆင့်သောက်လိုက်၏။ ပြီးတော့...

"ကျွန်တော် အကြံတစ်ခု ပေးချင်တယ်ဗျာ"

"ပြောပါ ဦးယုကြည်"

"ကျွန်တော်ဟာ မခင်မူရဲ့ ရွေ့နေတစ်ယောက်သာ ဖြစ်တဲ့ အတွက် ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ဝင်ပြောခွင့် မရှိပါဘူး၊ ဒါပေမဲ့ မိတ်ဆွေကောင်း တစ်ယောက်အနေနဲ့ အကြံပြုတဲ့ သဘောပါပဲ"

ဒေါ်ခင်မူသည် ဦးယုကြည်ကို အကဲခတ်သလို ကြည့်သည်။



www.burmeseclassic.com

"ဒေါ်ခင်မူမှာ ဆွေမျိုးသားချင်းတွေများ မရှိဘူးလား"

"မရှိပါဘူး ဦးယုကြည်၊ အစကတည်းက အမေနဲ့ ကျွန်မ နှစ်ယောက်တည်း၊ အခု အမေလည်း မရှိတော့ဘူး"

"အဲဒါ ခက်တာပဲ၊ ဆွေမျိုးသားချင်းထဲက ရှိရင်လည်း တစ်ယောက်ယောက် ခေါ်ထားဖို့ ပြောချင်လို့ပါ၊ ခုလို မခင်မူ တစ်ယောက်တည်းဆိုတော့ အရေးအကြောင်းရှိရင် အခက်အခဲတွေ့မှာစိုးလို့"

ဦးကြာစိန်ဘက်က ဆွေမျိုးသားချင်းများကိုမူ ခေါ်၍ မဖြစ်ကြောင်း ဦးယုကြည် သိပြီးသား ဖြစ်သည်။ ဦးကြာစိန်သည် ဒေါ်ခင်မူကို လက်ထပ်ခဲ့ခြင်းအတွက် ဆွေမျိုး အသိုက်အဝန်းက မကျေမနပ် ဖြစ်ခဲ့ကြသည်။ အနီးစပ်ဆုံးဖြစ်သော နှမဝမ်းကွဲနှင့်ပင် အဆက်ဖြတ်ခဲ့ရသည်။ ဦးကြာစိန် ဆုံးပြီးခါစကတော့ ထိုနှမဝမ်းကွဲသည် ဦးကြာစိန်၏ အမွေကို ရသင့်ကြောင်း စကားစဖို့ ကြိုးစားသေးသည်။ ဦးယုကြည်က တရားဥပဒေအကြောင်းအရ ဒေါ်ခင်မူသာ အမွေဆက်ခံသင့်ကြောင်း မသိမသာ ရှင်းလင်းပြလိုက်သဖြင့် နောက်ပြန်ဆုတ်သွားခဲ့ခြင်း ဖြစ်သည်။

"ဘယ်တတ်နိုင်မလဲရှင်၊ ကျွန်မ ကုသိုလ်ကံကိုက လောကဓံတရားကို တစ်ယောက်တည်း ရင်ဆိုင်ဖို့ ဖန်တီးလာတာကိုး"

ဒေါ်ခင်မူက အားငယ်သံဖြင့် ပြောလိုက်ရာ ဦးယုကြည်က "ဒီလိုလည်း မဟုတ်သေးပါဘူးလေ"ဟု ခပ်လေးလေး ပြောလိုက်သည်။ ထို့နောက် ဘာစကားမှ မဆက်ဘဲ အတန်ကြာနေနေမိကြပြန်သည်။

ဦးယုကြည်သည် စကားဆက်ရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေမိသည်။ တကယ်ဆိုလျှင် သူသည် နာမည်ကြီး ရှေ့နေတစ်ယောက် ဖြစ်သည်။ တစ်ဖက်က တင်ပြသော သက်သေကို စေ့စေ့ကြည့်၍ မေးခွန်းများ ဒိုးခနဲ ဒေါက်ခနဲ ဆင့်ကာ ဆင့်ကာ မေးတတ်သည်။ တော်ရုံတန်ရုံ အကွက်ဆင်လာလို့ကတော့ သူ၏ ပြိုးပြက်သော



www.burmeseclassic.com

မေးခွန်းများအောက်တွင် ကစဥ့်ကလျားဖြစ်ပြီး သူသိချင်သမျှ တော်တော်များများ ပွင့်အန်ထွက်ပေါ်လာတတ်စမြဲ။ သို့ရာတွင် ဒေါ်ခင်မူသည် တရားခွင်ပေါ်က သက်သေတစ်ယောက် မဟုတ်။ ခုမေးရမည့် အကြောင်းအရာကလည်း ရှေ့နေတစ်ယောက်အဖြစ် အထက်စီးက မေးရမည် မဟုတ်။

သူသည် ရေခဲရေတစ်ခွက် ငှဲ့ပြန်သည်။ ရေခဲရေကို ‘ဝိုင်’သောက်သလို လျှာဖျားနှင့်တို့၍ ငုံရုံငုံရင်း အချိန်ဆွဲနေမိသည်။ ထို့နောက်မှ စိတ်ကိုတင်း၍ ပြောသည်။

“ဒီလိုပါ မခင်မူ၊ မခင်မူဟာ ခုလိုပဲ တစ်သက်လုံး နေသွားတော့မှာလား”

“ရှင်”

“မဟုတ်ဘူးလေ၊ မခင်မူအနေနဲ့ တစ်ယောက်တည်းပဲ ဆက်နေသွားလို့ မသင့်တော်ပါဘူး၊ တစ်ပင်လဲသွားပြီးတဲ့နောက်”

ဒေါ်ခင်မူသည် ဦးယုကြည်ကို ဖျတ်ခနဲ ကြည့်လိုက်၏။ သူ့မျက်နှာ တည်သွားသည်။ ဦးယုကြည် သူ့ကို မေးဖူးသည်။ ဦးကြာစိန် ဆုံးပါးခါနီး ဘာများ ပြောသွားသေးသလဲဟု။ ထိုစဥ်က “ကျွန်မ မပြောပါရစေနဲ့”ဟု သူပြောခဲ့သည်။

ဦးကြာစိန်သည် သေဆုံးခါနီး တစ်ချက်သာ သတိပြန်လည်လာခဲ့သည်။ စကားတစ်ခွန်းတည်း ပြောသွားနိုင်ခဲ့သည်။

“မူမူ အစ်ကိုကြီး မရှိတဲ့နောက် အိမ်ထောင်ပြုချင် ပြုပါ၊ အစ်ကိုကြီး ခွင့်လွှတ်ပါတယ်”ဟူ၍ ဖြစ်လေသည်။

ဒေါ်ခင်မူ သက်ပြင်းချလိုက်သည်။ တစ်ပြိုင်နက်တည်းတွင် ဦးယုကြည် ပြောသည်။

“မခင်မူအနေနဲ့ နောက်ထပ် အိမ်ထောင်ပြုဖို့ စိတ်ကူးတဲ့အခါ



www.burmeseclassic.com

ကျွန်တော် သိပါရစေ”

တစ်ခါက ဦးယုကြည်က “ခုအချိန်မှာ မခင်မူ စိတ်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာနာမိပါတယ်”ဟု ပြောခဲ့ဖူးသည်ကို ဒေါ်ခင်မူ သတိရပြန်သည်။ ဦးယုကြည်၏ ဇနီးသည်လည်း လွန်ခဲ့သော ငါးနှစ်ခန့်က သေဆုံးသွားခဲ့ရသည် မဟုတ်လား။

“ဒီလောက်ဆိုရင် မခင်မူ သဘောပေါက်လောက်ပြီ ထင်ပါတယ်၊ အင်းလေ မခင်မူ စဉ်းစားဦးပေါ့၊ တစ်ခုတော့ ပြောချင်တယ်ဗျာ။ ကျွန်တော် ခုလို ဖွင့်ပြောရတာဟာ မခင်မူရဲ့ ပိုင်ဆိုင်တဲ့ ဓနဉစ္စာနဲ့ ဘာမှ မဆိုင်ဘူးဆိုတာပါပဲ၊ အဲ...ပြီးတော့ မခင်မူရဲ့ အထီးကျန်ဆန်တဲ့ ဘဝကို ကယ်တင်ချင်တဲ့ စိတ်မျိုး သက်သက်လဲ မဟုတ်ပါဘူး၊ ကျွန်တော် ကိုယ်နှိုက်က မခင်မူအပေါ် မေတ္တာရှိနေလို့ပါပဲ”

*



www.burmeseclassic.com

ဤဇာတ်လမ်း၏ အဆုံးသတ်အပိုင်းသည် ဒေါ်ခင်မူအပေါ်တွင် မူတည်နေပေသည်။ အခြေအနေကား အရင်လို မဟုတ်ချေ။ ဦးယုကြည်၊ ဦးဘသိန်းနှင့် ဇင်မင်းလတ်တို့သည် ရှေ့နေ၊ အရာရှိ၊ ဆရာဝန်မျှသာ မဟုတ်တော့။ ဒေါ်ခင်မူ၏ ဘဝတွင်းသို့ အခြားသော ပုံစံဖြင့် ဝင်ရောက်ရန် ကြိုးစားနေကြလေပြီ။ သူတို့ စိတ်နေသဘောထားများသည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာ၏။ ဒေါ်ခင်မူအဖို့ အရေးအကြီးဆုံး အချိန်အခါပင် ဖြစ်သည်။ သူ၏ ဆုံးဖြတ်ချက်သည် သူ့ဘဝအတွက် သော့ချက်ဖြစ်သကဲ့သို့ ဤဇာတ်လမ်း၏ 'အသက်' လည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

ညှော့ခန်းရှိ ကုလားထိုင်တွင် ဇင်မင်းလတ် ဝင်ထိုင်ခဲ့သည်မှာ ငါးမိနစ်မျှရှိပြီ။ ဘာစကားမျှ မပြောဖြစ်သေး။ စကားစပြောဖို့ ခက်နေသည်။ ပြောပြီဆို ဒေါ်ခင်မူ့မျက်နှာကို ကြည့်ကာကြည့်ကာ ပြောမှ ဖြစ်မည် မဟုတ်လား။ သူမကြည့်ရဲချေ။ မျက်နှာကို တစ်ဖက်သို့ လွှဲပြီး ပြောရအောင်လည်း သူသည် ရုပ်ရှင်မင်းသား တစ်ယောက် မဟုတ်သဖြင့် ခက်နေရသည်။

ဒေါ်ခင်မူသည်လည်း ထို့အတူတူပင်။ ဇင်မင်းလတ် အမူအရာ ပြောင်းလဲနေကြောင်း သူရိပ်မိသည်။ ထိုသို့ ရိပ်မိသောကြောင့် သူ့ကိုယ်သူလည်း မလုံမလဲ ဖြစ်လေသည်။ ဇင်မင်းလတ်နှင့် မျက်လုံးချင်း ဆုံမိမည်ကို စိုးရိမ်နေသည်။ သို့ရာတွင် သူသည် အိမ်ရှင်ဖြစ်နေသောကြောင့် ညှော့ထောက်ခံ စကားကို စရပေတော့မည်။

“ဆရာ တစ်ခုခု သောက်ပါလား၊ ကော်ဖီဖြစ်ဖြစ်၊ အအေး ဖြစ်ဖြစ်ပေါ့”

ဇင်မင်းလတ်သည် ဒေါ်ခင်မူ့အသံကြောင့် ဆတ်ခနဲ လန့်မလို ပင် ဖြစ်သွားသည်။ ပြီးတော့မှ . . .



www.burmeseclassic.com

"မသောက်တော့ဘူး ခင်ဗျ၊ သောက်ရေပဲ တစ်ခွက်လောက်"

ဒေါ်ခင်မူသည် အရေးထဲမှာ ရယ်ချင်သွားမိသေးသည်။ ရယ်တော့ မရယ်ဖြစ်။ ဟိုတစ်လောက ဦးယုကြည်သည်လည်း ခုလိုပင် ရေတစ်ခွက်သောက်ပြီးနောက် သူ့ဆန္ဒများကို ဖွင့်ပြောသွားခဲ့ဖူးသည် မဟုတ်လား။ ဒေါ်ခင်မူသည် ရေခဲရေပုလင်းယူရန် ထထွက်သွားဖို့ ရွှနေမိပြန်သည်။ မိန်းမတို့ သဘာဝအတိုင်း ကိုယ့်စိတ်ထဲက နည်းနည်း ထူးခြားစွာ သတိပြုမိသူတို့ရှေ့တွင် လမ်းလျှောက်ပြရန် ရှက်နေသည့် သဘော။ ထို့ကြောင့်...

"မကြင်ပုရေ၊ ရေခဲရေတစ်ပုလင်းလောက် ယူပေးပါ မရှိမသေ"

အိမ်နောက်ဖေးဘက်သို့ လှမ်းအော်လိုက်သည်။

"မဟုတ်သေးဘူး အစ်မဒေါ်ခင်မူ၊ ကျွန်တော် ရိုးရိုးရေပဲ သောက်ချင်လို့ပါ"

ရိုးရိုးရေတစ်ခွက် ခပ်ခဲ့ဖို့ လှမ်းအော်ရပြန်သည်။ မကြင်ပုသည် ရေတစ်ဖန်ခွက်ကို လင်ပန်းပေါ်တင်ပြီး ခပ်သုတ်သုတ် ထွက်လာသည်။ သူကတော့ ဇင်မင်းလတ်အပေါ် ဘယ်လိုမှ သဘောမထားသောကြောင့် လမ်းလျှောက်ဖို့ ရှက်နေရန် မလိုအပ်ချေ။

ဇင်မင်းလတ် ရေသောက်နေစဉ်တွင် ဒေါ်ခင်မူသည် ခဏမျှ စိတ်လွတ်လပ်ခွင့် ရသွားသည်။ ထိုအခိုက်အတန့်တွင် ဇင်မင်းလတ်က သူ့ကို အစ်မဒေါ်ခင်မူဟု ခေါ်သည့်အကြောင်း တွေးလိုက်မိသည်။ ခေါ်ပုံက ရင်းနှီးမှုရော လေးစားမှုပါ ရောနေသည်။ နားထောင်ရသည်မှာ ခပ်ထောင့်ထောင့်ကြီးဟု ထင်မိ၏။ သူတို့နှစ်ယောက်သည် စိတ်ချင်းဆက်သွယ်နေသလား မသိ။ ထိုအချိန်တွင် ဇင်မင်းလတ်သည်လည်း ညက သူစိတ်ကူးယဉ်ခဲ့သည့်အကြောင်း သွားစဉ်းစားမိသည်။ ဒေါ်ခင်မူက သူ့ကို ဆရာဟု ခေါ်သည်။ ဒီလိုခေါ်ပုံကြီးက တစိမ်း



www.burmeseclassic.com

ဆန်သည်။ သူကလည်း ဒေါ်ခင်မူကို မမလို့ပင် ခေါ်လိုက်ချင်သည်။ စိတ်ကူးထဲမှာတုန်းက မမမူ၊ မမမူစသည်ဖြင့် ခေါ်ကြည့်တာ သိပ်အရသာရှိတာပဲ။ ဒေါ်ခင်မူကကော စိတ်ကူးထဲမှာ သူ့ကို မောင်လေးငယ်လို့များ ခေါ်နေပါသလား။

သူတို့နှစ်ယောက်သည် ဤသို့လျှင် အတွေးချင်း သွားတူနေသဖြင့် မျက်လုံးချင်းလည်း ဆုံမိကြသည်။ ထိုအခါ ဆေးခန်းထဲမှာ ဒေါ်ခင်မူ မူးလဲစဉ် ဇင်မင်းလတ်က လှမ်းပွေ့လိုက်ပုံကို နှစ်ယောက်စလုံး သတိရမိကြသည်။ ဒေါ်ခင်မူသည် ဟိုတုန်းကလိုပင် တလှပ်လှပ် မောလာသည်။ ဇင်မင်းလတ်သည်လည်း ဒေါ်ခင်မူ မူးလဲလျှင် ပြေးပွေ့ဖို့ အဆင်သင့် ဖြစ်နေသည်။

သို့ရာတွင် ဒေါ်ခင်မူ မလဲပါ။ ခုဟာက စိတ်ဓာတ်ကျဆင်းသွားပြီး သွေးအားနည်းလို့ မောတာမှ မဟုတ်ဘဲ။ တက်ကြွသော စိတ်ဖြင့် သွေးဆူလာလို့ မဟုတ်လား။

ထိုအချိန်တွင် လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ နှစ်ယောက်စလုံး ပြိုင်တူ လှည့်ကြည့်မိသည်။ သံတံခါး၏ အပြင်ဘက်မှာတော့ ခပ်ထွေထွေ မျက်နှာထားဖြင့် ရပ်နေသူ ဦးဘသိန်း။

ဒေါ်ခင်မူ တံခါးသွားဖွင့်ပေးသည်။ ဦးဘသိန်းသည် ခပ်ပြုံးပြုံး အမူအရာဖြင့် ဝင်လာ၏။

"ဘယ်ကများ လှည့်လာပါလိမ့်"ဟု ဒေါ်ခင်မူက မေးလိုက်ရာ ဦးဘသိန်းက "ဒီကိုတမင်လာခဲ့တာပါ၊ ကိစ္စလေးရှိလို့"ဟု ဇင်မင်းလတ်ပါကြားအောင် အသံကိုမြှင့်၍ ပြောလိုက်သည်။ သို့မှသာ ဇင်မင်းလတ်ကို လူ့ယဉ်ကျေးမှုအရ အလိုက်သိစွာ ရှောင်ထွက်ပေးရစေမည် မဟုတ်လား။



www.burmeseclassic.com

ဦးဘသိန်းသည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း ဇင်မင်းလတ်ကို လှမ်းနှုတ်ဆက်သည်။

"ဟော... ဆရာလည်း ရောက်နေတာကိုး"

"ဟုတ်ကဲ့ ခင်ဗျ"

"ဆရာလည်း ဆရာဝန်သာဆိုတယ် တော်တော် ပိန်တယ်နော်၊ လူနာတွေက ဆရာဝန်ကိုယ်တိုင် ဗိုက်တာမင်တွေ ချို့တဲ့နေတယ်လို့ ထင်သွားဦးမယ်၊ ဟဲ...ဟဲ"

ဇင်မင်းလတ်က ဘာမျှပြန်မပြောဘဲ ပြုံးနေလိုက်သည်။ ဦးဘသိန်း၏ လေသံမှာ ရိုးရိုးနောက်ပြောင်ပုံမျိုး မဟုတ်ဘဲ ငေါ့တော့တော့ ဖြစ်ကြောင်း သတိပြုမိသည်။ ဒေါ်ခင်မူကလည်း သိသည်။ တစ်ခါတုန်းကလည်း ဦးဘသိန်းသည် ဇင်မင်းလတ်နှင့် ပတ်သက်၍ ပြောဖူးသည်။

"ဆရာဝန်ကလေးက ငယ်လွန်းတယ်ဗျာ၊ သိပ် အတွေ့အကြုံ ရှိပုံမရသေးဘူး၊ သမားဆို အိုမှ၊ ရှေ့နေဆို ပျိုမှတဲ့ စကားပုံလည်း ရှိသားပဲဗျ"ဟု နောက်သလို ပြောင်သလို ပြောခဲ့ဖူးသည်။

ဦးဘသိန်းသည် တစ်ပြိုင်နက်တည်းတွင် ဇင်မင်းလတ်ကိုရော ဦးယုကြည်ကိုပါ တွယ်လိုက်ခြင်းဖြစ်ကြောင်း ဒေါ်ခင်မူ သိခဲ့သည်။

ဒေါ်ခင်မူ သူတို့နှစ်ယောက်ကြားတွင် အနေရခက်နေသည်။ ဇင်မင်းလတ်ကမူ စောစောက ဒေါ်ခင်မူနှင့် နှစ်ယောက်တည်းနေရစဉ် စိတ်ကျဉ်းကျပ်မှုထက်တော့ တော်သေးသည်ဟု ထင်မိသည်။ ဦးဘသိန်းကား ဒီနေ့အဖို့ ဇင်မင်းလတ်ကို အနိုင်ရမှဖြစ်မည်ဟု တွေးနေသည်။ ထို့ကြောင့် ဇင်မင်းလတ်ကို ထပ်ပြောလိုက်ပြန်သည်။

"ဒါနဲ့ဆရာ ကျွန်တော်လည်း လိုအပ်တဲ့အခါ ဆရာ့အကူအညီ ယူသင့်ယူရအောင် သိထားချင်ပါတယ်၊ ဆရာ့ကို အိမ်ပင့်ပြီး ကုတဲ့အခါ ခြေကြွခ ဘယ်လောက်များ ယူပါသလဲ"



www.burmeseclassic.com

ထိုမေးခွန်းကို မေးလိုက်ခြင်းသည် ဦးဘသိန်း၏ အမှားပင် ဖြစ်သည်။ သူသည် ဇင်မင်းလတ်ကို ဖမ်းနှိမ်လိုက်ခြင်းသာ ဖြစ်သော်လည်း ခုလောလောဆယ် ဒေါ်ခင်မူက ဇင်မင်းလတ်ကို အိမ်သို့ခေါ်ပြီး ကုသနေခြင်းအား ပုတ်ခတ်လိုက်သလို ဖြစ်သွားသည်။ ဒါကို သူ့ဘာသာသူမသိ။ ဟိုကောင်တော့ ခံသွားရပြီဟု ကျေနပ်သွားသည်။ ဒေါ်ခင်မူက ရိပ်မိလိုက်သည်။ မကျေနပ်သော အမူအရာတော့ မပြလိုက်။ ဇင်မင်းလတ်ကိုမူ အားနာစွာ လှမ်းကြည့်မိသည်။ သို့ရာတွင် ဇင်မင်းလတ်သည် ခပ်အေးအေးပင်။

"ကျွန်တော် ခြေမကြွတတ်ပါဘူး ခင်ဗျာ"ဟု ပြုံး၍ ပြောလိုက်လေသည်။

*

ဇင်မင်းလတ် နှုတ်ဆက်ပြီး ပြန်သွားသည်။ ဦးဘသိန်းနှင့် ဒေါ်ခင်မူ နှစ်ယောက်တည်း ကျန်ရစ်သည်။ ဤသို့ နှစ်ယောက်တည်း ဖြစ်နေခြင်းအတွက် ဒေါ်ခင်မူ အနေရမခက်ချေ။ အကြောင်းမှာ သူသည် ဦးဘသိန်းအပေါ် ဘယ်လိုမှ သဘောမထားသောကြောင့် ဖြစ်သည်။

ဦးဘသိန်းကတော့ ဒီနေ့ ဒေါ်ခင်မူကို ဖွင့်ပြောရန် လာခြင်း ဖြစ်သည်။ သို့ရာတွင် လူပျိုပေါက်ကလေးကဲ့သို့ အရမ်းစိတ်လှုပ်ရှားခြင်းမျိုးလည်း မဖြစ်။ အတွေ့အကြုံ မရှိသေးသော လူပျိုကြီးကဲ့သို့ ကတုန်ကယင်ကြီးမျိုးလည်း မဖြစ်။ မှန်သည်။ သူသည် အတွေ့အကြုံ များသော လူပျိုကြီးသာ ဖြစ်သည်။

"ဒေါ်ခင်မူကို ကျွန်တော် တစ်ခုပြောချင်တယ်"ဟု အစချီပြီး ဖွင့်ဟသည်။ လက်ထပ်ခွင့် တောင်းသည်။ ဒေါ်ခင်မူသည် ထိုစကားများ



www.burmeseclassic.com

အတွက် မအံ့ဩချေ။ တစ်နေ့သောအခါ အခုလိုပင် ပြောလာလိမ့်မည်ဟု သူတွက်ထားပြီးသား။ ထို့အပြင် ဦးဘသိန်းအတွက် အဖြေကိုပင် အသင့်စဉ်းစားထားပြီးသား ဖြစ်လေသည်။

"မူမူ့ကို ကိုယ်လက်ထပ်ချင်တယ်၊ မူမူနဲ့အတူ လက်တွဲပြီး ဘဝကို ရင်ဆိုင်ရုန်းကန်ချင်တယ်၊ တကယ်ပါ ကိုယ့်စကားကို ယုံပါ"

ဦးဘသိန်းသည် အခေါ်အဝေါ် အသုံးအနှုန်းတွေ ပြောင်း၍ ပြောသည်။ သူ့စကားတွေသည် ကက်ဆက်ခွေ ဇာတ်လမ်းထဲက စကားလုံးများကို ကလေးတွေ အလွတ်ကျက်ပြီး ပြန်ရွတ်သည့် လေယူလေသိမ်းမျိုး။ အသက်မပါချေ။ ဆွေးနေသော အမူအရာ၊ သိပ်မျှော်လင့်နေသော ဟန်ပန်တွေ လုပ်ပြသည်။ သို့ရာတွင် သူ့ပုံစံသည် သူဝတ်ထားသော အင်ဒိုနီးရှား ပါတိတ်အဆင်၊ ဟာဝေယံရှပ်လက်တို အင်္ကျီကဲ့သို့ပင် ကလက်တက်တက် ဖြစ်နေ၏။ ဒေါ်ခင်မူ ရယ်ချင်နေသည်။ မကောင်းတတ်လို့သာ မျက်လွှာချ၍ နေရသည်။

"ကိုယ်လေ မူမူ့ကို ပထမအကြိမ် မြင်ဖူးကတည်းက စွဲလမ်းခဲ့တာပါ"

"သြော်… ပထမအကြိမ် မြင်ဖူးကတည်းကဆိုတော့ ဦးကြာစိန် ရှိစဉ်ကတည်းကပေါ့၊ အစ်ကိုကြီးရဲ့ ဇနီးအဖြစ်နဲ့တုန်းကတည်းက ရင်က ပြစ်မှားနေခဲ့တာပေါ့ ဟုတ်လား"ဟု မေးလိုက်ချင်သော်လည်း မမေးဖြစ်။

"ကျွန်မ အချိန်ယူပြီး စဉ်းစားပါ့မယ်"ဟု ပြောလိုက်ရသည်။ မိန်းမဆိုသည်မှာ လုံးဝ ငြင်းဆန်ရန် ဆုံးဖြတ်ပြီးသည့်တိုင်အောင် ချက်ချင်း တုံ့ပြန်ပြောဆိုခွင့် မရှိဘူး မဟုတ်လား။

*



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဒေါ်ခင်မူသည် သူသုံးဦးတို့အကြောင်းကို စဉ်းစားကြည့်သည်။ ဤသို့ စဉ်းစားကြည့်ရခြင်းသည် သူ့ဘဝအတွက် ဆုံးဖြတ်ချက်တစ်ခုကို ချရန်ဖြစ်သည်။ ထိုသုံးဦးအကြောင်းဟု ဆိုရာမှာလည်း အမှန်စင်စစ် မိမိအကြောင်းသာ ဖြစ်သည်။ သူတို့သည် မိမိနှင့် ပတ်သက်နေသည် မဟုတ်လား။ သူတို့သုံးဦးအနက်မှ တစ်ဦးဦးသည် မိမိနှင့် ဆက်လက်ပတ်သက်ရဦးမည် မဟုတ်လား။

သူတို့သည် ဒေါ်ခင်မူအား လက်ထပ်ခွင့်ရရန် ကြိုးပမ်းနေကြသည်။ ဒေါ်ခင်မူအဖို့လည်း မိမိဘဝထဲတွင် ပါဝင်ပတ်သက်လာသော ထိုသုံးဦးအနက်မှ တစ်ဦးကို စဉ်းစားရွေးချယ်ရမည် ဖြစ်သည်။ ဤသို့ ရွေးချယ်ရာတွင် အခြေအနေအရ ဖြစ်သင့်ဖြစ်ထိုက်သည်ကို စဉ်းစားမည်လော။ မိမိ၏ ခံစားမှုကို ဦးစားပေးမည်လောဆိုသည်ကိုကား ဒေါ်ခင်မူ တစ်ယောက်သာ သိပေလိမ့်မည်။ သူ၏ တကယ့်စိတ်သဘောထားကို ကြည့်လျှင်…

ရုံးအရာရှိ ဦးဘသိန်း။ဒေါ်ခင်မူသည် အစကတည်းက ဦးဘသိန်းအပေါ် စိတ်ရှင်းရှင်းထားနိုင်ခဲ့သည်သာ။ ဦးဘသိန်း၏ စရိုက်မျိုးကို သိပ်မကြိုက်လှ။ လူရေလည်သည်မှာ မှန်သည်။ သို့ရာတွင် ရိုးရိုး



www.burmeseclassic.com

တန်းတန်း လိမ်မာပါးနပ်ခြင်းမျိုး မဟုတ်ဘဲ နည်းနည်း လူလည်ကျချင်သည်။ ပြီးတော့ သူနှင့် ပြိုင်ဘက်ဟု ထင်သူများအပေါ် ပုတ်ခတ်ပြောချင်သည်။ သူ ဒေါ်ခင်မူကို ချဉ်းကပ်လာပုံသည်လည်း မရိုးသားဟု ထင်သည်။ သူ့မှာသာ အထက်ပါ ချွတ်ယွင်းချက်များ မရှိလျှင် သက်တူရွယ်တူ ဖြစ်သောကြောင့် ဒေါ်ခင်မူနှင့် လိုက်ဖက်သည်ဟု ဆိုရမည်။ ခုတော့ သူ့ကို စဉ်းစားဖို့ မဖြစ်နိုင်။

ရှေ့နေကြီး ဦးယုကြည်သည် လူတော် လူကောင်းတစ်ယောက် ဖြစ်သည်။ ဒေါ်ခင်မူ့အပေါ် ရိုးရိုးသားသား မေတ္တာရှိခြင်းသာ ဖြစ်သည်။ သို့ရာတွင် သူ့ကို ဒေါ်ခင်မူ ချစ်၍မရချေ။ ဦးယုကြည်အပေါ် ခင်ပွန်းတစ်ယောက်အဖြစ်ထက် အစ်ကိုကြီး တစ်ယောက်လို အားကိုးချင်သော စိတ်မျိုးသာ ထားလို့ရသည်။ ပြီးတော့ သူသည် အသက်လည်း ကြီးလေပြီ။ ဒေါ်ခင်မူအဖို့ လူ့သဘာဝအတိုင်း အသက်ကြီးသူ တစ်ယောက်နှင့် အိမ်ထောင်ကျခဲ့ပြီး နောက်ထပ် အသက်ကြီးသူ တစ်ယောက်ကို ထပ်မံရွေးချယ်လိုစိတ် မရှိပေ။

ထို့ကြောင့်...

ဒေါ်ခင်မူသည် ဆရာဝန် ဇင်မင်းလတ်အပေါ် ပို၍ စိတ်ညွတ်နေကြောင်း သိသာလေသည်။ ဇင်မင်းလတ်သည် အသက်ကတော့ တော်တော်ငယ်သည်။ ထိုသို့ အသက်ငယ်နေခြင်းသည်ပင် ဒေါ်ခင်မူ သူ့ကို စိတ်ညွတ်စေသော အချက် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်...

ဒေါ်ခင်မူသည် အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်တွင် ဦးကြာစိန်နှင့် အိမ်ထောင်ကျသည်။ ကိုးတန်းလောက်သာ ပညာတတ်ပြီး မုဆိုးမကြီး၏ သမီးဖြစ်သူ ဒေါ်ခင်မူကို ဦးကြာစိန်က လက်ထပ်ချင်သည်ဟု ဆိုလာသောအခါ မိခင်ဖြစ်သူက သဘောတူမိလေသည်။



www.burmeseclassic.com

ထိုအချိန်က ဒေါ်ခင်မူသည် အချစ်အကြောင်းကို မစဉ်းမိဖူးသေးချေ။ အချစ်နှင့်ပတ်သက်၍ အတွေ့အကြုံလည်း မရှိ၊ ဘာမျှလည်း မခံစားတတ်သေး။

မိခင်ကြီး စိတ်ချမ်းသာစေလိုသော စိတ်သာ ရှိသည်။ ထို့ကြောင့် ဦးကြာစိန်ကို လက်ထပ်ရန် လက်ခံလိုက်သည်။ ဦးကြာစိန်သည် သူ့အပေါ် တကယ် မြတ်နိုးရှာသည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင်ထားသည်။ ထို့ကြောင့် သူကလည်း ဦးကြာစိန်အား အစ်ကိုကြီးတစ်ယောက်လို၊ ကျေးဇူးရှင်တစ်ယောက်လို အားကိုးတွယ်တာမိခဲ့လေ၏။

ခုတော့ သူ့မှာ အားကိုးစရာလည်း မရှိတော့။ တွယ်တာစရာလည်း မရှိတော့။ ထိုအချိန်တွင် ဇင်မင်းလတ်ကို တွေ့ရသည်။ တကယ်ဆိုလျှင် သူသည် အချစ်ဆိုသောအရာကို ခုမှ ကြုံတွေ့ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရင်ခုန်ခြင်း၊ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ကြည်နူးခြင်းတို့ တစ်ပြိုင်နက် ပါဝင်သော အချစ်ကို ခုမှ ခံစားရဖူးခြင်းဖြစ်သည်။ ထို့ကြောင့် သူ့အသက်သည် သုံးဆယ့်ခြောက်နှစ်ရှိပြီဖြစ်သော်လည်း သူ့အချစ်သည် နှစ်ဆယ့်နှစ်နှစ်အရွယ်သာ ဖြစ်သည်။ ထိုအခါ ဇင်မင်းလတ်သည် သူနှင့် အချစ်ချင်း အရွယ်မျှသူတစ်ယောက်ဖြစ်လာခဲ့သည်။

ဇင်မင်းလတ်ကို တွေ့လိုက်ရတိုင်း သူ့မှာ ရင်ခုန်ရသည်။ ဇင်မင်းလတ်ဆိုသော ဆရာဝန် ကောင်လေးသည် သူ့အား မောပန်းခြင်းဝေဒနာကို ပျောက်ကင်းအောင် ကုသပေးပြီး တစ်ပြိုင်နက်တည်းမှာပင် အခြားသော မောပန်းခြင်းတစ်မျိုးကို ဖြစ်ပေါ်စေသည်။

နေ့လယ်က အဖြစ်အပျက်ကိုပဲ ကြည့်။ ဇင်မင်းလတ်



www.burmeseclassic.com

ဆေးခန်းက အကူကောင်လေး သူ့အိမ်ကို ရောက်လာသည်။ "ဆရာက ပေးခိုင်းလိုက်လို့"ဆိုပြီး အထုပ်ကလေးတစ်ထုပ် လာပေးသည်။ ဖွင့်ကြည့်သောအခါ မှတ်စုစာအုပ်ငယ်လေးတစ်အုပ် တွေ့ရသည်။ စာအုပ်ထဲမှာ ဇင်မင်းလတ် စာရေးထားသည်။ ထိုစာသည် ဒေါ်ခင်မူအား မကြုံဖူးအောင် ရင်ခုန်စေခဲ့သည်။

**မမ**

*ကျွန်တော် ပါးစပ်နဲ့ မပြောရဲလို့ ဒီစာကို ရေးလိုက်တာပါ။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် လာမပေးရဲလို့ တစ်ဆင့် ပေးခိုင်းလိုက်ရတာပါ။ ဒီစာကို ရေးမိတဲ့အတွက် ခွင့်လွှတ်ပါလို့ ကြိုတင်ပြီး တောင်းပန်ချင်ပါတယ်။*

*ခုအချိန်မှာ ထွေထွေထူးထူး ချဲ့ထွင်ပြီး ပြောဖို့မလိုအပ်တဲ့ အတွက် လိုရင်းကိုပဲ ပြောပါ့မယ်။*

*မမကို ကျွန်တော် လက်ထပ်ပါရစေ။ ဘာဖြစ်လို့ လက်ထပ်ချင် တာလဲဆိုတော့ ချစ်လို့ပါ။ တခြား အကြောင်းမရှိပါဘူး။*

*တစ်ခုတော့ ပြောပါရစေ မမ။*

*ကျွန်တော်ဟာ ဆင်းရဲပါတယ်။ ကျွန်တော့်မှာ မိဘမရှိပါဘူး။ ကျွန်တော် ဆေးတက္ကသိုလ် တက်နိုင်တာကလည်း အစိုးရက ထောက်ပံ့တဲ့ ပညာရည်ချွန်ဆုရယ်၊ ကျွန်တော်တို့ မြို့နယ် အထက်တန်း ကျောင်းက ထောက်ပံ့တဲ့ ငွေရယ်ကြောင့်ပါ။ ကျွန်တော်ဟာ တက္ကသိုလ် မှာ ချို့ချို့တဲ့တဲ့ ကြိုးစား ပညာရှာခဲ့ရပါတယ်။ အချစ်ဆိုတာကို စိတ်တောင် မကူးရဲပါဘူး။*

*ခု မမကို တွေ့ရပြီး ရင်းနှီးခဲ့ရတော့မှပဲ ကျွန်တော့်ဘဝအတွက် ပထမဆုံး ချစ်သူကို တွေ့ခဲ့ရပါတော့တယ်။ ကျွန်တော်ဟာ မမကို ချစ်မိခဲ့ပေမဲ့ အခြေအနေချင်း ကွာခြားလို့ မျိုသိပ်ကြိတ်မှိတ်*



www.burmeseclassic.com

နေခဲ့ရပါတယ်။ ခုတော့ မနေနိုင်တော့လို့ ဖွင့်ဟမိတာပါ။

ကျွန်တော်ဟာ ဆင်းရဲတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် မမကို လက်ထပ်ခွင့်ရရင် ချမ်းသာမှာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခုလို ခွင့်ပန်နေတာ မဟုတ်ဘူးဆိုတာတော့ ယုံစေချင်ပါတယ်။

တစ်ခုတော့ ရှိတယ် မမ။

ကျွန်တော်ဟာ မမကို လက်ထပ်ခွင့် မရဘူးဆိုရင်တော့ ဆင်းရဲမှာ သေချာပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော် စိတ်ဆင်းရဲရမှာပါ။

*



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ဒေါ်ခင်မူသည် ငှက်ကလေးများထက် အနည်းငယ် နောက်ကျပြီး အိပ်ရာမှ နိုးခဲ့သည်။ သူ မျက်စိဖွင့်ကြည့်သောအခါ အိပ်ခန်းအပြင်က သစ်ကိုင်းပေါ်မှာ နားနေသော စာကလေးတစ်ကောင်ကို မှန်ပြတင်းမှ တစ်ဆင့် မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ညက အိပ်ရာဝင်နောက်ကျခဲ့သော်လည်း နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သောကြောင့် ခုမနက်တွင် လန်းလန်းဆန်းဆန်း ရှိနေသည်။ အကြောင်းမှာ ဒီမနက်သူ့အိမ်သို့ ဇင်မင်းလတ် လာမည်ဖြစ်သောကြောင့်ပင်။ ဇင်မင်းလတ်စာထဲတွင် တနင်္ဂနွေနံနက် ရှစ်နာရီလောက် သူလာခဲ့ပါမည်ဟု ရေးထားသည်။

ဒေါ်ခင်မူသည် အိပ်ရာမှ ထလိုက်သည်။ အမှန်ဆိုလျှင် ခုလိုအချိန်မျိုး၌ အိပ်ရာထဲမှာ ကွေးပြီး ဇိမ်နှင့် နှပ်နေဖို့ ကောင်းသည်။ သို့ရာတွင် သူသည် အိပ်ရာမှ နိုးပြီးလျှင် ကြာကြာ လှဲမနေတတ်သော အကျင့်ကို ငယ်ငယ်ကတည်းက ရရှိထားခဲ့သည်။

အိပ်ရာထဲမှာ လှဲမနေချင်သော်လည်း ခါတိုင်း နေ့များလို အောက်ထပ်ကို ချက်ချင်း မဆင်းချင်သေးဘဲ ဖြစ်နေသည်။ သူသည်



www.burmeseclassic.com

ပြတင်းပေါက်နားမှာ သွားရပ်၍ အပြင်ကို ကြည့်နေမိသည်။

ညက မိုးရွာခဲ့၏။ ခုမနက်ကျတော့လည်း ကောင်းကင်သည် ကြည်လင်၍ နေပြန်သည်။ ကွက်တိကွက်ကျားမျှသာ ကျန်ရစ်သော ည၏ နောက်ဆုံး အမှောင်ရိပ် အပိုင်းအစများသည် ရုတ်တရက် လွင့်ပြယ်သွားသည်။ ခဏချင်းမှာပင် ကြည်လင်သော အလင်းရောင်သည် မြေပြင်တစ်ခုလုံးမှာ နေရာအပြည့် ယူလိုက်သည်။ ထိုအခါ မိုးရေစွတ်စိုနေသော သစ်ရွက်ကလေးများ၏ အရောင်သည် ဝင်းခနဲ၊ လက်ခနဲ တောက်ပလာသည်။ စံပယ်ရုံနားမှာတော့ သစ်ခေါင်းထဲက တစ်ကောင်တည်း စွန့်စွန့်စားစား ပျံထွက်လာဟန်တူသော လိပ်ပြာကလေးသည် ဝေ့ကာဝဲကာ ဒေါ်ခင်မူ၏ နားထဲတွင် ဇင်မင်းလတ်၏ တောင်ပံခတ်သံကို ကြားယောင်လာသလို ထင်ရသည်။

သူနှင့် သဘာဝ၏ အဆွေအသက်ကြားတွင် ကာဆီးထားသော မှန်ပြတင်းကို တွန်းဖွင့်လိုက်သည်။ အေးမြလတ်ဆတ်သော လေပြည်သည် သူ့မျက်နှာကိုလာ၍ ထိတွေ့နှုတ်ဆက်လိုက်သည်။ သူ့စိတ်များသည် ရုတ်တရက် တက်ကြွလှုပ်ရှားသွား၏။ အပျိုပေါက်ကလေး တစ်ယောက်လို ‘ခစ်ကနဲ’ရယ်လိုက်ချင်စိတ်ပင် ပေါက်သွားသည်။ ခုန်ပေါက်ပြေးလွှားလိုသော ဆန္ဒကို ချိုးနှိမ်ပြီး အောက်ထပ်သို့ မြူးကြွသော ခြေလှမ်းများဖြင့် ဆင်းလာခဲ့သည်။

မျက်နှာသစ်ရင်း ရေချိုးချင်စိတ် ဖြစ်လာသဖြင့် တစ်ခါတည်း ချိုးလိုက်သည်။ အသားထဲသို့ စိမ့်ဝင်သွားလောက်အောင် ရေကို စိမ်ချိုးလိုက်သည်။ သူသည် ရေချိုးရင်း သီချင်းဆိုချင်လာပြန်သည်။ မဆိုဘဲနေတာ ကြာပြီဖြစ်သောကြောင့် ပါးစပ်က မရဲချေ။ ထို့ကြောင့် စိတ်ထဲကပင် “တင်တင်မူ၏ ရွှေလည်တိုင်”သီချင်းကို ညည်းနေရသည်။ ထဘီရင်ရှားဖြင့် တဘက်ကလေးခြုံပြီး ရေချိုးခန်းထဲက



www.burmeseclassic.com

ထွက်လိုက်သည်။ အပေါ်ထပ်သို့ ခပ်သွက်သွက် တက်လာခဲ့သည်။

အိပ်ခန်းထဲသို့ ဝင်သည်။ တံခါးကိုတော့ ပိတ်မထားလိုက်၊ ပိတ်ဖို့လည်း မလိုအပ်ချေ။ သူက လှမ်းမခေါ်ဘဲ သူ့အခန်းထဲကို ဘယ်သူမျှ ဝင်လာမည် မဟုတ်။ ထိုအခိုက်အတန့်တွင် ဇင်မင်းလတ် သူ့အိမ်သို့ ပထမအကြိမ်ရောက်လာပုံကို သွားသတိရသည်။ ထိုစဉ်က အိပ်ရာပေါ်မှာ လှဲနေရင်း ပိန်ပိန်သွယ်သွယ် ဆရာဝန်ငယ်ငယ်လေးကို လူနာဖြစ်သူ သူက ပြန်၍ သနားနေမိသည်ကို ပြန်စဉ်းစားမိသည်။

သူသည် အိပ်ရာဆီသို့ တစ်ချက်လှမ်းကြည့်ပြီး ပြုံးလိုက်မိသည်။ ထိုအချိန်တွင် သူ့ဘေးဘက်ဆီမှ လူရိပ်မြင်သောကြောင့် ဆတ်ခနဲ တုန်ပြီး လှည့်ကြည့်သည်။ မှန်ထဲက သူ့အရိပ် ဖြစ်နေလေသည်။

မှန်တင်ခုံရှေ့မှာ သွားထိုင်လိုက်သည်။ ဘာမှ ခြယ်သခြင်း မပြုရသေးသော သူ့မျက်နှာကို မှန်ထဲမှာ မြင်ရသည်။ သူ့အသားအရေသည် ကောင်းမွန်တုန်း၊ သူ့မျက်လုံးများသည် ရွှန်းလဲ့တုန်း၊ သူ့နှုတ်ခမ်းသည် ပြည့်တင်းတုန်း။ သြော်...ဒါကြောင့်လည်း သူတို့က...

မိတ်ကပ်ပါးပါး လိမ်းသည်။ မက်စ်ဖက်တာပန်ခရိုဖြင့် ထပ်ဖို့သည်။ မျက်ခုံးမွေးကို သွားပွတ်တံကလေးဖြင့် ပွတ်ထုတ်လိုက်ရာ မည်းခနဲ ထင်းလာ၏။ သူသည် မျက်ခုံးကောင်းသူ ဖြစ်သောကြောင့် ခဲတံကူစရာ မလို။ နှုတ်ခမ်း နီရဲရဲကို ပိန်းနေအောင် ဆိုးပစ်လိုက်သည်။ ထိုအခါ မှန်ထဲတွင် သူ၏ ပင်ကိုရုပ်နှင့် သိပ်မတူသော မျက်နှာတစ်ခု ပေါ်လာ၏။ ထိုမျက်နှာသည် အိမ်နေရင်းပုံစံနှင့် သိပ်မလိုက်။ တမင် ပြင်ဆင်ထားမှန်း သိသာသည်။ နှုတ်ခမ်းနီတွေ ပြန်ဖျက်ပစ်လိုက်သည်။ ခပ်ရေးရေးသာ ကျန်၏။ ထိုအခါ သိပ်မသိသာတော့ချေ။

ချုပ်ပြီးကတည်းက တစ်ခါမျှ မဝတ်ဖြစ်သေးသော ဖော့ရှန် ဘလောက်အင်္ကျီ လက်ပြတ်ကလေးကို ဝတ်သည်။ လွှင်ပြီး တောက်ပ



www.burmeseclassic.com

သော လိမ္မော်ရောင်။ ချုပ်ပြီးကာမှ လက်ပြတ်လည်းဖြစ်၊ အသားက လည်း ပါးလွန်းသောကြောင့် မဝတ်ဖြစ်ခဲ့။ နောက်ပြီး လည်ပင်း နည်းနည်း ဟိုက်နေသည်ကိုလည်း မကြိုက်။ ဝတ်ကြည့်ရာ သူနှင့် တော်တော် ကြည့်ကောင်းနေ၏။ ထဘီကိုတော့ သူကြိုက်သည့် ခပ်ပျော့ပျော့ အသားဖြစ်သော ဖဲသားထဘီကို ဝတ်လိုက်သည်။ ထို့နောက် ထဘီကို နည်းနည်းစန့်စန့်ရန့်ရန့် ဖြစ်သွားအောင် ပြုပြင် လိုက်ပြီး ဘေးတစောင်း အနေအထားရပ်၍ မှန်ထဲမှာ ကြည့်လိုက်သည်။ သူ့ကိုယ်သူ ကျေနပ်သွားသည်။ တော်တော် လှတာပါကလား။

ဘယ်ပြတင်းပေါက်ကမှန်း မသိ သုတ်ခနဲ ဝင်လာသော လေပြည်တစ်ချက်ကြောင့် ကျောထဲက စိမ့်ခနဲဖြစ်သွားသည်။ ဤသို့ ကြက်သီး ထသွားရသည်ကိုပင် ပျော်စရာဟု သူထင်လိုက်လေ၏။

*

ဇင်မင်းလတ်သည် တယ်လီဖုန်းကို ငေးကြည့်နေသည်။ သူသည် တစ်ညလုံး မအိပ်ရသေး။ ညက တစ်မေးမှ မပျော်အောင် အတွေးတွေ ချာချာလည်နေခဲ့သည်။

သူသည် ဒေါ်ခင်မူ့ကို စာအားဖြင့် ဖွင့်ဟတောင်းဆိုပြီးကာမှ မှားများသွားပြီလားဟု စိုးရိမ်နေမိပြန်သည်။ သူနှင့် ဒေါ်ခင်မူသည် အသက်ချင်းလည်း ကွာသည်။ အခြေအနေချင်းလည်း မမျှ။ သူက ဆရာဝန်ဆိုသော်လည်း ဆင်းရဲသည်။ ဒေါ်ခင်မူက အဆပေါင်းများစွာ ပို၍ ချမ်းသာပေသည်။ ပြီးတော့ သူ့ကို ပညာသင်ရန် ထောက်ပံ့ခဲ့သော မြို့နယ်ကလေးသည် ဆရာဝန် ရှားပါးသည်။ ထိုမြို့ကလေးသို့ပြန်၍ ကျေးရွာရှင်များကို သွားရောက် ဆေးကုသပေးခွင့် ရပါတော့မလား။ ဒေါ်ခင်မူသည် သူ့ကို ဘယ်မှ သွားခွင့်ပေးမည် မဟုတ်။ သူသည် ဒေါ်ခင်မူ၏ တိုက်ကြီးပေါ်တွင် အခန့်သား တက်နေရမည်ကို



www.burmeseclassic.com

ကြောက်လာပြန်၏။

သို့ရာတွင် ဒေါ်ခင်မူ၏ မျက်နှာကလေးကို မြင်လာမိသည်။ ဆေးခန်းထဲတွင် ပွေ့ပိုက်ထားရသော အတွေ့အထိ။ မူးမေ့နေရာမှ သတိရလာပြီး သူ့ကို ကြည့်လိုက်သော မျက်လုံးများ။ ထိုမျက်လုံးများကို မေ့၍ မရ။ ခုပင် ရှေ့တည့်တည့်က လာကြည့်နေသလို ထင်ရသည်။ နောက်တစ်ကြိမ် ထပ်တွေ့ကြသောအခါ ဘဝတစ်ခုပြောင်း၍ အခြားလူသစ်တစ်ဦးကဲ့သို့ ဟန်အမူအရာတွေ ပြောင်းလဲနေသော မမ။

ဘယ်လိုမှ အိပ်လို့ မရသောကြောင့် သူငယ်ချင်း ဆရာဝန်တစ်ယောက် တာဝန်ကျနေသော ဆေးရုံကြီးမှာ သွားနေလိုက်သည်။ ထိုညက လူနာတစ်ယောက် အသည်းအသန် ဖြစ်သဖြင့် သူပါဝင်ကူညီလိုက်ရသည်။ တစ်ညလုံး မအိပ်ကြရ။

အခု မနက်ကျတော့လည်း သူ့စိတ်ထဲမှာ မရှင်းလင်းသေးချေ။ ဒီနေ့ လာပါမည်ဟု ချိန်းပြီးကာမှ အိမ်ကို မသွားရဲဘဲ ဖြစ်နေရသည်။ တယ်လီဖုန်းပဲ ဆက်တော့မည်ဟု စိတ်ကူးသည်။ တယ်လီဖုန်းကို ကောက်ကိုင်ဖို့ ရွံ့နေပြန်သည်။ သက်ပြင်း အခါခါ ချမိသည်။ နာရီကို ကြည့်သည်။ ရှစ်နာရီထိုးရန် မိနစ်ပိုင်းမျှသာ လိုတော့သည်။

တယ်လီဖုန်းကို ကိုင်လိုက်သည်။

*

ဒေါ်ခင်မူသည် ဧည့်ခန်း ကုလားထိုင်ပေါ်တွင် လှပစွာ ထိုင်နေသည်။ သူ့ရင်ထဲက ပေါ့ပါးနေသော်လည်း စိတ်တွေ လှုပ်ရှားနေမိ၏။ ကြည်နူးဖွယ်ကောင်းသော စိတ်လှုပ်ရှားမှုကလေး။

ထိုအချိန်တွင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။



www.burmeseclassic.com

သူပေါ့ပါးစွာ ထလိုက်ပြီး တယ်လီဖုန်းဆီသို့ မပြေးရုံတစ်မည် လှမ်းသွားသည်။ ဇင်မင်းလတ်တစ်ယောက်များ လူကိုယ်တိုင် မလာရဲလို့ ဖုန်းဆက်လေရောသလားကွယ်။

"ဟုတ်ကဲ့ ပြောပါရှင်"

"မမလား၊ ကျွန်တော် ဇင်မင်းလတ်ပါ"

သူထင်သည့်အတိုင်း ဖြစ်နေသဖြင့် ပြုံးမိသည်။

"အင်း... ပြောလေ"

"ဟိုဥစ္စာလေ"

ကောင်လေး ရှက်နေတာ သိသာသည်။ ဖုန်းထဲမှာပင် အသံက မူမမှန်။

"ဘာလဲ"

သူ့လေသံက ကလက်များ သွားသလား။ အိုခုချိန်မှာ ဒါတွေ ဂရုစိုက်နေစရာ မလိုပါဘူး။

"ကျွန်တော့်ကိစ္စ"

ဒေါ်ခင်မူ ပျော်သွားသဖြင့် နောက်ချင်ပြောင်ချင်စိတ် ပေါက်လာသည်။

"ဘာကိစ္စပါလိမ့်"

ဇင်မင်းလတ်အသံ ရုတ်တရက် ထွက်မလာ။ ကောင်လေး ပြောရမှာ ရှက်နေပြန်ပြီ ထင်ပါရဲ့။

"ဟိုဟာလေ ဒီနေ့ ဘာနေ့လဲဟင်"

ဒေါ်ခင်မူ အသံမထွက်ဘဲ ရယ်မိသည်။

"ဒီနေ့လား နေဦး၊ ပြက္ခဒိန် ကြည့်လိုက်ဦးမယ်"

ဒေါ်ခင်မူသည် ဇင်မင်းလတ်ကို ကလိရသဖြင့် ကျေနပ်နေမိသည်။ နေ့စွဲရော ရက်စွဲပါ အတိအကျပြောပြီး နောက်လိုက်ဦးမည်ဟု



www.burmeseclassic.com

စဉ်းစားပြီး ပြက္ခဒိန်ကို လှမ်းကြည့်သည်။

"ဒီနေ့လား တနင်္ဂနွေနေ့လေ၊ ရက်စွဲ အတိအကျကတော့ ဇွန်လ၊ ခုနစ်ရက်"

ဒေါ်ခင်မူသည် ဘာမျှ ထပ်မပြောနိုင်ဘဲ ပြက္ခဒိန်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ အလွန် ထိတ်လန့်ဖွယ် ကောင်းသော မြင်ကွင်းကို တွေ့လိုက်ရသလို ကြက်သီးတွေ တဖြန်းဖြန်း ထသွားသည်။ သူ့မျက်နှာသည် ရုတ်ခြည်း သွေးဆုတ်ပြီး ဖြူရော်သွား၏။ တစ်ဖက်က ဆက်ပြောနေသော စကားများကို ဘာမျှ မကြားရတော့။ သူ့မျက်လုံးတွေက ပြက္ခဒိန် ဂဏာန်းကွက်များကို ကြောင်ငေးကြည့်နေဆဲ။

ဇွန်လ... ခုနစ်ရက်။

"မူမူရေ"ဆိုသော အသံနက်ကြီးကို ကြားလိုက်ရသည်။ လှေကားထစ်များမှ တလိမ့်ခေါက်ကွေး ကျလာသော ဦးကြာစိန်၏ သဏ္ဍာန်ကို မြင်ယောင်လာသည်။

ဇွန်လ... ခုနစ်ရက်။ ဒီနေ့ မနှစ်တုန်းက ဒီနေ့။ အစ်ကိုကြီး ဆုံးပါးခဲ့တာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီကော။ ဒီလို နေ့မျိုးမှာမှ မိမိသည် အခြားတစ်ပါးသော သူနှင့် ကလူကျီစယ် နေနိုင်အားဘိသည်။ အစ်ကိုကြီး၏ နှစ်လည်ဆွမ်းကျွေးရန် ကိစ္စကြီးတစ်ခုလုံးကို စီစဉ်ဖို့ မေ့လျော့နေခဲ့မိလေပြီ။ အစ်ကိုကြီးကို မမူ ဒီလောက်တောင် ဥပေက္ခာ ပြုထားခဲ့မိလေခြင်း။

"ဟင်လို့"

ဇင်မင်းလတ်၏ အသံကို ပြန်ကြားလာရသည်။ သူ ဘာမျှ ပြန်မပြောမိ။

"ကျွန်တော့်ကို အဖြေပေးပါတော့ မမရယ်"

ဘာမျှ ပြန်မပြော။ မူမူရေ... မူမူ အစ်ကိုကြီး ဘာဖြစ်သွားမှန်း



www.burmeseclassic.com

မသိပါဘူးကွယ်။

“မမ”

သူအံကြိတ်လိုက်သည်။ တယ်လီဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

“ကျွန်တော့်ကို ပြန်ချစ်ပါနော်”

သူခေါင်းခါလိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

ဒေါ်ခင်မူ၏ ကားကလေးသည် ပြည်လမ်းအတိုင်း မောင်းလာရာမှ ဟံသာဝတီအဝိုင်းကို ပတ်ပြီး ညာဘက်သို့ ထပ်ချိုးလိုက်သည်။ ထို့နောက် ညာဘက်ကိုပင် ထပ်ချိုးပြန်သည်။ ဝင်းတစ်ခုအတွင်းသို့ ရောက်ရှိသွား၏။

ကားကလေးသည် ကြံတောသုသာန်အတွင်းရှိ လမ်းအတိုင်း ဖြည်းဖြည်းချင်း လိမ့်ဝင်သွားသည်။ တစ်နေရာတွင် ရပ်သည်။ ဒေါ်ခင်မူ ကားပေါ်ကဆင်းသည်။ ဆရာရွှေပြည်အေး၏ အုတ်ဂူဘေးမှ ဖြတ်ပြီး ခပ်လေးလေး လျှောက်သွားနေသည်။ သူ့ခြေလှမ်းများသည် တရားရုံးအတွင်းသို့ လှမ်းဝင်နေရသော တရားခံ၏ ခြေလှမ်းများကဲ့သို့ နေးကန်လွန်းလှ၏။ သူ့ကိုယ်သူ လိပ်ပြာမလုံ။ အပြစ်တစ်ခုခု ရှိနေသလို ခံစားရသည်။

မှတ်မှတ်ရရ နောက်ဆုံးတစ်ခေါက် ဒီကအပြန် ဇင်မင်းလတ်၏ ဆေးခန်းထဲမှာ မူးလဲပြီးကတည်းက ဒီကို နောက်ထပ် မရောက်ဖြစ်တော့။ ကြာခဲ့ပါပြီကော။

အုတ်ဂူလေးကို မြင်ရသောအခါ ဦးကြာစိန်ကိုယ်တိုင်အား



www.burmeseclassic.com

တွေ့လိုက်ရသလို သူဟန်မဆောင်နိုင်တော့ဘဲ ပြေးသွားမိသည်။ အုတ်ဂူဘေးမှာ သူရပ်သည်။ ရင်ထဲက နင့်ခနဲ ဖြစ်သွား၏။

အုတ်ဂူ၏ ပတ်ဝန်းကျင်တွင် မြက်ပင်ရိုင်းတွေ၊ သစ်ရွက်ခြောက်တွေ၊ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ် လပေါင်း အတော်ကြာခံခဲ့ရသော ပန်းခြောက်အကြွေတွေ။ အုတ်ဂူပေါ်မှာတော့ ရိုးတံချည်းသာ ကျန်တော့သော နှင်းဆီပန်းစည်း။ ဖဲကြိုးအပြာသည် အရောင်တွေတောင် လွင့်ခဲ့ရရှာပေါ့။ အစ်ကိုကြီးသည် သူ့ကို ရက်ပေါင်းများစွာ စောင့်မျှော်နေခဲ့ရှာပေမည်။

သူသည် နှင်းဆီပန်းစည်းအသစ်ကို အုတ်ဂူပေါ် တင်လိုက်သည်။ အုတ်ဂူခြေရင်းတွင် ဒူးတုပ်လျက် ထိုင်သည်။

"အစ်ကိုကြီးရယ်၊ မူမူ အစ်ကိုကြီးကို မေ့ထားခဲ့မိပါတယ်၊ အစ်ကိုကြီးကလွဲရင် ဘယ်သူ့ကိုမှ မူမူ မချစ်နိုင်ဘူးဆိုတာ သိရပါပြီ၊ မူမူ့ကို ခွင့်လွှတ်ပါနော်၊ ကျေးဇူးရှင် အစ်ကိုကြီးကို မူမူ ကန်တော့ပါတယ်"

သူ လက်အုပ်ချီသည်။

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ချက်တစ်ချက် သဲ့သဲ့မျှ လွင့်ပျံလာသော သူ၏ ရှိုက်သံမှ တစ်ပါး...။ ။

**[၁၉၈၃၊ ဧပြီလထုတ် မမစာအုပ်နှင့် ရွှေရောင်မမရဲ့ ပုံတူ (၁၉၉၉) စာအုပ်မှ]**



www.burmeseclassic.com

www.burmeseclassic.com

# ဒါလိ နှင့် မြ
# ဓဂရ

www.burmeseclassic.com

# ဒါလီနှင့်နာရီ

ဘတ်စကားတွေမှာ ကျောက်ဆူးမပါလို့သာ တော်တော့သည်။ ပါများပါခဲ့လျှင် သန်းခေါင်ကျော်တာတောင် အိမ်ပြန်ရောက်လိမ့်မည်မထင်။

လိုင်းကားတိုင်းလိုလို ဒီမှတ်တိုင်မှာ ခရီးသည် စောင့်ရင်းနားနားနေနေ ရပ်တတ်စမြဲ။ ဆင်းသည့် ခရီးသည်ကနည်းပြီး တက်သူများလျှင် မြန်မြန်ပြန်ထွက်သည်။ ဆင်းသူများပြီး တက်သူနည်းလျှင် ကြာတတ်သည်။ ဒါကို စီးနေကျ ခရီးသည်တိုင်း သိပြီးသား။

ထို့ကြောင့် တချို့က ကားဘေးမှာလာရောင်းသော ရေခဲရေဝယ်သောက်သူသောက်။ သကြားလုံးတို့ အချဉ်ထုပ်တို့ ဝယ်စားသူစား။ အိပ်ငိုက်သူငိုက်။ လူငယ်လေးတစ်ယောက်ကတော့ ကားသွားနေသလား ရပ်နေသလားဆိုတာတောင် သတိပြုမိပုံ မပေါ်။ ဘဝအောင်မြင်ရေး လမ်းညွှန်တက်ကျမ်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေ၏။

တချို့ကတော့ ထုံးစံကို သိပါလျက် "ကြာလိုက်တာ"၊ "ကားကလည်း ဘယ်အချိန်ကျမှ ထွက်မှာလဲ"၊ "အိမ်ရောက်မှ ထမင်းဟင်းချက်ရမှာ၊ ကလေးတွေတော့ ဂျီကျနေလောက်ပြီ" စသည်ဖြင့် အချည်းအနှီး ရေရွတ်နေကြ၏။



www.burmeseclassic.com

ဒရိုင်ဘာကဖြင့် ကားပေါ်ကတောင် ဆင်းသွားလိုက်သေးသည်။ မှတ်တိုင်နားက ကွမ်းယာဆိုင်ကလေးဆီ လျှောက်သွားပြီး ကွမ်းတစ်ယာကို သူ့ဘာသာ စိတ်ကြိုက်ယာစားရင်း ကွမ်းယာသည် မိန်းကလေးနှင့် စကားပြောနေသည်။ စပယ်ယာကတော့ အော်ဟစ်ပြီး လူခေါ်နေသည်။

ဒီနေရာက လမ်းဆုံဟု ဆိုနိုင်သည်။ လိုင်းကား လေးငါးမျိုးလောက် ဖြတ်သွားသောနေရာ။ ထို့ကြောင့် စည်ကားသည်။ လူရှုပ်သည်။ ဈေးဆိုင်တွေလည်း များသည်။ လူအများ အိမ်ပြန်ချိန် ဖြစ်သောကြောင့် ပိုပြီး စည်ကားရှုပ်ထွေးနေ၏။ ဒီလိုနေရာမျိုးမှာ အချိန်းအချက် လုပ်ထားလျှင် တစ်ယောက်နှင့် တစ်ယောက် ရှာတွေ့ဖို့တောင် မလွယ်။

မှတ်တိုင်နားမှာ ကားစရပ်ကတည်းက မှောင်စပျိုးနေပြီဖြစ်၏။ ခုဆို ပိုပြီးတော့တောင် မှောင်လာပြီ။ အိမ်တွေက မီးထွန်းလိုက်ကြပြီ။ လမ်းဘေးဆိုင်ငယ်ကလေးတွေကတော့ အသေးစား ဘက်ထရီမီးများဟိုတစ်ချောင်း ဒီတစ်ပွင့် လင်းလာကြသည်။

ဒရိုင်ဘာသည် ကွမ်းယာဆိုင်မှ စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိသည်။ ထို့နောက် ကားဆီပြန်လျှောက်လာပြီး တက်ထိုင်လိုက်သည်။ စက်နှိုးသံကြားသောအခါ ခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ကားကတော့ ချက်ချင်းမထွက်သေး။ စပယ်ယာက စိတ်ကောက်ပြီး ထွက်သွားသော ချစ်သူအပေါ် နောက်ဆုံး ကြိုးစားသလိုလေသံဖြင့်...

"မောင်းမယ်၊ နောက်ကားဝင်လာပြီ"

ဟုအော်လိုက်၏။ ဒရိုင်ဘာက ဂီယာထိုးသည်။ ကားစပြီးလှုပ်သည့် အချိန်မှာပင်...



www.burmeseclassic.com

"ဟိုးထား တစ်ယောက်လိုက်မယ်"ဟု စပယ်ယာက အော်သည်။ ကားတုံ့ခနဲ ဖြစ်သွားစဉ် လူတစ်ယောက်သည် သိုင်းသမားတစ်ယောက်လို ကားနောက်ပေါက်မှ ဇွေ့ခနဲ ခုန်တက်လာသည်။

"ဆွဲ ဆရာ"

စပယ်ယာ၏ အချက်ပေးသံနှင့် တစ်ပြိုင်တည်းပင် ကားက ဂူးခနဲ ဆောင့်ထွက်သည်။

ထိုအချိန် အခိုက်အတန့်ကလေးအတွင်းမှာ မထင်မှတ်သည့် ကိစ္စတစ်ခု ဖြစ်သွားသည်။

*

ဒါလီသည် ဘတ်စကား၏ ဘယ်ဘက်ခြမ်းမှာ ထိုင်နေသည်။ ဘယ်ဘက်လက်ကို ပြတင်းဘောင်ပေါ် တင်ထားသည်။ ဘတ်စကားစထွက်သည်နှင့် လမ်းပေါ်က လူတစ်ယောက်သည် ဘတ်စကားနားသို့ ဖျတ်ခနဲ ချဉ်းကပ်လာသည်။ ထို့နောက် ဒါလီ၏ လက်ကောက်ဝတ်နေရာကို အုပ်ကိုင်လိုက်သည်။

ဒါလီ လန့်သွားသည်။ တစ်ပြိုင်နက်တည်းတွင် ကိုကိုများ ရုတ်တရက် လာနှုတ်ဆက်တာလားဆိုပြီး ထိတ်ခနဲ ပျော်မလိုတောင် ဖြစ်သွားသေး၏။

ကိုကိုမဟုတ်၊ သူတစ်ခါမှ မမြင်ဖူးသော လူတစ်ယောက်။ ဒါလီ ဖျတ်ခနဲ ကြည့်လိုက်သောအချိန်မှာပင် ထိုသူက လက်ကို ပြန်ရုပ်ပြီး ရှုပ်ရှက်ခတ်နေသော လမ်းသွားလမ်းလာတွေကြား လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွား၏။

ထိုအချိန်တွင် ဘတ်စကားသည် ဒုတိယဂီယာကို ပြောင်းပြီးနေပြီ။



www.burmeseclassic.com

ဒါလီသည် ငေးကြောင်နေရာမှ သတိပြန်ဝင်လာပြီး သူ့လက်ကောက်ဝတ်ကို ကြည့်သည်။ ခုမှ သဘောပေါက်သည်။ သူ့လက်ပတ်နာရီလေး မရှိတော့။

"ဟင်... မရှိတော့ဘူး"

လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

"ဘာမရှိတာလဲ၊ ဘာလဲ"

ဘေးမှာ ကပ်လျက်ထိုင်နေသော မိန်းမကြီးက မေးသည်။

"ဟို...ဟို နာရီ၊ ကျွန်မနာရီ အဖြုတ်ခံလိုက်ရပြီ"

"ဟင်... ဟုတ်လား နာရီဖြုတ်ခံရလို့၊ ဒါဆို"

ရှေ့ခုံမှာထိုင်နေသော လူကြီးက လှည့်ကြည့်သည်။ နောက်ခုံဘက်ဆီက...

"နာရီဖြုတ်ခံရလို့ဆိုပါလား"

"နာရီ ဖြုတ်လို့တဲ့"

"ဟို မိန်းကလေး"

"ပါသွားလား"

ကားအတွင်း အမျိုးမျိုး ရေရွတ်သံတွေ ထွက်ပေါ်လာ၏။ ရှေ့ခုံမှ လူကြီးက...

"ဟော့... ကားရပ်လိုက်လေ၊ ဒီမှာ ပြဿနာ ဖြစ်နေတာ"

"ဟာ... ဒီလောက်ဝေးသွားမှတော့ ဘယ်လိုက်လို့ရတော့မလဲ၊ ခုလောက်ဆို အဲဒီနားမှာတောင် ရှိမှာမဟုတ်တော့ဘူး"

စပယ်ယာက ခရီးဖင့်မှာ စိုးရိမ်သော လေသံဖြင့် ပြန်ပြော၏။ ထိုအချိန်မှာ ဒရိုင်ဘာက ကားကို ရပ်လိုက်သည်။

"ဒီအတိုင်း လွှတ်ပေးလိုက်လို့တော့ ဘယ်ဖြစ်မလဲ"

လူငယ်တစ်ယောက်က ဝင်ပြောသည်။ "အင်း... ဟုတ်တယ်"



www.burmeseclassic.com

ဟု တချို့က သံယောင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရဲစခန်းကိုတော့ အကြောင်းကြားရမှာပဲ၊ ပြန်ကွေ့ကွာ"

ရှေ့ခုံမှ လူကြီးက အမိန့်ပေးသလို ပြော၏။ ဒရိုင်ဘာက အင်တင်တင် ပုံစံဖြင့် ပေကပ်ကပ် ကြည့်နေ၏။ ခရီးသည်တချို့၏ မျက်နှာပေါ်မှာ အိမ်ပြန်နောက်ကျတော့မှာပဲဆိုသော အရိပ်အယောင်တွေ ထင်ဟပ်လာသည်။

ထိုအခါကျမှ ဒါလီက...

"အို... ရဲစခန်းတော့ မသွားချင်ဘူး"ဟု ငြင်းလိုက်သည်။ ဒရိုင်ဘာလည်း ဆက်ထွက်ရန် ဂီယာထိုးလိုက်၏။ စောစောက ဝင်ပြောသော လူငယ်က...

"ခုလို လျစ်လျူရှုလိုက်ရင် ဒီကောင်တွေ ပိုအတင့်ရဲလာမှာပေါ့"

"ဒါဆို မင်းပဲ လိုက်ဖမ်းလိုက်ပေါ့"

စပယ်ယာကပြောရာ လူငယ်က ဆတ်ခနဲ လှည့်ကြည့်ပြီး ရှေ့တစ်လှမ်းတိုး၍...

"ခင်ဗျားစကားက တာဝန်မဲ့လှချည်လား"

ဒါလီ မနေသာတော့။

"တော်ပါတော့၊ ကျွန်မနာရီကလည်း ဘယ်လောက်မှ မတန်ပါဘူး၊ အဟောင်းလေးပါ၊ ပြီးတော့ ပြန်လှည့်သွားနေရရင် အားလုံးနှောင့်နှေးကုန်လိမ့်မယ်"

"ပြန်ရဖို့လည်း မလွယ်ပါဘူး"

"အင်း... ဒါလည်းဟုတ်တာပဲ၊ ကဲ... မထူးပါဘူး၊ ဆက်သာမောင်းတော့"



www.burmeseclassic.com

လူကြီးက ဝင်ပြောသည်။ လူငယ်ကတော့ သိပ်ကျေနပ်ပုံ မပေါ်။

"မနက်ကျရင် ရဲစခန်းဝင်ပြီး တိုင်ချက်တော့ ဖွင့်ဖို့ကောင်းတယ်"ဟု ပြောနေပြန်၏။

ဒရိုင်ဘာလည်း အခွင့်အရေးရတုန်း အမြန်မောင်းထွက်လိုက်၏။ ဒါလီ့ဘေးမှ မိန်းမကြီးက...

"နာရီက ဘယ်လောက်တန်လဲ"ဟု မေးသည်။

ဒါလီက "သိပ်မတန်ပါဘူး"ဟု ပြန်ပြောလိုက်၏။ "ဘာအမျိုးအစားလဲ"ဟု ထပ်မေးနေသေးသည်။ ဒါလီ မကြားချင်ယောင်ဆောင်နေလိုက်ရ၏။

"ဒီကောင်တွေက သိပ်လျင်တာဗျ၊ နာရီပေါ်ကို လက်နဲ့ အုပ်ကိုင်ပြီး အိမ်နဲ့ကြိုးနဲ့ ဆက်တဲ့နေရာကို ညှစ်ချလိုက်တာ၊ ဒီအခါ ပင်ကလေးတွေက ကွေးပြီး နဖားပေါက်က လွတ်ထွက်သွားတာပေ့၊ ပြောတော့သာ လွယ်တာ တကယ်ကျတော့ လက်ချောင်းတွေက သန်လည်းသန်မှ မြန်လည်းမြန်မှ၊ အဲဒီလိုဖြစ်အောင် တော်တော်ကျင့်ယူရတာ"

နောက်ဆုံးခုံတန်းမှာ ထိုင်နေသော ကပြားတစ်ယောက်က သင်တန်းပေးနေသည့် လေသံမျိုးဖြင့် အာဘောင်အာရင်းသန်သန် ပြောနေသည်။ လူငယ်က...

"ဘာလဲ ခင်ဗျားလည်း အဲဒီသင်တန်း တက်ဖူးလို့လား"ဟု ရုတ်တရက် ဖြတ်မေးလိုက်၏။ ထိုသူက...

"ဟာ... မဟုတ်တာ၊ ကျွန်တော်ကိုယ်တိုင် အဖြုတ်ခံရဖူးလို့ သိနေတာပါ၊ ကျွန်တော့်နာရီကမှ အသစ်ကြီးဗျ၊ ဝယ်တာတစ်ပတ်လောက်ပဲ ရှိသေးတယ်"

ကုလားမကြီးတစ်ယောက်က "အရေးထဲ ကြွားနေရသေးတယ်"ဟု ခပ်တိုးတိုး ရေရွတ်၏။ ထို့နောက် ခရီးသည်များလည်း



www.burmeseclassic.com

ခါးပိုက်နှိုက်၊ ဆွဲကြိုးဖြတ်၊ အလစ်သုတ်စသော အကြောင်းအရာများကို တချို့လည်း ကိုယ်တွေ့၊ တချို့လည်း ကြားဖူးနားဝရှိတာကို ကိုယ်တွေ့လိုလိုလုပ်၍ နီးစပ်ရာ အချင်းချင်း စကားစပ်မိနေကြလေ၏။

ထိုအကြောင်းအရာ အားလုံးတို့သည် မိမိကို မူတည်ပြီး ဖြစ်လာရခြင်းကြောင့် ဒါလီသည် အနေရခက်နေ၏။ ပြောရင်းဆိုရင်းက တစ်ချက်တစ်ချက် သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတာ ပိုဆိုးသည်။ အရေးထဲမှာ ဘေးနားက မိန်းမကြီးက...

"အဲဒီကောင်ရဲ့ မျက်နှာကို မှတ်မိလား"ဟု မေးနေပြန်သည်။ သူခေါင်းခါပြလိုက်၏။ ပြောမယ်ဆိုလျှင်လည်း "ကိုကို မဟုတ်ဘူးဆိုတာပဲ မှတ်မိတယ်"ဟု ဆိုရပေလိမ့်မည်။

တကယ်လို့ ကိုကိုသာ ဒီနေ့လာကြိုခဲ့လျှင် ခုလို ဖြစ်မှာမဟုတ်။ ဒီလိုဆိုတော့ ကိုကိုက အလစ်သမားရန်ကို ကာကွယ်နိုင်လို့လားဟု ထင်စရာ ရှိ၏။ မဟုတ်။ ကိုကိုနှင့်အတူ ဘတ်စကား စီးသည့်အခါတိုင်း နှစ်ယောက်တွဲထိုင်ခွင့်ရလျှင် ကိုကိုက ပြတင်းပေါက်နှင့် ကပ်လျက်မှာသာ ထိုင်လေ့ရှိသောကြောင့် ဖြစ်၏။ ဒါဆို ပြတင်းဘောင်ပေါ် လက်တင်စရာလည်း မလိုတော့။ နာရီအဖြုတ်ခံရမှာလည်း မဟုတ်တော့။

*

"ကိုကို လာမကြိုလို့ ခုလိုဖြစ်ရတာ"ဆိုပြီး အပြစ်တင်ခွင့်တောင် မရလိုက်။ နာရီအဖြုတ်ခံရကြောင်း စကားစလိုက်တာနဲ့ ကိုကိုက အရင်ဦးအောင် ဆူလေတော့သည်။

"အဲဒါကြောင့် ပြောတာပေါ့၊ ဒါလီက သိပ်နမော်နမဲ့နိုင်တာပဲ၊ အဲဒီနေရာက လူရှုပ်တယ်၊ ဒါမျိုးဖြစ်တတ်တယ်ဆိုတာ သိရဲ့သားနဲ့



www.burmeseclassic.com

သတိထားမှပေါ့”

တကယ်တော့ သူလာမကြိုဖြစ်ခဲ့သည့် ကိစ္စကို အကာအကွယ်ယူလိုသောကြောင့် ကြိုပြီး ကန့်လိုက်ခြင်းသာ ဖြစ်၏။ ခုလို သူ့ဘက်ကို လုံခြုံအောင် အမြဲသတိထားတတ်သည့် ကိုကို့အကျင့်ကို ဒါလီ ရိပ်မိခဲ့တာကြာပြီ။

အမှန်ဆိုလျှင် နာရီအဖြုတ်ခံရကြောင်း ကြားသိရတဲ့အခါ…

“လူကို ရန်မူမသွားတာ တော်သေးတာပေါ့ ဒါလီရယ်”ဆိုပြီး စိုးရိမ်တကြီး ရှိသင့်၏။ ကိုကိုလာမကြိုလို့ ဒီလိုဖြစ်ရတာဆိုပြီး တဖျစ်တောက်တောက် တောင်းပန်ဖို့ ကောင်းသည်။ မိန်းကလေးတို့မည်သည် လက်တွေ့မှာ တကယ် ဂရုမစိုက်သည့်တိုင် နှုတ်အားဖြင့် အရေးတယူ လုပ်ရုံနှင့် ကြေအေးတတ်ကြောင်း ဖွင့်ပြောမှပင် ကိုကိုသိမှာလား။

ဒီလိုနဲ့ပဲ အဲဒီနေ့ ဘာကြောင့် လာမကြိုဖြစ်သလဲဆိုတာ ရှင်းပြရမည့်တာဝန်ကို ကိုကို ရှောင်လွှဲခွင့် ရသွားလေ၏။

*

ကိုကိုနှင့် ဆုံစည်းခဲ့ရခြင်းမှာ ကိုကို့အစ်မကြီးကြောင့် ဖြစ်၏။ စာရင်းကိုင်သင်တန်း တစ်ခုတက်ရင်း အစ်မကြီးနှင့် ဆုံခဲ့သည်။ အစ်မကြီးက လည်သည်။ လူလည်ကျတာမျိုးလို မကောင်းသောလည်ခြင်းတော့ မဟုတ်။ လည်လည်ဝယ်ဝယ် ရှိခြင်းကို ဆိုလို၏။

သဘောကောင်းသည်၊ ပေါင်းတတ် သင်းတတ်သည်၊ ကူညီတတ်သည်၊ ပြီးတော့ လူကဲခတ် အလွန်တော်သည်။ ထို့ကြောင့် သူက ဒါလီ့ကို မျက်စိကျသွားခြင်း ဖြစ်၏။ ဒါလီက လှသည်၊ ရိုးသည်၊ အေးသည်။



www.burmeseclassic.com

"ဒီလိုမိန်းကလေးမျိုးက ရှားတယ်"ဟု အစ်မကြီးက တဖွဖွ ပြောတတ်သည်။ ထို့နောက်မှာတော့ ဒါလီ့ကို သူတို့အိမ် အလည်ခေါ် သည်။ ကိုကိုနှင့် မိတ်ဆက်ပေးသည်။ အစ်မကြီးတွက်ကိန်းက မှန်သွားသည်။ ကိုကိုသည် ဒါလီ့ကို ချစ်သွားခဲ့လေသည်။

ဒါလီကကော ချစ်မိသည်လို့တော့ ထင်တာပဲ၊ အင်းလေ မချစ်ဘဲနဲ့ ခုလောက်ထိ တွဲနေပါ့မလား။ ဒါလီသည် အချစ်အကြောင်း ကို သေသေချာချာ မသိ။ ဒီလို မသိဘဲနဲ့ ချစ်မယ်ဆို ချစ်လို့ရသလား။ အကုန်အစင်သိမှ ချစ်လို့ရတာလား။

ကွန်ပျူတာတစ်လုံးကို ဆိုရင်ကော၊ သူ့ထဲမှာပါတဲ့ ဆားကစ် တွေ၊ မိုက်ခရိုချစ်တွေအကြောင်း တိတိကျကျ မသိပေမဲ့ ကွန်ပျူတာ ကို ကိုင်တွယ်စေခိုင်းလို့ ရတာပဲ မဟုတ်လား။ အချစ်နဲ့ ကွန်ပျူတာ ဘာတွေ ကွာခြားသလဲဆိုတာတော့ ဒါလီ မပြောတတ်။

ကိုကို့မတိုင်ခင်က ယောကျ်ားလေး တစ်ယောက်ယောက်အပေါ် ရင်ခုန်မိတာမျိုး မဖြစ်ခဲ့ဖူးခဲ့။ ကိုကိုနှင့် ပတ်သက်လို့တော့ ဒါလီ့ရင် သည် ဒီဇယ်အင်ဂျင်တစ်လုံးလို တဆတ်ဆတ်တုန်နေခဲ့ဖူးသည်။ ဒါဆို လုံလောက်ပြီလားမသိ။

ဘာပဲဖြစ်ဖြစ် ကိုကိုက (ဘယ်နှကြိမ်မြောက်မှန်း မသိသော) ချစ်ရဲ့လားဟု မေးသောအခါ ဒါလီ ခေါင်းညိတ်ပြလိုက်၏။ မိန်းကလေးတစ်ယောက်အနေဖြင့် ခေါင်းတစ်ခါညိတ်ပြပြီးလျှင် နောက်တစ်ခါ ခေါင်းပြန်ခါဖို့ မလွယ်လှကြောင်းကို အချိန်နှောင်းတော့မှ ဒါလီ သိခဲ့ခြင်း ဖြစ်၏။

*

နာရီလေးတစ်လုံးတော့ ပြန်ဝယ်ရမည်။ ထို့ကြောင့် နာရီဆိုင်



www.burmeseclassic.com

တွေများသော အနော်ရထာလမ်းအတိုင်း လျှောက်လာခဲ့သည်။

ဘာကြောင့်မှန်းမသိ၊ ခုတစ်လော နာရီတွေ တော်တော်ပေါနေ၏။ လမ်းဘေးမှာတင် ချရောင်းနေကြတာ ပုံစံမျိုးစုံ၊ အမျိုးအစားမျိုးစုံ။ နာမည်ကြီးတံဆိပ်များဖြစ်သော ဆီကို၊ အိုမီဂါ၊ ရိုးလက်စ်တွေတောင် ရှိသည်။ အစစ်တွေတော့မဟုတ်။ ဈေးကလည်း ဘာမှမရှိ။ ခြောက်ရာ၊ ခုနစ်ရာ၊ တစ်ထောင်လောက်ပဲ။

သူ့ဈေးနဲ့သူ အဖိုးနည်းဝန်ပါဖြစ်အောင် လုပ်ထားသည့် အမှန်အကန်တွေလည်း ပါမည်။ စက်အဟောင်း အညံ့တွေ ထည့်ထားတာလည်း ပါချင်ပါမည်။ နားမလည်ဘဲ ရမ်းဝယ်လို့တော့မဖြစ်။

နာမည်ကြီး နာရီအမျိုးအစား အစစ်အမှန်ကို အာမခံနှင့်ရောင်းသော အရောင်းပြခန်းတွေတော့ ရှိသည်။ သို့ရာတွင် ဈေးကြီးသည်။ ဒါလီ၏ ဝယ်နိုင်အားနှင့်ဆိုလျှင် အနားမကပ်နိုင်။ ဈေးသင့်တာတွေကျတော့လည်း အနက်ရောင် ဖိုင်ဘာအိမ်တွေနှင့် ဖြစ်သောကြောင့် သူမကြိုက်။

အမှန်တော့ ကိုကို့ကိုပါ ခေါ်ခဲ့ဖို့ကောင်းသည်။ ယောကျ်ားတစ်ယောက်ပါလာတော့ ပြောရဆိုရတာ ပိုကောင်းတာပေါ့။ တော်ရုံဆိုင်ကလည်း လိမ်ညာရောင်းရဲမည်မထင်။

သို့ရာတွင် ကိုကိုက ဒီနေရာမျိုးမှာလည်း အားမကိုးရ။

"ကိုကို နာရီအကြောင်း နားလည်လားဟင်"ဟု စကားစကြည့်မိသေးသည်။ ကိုကို့အဖို့တော့ နာရီဆိုတာ ဘာမှ အရေးမပါဘူး၊ လက်လေးတာပဲ အဖတ်တင်တယ်၊ အချိန်သိချင်ရင် သူများပတ်ထားတဲ့နာရီကို လှမ်းကြည့်လိုက်၊ ဒါမှမဟုတ် စတိုးဆိုင်တို့ ဘာတို့မှာ ချိတ်ထားတဲ့ နာရီကို အပြင်က လှမ်းကြည့်ရင် ရတာပဲ၊ အချိန်တွေ အတိအကျသိတော့ရော ဘာလုပ်မှာလဲ၊ အာကာသယာဉ် လွှတ်တင်



www.burmeseclassic.com

မှာမှ မဟုတ်တာ၊ အလကား အပိုသက်သက်ပဲ”ဟု ပြန်ပြောသည်။

နာရီသွားဝယ်လျှင် ကိုကို့ကို မခေါ်တော့ဟု ဆုံးဖြတ်လိုက်၏။ ပြီးတော့ ကိုကိုက ဈေးဝယ်ရလျှင် ဘယ်တော့မှ စိတ်မရှည်တတ်။

တစ်ခါက အင်္ကျီစလေးတစ်စ ဝယ်ချင်သဖြင့် မင်္ဂလာဈေးထဲကို ကိုကိုနှင့်အတူ သွားခဲ့ဖူးသည်။ တစ်ဆိုင်မှာ စိတ်ကြိုက်အဆင် မတွေ့သဖြင့် နောက်တစ်ဆိုင် ပြောင်းသည်။ အဆင်ကြိုက်တာ တွေ့တော့လည်း ရွေးစရာ အရောင်ကမစုံ။ နောက်တစ်ဆိုင်မှာ စိတ်ကြိုက် တွေ့သော်လည်း ဈေးကများနေသည်။ နောက်တစ်ဆိုင်...

“ဒီတစ်ဆိုင်မှာမှ မဝယ်ဖြစ်ရင်လည်း ဝယ်မနေနဲ့တော့၊ အင်္ကျီလေးတစ်စ ဝယ်တာများ ဒီမှာ အကြိုက်မတွေ့ရင် စက်ာပူအထိ များ သွားမလားမသိဘူး”ဟု ကိုကိုကဆိုခဲ့သည်။ ထိုစဉ်က နောက်ဆုံး ဝင်တဲ့ဆိုင်မှာပဲ အဆင်လည်းမကြိုက်၊ အရောင်လည်း သဘောကျ မဟုတ်တာကို ဈေးပိုပေးဝယ်ခဲ့ရ၏။

မိန်းကလေးဆိုတာ ဒီလိုပဲ ကလစ်ကလေးတစ်ချောင်း ဝယ်တာ ပင်ဖြစ်စေ နှစ်ဆိုင်သုံးဆိုင်လောက်တော့ ပြောင်းပြီး ရွေးလိုက်ချင်တာ သဘာဝပဲဆိုတာ ကိုကိုမသိဘူးလား။

(ကိုကို့ကို ချစ်ခဲ့တုန်းကတော့ ယောကျ်ားလေးနှစ်ယောက်၊ သုံးယောက်လောက် ပြောင်းချစ်ကြည့်ပြီးမှ ရွေးခဲ့တာမဟုတ်၊ ဒီ တစ်ယောက်တည်းကိုသာ ပြိုင်ဘက်မရှိ ရွေးခဲ့ခြင်း ဖြစ်၏။ အဲဒါ ကျတော့ကော မှန်သလား၊ မှားသလား)

နာရီဆိုင် သုံးလေးဆိုင် ကြည့်ခဲ့ပြီးပြီ။ တချို့ဆိုင်တွေကို မှန်ပုံးအပြင်က အကြမ်းဖျင်းလောက်သာ ကြည့်ဖြစ်သည်။ ဆိုင်ရှင် တွေက ရှေ့မှာရပ်လိုက်တာနဲ့...

“ဘာလိုချင်လဲ၊ မိန်းမပတ်လား၊ စိတ်ကြိုက်တွေ့ရင်ပြောပါ၊



www.burmeseclassic.com

ကြည့်ချင်ရင် ထုတ်ပြမယ်လေ”ဟု ပျူပျူငှာငှာ ဈေးခေါ်ကြသည်။

သူက “ကြည့်တာပါ”ဟုပြောပြီး ဆက်လျှောက်သည်။ ဆိုင်ရှင်က မိန်းကလေးဆို ပိုကောင်းမည်ဟု တွေးသည်။ မိန်းမချင်းဆိုတော့ ပြောရဆိုရ ပိုကောင်းမည်။ ထို့ကြောင့် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသော ဆိုင်ရှေ့မှာ ရပ်လိုက်သည်။ မှန်ပုံးထဲ ကြည့်သည်။ နာရီတစ်လုံးကို သဘောကျမိ၏။ စီတီဇင်တံဆိပ် တပ်ထားသည်။

“အဲဒါလေး ပြပါ”

အမျိုးသမီးကြီးက နာရီကို ထုတ်ပေးသည်။ ဒါလီ သေသေချာချာ ကြည့်သည်။ သဘောကျသည်။

“ဘယ်လောက်လဲ”

“သုံးထောင့်ငါးရာ”

“များလိုက်တာ”

“သူက အော်လ်စတီးကိုး၊ ပြီးတော့ အော်တိုမက်တစ်လေ၊ အရောင်းပြခန်းမှာ လေးထောင်ကျော် ရောင်းတာ၊ အစ်မတို့က အောက်လမ်းက တိုက်ရိုက်ဝင်တာကိုရလို့ ဒီဈေးနဲ့ ရောင်းနိုင်တာ”

ဒီလောက်တော့ ဒါလီမတတ်နိုင်။ မျက်လုံးကို မှန်ပုံးထဲ ပြန်ရွေ့သည်။ ဆိုင်ရှင်က သဘောပေါက်သွားပြီး နာရီကို ပြန်ထည့်ရင်း

“ဓာတ်ခဲနာရီလေးတွေ ယူပါလား၊ လှလည်းလှတယ်၊ သူ့ဈေးနဲ့သူ ပတ်ပျော်တယ် ညီမရဲ့”

“အိုမစ်”တံဆိပ် နာရီကလေးတစ်လုံးကိုတော့ သဘောကျမိ၏။ သို့ရာတွင် ဒိုင်ခွက်က အနက်ဖြစ်နေသည်။ သူက အဖြူသို့မဟုတ် ခဲရောင် ဒိုင်ခွက်ကို လိုချင်သည်။ အနက်ကို သူမကြိုက်။ နောက်တစ်လုံးက တယ်လီဆိုးနစ်တံဆိပ် ဖြစ်၏။ ကြက်ဥနှစ်ရောင် ဒိုင်ခွက်။ ပုံစံလည်းလှသည်။ ဈေးကလည်း သင့်သည်။ ထောင့်တစ်ရာ။



www.burmeseclassic.com

ဒါပဲ ယူတော့မည် စိတ်ကူးပြီးမှ သေသေချာချာကြည့်တော့ မှန်ပေါ်မှာ ခြစ်ရာအစင်းတစ်ခု ထင်နေ၏။

"ဒါကတော့ သိပ်အရေးမကြီးပါဘူး၊ အစင်းဖျောက်တဲ့နေရာမှာ လုပ်လိုက်ရင် သိပ်မပေးရပါဘူး၊ အဲဒီအတွက် ငါးဆယ်လျှော့ပေးလိုက်မယ်လေ"

ဆိုင်ရှင် အမျိုးသမီးက ပြောသည်။ ဒါလီတွေနေ၏။ အသစ်ဝယ်တာ စင်းလုံးချောပဲ လိုချင်သည်။

"ဒီလိုလုပ်လေ ညီမတစ်ပတ်ပြန်လှည့်လာခဲ့မလား၊ အစ်မလုပ်ထားပေးမယ်၊ လုံးဝ အကောင်းအတိုင်း ဖြစ်စေရမယ်၊ စရန်နည်းနည်းပါးပါး ပေးခဲ့ပေါ့"

ဒါလီ ချီတုံချတုံ ဖြစ်နေ၏။ ထိုစဉ်မှာ နောက်ထပ် ဝယ်သူတစ်ယောက် ရောက်လာသည်။ ဆိုင်ရှင်လည်း ဒါလီ့ကို စဉ်းစားလေဆိုသောသဘော မေးဆတ်ပြပြီး နောက်ထပ်ဝင်လာသူဘက် လှည့်လိုက်၏။

ဆိုင်ရှင်ပြောသလို လုပ်ဖို့ကတော့ သိပ်သဘောမတွေ့။ စရန်ပေးခဲ့ပြီးမှ မှန်အစင်းက တကယ်မပျောက်လျှင် ပြောရဆိုရ ခက်မည်။ တခြားဆိုင်တွေလည်း ရှိသေးတာပဲဆိုပြီး လှည့်ထွက်ခဲ့၏။

"ဟိုညီမလေး တစ်ရာလျှော့ပေးလိုက်မယ်လေ"ဟု လှမ်းပြောသော ဆိုင်ရှင်၏အသံ ကြားရ၏။ အားနာပြီး ပြန်လှည့်မိမလိုဖြစ်သွားသေးသည်။ နာရီတစ်လုံးပြီးတစ်လုံး စိတ်ရှည်လက်ရှည်ပြပြီးမှ မဝယ်ဖြစ်သည့်အတွက် မကျေမနပ်ဖြစ်ချင် ဖြစ်ကျန်ခဲ့ပေလိမ့်မည်။

သူဆက်လျှောက်လာသည်။ တချို့ဆိုင်လေးတွေကို သဘော



www.burmeseclassic.com

လောက်သာ ကြည့်ဖြစ်၏။ ဆိုင်တစ်ဆိုင်တွင် "အထူးလျှော့ဈေး ခြောက်လအာမခံ"ဆိုသော စာတမ်းကပ်ထားတာ တွေ့ရ၏။ အာမခံနဲ့ ရောင်းတဲ့ဆိုင်ဆိုတော့ ပစ္စည်းအတွက်တော့ စိတ်ချရပြီ။ ဈေးတွေကရော အထူးလျှော့ဈေးဆိုတော့...

"ကြိုက်တာကြည့်ပါ၊ ဆိုင်ဖွင့်တာ တစ်နှစ်ပြည့်လို့ ဈေးလျှော့ ရောင်းနေတာ၊ ဈေးချင်းယှဉ်ကြည့်လိုက်၊ သက်သာစေရမယ်၊ အာမခံကတ်ပြားလည်း ပေးတယ်"

ဆိုင်ရှေ့ရပ်လိုက်ချိန်မှာ ဆိုင်ရှင်လူကြီးက ပြောလိုက်၏။ သူ့ဆိုင်က တခြားဆိုင်တွေထက် ပိုသပ်ရပ်သည်။ နာရီထည့်ထားသည့် အလျှူမီနီယမ် မှန်ရှိုးကေ့စ်ကလည်း ပိုကြီးသည်။ နာရီတွေလည်း ပိုစုံသည်။

နာရီတွေကို ပုံသေဈေးနှုန်းလေးတွေ ကပ်ထား၏။ သူပြောတာ မှန်သည်။ စောစောကဆိုင်မှာထက် အမျိုးတူချင်းမှာ ငါးဆယ်၊ တစ်ရာ လောက် သက်သာနေသည်။

နာရီလေးငါးလုံးကို ကြည့်ပြီးနောက် တစ်လုံးကို ရွေးလိုက်၏။ အိုးရီးယင့်တံဆိပ်၊ ရွှေရောင်အိမ်နှင့် ဖြစ်၏။ လက်ပတ်ကြိုးက မီးခိုးရောင် သားရေကြိုး၊ ဒိုင်ခွက်ကလည်း သူ့အကြိုက် မီးခိုးရောင်၊ ဈေးကလည်း သူနိုင်တဲ့ဈေး၊ ထောင့်သုံးရာငါးဆယ်။

*

ကိုကိုကတော့ ဒီအတိုင်းပါပဲ။ နာရီဝယ်ဖို့ ကိုကိုလိုက်ခဲ့ပါ ဆိုလျှင် ကြည်ကြည်သာသာ လုပ်ပေးမှာ မဟုတ်။ ခုကိုယ့်ဟာကိုယ် ဝယ်လို့ အဆင်မပြေတဲ့အခါကျတော့ အပြစ်တင်ဖို့ ဝန်မလေး။

ဖြစ်ချင်တော့ နာရီက ဝယ်လာပြီး နောက်တစ်နေ့မှာပင်



www.burmeseclassic.com

ရပ်သွားသည်။ ဒီအကြောင်း ကိုကို့ကို ပြောပြတော့…

“အဲဒါ ခက်တာပေါ့၊ ဘာမှ နားမလည်ဘဲ ရမ်းဝယ်တာကိုး၊ ကိုကို့ကို ဘာလို့မပြောသလဲ”

ခေါ်တော့ရော စိတ်ရှည်လက်ရှည် လိုက်ခဲ့မှာမို့လို့လားဟု ပြန်မမေးဖြစ်။

“ကိုကို မအားဘူးထင်လို့”

“မအားလည်း အားတဲ့ရက်စောင့်ပေါ့၊ နာရီဝယ်ဖို့က ဒီလောက်တောင် အရေးကြီးနေသလား၊ ကိုကို့သူငယ်ချင်း ဘကြူးဆိုင်မှာဆို ဈေးလည်းသက်သာတယ်၊ ပစ္စည်းကောင်းကောင်းလည်း ရတယ်”

“ဒီဆိုင်ကလည်း စိတ်ချရပါတယ်၊ အာမခံကတ်ပြား ပေးထားတာပဲ၊ အခန့်မသင့်လို့ ဖြစ်တာနေမှာပါ၊ အဲဒါ ဆိုင်ကိုသွားပြန်လုပ်ခိုင်းမယ်၊ ကိုကိုလိုက်ခဲ့ပါလား၊ ယောကျ်ားလေးပါလာတော့ ပြောလို့ဆိုလို့ ပိုကောင်းတာပေါ့”

“ဝယ်တုန်းကတောင် တစ်ယောက်တည်း သွားသေးတာ၊ ခုကျမှတော့ ဘာလို့ ကိုကို့ကို ခေါ်ရတာလဲ၊ ကိုကိုပါလည်း ပြင်ပေးရမှာပဲ၊ မပါလည်း ပြင်ပေးရမှာပဲ၊ ဒါလီ့စိတ်နဲ့ ဒါလီ လုပ်ထားတဲ့ကိစ္စပဲ”

ကိုယ့်အမှားကိုယ်ခံဆိုသော သဘောကို ကိုကို ပြောသည်။ ဒါလီဖြစ်စေချင်တာက သူ့ကို မတိုင်ပင်ရကောင်းလားဆိုပြီး ဆူချင်လည်း ဆူပေါ့၊ ပြီးတော့မှ နောက်ဆုံးကျတော့လည်း ကိုကိုလုပ်ပေးပါဦးဆိုတာ ဖြစ်လာတာပဲ မဟုတ်လားဟု စကားနာထိုးပြီး လိုအပ်သလို ကူညီလိုက်ပေါ့။ ဒါဆို နှစ်ယောက်စလုံးအတွက် ပျော်စရာကလေး တစ်ခုတောင် ဖြစ်သွားနိုင်သေးသည်။ ခုတော့…

ဒါလီသည် တစ်စုံတစ်ခုကို မဆီမဆိုင် ဖြတ်ခနဲတွေးလိုက်မိ၏။

တကယ်လို့များ ကိုကိုနှင့် လက်ထပ်ပြီးလို့ ဒါလီ့မှာ ကလေး



www.burmeseclassic.com

ရှိလာခဲ့လျှင် "မင်းဗိုက်နဲ့မင်း ရှိတာပဲ"ဆိုပြီး ကိုကို လျစ်လျူရှုနေလေမလား။ ဒါဆိုလျှင်တော့ ဆေးခန်းပြတာ၊ ဆေးရုံသွားတာကအစ ကိုယ့်အားကိုယ် ကိုးရပေတော့မည်။

အင်းလေ… တကယ်မွေးပြီဆိုတော့လည်း ကိုယ့်ဗိုက်ပဲ အနာခံပြီး ကိုယ်ကိုယ်တိုင်ပဲ မွေးရမှာမဟုတ်လား။ မွေးပြီးကာစမှာ ကိုကိုက ကော်ဖီတစ်ခွက် လှမ်းပို့ပေးရင်ပဲ တာဝန်ကျေပြီဟု ဆိုရမှာပဲလေ။ ဒါထုံးစံကိုး။

BURMESE CLASSIC .com

ကိုကို့ကို အားကိုးလို့ရမှာ မဟုတ်မှန်း သိသဖြင့် သူ့ဘာသာပဲ နာရီဆိုင်ကို ပြန်လာခဲ့ရ၏။ နာရီဆိုင်က ဦးလေးကြီးမှာ ကိုကို့ထက်တော့ ပိုဂရုစိုက်သည်ဟု ဆိုရမလားပဲ။

ဒါလို့ကို မြင်မြင်ချင်း မှတ်မိ၏။ အာမခံကတ်ပြားတောင် ပြစရာမလို။

"ဟိုတစ်နေ့က ဝယ်သွားတဲ့နာရီ ရပ်သွားလို့ပါ"ဟု ပြောလိုက်သောအခါ ချက်ချင်းပင် ယူကြည့်ပြီး နောက်မှာ ကပ်လျက်ရှိသော နာရီပြင်သည့်နေရာကို တစ်ဆင့်ကမ်းပေးလိုက်၏။

နာရီပြင်ဆရာက နာရီကို စစ်ဆေးကြည့်သည်။ ထို့နောက် နာရီကျောဖုံးကို ဝက်အူလှည့် သေးသေးလေးနှင့် ကလန့်ပြီး ဖွင့်လိုက်၏။ ပြီးတော့ ကိရိယာလေးတစ်ခုနှင့် ဟိုထောက်ဒီထောက်လုပ်ရင်း စမ်းနေသည်။

"အားလုံးကောင်းပါတယ်၊ သော့တန်များ လွတ်လို့လားမသိဘူး"ဆိုပြီး သော့သီးနှင့် သော့တန်ကို ဖြုတ်သည်။

စက်ကို အိမ်အတွင်းမှ ဆွဲထုတ်၏။ သော့တန်ပြန်တပ်သည်။



www.burmeseclassic.com

ကောင်းသားပဲ ဩော်… ဟုတ်ပြီဟု သူတစ်ယောက်တည်း ရေရွတ်နေပြီးမှ စက္ကန့်တံကို ဇာဂနာလေးနှင့် ဖိလိုက်၏။ တခြားလက်တံများနှင့် ငြိမငြိ တစ်ပတ်လည်အောင် စောင့်ကြည့်သည်။ ထို့နောက် နာရီကို ပြန်ဆင်သည်။ ဆိုင်ရှင်ဆီ ပြန်လှမ်းပေးရင်း…

"ဘာမှ မဖြစ်ပါဘူး၊ စက္ကန့်တံက မှန်နဲ့ငြိငြိနေတာ"ဟု ပြော၏။ ဆိုင်ရှင်က နာရီကို ဒါလီ့ဆီတစ်ဆင့် ကမ်းပေးပြီး "နာရီကို ဖိမိတယ်ထင်တယ်၊ သတိထားပတ်ပေါ့"ဟု ပြောသည်။

အာမခံသက်တမ်းမှာ ရက်ပိုင်းမျှသာ ရှိသေးသဖြင့် နာရီပြင်ခမပေးရ။

ကိုကို့သူငယ်ချင်း တစ်ယောက်၏ အလှူကို သွားကြသည်။ ကိုကို့ သူငယ်ချင်းက ပဥ္စင်းတက်မှာ ဖြစ်၏။ လူသိပ်များများ ဖိတ်မထား။

ခုနောက်ပိုင်း မင်္ဂလာဆောင်တွေပါ ဘုန်းကြီးကျောင်းမှာ လုပ်လေ့ရှိသဖြင့် ဧည့်ခံကျွေးမွေးပုံက ပိုပြီးစနစ်ကျလာသည်။ တချို့ကျောင်းတွေမှာဆို အလှူရှင်က ကိုယ်တိုင်ချက်ပြုတ်နေစရာတောင် မလိုတော့။ လူဘယ်နှယောက်စာ ဘာကျွေးချင်တယ်ဆိုတာ ပြောပြီး ကုန်ကျစရိတ် ပေးလိုက်ရုံသာ ဖြစ်၏။ စားပွဲ ကုလားထိုင်ကအစ ချက်ရေးပြုတ်ရေး ထမင်းပွဲပြင်၊ ဟင်းပွဲလိုက်၊ အချိုပွဲချတာအလယ်၊ ပန်းကန်ဆေး၊ ပစ္စည်းသိမ်းတာအဆုံး ကျောင်းက တာဝန်ယူ လုပ်ဆောင်ပေးသည်။

ဒီကိစ္စတွေအတွက် တချို့က အခကြေးငွေယူပြီး လာလုပ်ပေး



www.burmeseclassic.com

တတ်သလို၊ ကုသိုလ်ဖြစ်လာကူကြသူတွေလည်း ရှိ၏။ ကျောင်းက ဦးဇင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေကလည်း ကူညီလုပ်ကိုင်ပေးကြသည်။ တချို့ကျောင်းဆို ဒန်ပေါက်တို့၊ ထောပတ်ထမင်းတို့ ချက်တဲ့လူတွေ၊ ရေခဲမုန့်သမားတွေတောင် ပင်တိုင်အဆက်အသွယ် လုပ်ထားသည်ဆို၏။

ဒီစနစ်က လှူဒါန်းရသူတွေအတွက် အလွန်အဆင်ပြေလှသည်။ အလှူတစ်ခုလုပ်လျှင် ဝိုင်းကူမယ့်လူ ရှာရတာက တော်တော် ဒုက္ခများသည်။ ခုချိန်လို အလုပ်နှင့်လက်နှင့် မပြတ်လုပ်နေကြသူတွေ ပေါသောအခါမှာ အချိန်ယူပြီး လာကူဖို့မလွယ်။

အလှူရှင်တွေအဖို့ ညှိသည်တွေ ညှိခံရတာတစ်ဖက်၊ ချက်ရပြုတ်ရတာတစ်ဖက်၊ ကျွေးဖို့မွေးဖို့ စီစဉ်ရတာတစ်ဖက် အလွန်ကသီတတ်သည်။ မစီစဉ်တတ်လျှင် ထမင်းဟင်း မလောက်တာတို့၊ အများကြီး ပိုနေပြီး အလဟဿ ဖြစ်ရတာတို့ ကြုံတတ်၏။

ခုလိုဆိုတော့ ပြီးရော။ အကျွေးအမွေးကိစ္စ လှည့်ကြည့်စရာမလို။ ကြော့ကြော့ကလေးလာပြီး လှူလိုက်ရုံပဲ။ ပြီးလျှင် ထပြန်သွားရုံပဲ။ အလွန်စိတ်ချမ်းသာရသောစနစ် ဖြစ်၏။

ဟိုအရင်က ဘုန်းကြီးကျောင်းမှာ အလှူလုပ်လျှင် အမြဲတမ်း ကြုံတွေ့ရသော ပြဿနာက ဖိနပ်မှားခြင်း၊ ဖိနပ်ပျောက်ခြင်း ဖြစ်၏။ အိမ်ပြန်မလို့ ထွက်လာပြီးမှ ဖိနပ်ပျောက်နေသဖြင့် ယောင်ချာချာ ဖြစ်နေသူတွေ မကြာခဏ တွေ့ရတတ်၏။ လည်လည်ပတ်ပတ်ရှိသူ၊ လုပ်ရဲကိုင်ရဲသူဆိုလျှင်တော့ အဆင်သင့်ရှာ တခြားဖိနပ်တစ်ရံ ကောက်စီးသွားရုံပေါ့။

ဒါမျိုး မလုပ်ရဲသူ မလုပ်တတ်သူဆိုလျှင်တော့ အလှူက

လူတွေကုန်အောင်စောင့်ပြီး ကျန်တဲ့ဖိနပ် ငါ့ဟာပဲဟု သဘောထား လိုက်ရတော့သည်။ အလှူရှင်တွေသိသွားလို့ အားနာပြီး သူတို့ဖိနပ်တွေ အစားထိုးပေးလိုက်ရတာမျိုးလည်း ကြုံတတ်၏။

နောက်ပိုင်းကျတော့ ဒီပြဿနာကို ဖြေရှင်းသည့်နည်းလမ်း ပေါ်လာသည်။ လူငယ်တချို့က ဖိနပ်တွေကို ထိန်းသိမ်း စောင့်ရှောက် ပေးကြသည်။ အမှတ်စဉ် တပ်ထားပေးသော ကတ်ပြားလေးများကို ဖိနပ်မှာ ကြိုးချည်ပေးသည်။ နံပါတ်တူကတ်ပြားကို ဧည့်သည်ကို ပေးလိုက်သည်။ အပြန်ကျတော့ ဒီကတ်ပြားပြပြီး ကိုယ့်ဖိနပ်ပြန်ရွေး။ ခုနောက်ပိုင်းကျတော့ ကြွပ်ကြွပ်အိတ်တွေနဲ့တောင် ထည့်သိမ်းပေး ထားသေး။

ဒီနေ့ ပြုလုပ်သည့် အလှူကတော့ လူနည်းနည်းပဲ ဖိတ်ထားလို့ ထင်၏။ ဖိနပ်စောင့်သိမ်းပေးမည့်လူ မရှိ။ ဒီမှာတွင်ပဲ ကိုကို့အဖို့ ပြဿနာ ဖြစ်ရတော့သည်။ ကိုကိုစီးလာသည့် ဖိနပ်က ကတ္တီပါခင်း၊ ကတ္တီပါကြိုးနှင့် အကောင်းစားဖြစ်၏။

ကျောင်းပေါ်တက်ခါနီး လှေကားရင်းမှာ ဖိနပ်ချွတ်ရသောအခါ ကိုကို အခက်တွေ့နေ၏။ သူ့ဖိနပ်ကို လုံခြုံစွာ ချွတ်ထားနိုင်မည့် နေရာကို အပူတပြင်း ရှာနေသည်။ ရှေ့ဦးစွာ အစွန်ဆုံးတစ်နေရာမှာ ချွတ်သည်။ ပြီးမှ စိတ်မချဟန်ဖြင့် ထောင့်တစ်နေရာကို ရွှေ့သည်။ လှေကားနှစ်ထစ်လောက် တက်ပြီးနောက် သူ့ဖိနပ်ရှိရာကို ငဲ့ကြည့် သည်။

သီးခြားချွတ်ထားသဖြင့် မြင်သာထင်သာဖြစ်နေတာကို သဘော မကျလို့လားမသိ။ ပြန်ဆင်းပြီး ဖိနပ်ကို ပထမဆုံးချွတ်ခဲ့သည့် နေရာသို့ ပြန်ရွှေ့သည်။

ဒီနောက်ပိုင်းမှာတော့ ကိုကို စိတ်ဖြောင့်ဖြောင့် မနေနိုင်တော့။



www.burmeseclassic.com

စားရင်းသောက်ရင်းလည်း လှေကားဘက် တစ်ချက်တစ်ချက် လှမ်းကြည့်သည်။ လူတစ်ယောက်ယောက် လှေကားမှ ဆင်းသွားလျှင် လှမ်းအကဲခတ်သည်။ ဖိနပ်ဆီမှာ စိတ်ရောက်နေသဖြင့် သူငယ်ချင်းတွေနှင့် စကားဝိုင်းဖွဲ့ပြောကြရာမှာတောင် အာရုံက သိပ်မဝင်စားနိုင်။ တစ်ခါတစ်ခါ သူများမေးတာ မကြားလိုက်မိလို့ ဒါလီက ဘာမေးနေတာလေဟု ပြန်ရှင်းပြရသည်။ ကိုကို စကားနည်းနေသဖြင့် သူငယ်ချင်းတွေက "မင်းတို့နှစ်ယောက် ရန်ဖြစ်လာကြလို့လား"ဟု မေးကြသေးသည်။

အကြောင်းသိသော သူငယ်ချင်းတစ်ယောက်က

"ဒါလီကတော့ ရန်ဖြစ်မှာ မဟုတ်ပါဘူး၊ ဖြစ်ခြင်းဖြစ်ရင် ဒီကောင်ကပဲ တစ်ဖက်သတ်ဖြစ်မှာ"ဟု ပြောသည်။ ကိုကိုက...

"မဟုတ်ပါဘူးကွာ၊ ဘတ်စကားပေါ်မှာ အဆင်မပြေတာတွေ့လာလို့ပါ"ဟု တကယ်မဟုတ်ဘဲ လွှဲချသည်။ ကိုကို သဝန်တိုတတ်မှန်းသိသော သူငယ်ချင်းတစ်ယောက်က ထပ်စပြန်၏။

"ဘာလဲ၊ ဘတ်စကားပေါ်မှာတုန်းက ဒါလီ့နားကို ကုလားကြီးတစ်ယောက် လာကပ်နေလို့လား"

ကိုကိုက ပြန်မဖြေဘဲ ပြုံးနေသည်။

ထိုအခိုက်တွင် အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် လူတစ်ယောက်သည် လှေကားမှ ဆင်းသွား၏။ ဖိနပ်တွေ ချွတ်ထားသည့် နေရာမှာရပ်ပြီး ဟိုဒီငုံ့ကြည့်နေသည်။ ကိုကို့မျက်လုံးတွေက စိုးရိမ်ဟန်ပြောင်းသွားပြီး ထိုသူ့ကို စောင့်ကြည့်နေသည်။ သူငယ်ချင်းတွေကြားမှာ မဆိုစလောက် ဣန္ဒြေပျက်သွားရတာကို ဝင်ထိန်းသည့် အနေဖြင့်...

"ကိုကို လက်ဖက်စားဦးလေ၊ ကြက်သွန်ကြော်လေးတွေက



www.burmeseclassic.com

ရှိနေတာပဲ”ဟု ဒါလီက အာရုံလွှဲလိုက်၏။

ခပ်နွမ်းနွမ်းလူလည်း ဖိနပ်တစ်ရံယူစီးပြီး ထွက်သွား၏။ ခဏအကြာတွင် ကိုကိုသည် တံတွေးသွားထွေးသလိုလိုလုပ်ရင်း သူ့ဖိနပ်ကို ရှိမရှိ မသိမသာ သွားစစ်ဆေးနေသေးသည်။ သူ့ဖိနပ်ရှိနေသေးကြောင်းကို စကားဝိုင်းထဲ ပြန်ဝင်ပြီး ရယ်ရယ်မောမော ပြောနေသည့် ကိုကို့အမူအရာကို ကြည့်၍ သိလိုက်ရ၏။

တရားနာနေတဲ့အချိန်မှာ ကိုကို့စိတ်အာရုံတွေ ဖိနပ်ဆီ ရောက်မနေပါစေနဲ့ဟူ၍ ဒါလီ ဆုတောင်းမိ၏။

*

အစ်မကြီးက ရယ်နေသည်။ ရယ်ရင်းကလည်း “ဟုတ်တယ် ဟုတ်တယ်”ဆိုပြီး ခေါင်းတညိတ်ညိတ် လုပ်၏။

“ဘာရယ်တာလဲ အစ်မကြီးက”

ဒါလီမေးတော့မှ…

“ဒီကောင်က အဲဒီလိုပဲ၊ သူ့ဖိနပ်ပျောက်မှာ၊ လမ်းသွားရင်း ဖိနပ်ပြတ်မှာ သိပ်ကြောက်တာ၊ ငယ်ငယ်တုန်းကဆို ပိုတောင်ဆိုးသေးတယ်၊ သူ့ဖိနပ်ဆိုရင် ပွန်းမှာပါးမှာ စိုးလို့ဆိုပြီး ဝှက်ထားတယ်၊ အပြင်သွားမှ ထုတ်စီးတယ်၊ အိမ်နေရင်းဆိုရင် သူများဖိနပ်တွေပဲ ယူယူစီးတယ်”

အစ်မကြီးက ရယ်ကာမောကာ ပြောနေ၏။ ဒါလီကတော့ တွေးပြီး စဉ်းစားနေ၏။ ကိုကိုဟာ ချူရိုစစ်လို့ခေါ်တဲ့ စိတ်ရောဂါ အနုစားတစ်မျိုးများ ဖြစ်နေတာလား။

*



www.burmeseclassic.com

www.burmeseclassic.com


ကိုကိုတို့အမေသည် အစ်မကြီးကို မွေးပြီးနောက် ကလေး သုံးယောက် ဆက်တိုက် အဖတ်မတင်ဖြစ်ခဲ့၏။ ပြီးမှ ကိုကို့ကို မွေး ခြင်းဖြစ်၏။ ထို့ကြောင့် အားလုံးက ကိုကို့ကို အစွမ်းကုန် ဂရုစိုက်ခဲ့ ကြသည်။ အဆုံးစွန်ထိ အလိုလိုက်ခဲ့ကြသည်။ ဒါတွင်မက အငယ် လည်းဖြစ် သားယောက်ျားလေးလည်းဖြစ်သဖြင့် အစစအရာရာ အရေးပေးခြင်း ခံရ၏။

အစ်မကြီးနှင့် ကိုကိုသည် အသက်ချင်း ဆယ်နှစ်လောက် ကွာနေသဖြင့် အစ်မကြီး၏ စောင့်ရှောက်မှုကိုလည်း ကိုကို ကောင်းစွာ ရခဲ့သည်။ အစ်မကြီးသည် အခွင့်အရေးမှန်သမျှကို ကိုကိုဖို့ချည်းပဲ ဖြစ်ခဲ့တာကို မကျေနပ် မဖြစ်ရုံမက သူကတောင် အားလုံးထဲမှာ အသည်းဆုံးဟု ဆိုလောက်သည်။ ရည်းစားတောင် မထားခဲ့ဘဲ၊ အိမ်ထောင်ပြုဖို့လည်း မစဉ်းစားဘဲ ကိုကို့ကို တစ်သက်လုံး စောင့်ရှောက် သွားမည့်ပုံ ပေါ်သည်။

ကိုကို သူ့ဘဝမှာ လိုတာရခဲ့သည်။ သူ့အတွက်သာ သူများ တွေက ဝိုင်းပြီး ဆောင်ရွက်ပေးကြရမည်။ သူ့အနေဖြင့် သူတစ်ပါး အတွက် ကြည့်စရာ မလိုဆိုသော အစွဲကိုလည်း ပူးတွဲရရှိခဲ့သည်။ ဒီလိုဖြစ်လာအောင် မိသားစုပတ်ဝန်းကျင်က ဝိုင်းဝန်းဖန်တီးပေးခဲ့ခြင်း ဖြစ်သည်ဟု အပြစ်ပုံချရမလား၊ ကိုကိုရဲ့ ဗီဇစိတ်ထဲမှာကော မွေးရာပါ မျိုးစေ့အဖြစ် ပါလာတာ မဖြစ်နိုင်ဘူးလား။

ဘာပဲဖြစ်ဖြစ် ကိုကိုသည် ပါရမီကံကောင်းသူသာ ဖြစ်၏။ သူငယ်ချင်းတွေကတောင် ကိုကို့အမူအကျင့်ကို သိကြပါလျက် အပြစ်ဟု မမြင်ဘဲ ရယ်စရာလို သဘောထားပြီး ခွင့်လွှတ်နိုင်ကြသည်။

ချစ်သူကျတော့ကော။ ဒါလီလို စိတ်ရှည်သည်းခံတတ်သော ရိုးရိုးအေးအေး မိန်းကလေးကိုမှ ရတတ်နိုင်ခဲ့၏။ ဒါလီကကော


www.burmeseclassic.com

ကိုကိုနှင့် ပတ်သက်၍ အစ်မကြီးလို၊ သူငယ်ချင်းတွေလို ခွင့်လွှတ်ရယ်မောလိုက်ရမှာလား။

*

ဒါလီက ပုဂ္ဂလိက စာရင်းကိုင်အဖွဲ့တစ်ခုမှာ အလုပ်သင်အဖြစ် ဝင်လုပ်နေသည်။ သူတို့အဖွဲ့သည် စီးပွားရေး လုပ်ငန်းအချို့မှ အပ်နှံသော စာရင်းအင်းနှင့် ပတ်သက်တာတွေ တာဝန်ယူရသည်။ အထူးသဖြင့် ဝင်ငွေခွန်နှင့် ပတ်သက်သော စာရင်းဇယားများကို ရေးဆွဲပြင်ဆင်ပေးရသည်။

ဒါလီ့တာဝန်က လိုအပ်လျှင် သက်ဆိုင်ရာ လုပ်ငန်းများသို့ သွားရောက် အချက်အလက်များ စုဆောင်းရခြင်း၊ မပြည့်စုံသော စာရင်းများကို ရှာဖွေထုတ်ရခြင်း၊ စနစ်တကျမရှိသော စာရင်းများ၊ ဝင်ငွေထွက်ငွေများကို ဘောင်ဝင်အောင် ပြန်လည်စိစစ်ပြင်ဆင်ပေးရခြင်းတို့ ဖြစ်၏။

ဒီအလုပ်က ဝင်ငွေကောင်းသည်ဟု မဆိုသော်လည်း အိမ်အသုံးစရိတ်ကို အထိုက်အလျောက် ခုမိကာမိရှိတာတော့ အမှန်ပဲ ဖြစ်၏။ မိဘကို အပြည့်အဝ လုပ်ကျွေးနိုင်ခြင်း မရှိသေးသည့်တိုင် နိုင်သလောက်ကူနိုင်သော အခြေအနေ ဖြစ်၏။

ကိုကိုကတော့ သင်္ဘောတစ်ခါလိုက်ဖူးသည်ဟု သိရ၏။ သုံးလလောက်အကြာမှာ ပြဿနာဖြစ်ပြီး ပြန်လာခဲ့ရသည်။ တခြားသင်္ဘောသားတွေက လူသစ်ဆိုပြီး ဝိုင်းညစ်ကြသောကြောင့် မခံချင်လို့ ပြန်လာတာဟု ကိုကိုက ဆို၏။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်မှ အဆင်ပြေနိုင်သော သင်္ဘောသားလောကမှာ ကိုကို့စရိုက်နှင့် မကိုက်ညီခဲ့ခြင်းသာ ဖြစ်နိုင်ဖို့ အလားအလာများသည်။



www.burmeseclassic.com

ကိုကို ပြန်ပါလာခဲ့သောငွေမှာ သင်္ဘောတက်ဖို့ ကုန်ကျခဲ့ရသော စရိတ်ကိုတောင် မကာမိ။ ဒီငွေကလည်း ကိုကို သူ့ဘာသာ သုံးပစ်လိုက်တာနှင့်ပဲ ကုန်ခဲ့ရသည်။

အစ်မကြီးကတော့ ကိုကို သူ့အတွက် ဝယ်လာသည့် နှစ်ဒေါ်လာတန် ခေါင်းစည်းပဝါလေး ရတာကိုပင် ဝမ်းသာလို့မဆုံး တရိတသေ သိမ်းထားခဲ့ပြီး ကိုကိုနှင့် ဒါလီတို့မင်္ဂလာဆောင်ကျလျှင် လက်ဖွဲ့မည်ဟု မကြာခဏ တဖွဖွ ပြောတတ်၏။

ကိုကိုသည် ရန်ကုန်ပြန်ရောက်ပြီးနောက် ဘာအလုပ်မှ မလုပ်တော့။ သင်္ဘောတစ်ခါလိုက်ဖူးသည်ဆိုသော ဂုဏ်တစ်ခုနှင့်ပင် ကျေနပ်နေတော့သည်။

ကိုကို့မိဘတွေက စင်ကာပူကို ရှိုးရျော့နှင့် ပို့ပေးဖို့ စီစဉ်ခဲ့သေးသည်။ ကိုကိုက စင်ကာပူတော့မသွားချင်။ ဂျပန်သွားရမှဟု ဆိုသည်။

ဂျပန်သွားဖို့ဆိုလျှင် သိန်းဆယ်ဂဏန်းလောက် လိုမည်။ ဒီလောက်ထိ မတတ်နိုင်ကြ။ လက်ရှိနေသော တိုက်ခန်းကိုရောင်းပြီး ပို့လျှင် ဖြစ်နိုင်သည်။ သူတို့ကတော့ တိုက်ခန်းငှားနေချင်နေ၊ ဒဂုံဘက် ပြောင်းချင်ပြောင်းနေမည်ဟု အစ်မကြီးက အကြံပြုသည်။ အမေက သဘောတူသည်။

အဖေကတော့ စဉ်းစားချင့်ချိန်နေသည်။ ကိုကို ဂျပန်က ငွေပြန်ပို့လိမ့်မည်ဆိုသော ကိစ္စမှာ သိပ်မျှော်လင့်စရာမရှိ။ တိုက်ခန်းရောင်းလို့ လောလောဆယ် အခြေပျက်သွားမှာစိုးသည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ အမေနှင့် အစ်မကြီးတို့ အကြံအစည်က အောင်မြင်ဖို့ အလားအလာက မဲသာနေ၏။

*



www.burmeseclassic.com

ဒီနေ့ ဒါလီ ဘုရင့်နောင်ပွဲရုံတွေဘက် သွားရမည်။ ပွဲရုံတစ်ခု၏ အမြတ်ခွန်ကိစ္စအတွက် နှစ်ချုပ်စာရင်းလုပ်ဖို့ အပ်ထားတာရှိသည်။ ဝင်ငွေထွက်ငွေတွေ စစ်ဆေးရမည်။

ထို့ကြောင့် မနက်စောစော ရေမိုးချိုး၊ ဝတ်စားပြင်ဆင်လိုက်သည်။ သွားခါနီး နာရီပတ်မယ်လုပ်တော့ နာရီကရပ်နေကြောင်း တွေ့ရ၏။

ဘယ့်နှယ်ဖြစ်ရပြန်တာလဲ။ ဝယ်တာမှ သုံးလတောင် မပြည့်ချင်သေး။

နာရီကို ဆလင်းဘက်ထဲ ထည့်ယူသွားလိုက်သည်။ ညနေပိုင်းကိစ္စပြီးတော့မှ မြို့ထဲသွား၊ ရုံးခန်းဝင်၊ စာရင်းဇယားတွေအပ်ပြီး နာရီဆိုင်ဘက် ထွက်လာခဲ့၏။

ဒီတစ်ခါတော့ ဆိုင်ရှင်ဦးလေးကြီးသည် ဒါလီ့ကို မမှတ်မိတော့။ ဆိုင်ရှေ့ရပ်လိုက်သောအခါ...

"ဘာလိုချင်လို့လဲ ကလေးမ၊ နာရီမျိုးစုံ ရှိပါတယ်၊ အော်တိုလား၊ ကွာဇ်လား"

ဒါလီက ဆလင်းဘက်ထဲက နာရီကို ထုတ်ပေးရင်း...

"ဟိုတစ်လောက ဒီဆိုင်က ဝယ်သွားတဲ့ နာရီ၊ ရပ်သွားလို့ပါ"

အာမခံကတ်ပြားကိုပါ မှန်ရှူးကေ့စ်ပေါ် တင်ပေးလိုက်သည်။ လူကြီးက အာမခံကတ်ပြားကို ယူကြည့်ပြီး ခေါင်းတစ်ချက် ညိတ်သည်။ နာရီကို နောက်မှာရှိသည့် နာရီပြင်ဆရာဆီ လှမ်းပေးသည်။ နာရီပြင်ဆရာက ခဏလေးဆိုပြီး ပြင်လက်စနာရီတစ်လုံးကို နောက်ဖုံးပြန်ပိတ်နေသည်။ ပြီးမှ ဒါလီ၏နာရီကို ယူကြည့်သည်။

နောက်ဖုံးကိုဖွင့်ပြီး သူ့ကိရိယာလေးနှင့် ထောက်ကြည့်သည်။ ပြီးတော့ ဘက်ထရီအားကုန်သွားတာဟု ပြော၏။ ဒါလီ့ဘက် လှည့်၍...



www.burmeseclassic.com

"ဘက်ထရီ ဘာအမျိုးအစား ထည့်မှာလဲ"

"ကျွန်မ မသိဘူး၊ သင့်တော်ရာပေါ့"

ဆိုင်ရှင်ကဝင်၍...

"ဒီလိုလေ ရိုးရိုးဘက်ထရီတွေပဲ ထည့်မယ်ဆိုရင် ရှစ်ဆယ်ကျမယ်၊ မီယိုတာဆိုရင် တစ်ရာ့လေးဆယ်၊ ဆိုနီတို့လို အကောင်းစားဆိုရင်တော့ နှစ်ရာ့ငါးဆယ်ကျမယ်"

"ဟင်... နာရီဝယ်တာ သုံးလလောက်ပဲ ရှိသေးတယ်၊ အာမခံ သက်တမ်းမှ မပြည့်သေးတာ"

ဒါလီက စောဒက တက်သည်။ ဆိုင်ရှင်က ခက်တော့တာပဲ ဆိုသော ပုံစံကြည့်ပြီးမှ...

"အာမခံကတ်ပြားပေါ်မှာ ရေးထားတာ သေသေချာချာ မဖတ်ဘူးထင်တယ်၊ ဒီမှာတွေ့လား ခြောက်လပျက်လျှင် လက်ခမဲ့ ပြုပြင်ပေးမည်၊ နာရီ၏ကြိုး၊ စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းနှင့် ဓာတ်ခဲတို့ကို မိမိစရိတ်ဖြင့် ဝယ်ယူရမည်တဲ့၊ ဒါကြောင့် ဓာတ်ခဲဖိုးတော့ ပေးရမယ်လေ၊ လဲထည့်ခတော့ မယူပါဘူး"

သြော်... သူတို့ အာမခံတယ်ဆိုတာက ဒီလိုကိုးဟု ဗဟုသုတ တစ်ခု တိုးရလေ၏။ ခြောက်လအတွင်း မပျက်စေရပါဟု အာမခံခြင်း မဟုတ်။ အကြိမ်နှစ်ဆယ်လောက် ပျက်ချင်လည်းပျက်မည်၊ အလကား ပြင်ပေးမည်၊ အဲ လဲထည့်ရသည့် ပစ္စည်းဖိုးတော့ ပေးရမည်ဆိုပဲ။

နာရီဝယ်တုန်းကပါလာသည့် စက်ပစ္စည်းများ ဓာတ်ခဲများ၏ ကောင်းခြင်း ညံ့ခြင်းသည် ကိုယ့်ကံနှင့် ကိုယ်မှာသာ တာဝန်ရှိသည်။

ခုပဲကြည့်။ နာရီထဲမှာ ပါလာသည့် ဓာတ်ခဲသည် ဝယ်ကတည်းက အားနည်းနေခဲ့ပြီ။ သုံးလအကြာမှာ ရပ်သွားသည်။ ဒါအာမခံသည့်



www.burmeseclassic.com

စာရင်းထဲမှာမပါ။ ဆိုင်က တာဝန်မယူ။ ထို့ကြောင့် ဒါလီသည် ခေတ်ခဲဖိုး တစ်ရာ့လေးဆယ် ပေးလိုက်ရ၏။

လက်ခမယူဘူးဆိုသော်လည်း လမ်းစရိတ်ကတော့ ကိုယ့်ဘာသာ ကျခံရမည်ဖြစ်၏။ တကယ်လို့ ဘတ်စကား နှစ်ဆင့်သုံးဆင့် စီးပြီး လာရမည့်သူဆိုလျှင် တစ်ခေါက်တည်းနှင့် ကိစ္စမပြတ်ဘဲ နာရီကို အပ်ထားခဲ့ပြီး နောက်တစ်ခေါက် ထပ်လာရွေးရဦးမည်ဆိုလျှင် လက်ခမပေးရတာနဲ့ မကာမိအောင် ကားခက ပိုကျနေဦးမည်။

နာရီပြင်တာကလည်း ဆေးရုံတက်ရသလိုပါပဲလားဟု တွေးမိ၏။

*

ဘတ်စကားကို ဂိတ်ဘက်အထိ အသွားလမ်းအတိုင်း တစ်ပတ်ပတ်စီးသဖြင့် နေရာရသည်။ ဒါလီတစ်ယောက်တည်းဆိုလျှင် မတ်တပ်ရပ်လိုက်ရလည်း ပြဿနာမရှိ။ ပတ်စီးခ ငွေငါးကျပ် သက်သာဖို့ အရေးကြီးသည်။

ကိုကိုလာကြို့တဲ့နေ့ဆိုလျှင်တော့ ထိုင်စရာ နေရာမရလို့မဖြစ်။ ကိုကိုက ကြာကြာမတ်တတ်ရပ်လျှင် ညကျတော့ ခြေထောက်တွေ ကိုက်သည်ဟု ဆို၏။ နေရာရပြန်တော့လည်း တစ်ယောက်တစ်ကွဲစီ ထိုင်ရလျှင် ကိုကို့မျက်နှာက မကြည်မသာ ဖြစ်ချင်သည်။

ဒီနေ့တော့ ကံကောင်းသည်။ ကားဂိတ်မရောက်ခင် လူအတော်များများ ဆင်းသွားကြသဖြင့် နှစ်ယောက်ခုံတန်းမှာ အတူတွဲထိုင်ခွင့် ရသွားသည်။ ကိုကိုက လေကောင်းလေသန့် မရလျှင် ခေါင်းမူး တတ်တယ်ဆိုပြီး ပြတင်းပေါက်ဘက်မှာ အမြဲထိုင်လေ့ရှိ၏။ ဒါလီက အတွင်းဘက်မှာ ထိုင်ရသည်။



www.burmeseclassic.com

ဂိတ်မှစထွက်ပြီး မှတ်တိုင်နှစ်ခုသုံးခုအလွန်မှာပင် ကားက လူကျပ်လာသည်။ ဒါလီ့ဘေးမှာ မိန်းမဝဝကြီးတစ်ယောက် ရပ်နေ၏။ လူတွေက တစ်ဖက်မှ တိုးသောအခါ မိန်းမကြီးလည်း ဒါလီ့ဘက် တိုးလာသည်။ သူ၏ ကြီးမားသော တင်ပါးကြီးသည် ဒါလီ့ပခုံးပေါ် အိကျ၏။ ဒါလီမှာ ထိုင်နေရင်းက ဝန်ထုပ်ကြီးကို ထမ်းထားရသလို ဖြစ်နေ၏။

ဒါလီက ပခုံးကို အနည်းငယ် ကျုံ့လိုက်သည်။ မိန်းမကြီး ကလည်း လိုက်၍ ရွေ့လာသည်။ ဒါလီက ကိုကို့ဘက်တိုးကပ်သည်။ ကိုကိုက ဘာမှမသိ။ ဒါလီ သူ့ဘက်လာတာကိုသာ ကျေနပ်နေပုံဖြင့် လှည့်ကြည့်ပြီး ပြုံးပြသည်။

နောက်တစ်မှတ်တိုင်တွင် ဆင်းသူတက်သူများကြောင့် မိန်းမ ကြီး နေရာရွေ့သဖြင့် ဒါလီ လွတ်လပ်သွားသည်။ ကိုကိုက ရွှေဆိုင် တွေဘက် လက်ညှိုးထိုးပြပြီး ရပ်မြင်သံကြားမှာ လာနေသည့် ရွှေဆိုင်ကြော်ငြာများအကြောင်း ပြောနေစဉ် ပခုံးကို လာအဖိခံရပြန်၏။

လှည့်ကြည့်လိုက်တော့ ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ယောက်။ အရင့်အမာ ဖြစ်ဟန်တူ၏။ သူ့ဗိုက်က ဒါလီ့ပခုံးပေါ် မေးတင်နေခြင်း ဖြစ်၏။ သူက ဒါလီ့ကို အားနာပြုံး ပြုံးပြသည်။ ဒါလီက ကိုယ်ကို အနည်းငယ် လွန့်လိုက်သောအခါ သူကလည်း ဗိုက်ကို ဒါလီ့ပခုံးပေါ်က လွတ်အောင် ခက်ခက်ခဲခဲ ကြိုးစားပြီး ရွှေ့ပေးရှာသည်။ မလွတ်တလွတ်။

ဒါလီ ကိုကို့ကို လှည့်ကြည့်လိုက်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက် ဘေးမှာ မသက်မသာ လာရပ်နေရတာကို ကိုကို့အနေဖြင့် နေရာဖယ်ပေးသင့်သည်။ သို့ရာတွင် ကိုကိုကမလှုပ်၊ သတိတောင် ထားမိပုံ မပေါ်။ ရှေ့ခုံမှာထိုင်နေသည့် လူကများ



www.burmeseclassic.com

ထပေးမလားလို့ မျှော်လင့်မိသေးသည်။ ထိုသူကလည်း ကိုယ်ဝန်ဆောင်ကို မကြည့်မိအောင် မျက်နှာလွှဲနေတာ တွေ့ရ၏။

ကားက မှတ်တိုင်တစ်ခုမှာ ဆောင့်ရပ်လိုက်သောအခါ ကိုယ်ဝန်ဆောင်၏ ဗိုက်သည် ဒါလီ့ပခုံးရိုးကို အရှိန်နှင့် ဖိမိသည်။ အင့်ကနဲ အသံထွက်လာ၏။ ကျွတ်ကျွတ်ဟု စုတ်သပ်လိုက်သော အသံကြားရသည်။

ဒါလီ နောက်ခုံကို လှည့်ကြည့်သည်။ ကလေးကို ပေါင်ပေါ်တင်ထားရသော မိန်းမတစ်ယောက်။ သူ့ဘေးမှာ လူလတ်ပိုင်းအရွယ်တစ်ယောက်။ ထိုသူက ထပေးချင်ဟန်တူသည်။ သို့ရာတွင် သူ့ပေါင်ပေါ်မှာကလည်း အတော်လေးပုံရသော အထုပ်ကြီးတစ်ထုပ်ရှိနေ၏။

"အစ်မ ဒီမှာထိုင်"

ဒါလီပြောပြီး ထရပ်ပေးလိုက်သည်။ ကိုယ်ဝန်နှင့် အမျိုးသမီးက ကျေးဇူးပါပဲဟု အသံတိမ်တိမ်ဖြင့် ပြောသည်။ ထို့နောက် တကယ်ပင် မဟန်နိုင်တော့သည့်ပုံဖြင့် ခွေယိုင်စွာ ထိုင်ချလိုက်သည်။ ထိုအခါ ကိုကို့လက်မောင်းပေါ်သို့ သူ့ကိုယ်အပေါ်ပိုင်းက အိကျသွား၏။

ကိုကိုသည် အပြင်ကို ငေးနေရာမှ ဒါလီ သူ့ကို မှီလိုက်သည်ဟု ထင်ပြီး ပြုံးယောင်ယောင် မျက်နှာထားဖြင့် လှည့်ကြည့်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးကို မြင်သောအခါ အံ့သြသွားပြီး ဒါလီ့ကို မျက်စိကစားရင်း ရှာသည်။ ဘေးမှာရပ်နေသော ဒါလီနှင့် မျက်လုံးချင်းဆုံ၏။ ဒါလီက ပြုံးပြလိုက်သည်။ ကိုကို့မျက်လုံးတွေက စူးစူးရဲရဲ စိုက်ကြည့်နေသည်။ ထို့နောက် ကိုယ်ဝန်ဆောင် အမျိုးသမီးကို မနှစ်မြို့သလို တစ်ချက် စောင်းကြည့်၏။

*

www.burmeseclassic.com

"ဒါ ကိုကို့ကို သက်သက်မဲ့ သိက္ခာကျအောင် လုပ်လိုက်တာ ပေါ့လေ"

ကားပေါ်မှာ အောင့်ထားသမျှ မှတ်တိုင်မှာဆင်းပြီး ခြေလှမ်းအစ မှာပင် ကိုကို့ထံမှ ပွင့်အန်ထွက်လာသည်။

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ဟို ဗိုက်ကြီးသည် မိန်းမကြီးကို ဒါလီက နေရာထပေးလိုက် တော့ ကိုကိုက ဘာဖြစ်သွားသလဲ"

ဒီလိုတော့လဲ တွေးတတ်သားပဲဆိုသော အသိဖြင့် ဒါလီ ပြုံးသည်။ ကိုကိုက သူ့ဘာသာ စကားဆက်သည်။

"ကိုကိုက လူမှုရေး မသိတတ်တဲ့လူ၊ တစ်ဖက်သားကို မညှာတာတတ်တဲ့လူ၊ ဒါလို့လောက်တောင် အကြင်နာတရား မရှိတဲ့ လူလို့ ထင်စရာ ဖြစ်မသွားဘူးလား"

တွေးကြည့်လျှင်တော့ ဒီလိုဖြစ်သွားတာ အမှန်ပဲ။ ကိုကိုကကော ဒီလိုအသိမျိုး ရှိလျက်နဲ့ ဘာကြောင့် အားနွဲ့သူတစ်ယောက်ကို မကူညီဘဲ လစ်လျူရှုခဲ့ရတာလဲ။

"ခုလိုဖြစ်အောင် ဒါလီက တမင်လုပ်တာ မဟုတ်လား"

ကိုကိုက စွပ်စွဲသည်။ ဒါလီ ခေါင်းခါပြီး...

"မဟုတ်ပါဘူး၊ ဒါလီက မိန်းမချင်း ကိုယ်ချင်းစာမိလို့ပါ"

"ဘာ ကိုယ်ချင်းစာရအောင် ဒါလီက ဗိုက်ကြီးဖူးလို့လား"

ဒါလီ ရယ်မိမလိုတောင် ဖြစ်သွား၏။

"ဒါလီ မကြီးဖူးပေမဲ့ မေမေတို့ ကြီးဖူးတယ်လေ၊ ဒါလီ့ကို မွေးတုန်းကပေါ့၊ ကိုကို့မေမေလည်း ကိုယ်ဝန်ဆောင်ခဲ့ဖူးတာပေါ့၊ ဒါကြောင့် မိခင်ချင်း ကိုယ်ချင်းစာကြည့်လို့ရတာပဲ"

"အဲဒီမိန်းမက အမေအရွယ်မှ မဟုတ်ဘဲ"

ဟု ကိုကိုကတ်သတ်ပြီး ပြော၏။



www.burmeseclassic.com

တကယ်ဆိုလျှင် ကိုကိုသတိမမူမိခဲ့သော ကိစ္စတစ်ခု ရှိ၏။ ဟိုအမျိုးသမီးကို ဒါလီက နေရာဖယ်ပေးလိုက်ပြီး မတ်တတ်ရပ်နေတာ ကိုကို မြင်သားပဲ၊ ဒီအခါမှာ ကိုကိုက ဒါလီ့ကို သူ့နေရာ ပြန်ဖယ်ပေးလိုက်လျှင် အားလုံး အဆင်ပြေသွားမှာပဲ။ ဒါမျိုးကျတော့ မေ့နေတတ်ပြီး အလိုက်ကန်းဆိုးမသိ ဆက်ထိုင်နေခဲ့တာကျတော့ကော။ ချစ်သူကို မညှာတာတတ်သူအဖြစ် ဒါလီကတောင် ပြန်စိတ်ကောက်သင့်သေးသည်။

သို့တိုင်အောင် ကိုကိုဆက်ပြောသည့် စကားကြောင့် စိတ်ကောက်ဖို့တောင် ခက်သွားသည်။

"ဒါလီ စဉ်းစားကြည့်၊ ကိုကိုတို့မှာ အမြဲတွေ့ရတာ မဟုတ်ဘူး၊ ဒါလီ့မှာ အလုပ်မအားရတာနဲ့ ဘာနဲ့၊ ပြီးတော့ ခုလို ဘတ်စကားပေါ်မှာ နှစ်ယောက်တွဲထိုင်ခွင့် ရဖို့ဆိုတာ ကြုံတောင့်ကြုံခဲပဲ၊ ကိုယ့်ချစ်သူနဲ့ပဲ အတူတူ ထိုင်ချင်တာပေါ့၊ ချွေးတွေသံတွေ ရွှဲနေတဲ့ ဗိုက်ကြီးသည်မကြီးနဲ့ ဘယ်သူက ထိုင်ချင်ပါ့မလဲ"

ကိုကို သည်းတတ်တာ ဒါလီသိသည်။ ချစ်လို့ အဖြစ်သည်းတာဆိုတာလည်း သဘောပေါက်သည်။ ဒါကိုတော့ ဒါလီ ကျေနပ်လက်ခံချင်သည်။ အင်းလေ ဒါမျိုးလေးတွေလည်း ရှိဦးမှပါပဲပေါ့။

ထိုစဉ်မှာ မိုးဖွဲလေးတွေ ကျလာသည်။ ကိုကို ထီးမပါ၊ ဒါလီက သူ့ထီးကိုဖွင့်ပြီး နှစ်ယောက်အတူတူ ဆောင်းသည်။ မိုးက ထပ်သည်းလာပြန်၏။ ကိုကိုက ထီးအရိုးကို လှမ်းကိုင်သည်။ အမယ် ထီးကိုင်ပေးဖော်တော့ ရသားပဲဟု ဒါလီ အမှတ်ပေးမိ၏။

တကယ်တော့ ဒီလိုမဟုတ်။ လေက ကိုကို့ဘက်က တိုက်နေသောကြောင့် သူ့ကိုယ်ကို ပို၍ မိုးလုံအောင် ထီးကို သူ့ဘက်ဆွဲငိုက်လိုက်ခြင်းသာ ဖြစ်လေ၏။



www.burmeseclassic.com

တိုက်ခတ်နေသော မိုးသက်လေကို ပြိုင်နိုင်မှာ မဟုတ်မှန်း သိသဖြင့် ဒါလီ သက်ပြင်းတစ်ချက်ကို မှုတ်မထုတ်ဖြစ်တော့။

*

နာရီဆိုင်သို့ နောက်တစ်ခေါက် ရောက်ရပြန်ပြီ။

ဟိုတစ်ရက်က ကိုကိုနှင့်အတူ ပြန်လာရင်း မိုးမိသည်။ ထီးကို ကိုကို့ဘက်လုံအောင် ကာလိုက်သဖြင့် ဒါလီ့ကိုယ်တစ်ခြမ်း မိုးစိုသွားသည်။ နာရီကိုပါ စိုကုန်ကြောင်း သတိမထားလိုက်မိ။ နောက်တစ်နေ့မနက်ကျမှ နာရီမှန်မှာ ရေငွေ့တွေရိုက်နေတာ တွေ့ရ၏။

နေပူထဲပြထားလိုက်တော့ ရေငွေ့ပြန်စင်သွားသည်။ နာရီကလည်း ဆက်သွားနေသဖြင့် အမှတ်တမဲ့ နေလိုက်မိ၏။ သုံးလေးရက်အကြာမှာတော့ နာရီရပ်သွားသည်။

ကံကောင်းတယ်ဆိုရမလား၊ အချိန်မီကလေးပဲ အာမခံသက်တမ်း မကုန်ခင် ရက်ပိုင်းအလိုမှာ ဖြစ်၏။

"မိုးမိသွားတယ် ထင်တယ်၊ ရေငွေ့ရိုက်လို့ ကွိုင်ထဲကို ရှော့ ဝင်သွားတာ၊ ဘက်ထရီဘာမှ မဖြစ်တာ တော်သေးတယ်၊ ကွိုင်လဲ ရမယ်"

နာရီပြင်ဆရာက ပြော၏။ ဆိုင်ရှင်က

"ထားခဲ့လိုက်လေ၊ တနင်္လာနေ့လောက် လာယူပေါ့၊ အာမခံ ရက်မကုန်သေးတော့ လက်ခပေးစရာ မလိုဘူး၊ ကွိုင်အတွက်တော့ တစ်ရာ့အစိတ်ကျမယ်"

နာရီ၏ ကျောဖုံးပေါ်မှာ "ဝေါတားရီးစစ္စတင့်"ဟု စာလုံး ထွင်းထားတာပါသည်။ ရေလုံတယ်၊ ရေစိမ်ခံတယ်ပေါ့။ ခုတိုင်းဆို ရေစိုတော့ခံတယ်၊ မိုးစိုတာတော့ မပြောတတ်ဘူးဟု ဆိုရမလို



www.burmeseclassic.com

ဖြစ်နေပြီ။ ပြီးတော့ နာရီဆိုင်ကပေးခဲ့သည့် အာမခံစာရင်းထဲမှာ မိုးစိုတဲ့ကိစ္စမပါ။

ဒါလီ တစ်ရာ့အစိတ် ထပ်ကုန်သွားသည်။ ခြောက်လအတွင်း ဒီနာရီအတွက် ထပ်ကုန်ကျရတာ လမ်းစရိတ်မပါ၊ သုံးရာနီးပါးရှိနေပြီ။

ဒီနာရီကို ဒါလီ စိတ်ကုန်စ ပြုလာ၏။

*

သီးသန့် အထူးခန်းမဟုတ်သည့်တိုင် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိ၏။ ခုတင်လေးလုံးနှင့် တစ်ကန့်ကန့်ထားသည်။ သီးခြားကာရန်ထားတာတော့ မဟုတ်။ မတ်တတ်ရပ်ကြည့်လျှင် တခြားဘက်က အကန့်တွေကို လှမ်းမြင်နိုင်သည်။ လူနာအနေဖြင့် ခုတင်ပေါ် လဲလျောင်းနေလျှင်တော့ တခြားအကန့်တွေကို မမြင်နိုင်။ ခါးစောင်းသာသာလောက် အမြင့်ထိသာ ကာရန်ထားခြင်း ဖြစ်၏။

ဒီတော့ သီးသီးသန့်သန့်လည်းရှိ၊ လေဝင်လေထွက်လည်း ကောင်း၊ တခြားနေရာများနှင့်လည်း အဆက်အသွယ် မပြတ်နိုင်။ ပြီးတော့ လူနာတိုင်းသည် ထောင့်ခုတင်ချည်းလို ဖြစ်သဖြင့် လွတ်လပ်မှုလည်း ရှိ၏။ ဆေးရုံတည်ဆောက်ထားပုံ စနစ်ကို ဒါလီ သဘောကျမိ၏။ ခန်းမကျယ်ကြီးထဲမှာ လူနာခုတင်တွေ တန်းစီပြီး ထားတာထက် ပိုပြီး အဆင်ပြေသည်ဟု ဆိုရမည်။

လူနာက ကျောက်ကပ်ခွဲထုတ်ထားခြင်း ဖြစ်၏။ အခြေအနေ အားလုံးကောင်းသည်။ သို့တိုင်အောင် သူ့ကိုယ်သူ သိပ်မကောင်းသေးဟု ထင်နေသည်။ ဒါလီ့လက်ကိုကိုင်ပြီး…

"အန်တီ မကြောက်ပါဘူးကွယ်၊ တစ်ခုခုဖြစ်ခဲ့ရင်လည်း ကံတရားလို့ နှလုံးသွင်းနိုင်ပါတယ်"



www.burmeseclassic.com

"အန်တီက မဆိုင်တာတွေ တွေးပူနေတာကိုး၊ အားလုံးကောင်း ပါတယ်လို့ ဆရာဝန်ကြီးကိုယ်တိုင်က ပြောသွားပဲ"

ဒါလီက ပြန်ရှင်းသည်။ ကိုကိုကတော့ ဘာမှ ဝင်မပြောဘဲ ခုတင်ခြေရင်းဘက်မှာရပ်ပြီး ဟိုကြည့်ဒီကြည့် လုပ်နေ၏။

"ဟုတ်တယ် မဟုတ်လား"

ဟု ဒါလီက ထောက်ခံချက် လှမ်းတောင်းသောအခါ စိတ် မပါ့တပါဟန်ဖြင့် ခေါင်းညိတ်သည်။

"ဒါဆို ခွဲထားတဲ့ဒဏ်ရာက ဘာဖြစ်လို့ ခုထိ အနာမကျက် သေးတာလဲ" အန်တီက စောဒက တက်သည်။ ဒါလီက...

"အန်တီက အစာမှသိပ်မစားဘဲ အာဟာရဖြစ်အောင် များများ စားမှ အနာမြန်မြန်ကျက်မှာပေါ့"

"အင်း အဲဒါကိုလည်း ဘဝင်မကျဘူး၊ ဆရာဝန်ကြီးက စားချင်တာ စားလို့ရတယ်ပြောတယ်၊ အဲဒီစကားကိုက တစ်မျိုးကြီးပဲ၊ ဒီလောက် ခွဲစိတ်ထားတာ အရမ်းစားလို့ ဖြစ်မလား"

"ဩော်... အန်တီရယ်၊ တွေ့ကရာတွေစားဖို့ ပြောတာမှ မဟုတ်ဘဲ၊ လူနာတစ်ယောက်နဲ့ သင့်တော်တဲ့ဟာ မှန်သမျှ စားလို့ရတာ ကို ပြောတာ"

ဒါလီက ချော့ချော့မော့မော့ ပြောသည်။

"အန်တီကလည်းဗျာ ဆရာဝန်ကြီးကိုယ်တိုင်က အားလုံး ကောင်းပါတယ်လို့ ပြောနေတာကို သက်သက် ဂျီကျနေတယ်၊ မကောင်း အောင်ဘဲ ပြန်လုပ်ပေးရမလို ဖြစ်နေပြီ"

ကိုကိုက စိတ်မရှည်ဟန်ဖြင့် ဝင်ပြောသည်။ ကိုကိုပြန်ချင်နေပြီ မှန်း ဒါလီ သိ၏။ စကားက ဖြတ်လို့မရသေး။



www.burmeseclassic.com

"အန်တီမယုံရင် အာဟာရဖြစ်တာတွေ ကောင်းကောင်းစား၊ စိတ်အေးအေးထားပြီး အနားယူကြည့်၊ ခဏလေးနဲ့ အနာကျက်သွားမယ်၊ ဒါဆို ဆေးရုံက မြန်မြန်ဆင်းလို့ရတာပေါ့"

ဟု ဆက်ပြီး နှစ်သိမ့်နေရသေးသည်။ ကိုကိုသည် ဆက်ပြီး သည်းမခံနိုင်တော့ဘဲ

"ဆင်ဝင်အောက်က စောင့်နေမယ်"

ဟုပြောပြီး ဆင်းသွား၏။ ထိုစကားသည် လူနာကိုပါ တစ်ခါတည်း နှုတ်ဆက်သွားသည့် သဘောဆောင်သည်။ သွားဦးမယ် ဆိုတာမျိုးတောင် ပြောမသွား။ တကယ်ဆိုလျှင် လက်ဖက်ရည် သွားသောက်လိုက်ဦးမယ်ဆိုတာမျိုး စကားလှအောင် ပြောသင့်သည်။ အန်တီကတော့ ကိုကို့အကြောင်း သိပြီးသားမို့လို့ ထင်၏။ တစ်ချက် မျက်စောင်းထိုးကြည့်ရုံကလွဲ၍ ဘာမှ မဖြစ်သလို နေလိုက်၏။

ဒါလီလည်း အခွင့်အရေးရတုန်း သူယူလာခဲ့သည့် ကြက်ဥပေါင်းကို ချော့မော့ပြီး ရအောင်ကျွေးခဲ့ရ၏။

အန်တီ့ကို နှုတ်ဆက်ပြီး ဆင်းလာတော့ ဆေးရုံဆင်ဝင်အောက်မှာ စီးကရက်ခဲရင်း မှုန်တေတေ ရပ်စောင့်နေသော ကိုကို့ကို တွေ့ရ၏။ ဆေးရုံဝင်းအပြင်သို့ လျှောက်ထွက်လာရင်း ကိုကို စကားစသည်။

"ကြာလိုက်တာကွာ၊ ဘာလုပ်နေတာလဲ"

"ကြက်ဥပေါင်း ကျွေးနေတာပါ၊ စိတ်ရှည်လက်ရှည် ကျွေးတော့လည်း ကုန်အောင် စားသားပဲ"

"အလကားပါ၊ သက်သက် ဂျီဂျောင် လုပ်နေတာ"

"လူနာဆိုတာ ဒီလိုပေါ့ကိုကိုရယ်၊ ဝေဒနာခံစားရတဲ့ ကာလမှာ စိတ်မကြည်မသာ ရှိတတ်တာပဲပေါ့"



www.burmeseclassic.com

"သူက ပိုလွန်းပါတယ်၊ ဒီကြားထဲ ဒါလီကလည်း စကားတွေ အရှည်ကြီး လျှောက်ပြောနေတယ်၊ ပြန်ဖို့မျက်နှာရိပ် မျက်နှာကဲပြတာလည်း မရဘူး၊ အဲဒီဆေးရုံနံ့ကြီးကို ကိုကိုမကြိုက်မှန်းလည်း သိရဲ့သားနဲ့၊ ပြီးတော့ ဟိုဘက်ခုတင်က မိန်းမကြီးကလည်း တစ်ချိန်လုံး ညည်းနေတာပဲ၊ ခုတင်အောက်က ပုလင်းထဲကို ဆီးတွေ တစ်စက်စက် ကျနေတာကလည်း အော်ဂလီဆန်ဖို့ ကောင်းတယ်၊ ဒါလီမို့ အဲဒီ နေရာမျိုးမှာ အချိန်ဖြုန်းနေနိုင်တယ်၊ အင်းလျားကန်စပ်မှာ လေညှင်းခံနေတယ်များ မှတ်နေသလား မသိဘူး"

ကိုကိုက မကျေမနပ်ပြောရင်း လက်ထဲက စီးကရက်တိုကို မြေပေါ်သို့ ဆောင့်ကြီးအောင့်ကြီး ပစ်ပေါက်လိုက်၏။ ဒါလီ့အနေဖြင့် ကိုကို မေ့လျော့နေသည့် အချက်ကို မပြောလို့မဖြစ်တော့။

"နေပါဦး ကိုကိုရဲ့၊ ဒါလီ တစ်ခုမေးပါရစေဦး၊ အန်တီနဲ့ ဒါလီက ဘာတော်လို့လဲ၊ ဘာမှ တော်တာမဟုတ်ဘူး၊ ဒါလီ့အနေနဲ့ ခပ်ကင်းကင်း နေမယ်ဆို အနေသာကြီးပဲ၊ အန်တီဟာ ကိုကိုရဲ့ အဒေါ်အရင်းကြီးဆိုတာလည်း သတိထားပါဦး"

ဒီတော့မှ ကိုကို တွေသွားသည်။ ဒါလီပြောတာ တရားနည်းလမ်း ကျနေသဖြင့် ဘာမှ တုံ့ပြန်ဖို့ မဖြစ်နိုင်တော့။ တူအရင်းက ခုလိုဖြစ်နေတာ သဘာဝမကျမှန်း သဘောပေါက်သွားသည်။

"ဒါတော့ ဒါပေါ့"

ဟု မရေမရာ ပြောသည်။ ဒါလီက ထုံးစံအတိုင်းအနိုင်ရသည့်တိုင် အသာစီးမယူချင်။ ကိုကို့ကို ထွက်ပေါက်ပေးသည့် အနေဖြင့်…

"ကဲ… ကိုကိုလည်း စောင့်ရတာကြာလို့ ဆာနေရောပေါ့၊ တစ်ခုခု စားကြရအောင်"

ကိုကိုက ခေါင်းခါပြီး…



www.burmeseclassic.com

"တော်ပါပြီ၊ အဲဒီအနံ့တွေရှူ၊ အဲဒီဟာတွေမြင်ပြီး ဘာမှ စားချင်စိတ်တောင် မရှိတော့ဘူး"

ကိုကိုပြောသလိုသာဖြင့် ဆေးရုံက ဆရာဝန်တွေ သူနာပြုတွေ မှန်သမျှ အာဟာရပြတ်ပြီး ပိန်ချုံးချည့်နဲ့ကုန်ဖို့သာ ရှိတော့သည်။

*

ဒါလီ့နာရီအိမ်က ရွှေရောင်ဖြစ်၏။ စဝယ်တုန်းကတော့ ဝင်းလက်ပြီး တော်တော်လှသည်။ သုံးလလောက်ကြာတော့ ရွှေရောင် နည်းနည်း မှိန်လာသည်။ နောက် တဖြည်းဖြည်း အရောင်တွေ ကွက်လာသည်။ ကြေးရောင်လိုလို၊ ခဲရောင်လိုလို မညီမညာ ဖြစ်လာ၏။

မှန်ကလည်း ပလပ်စတစ်မို့လား မသိ။ တဖြည်းဖြည်း မှုန်မှိုင်းမှိုင်း ဖြစ်လာ၏။ ဟိုတစ်ခါမိုးမိ၍ ရေငွေ့ရိုက်ပြီးနောက်ပိုင်း ဒိုင်ခွက်ပေါ်မှာ အညိုတက်သလို အကွက်အပြောက်တွေ ပေါ်လာသည်။ နာရီအိမ်ဘေးဘက် တစ်လျှောက်မှာ ပြုပ်တွေထလာသည်။ အထူးသဖြင့် လက်ကောက်ဝတ်အသားနှင့် ထိစပ်နေသော နာရီအောက်ပိုင်း အဖုံး၏ ဘေးပတ်လည်နှင့် နဖားနေရာများမှာ ချွေးနှင့် သနပ်ခါးတို့ကြောင့် ထင်၏။ အက်စစ်နှင့် စားထားသလို အပေါက်တွေ အချိုင့်တွေ ဖြစ်နေ၏။

နာရီက တစ်နှစ်ပြည့်အောင်တောင် မပတ်ရသေးသော်လည်း နှစ်ပေါင်းများစွာ ကြာခဲ့သလို ဟောင်းနွမ်းပြီး ရုပ်မထွက်တော့ဘဲ အကြည့်ရဆိုးနေသည်။ ပြီးတော့ နှလုံးရောဂါသည် တစ်ယောက်လို ဘယ်တော့ အသက်ရှူရပ်သွားမလဲလို့ တထိတ်ထိတ် စောင့်ကြည့်ရ လောက်အောင် ချူချာလှသည်။

*



www.burmeseclassic.com

ကိုကိုကကော ဘာထူးလို့လဲ။ ကိုကိုနဲ့ချစ်ရတာ အမြဲလို စိတ်တထင့်ထင့် ရှိရ၏။ သူ့မှ သူ့အချိုးအတိုင်း ဆက်လက်ရှိနေဆဲ။

ဒါလီက ကိုကို့အတွက် မွေးနေ့လက်ဆောင် ပုဆိုးတစ်ထည် ဝယ်ပေးခဲ့သည်။ တကယ်တော့ ကိုယ့်ချစ်သူကို တီဗီမှာ အကြီးအကျယ် ကြော်ငြာနေသည့် စပါယ်ရှယ် ပိုးတွဲပုဆိုးကို ဝယ်ပေးချင်တာပေါ့။ ဒါပေမဲ့ ပိုးတွဲအကောင်းစား တစ်ထည်ဈေးက ဒါလီ့လခ တစ်ဝက်လောက် ရှိနိုင်သည်။

ဒီတော့ ကိုယ်တတ်နိုင်တာကိုပဲ ဝယ်ရသည်။ လူသိထင်ရှားသော တံဆိပ်မဟုတ်သည့် ရိုးရိုးချည်ချောပုဆိုး ဖြစ်၏။ လုံချည်ဆိုင်က သူတို့အမျိုး ရက်ကန်းရုံတစ်ခုက တစ်နိုင်ရက်ခြင်းဖြစ်ကြောင်း၊ ဆေးရောင်အာမခံကြောင်း ပြောသည်။ ဈေးကလည်း လေးရာကျော်မို့ တန်သည်ဆိုရမည်။

ကိုကိုက ဖြူဖြူသွယ်သွယ်မို့ အကွက်စိပ်ကလေးနှင့် လိုက်သည်ဆိုပြီး ရွေးလိုက်၏။

"ရော့ ကိုကို့အတွက် မွေးနေ့လက်ဆောင်"

ဒါလီက ပက်ကင်ပေပါနှင့် သေသေချာချာ ထုပ်ထားသော ပုဆိုးလေးကို ပေးလိုက်၏။ ထို့နောက် ကိုကို အထုပ်ဖောက်နေတာကို ကြည်နူးစွာ စောင့်ကြည့်နေလိုက်၏။ ကိုကိုက ပုဆိုးကိုထုတ်ပြီး ကြည့်သည်။

"တံဆိပ်ကတော့ အသစ်ပဲ၊ တစ်ခါမှ မကြားဖူးသေးဘူး"

ဟုပြော၏။ ဒါလီက...

"ဟုတ်တယ် ကိုကိုရဲ့၊ ရက်ကန်းစက်ကနေ ဆိုင်ကို တိုက်ရိုက် လာသွင်းတာတဲ့၊ ကိုကို ကြိုက်ရဲ့လား"

"အင်း... ကောင်းပါတယ်"



www.burmeseclassic.com

ဆိုပြီးမှ ဆက်၍...

“အရောင်က နည်းနည်းတော့ မှိုင်းသွားတယ်နော်၊ အညိုများသွားလို့ ထင်တယ်”ဟု ပြော၏။

အဲဒါ ကိုကိုပဲလေ။ တကယ်ဆိုလျှင် ကိုယ့်ချစ်သူက မွေးနေ့လက်ဆောင် ပေးတာပဲ၊ ချွတ်ယွင်းချက် ရှိနေခဲ့လျှင်တောင် ပေးရတဲ့လူစိတ်ချမ်းသာအောင် ဖေးဖေးမမ ပြောသင့်တာပေါ့။ ဒါကိုပဲ ပွင့်လင်းရိုးသားတတ်သူဟု ကြံဖန်ဂုဏ်ယူရကောင်းလေမလား။

ကိုကိုကတော့ ပုဆိုးမှာ ချည်ကျော်ပါမပါ မသိမသာဖြန့်၍ စစ်ဆေးနေရင်းက...

“ဟို... ဒါနဲ့ ဒါလီ့မွေးနေ့ကကော ဘယ်တော့လဲ၊ အဲ... ကိုကိုက ကိုယ့်မွေးနေ့တောင် အခု ဒါလီပြောမှ သတိပြုမိတာဆိုတော့”

“ဒါလီ့မွေးနေ့က နှစ်လလောက်တောင် လွန်လာခဲ့ပြီလေ”

ဒါလီက ဘာမှ အရေးမကြီးသလို လေသံမျိုးဖြစ်အောင် ခပ်ပေါ့ပေါ့ ပြောပေးလိုက်၏။ တော်ပါသေးရဲ့ဆိုသော စိတ်သက်သာရာရသွားဟန် ကိုကို့မျက်နှာပေါ်မှာ ဖြတ်ခနဲ ထင်ဟပ်သွားတာကို ဒါလီရိပ်မိလိုက်တာတော့ ဘာမှ မတတ်နိုင်။

*

ကိုကိုနှင့်အတူ ရုပ်ရှင်ကြည့်ဖို့ ချိန်းသည်။ ချိန်းထားသည့်နေရာကို ဒါလီက အရင်ရောက်သည်။ ကိုကိုက ဆယ်မိနစ်လောက် နောက်ကျနေ၏။ ဒါမျိုး မကြာခဏ ဖြစ်တတ်သဖြင့် ဒါလီ့အဖို့ ရိုးနေပြီ။ ရုပ်ရှင်ချိန်နီးသဖြင့် ခပ်သွက်သွက် လျှောက်ကြသည်။

တစ်နေရာမှာ ဒါလီ ဆတ်ခနဲ ရပ်လိုက်သည်။ ကိုကိုက...

“ဘာဖြစ်လို့လဲ”



www.burmeseclassic.com

ဟုမေးသည်။ သုံးလေးနှစ်အရွယ် ကလေးငယ်တစ်ယောက် လမ်းဘေးမှာ ယောင်ချာချာရပ်ရင်း ငိုနေသည်။ ဒါလီက သူ့ဆီ လျှောက်သွား၏။ ရှေ့မှာ ဆောင့်ကြောင့်ထိုင်ချပြီး...

"သား ဘာဖြစ်လို့ ငိုတာလဲ"

မေးသည်။ ကလေးက ပြန်မဖြေဘဲ "အမေ... အမေ"ဟူ၍သာ တတွတ်တွတ်ရွတ်ရင်း ငိုနေသည်။ ကိုကိုက ဘေးမှာလာရပ်ရင်း...

"ဘာဖြစ်ရပြန်တာလဲ"

ဟုမေးသည်။ ဒါလီက မော့ကြည့်ပြီး...

"ဒီကလေး သူ့အမေနဲ့ လူချင်းကွဲလာတာ ထင်တယ်၊ အဲဒါ..."

"သူ့အမေလိုက်ရှာမှာပေါ့၊ ဒီမှာ အချိန်မရှိတော့ဘူး"

"ဘယ်ဖြစ်မလဲ တော်ကြာ မသမာတဲ့လူက ညာခေါ်သွားရင်"

ကိုကိုက စိတ်မရှည်သလို စုတ်သပ်လိုက်၏။ ထိုစဉ်မှာ အမျိုးသမီးတစ်ဦး သုတ်သီးသုတ်ပျာ ရောက်လာပြီး...

"သား သား အမယ်လေး တော်ပါသေးရဲ့"

ဆိုပြီး ကလေးကို လာပွေ့ချီသည်။ ဒါလီ့ကိုကြည့်၍...

"ကျွန်မ ပစ္စည်းဝယ်နေတုန်း လှစ်ခနဲ ထွက်သွားတာ မမြင်လိုက်ဘူး၊ ကျေးဇူးပဲ"

ဟုပြောပြီး ထွက်သွား၏။ ကိုကိုက...

"ကလေးအမေလုပ်နေပြီး ကိုယ့်ကလေး ဘယ်ရောက်လို့ ရောက်မှန်းတောင် မသိဘူး၊ တော်တော်ခက်တယ်"

ပြောရင်း နာရီကိုကြည့်၍...



www.burmeseclassic.com

“ရုပ်ရှင်တောင် စပြနေပြီ၊ ဒါလီလုပ်တာနဲ့ ဇာတ်ကားအစပိုင်း မိမှာမဟုတ်တော့ဘူး”

ဆိုပြီး ခပ်သုတ်သုတ် လျှောက်သည်။ သူ့ခြေလှမ်းကိုမီအောင် ဒါလီ မနည်းလိုက်ရ၏။

“ဒါလီက ကိုယ်နဲ့မဆိုင်တာကို တော်တော် လုပ်ချင်တယ်၊ ကိုယ့်ကိုယ်ကို ပေါ်လီယာနာများ အောက်မေ့နေလား”

ဟု သွားရင်းကပင် မကျေမနပ် ရေရွတ်ပြောဆိုနေသေးသည်။ အရေးထဲ လမ်းပေါ်မှာ ဖရဲသီးအခွံ တစ်ခုကျနေတာ ဒါလီ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ သူများတွေ မတော်လို့ တက်နင်းမိလျှင် ချော်လဲနိုင်သဖြင့် ကောက်ယူပြီး လွတ်ရာကျွတ်ရာ ပစ်လိုက်ချင်သည်။ သို့ရာတွင် ကိုကိုက “စည်ပင်သာယာ ဝင်စားတာလား”ဟု ခနဲ့နေဦးမှာ စိုးသဖြင့် လမ်းဘေးရောက်အောင် ခြေထောက်နှင့်ပင် ခတ်ပစ်ခဲ့ရ၏။

*

ကိုကိုနှင့် ပတ်သက်၍ ဒါလီက အသေးအဖွဲတွေကို အထအန ကောက်တတ်တာပဲဟု ဆိုကောင်းဆိုနိုင်သည်။ သို့ရာတွင် လူ့လောကမှာ ကြီးမားသော အကြောင်းကိစ္စဆိုတာက တစ်ခါတစ်ရံမှ ကြုံတတ်တာ ဖြစ်၏။ အသေးအဖွဲ အဖြစ်အပျက်ကလေးတွေကသာ နေ့စဉ်နေ့တိုင်း ရင်ဆိုင်ဖြတ်သန်းနေရခြင်း ဖြစ်၏။ အသေးအဖွဲတွေ များလာလျှင် ထုထည်အစိုင်အခဲ ဖြစ်မလာနိုင်ဘူးလား။

အချစ်ဆိုတာ အရာရာကို အောင်မြင်ကျော်လွှားနိုင်သည်ဟု ဒါလီ ယူဆယုံကြည်ခဲ့ဖူးတာကို ပြန်လည်သုံးသပ်ရမည့် အဖြစ်တစ်ခု၊ တစ်နည်းအားဖြင့် “အသေးအဖွဲကိစ္စ”တစ်ခု ဖြစ်လာခဲ့ပြန်သည်။

*



www.burmeseclassic.com

ကိုကိုက အင်းလျားကန်ဘက် မရောက်တာ ကြာပြီဆိုပြီး ခေါ်သည်။ ကန်ဘောင်ပေါ်မှာ လမ်းလျှောက်ရင်း စကားပြောကြသည်။ ညောင်းလာတော့ ခုံတန်းလျားလေးမှာ ခဏထိုင်သည်။

"ဆာလာပြီကွာ၊ ဒါလီ ဘာစားချင်လဲ"

ဟု ကိုကိုက မေးသည်။ များသောအားဖြင့် ကိုကိုက ဘာစားရအောင်ဆိုပြီး သူစားချင်တာကိုသာ အဓိကဦးစားပေး ပြောလေ့ရှိ၏။ ဒီနေ့တော့ ဘာတွေ သဘောကောင်းနေမှန်းမသိ။ ဒါလီစားချင်တာကို မေးဖော်ရသည်။ ဒါလီဆိုတာကလည်း ရတဲ့အခွင့်အရေးလေးကို အသုံးချတတ်သူ မဟုတ်။

"ကိုကိုစားချင်တာ စားလေ"

ဟု ပြန်ပြောလိုက်လေ၏။

"ဘူးသီးကြော် ကောင်းကောင်း မစားရတာကြာပြီ"

ဟု ကိုကိုကပြောသဖြင့် အကြော်ဆိုင်မှာ သွားထိုင်ကြသည်။ အကြော်စားရင်း ကိုကိုက...

"ကိုကို ဂျပန်သွားဖို့ တော်တော် နီးစပ်နေပြီ၊ သိလား"

ဒီတော့မှ ဒီနေ့ ကိုကိုဘာကြောင့် သဘောတွေ ကောင်းနေသလဲဆိုတာ သဘောပေါက်တော့သည်။ ကိုကို့ပုံစံက တက်ကြွနေ၏။

"အဆက်အသွယ်လည်း ရှာလို့ရပြီ၊ စိတ်ချရတယ်"

"အဲဒီအတွက် ငွေက တော်တော်ကုန်မယ်ဆို"

"ဒါလည်း အဆင်ပြေကာနီးပြီ၊ ကိုကိုတို့တိုက်ခန်းကို နှစ်ဆယ်ထိတော့ ပေးနေပြီ၊ ဖေဖေက နှစ်ဆယ့်နှစ်မှာ တင်းခံထားတယ်၊ ဝယ်မယ့်လူက စဉ်းစားနေတယ်၊ နည်းနည်း အတိုးအလျှော့ လုပ်လိုက်



www.burmeseclassic.com

ရင်ပြီးပြီ”

ဒါကြောင့် ဟိုတစ်ရက်က ကိုကို့အစ်မကြီးက ဒါလီတို့ဘက်မှာ နှစ်ချုပ်နဲ့အိမ်ငှားရင် ဘယ်လောက်ပေးရသလဲ မေးတာကိုး။ ကိုကိုက သူ့စိတ်ကူးတွေကို ဆက်ပြောနေ၏။

“ဟိုမှာ သုံးနှစ်လောက်တော့ နေမယ် စိတ်ကူးတယ်၊ ဒါဆို တိုက်ခန်းလည်း ပြန်ဝယ်နိုင်ပြီ၊ အင်း... ကားကောင်းကောင်းလေး တစ်စင်းလည်း ဝယ်စီးရမယ်”

ခုထိ ဒါလီနှင့်ပတ်သက်သည့် အစီအစဉ် မပါသေး။ တော်သေးသည်။ ယူသော်ရ၏ဆိုသော စကားမျိုး ဆက်ပြောပေလို့။

“ဒါလီ ကိုကို့ကို သုံးနှစ်လောက်ကြာအောင် ခွဲနေနိုင်ပါ့မလား”

“ဘယ်သူကကော ခွဲနေချင်ပါ့မလဲ ကိုကိုရယ်၊ ဒါပေမဲ့ ကိုကိုတို့ ဒါလီတို့ရဲ့ ရှေ့ရေးအတွက်ဆိုတော့ ဒါလီ စောင့်ရမှာပေါ့၊ တစ်ခုပဲ ရှိတယ်”

ဒါလီ စကားဆုံးအောင် မပြောဖြစ်လိုက်၊ တစ်စုံတစ်ခုကို လှမ်းမြင်လိုက်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အိမ်မှာသုံးစရာရှိသဖြင့် ရုံးခန်းက တံဆိပ်ရိုက်မင်ပုလင်းကို ယူလာခဲ့သည်။ တခြားစာရေးကိရိယာများ ဖိုင်တွဲများနှင့်အတူ ပလပ်စတစ်လက်ဆွဲအိတ်ထဲ ထည့်ယူလာခဲ့သည်။ အကြော်ဆိုင်မှာ ထိုင်ကြတော့ လက်ဆွဲအိတ်ကို ကိုကို့ရှေ့ စားပွဲပေါ် ချလိုက်သည်။ မင်ပုလင်း ပါလာတာကို သတိလစ်ပြီး အိတ်ကို အလျားလိုက်လှဲပြီး ချမိ၏။

ရုံးကိုလာကြိုသော ကိုကို စောင့်ရတာ ကြာမှာစိုးသောကြောင့် မင်ပုလင်းကို သေသေချာချာ မစစ်ဆေးဘဲ ကောက်ထည့်လာမိ၏။



www.burmeseclassic.com

ကိုကိုက ကြာကြာစောင့်ရလျှင် စိတ်တိုတတ်တယ် မဟုတ်လား။

ပုလင်းအဖုံးက မလုံသဖြင့် စောင်းနေသောအခါ မင်တွေ စိမ့်ထွက်လာသည်။ ကံဆိုးချင်တော့ ပလပ်စတစ် လက်ဆွဲအိတ်၏ ပွင့်နေသော ထိပ်ပိုင်းသည် စားပွဲအပြင်ဘက် လွတ်ထွက်နေသည်။ ထောင့်စွန်းတစ်ဖက်သည် အနည်းငယ် ကွေးညွတ်ပြီး ရေတံလျှောက်လို ဖြစ်နေ၏။

စီးကျလာသော မင်ရည်များသည် ထိုထောင့်စွန်းမှတစ်ဆင့် တစ်စက်စက် ကျနေသည်။ အောက်တည့်တည့်မှာတော့…

"ကိုကို… ဟိုမှာ… ဟိုမှာ… ပေကုန်ပြီ"

ဒါလီ လက်ညှိုးထိုးရင်း ပျာပျာသလဲ ပြောလိုက်၏။ ကိုကို အလန့်တကြား ငုံ့ကြည့်သည်။ ကိုကို၏ ဆင်စွယ်ရောင် ဘောင်းဘီမှာ တံဆိပ်ရိုက်မင်ရည်များ အကွက်လိုက်စွန်းပေနေ၏။

ကိုကိုသည် မျက်လုံးပြူးပြီး သူ့ဘောင်းဘီကို ငေးကြောင် ကြည့်နေ၏။ ပြီးမှ ဝုန်းခနဲ ထရပ်လိုက်ပြီး…

"ဟင်… ပေကုန်ပြီ၊ ဒါ… ဒါ ဘယ်လိုဖြစ်တာလဲ"

ဒါလီ့အိတ်ထဲက မင်တစ်စက်သည် သက်သေခံပစ္စည်း တစ်ခုလို တောက်ခနဲ ကျသွားပြန်၏။ ကိုကို ဒါလီ့ကို ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး…

"မင်း… မင်း… ငါ့ကို သက်သက်အရှက်ကွဲအောင် လုပ်တာ လား၊ ဒီပုံစံနဲ့ ငါဘယ်လိုလုပ် လူကြားထဲမှာ သွားရမလဲ"

ကိုကို့လေသံမှာ ခက်ထန်တင်းမာလွန်းလှသည်။ ကိုကို့အသံ ကြောင့် တခြားစားပွဲက လူတွေ ဝိုင်းကြည့်နေကြသည်။ ဒါလီ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်နေ၏။ ကိုကိုက ဒါလီ့ကို



www.burmeseclassic.com

ရန်သူတစ်ယောက်လို လက်ညှိုးငေါက်ငေါက်ထိုးရင်း…

"ဒါ… ဒါ အပေါစားဘောင်းဘီ မှတ်နေသလား၊ ဒေါ်လာ သုံးဆယ်တောင် ပေးခဲ့ရတာ၊ မင်း… မင်း… တော်တော် အသုံးမကျတဲ့ မိန်းမပဲ"

ဒါလီသည် ဘာမှပြန်မပြောနိုင်ဘဲ ကိုကိုကို အံ့ဩထိတ်လန့်စွာ ငေးကြည့်နေမိ၏။ ကိုကိုက တောက်တစ်ချက်ခေါက်ပြီး ဘောင်းဘီပေါ် စွန်းပေနေသော မင်များကို ဒဏ်ရာကထွက်သည့် သွေးများကဲ့သို့ အပူတပြင်း သုတ်ပစ်ဖို့ ကြိုးစားနေ၏။

ဒါလီ မျက်ရည်ဝဲလာလေသည်။

*

အကြောင်းစုံ ကြားရပြီးနောက် ကိုကို့အစ်မကြီးကတော့ ဟက်ဟက်ပက်ပက် ရယ်သည်။

"မောင်လေးက အဲဒီလိုပဲ၊ သိပ်အသန့်အပြန့် ကြိုက်တာ၊ သူ့အဝတ်အစားတွေဆိုရင် နည်းနည်းမှ အစွန်းအထင်း မခံတတ်ဘူး၊ တစ်ခါတလေ အဝတ်လျှော်တာ မစင်လို့ ကုပ်ပိုးမှာ ချေးကြောင်းရာလေး နည်းနည်းထင်နေရင်တောင် လုံးဝမဝတ်ဘဲ အဟောင်းတောင်းထဲ ပြန်ထည့်လိုက်တာပဲ"

အစ်မကြီးက ဒါကိုပင် ဂုဏ်ယူစရာတစ်ခုလို ပြောနေသေးသည်။ ဆက်လက်၍…

"သူကိုးတန်းတုန်းကပေါ့၊ သူငယ်ချင်းတစ်ယောက်က နောက်ပြောင်ပြီး သူ့ရှပ်အင်္ကျီပေါ်မှာ ဘောလ်ပင်နဲ့ ပုလာဆွဲလို့ စိတ်ဆိုးပြီး ဆွဲထိုးလိုက်တာ နှာခေါင်းရိုး ကျိုးသွားတယ်လေ၊ ဖေဖေတို့ မေမေတို့ဆိုတာ ကျောင်းထုတ်မခံရအောင် ခြေသလုံးဖက်မတတ် တောင်းပန်



www.burmeseclassic.com

ခဲ့ရတယ်”

ဒီအတိုင်းဆို ဒါလီအနေဖြင့် ဆွဲအထိုးမခံရတာကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေ၏။ အစ်မကြီးသည် “ဖြစ်ရမယ်၊ ဖြစ်ရမယ်” ဟု ခေါင်းတညိတ်ညိတ်လုပ်၍ ပြောရင်း တခစ်ခစ် ရယ်နေပြန်သည်။ အစ်မကြီးအဖို့တော့ ကိုကိုလုပ်သမျှ ရယ်စရာတွေချည်း အောက်မေ့ဟန်တူသည်။

ဒါလီကတော့ မနေ့က တစ်ညလုံး ငိုလိုက်ရတာ။

အစ်မကြီး ရယ်နေတာကိုကြည့်ရင်း ဒါလီ့ခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာ၏။ တကယ်လို့ ကိုကိုနှင့် လက်ထပ်ဖြစ်ခဲ့လျှင် ခုလို အဖြစ်မျိုးတွေကို နေ့စဉ်နဲ့အမျှ ကြုံတွေ့ရတော့မှာပါလား။ ဒီအခါမှာ အစ်မကြီးတို့လို ခွင့်လွှတ်ရယ်မောနိုင်ပါ့မလား။

“ကဲ... အစ်မကြီးလည်း သွားဦးမှ၊ မောင်လေးက ညနေ ငါးပြေမဟင်း စားချင်တယ်ပြောထားတယ်၊ အဲဒါလည်း တစ်ဒုက္ခ ညီမရေ၊ ဈေးတကာလှည့်ပြီး ငါးပြေမ ရှာပုံတော် ဖွင့်ရဦးမယ်၊ ဘယ်နှနာရီတောင် ရှိနေပြီလဲ မသိဘူး”

ဒါလီက လက်မှနာရီကို ကြည့်လိုက်၏။

အလို နာရီက ရပ်နေပြန်ပါပကော။

*

နာရီက အာမခံသက်တမ်း ကျော်လွန်သွားပြီ။ ဒီတစ်ခါပြင်လျှင် ပစ္စည်းဖိုးသာမက လက်ခပါ ပေးရတော့မည်။ ဒါလီ့စိတ်ထဲတွင် မူလဝယ်ခဲ့သည့်ဆိုင်ကို ပြန်မသွားချင်ဘဲ ဖြစ်နေ၏။

တကယ်တော့ ဒီနာရီကောင်းခြင်း၊ ညံ့ခြင်းနှင့် ပတ်သက်၍ ဒါလီ့မှာ တာဝန်မရှိ။ ရောင်းလိုက်သောဆိုင်မှာသာ တာဝန်ရှိသည်။ သို့ရာတွင် ဆိုင်ကလူတွေက သူ့ကို အညာမိသွားသော မိန်းကလေး



www.burmeseclassic.com

တစ်ယောက်ဟု ထင်ကောင်း ထင်ကြမှာကို ရှက်နေမိ၏။

ဆိုင်ရှေ့ ဖြတ်လျှောက်ရင်း ငဲ့စောင်းကြည့်သည်။ ဆိုင်ရှင်လူကြီးသည် မှန်ပုံးထဲက နာရီများကို ဟိုရွှေ့ဒီရွှေ့ နေရာပြင်ချနေသည်။ ဒါလီ ခြေလှမ်းတစ်ချက် တုံ့မိပြီးမှ ဆက်လျှောက်သည်။

နာရီကို ဒီဆိုင်မှာပြန်မပြလျှင် တခြား ဘယ်ဆိုင်ပြမလဲ။ သူမသိ။ မသိတဲ့ဆိုင် သွားပြမိလို့ ပိုပြီးကုန်ကျမှာလည်း စိုးသည်။ မူလဝယ်ခဲ့သော ဆိုင်ကတော့ ဘာပဲဖြစ်ဖြစ် မျက်မှန်းတန်းမိပြီးသားမို့ ပစ်ပစ်ခါခါကြီးတော့ လုပ်မှာမဟုတ်ဟု ယူဆရမလား။ သူသည် ချီတုံချတုံ ဖြစ်နေဆဲ…

“ဟော့ မန်ဒါလီ”

ဒီလို နာမည်ပြောင် ခေါ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်ယောက် ဖြစ်မှာပဲဟု တပ်အပ်သိလိုက်၏။ အသံကြားရာ လှည့်ကြည့်လိုက်တော့ နံရံကပ် နာရီပြင်ဆိုင်ကလေး တစ်ခုရှေ့မှာ ရပ်နေသော ဇီးကွက်ကြီးကို တွေ့လိုက်ရ၏။

ဇီးကွက်ကြီးဆိုသည်မှာ မျက်လုံးပြူးသောကြောင့် ခေါ်ကြသော နာမည်ပြောင် ဖြစ်၏။ အတန်းထဲမှာ အသက်အကြီးဆုံး၊ သဘောအကောင်းဆုံး ဖြစ်သဖြင့် အားလုံးက သူ့ကို ခင်ကြသည်။

“ဟင် ဇီးကွက်ကြီး”

ဒါလီ နှုတ်ဆက်ရင်း သူ့ဆီလျှောက်သွားသည်။

“နင် ဘယ်ကိုလာတာလဲ”

ဇီးကွက်ကြီးက မေး၏။

“နာရီပျက်သွားလို့ အဲဒါ”

“ဟာ အတော်ပဲ၊ ငါလည်း ဒီမှာ နာရီပြင်ဆိုင် ဖွင့်ထားတာ၊



www.burmeseclassic.com

တစ်လလောက်ပဲ ရှိသေးတယ်၊ ပြစမ်းပါဦး နင့်နာရီ”

ဒါလီက နာရီကို ထုတ်ပေးလိုက်၏။ ဖိုးကွက်ကြီးက နာရီကိုယူ၍ ဖင်ပြန်ခေါင်းပြန် အသေအချာကြည့်ပြီး…

“နင့်ဟာက အိုးရီးယင့် အစစ်မှမဟုတ်ဘဲဟ၊ အင်လုပ်ထားတာကြီး၊ နေဦး ငါကြည့်ဦးမယ်”

နာရီကျောဖုံးကို ဖွင့်လိုက်သည်။

“ဟင်… စက်မည်းကြီးပဲ၊ ဒီစက်တွေက အညံ့စားတွေ ခဏခဏ ဒုက္ခပေးတယ်”

“စက်မည်းတွေ စက်ဖြူတွေ ကျွန်မမှ နားမလည်ဘဲ၊ ဝယ်တုန်းကလည်း ဖွင့်ကြည့်လို့ရတာမှ မဟုတ်တာ”

“အေးပါ ငါစစ်ပေးပါ့မယ်”

နာရီပြင်ခုံမှာ ထိုင်သည်။ မျက်စိရှေ့မှာ မှန်ဘီလူးကို ညှပ်လိုက်ပြီး သေသေချာချာ ကြည့်သည်။

“သံချေးတွေလိုက်နေတာ အများကြီးပဲ၊ ကွိုင်ကလည်း ပြန်ပတ်ထားတာ”

ဘာကောင်းတာများ ကျန်တော့လို့လဲဟု ဒါလီ တွေး၏။

ဖိုးကွက်ကြီးက…

“ဂျီဝမ်းစက်နဲ့ လဲလိုက်ရင်တော့ရတယ်၊ အဲ… နေဦးဟ၊ နာရီအိမ်ကလည်း ဇင့်အိမ်ကြီးပဲ၊ တော်တော် ရွဲနေပြီ၊ စက်လဲလိုက်ရင်လည်း အိမ်က မသားနားတော့ အလကားပဲ”

“ဒါဆို ကျွန်မ ဘာလုပ်ရမလဲ”

ဖိုးကွက်ကြီးက ခဏစဉ်းစားပြီး…

“အကောင်းဆုံးက နာရီအသစ်တစ်လုံးသာ ထပ်ဝယ်လိုက်တော့”



www.burmeseclassic.com

"ရှင်"

"ဟုတ်တယ်လေ နှင့်နာရီက စက်ကော၊ အိမ်ကော အားလုံးလဲလိုက်မှ ကောင်းမှာဆိုတော့ ဘာထူးတော့မှာလဲ၊ ဒီမှာ နှင်မြဲမြဲမှတ်ထားဟ၊ နာရီတစ်လုံး အဝယ်မှားသွားပြီဆိုရင် ချစ်သူတစ်ယောက် အရွေးမှားမိသလိုပဲ၊ မကြာခဏ စိတ်ဆင်းရဲနေရတတ်တယ်"

ထိုအခိုက်အတန့်တွင် ဒါလီသည် ဘယ်သူ့မျက်နှာကိုများ ကွက်ခနဲ မြင်ယောင်လိုက်မိပါသလဲ။ ။

**[ကံကော်လေးပွင့် စာအုပ်၊**
**၂၀၀၀၊ နိုဝင်ဘာမှ]**



www.burmeseclassic.com

www.burmeseclassic.com

# ပရိုင်းမိတ်တစ်ယောက်၏
# ဆင့်ကဲဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

## ပရိုင်းမိတ်တစ်ယောက်၏ ဆင့်ကဲဖြစ်စဉ်

### [ဘီစီ ၉၀၀၀ ခန့်]

ကျောက်ဂူကြီးထဲတွင် စိုစွတ်ထိုင်းမှိုင်းပြီး စိမ့်နေသည်။ သို့ရာတွင် အပြင်မှာထက်စာလျှင်တော့ နွေးနွေးထွေးထွေး ရှိသေးသည်ဟု ဆိုရမည်။ အကြောင်းမှာ ကျောက်ဂူ၏ ထောင့်တစ်ထောင့်တွင် မီးငွေ့ငွေ့နှင့် မီးဖိုကလေးတစ်ခု ရှိနေသောကြောင့်ပင် ဖြစ်၏။

ဒီနေရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် သူတို့အုပ်စုအဖို့ ကံကောင်းခြင်းပင် ဖြစ်၏။ တစ်နည်းအားဖြင့်တော့ တောစောင့်တောင်စောင့် နတ်ဘုရားတို့၏ ကူညီမှုင်းမှုကြောင့် ဖြစ်၏။

သူတို့သည် တောစောင့်နတ်ဘုရားကို သမင်တစ်ကောင်နှင့် ပူဇော်ပြီးနောက် အမဲလိုက်ရာ ထူးထူးခြားခြား ဆူဖြိုးသော ဆတ်ကြီးတစ်ကောင်ကို ရရှိသည်။ ထိုဆတ်ကြီး၏ သွေးဖြင့် တောင်စောင့်နတ်ကို ပူဇော်သည်။ မကြာမီမှာပင် ဒီဂူကြီးကို ရှာဖွေတွေ့ရှိခဲ့ကြ၏။

ဂူကြီးသည် သူတို့အုပ်စု ကောင်းစွာနေလောက်သည်အထိ ကျယ်ဝန်းသည်။ ဂူ၏ အနောက်ဘက် ခပ်ကျကျမှာလည်း လေနှင့် အလင်းရောင်ဝင်နိုင်သော အမိုးပေါက်တစ်ခု ရှိသေးသည်။ ဂူ၏ အနေအထားမှာ ကျောက်တောင်ကုန်းတစ်ခု၏ အထက်ပိုင်းကျကျမှာ


www.burmeseclassic.com

ဖြစ်၏။ ဂူပေါက်ဝအနီးတွင် ကျောက်စွန်းကြီးတစ်ခုက သဘာဝ အလျောက် ကွယ်နေသောကြောင့် လည်းကောင်း၊ တောင်ကြော တစ်လျှောက်တွင် ချုံပုတ်များ ထူထပ်စွာ ပေါက်ရောက်နေသောကြောင့် လည်းကောင်း၊ သူတို့နေရာကို ရန်သူအုပ်စုများ အလွယ်တကူ မမြင်နိုင်။

ဒီနေရာကို ရှာမတွေ့ခင်ကဆိုလျှင် သူတို့ တော်တော်ဒုက္ခ ရောက်ခဲ့၏။ မိုးတွေ သည်းထန်စွာ ရွာသောအခါ နေထွက်ရာဘက် ယွန်းယွန်းဆီမှ လေအေးများ တိုက်ခတ်လာသောအခါ အလူးအလဲ ခံကြရ၏။ သစ်ပင်ကြီးတွေအောက်မှာ ခိုအောင်းခြင်း၊ လေကွယ်သည့် ကျောက်တောင်ကြားမှာ ပုန်းကွယ်ခြင်းဖြင့် ကာကွယ်ခဲ့ရ၏။ သို့တိုင် အောင် လူအချို့မှာ ထိုဒဏ်ကြောင့် သေဆုံးခဲ့ကြရ၏။

သူတို့အုပ်စုမှာ ရာသီဥတုဒဏ်၊ သားရဲကောင်များ အလစ်ဝင်ဆွဲ သည့် ဒဏ်ကြောင့် လူဦးရေ လျော့ပါးပြီး တစ်စတစ်စ အင်အားနည်းလာချိန်တွင် ဒီဂူကြီးကို ရှာတွေ့ခဲ့ခြင်း ဖြစ်၏။

ခုတော့ ဒီဂူကြီးထဲမှာ လုံလုံခြုံခြုံ စိတ်ချလက်ချအိပ်စက်နိုင်ကြပြီ ဖြစ်၏။

*

မီးဖိုရှေ့တွင် လူငယ်တစ်ဦး ထိုင်နေသည်။ သူသည် မီးဖိုထဲမှ မီးကျီးခဲများ အခြေအနေကို မကြာခဏ ဂရုစိုက်ကြည့်သည်။ လိုအပ်လျှင် ထင်းစများထပ်ထည့်ပြီး လေနှင့်မှုတ်ပေးသည်။ တစ်ခါ တစ်ခါ အခြောက်လှန်းထားသော တိရစ္ဆာန်အရိုး တစ်ချောင်းတလေ ထည့်ပေးသည်။

အုပ်စုထဲမှ တခြားလူတွေက အမဲလိုက်ဖို့ ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ ဒီနေ့ ဂူစောင့်ဖို့ တာဝန်ကျသဖြင့် ကျန်နေခဲ့ခြင်းဖြစ်၏။ အထူးသဖြင့် မီးဖိုကို စောင့်ကြည့်ဖို့ ဖြစ်၏။

သူတို့အုပ်စုသည် မီးကို အသုံးပြုတတ်နေပြီ ဖြစ်သော်လည်း မီးမွှေးသည့် အတတ်ပညာကို မရရှိသေး။ တောမီးလောင်ကျွမ်းရာမှ မီးကူးယူနိုင်ကြောင်းကိုတော့ သိသည်။ သို့ရာတွင် တောမီးဆိုသည်မှာ တောစောင့်နတ်ဘုရား အလိုမကျ၍ ဒေါသထွက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ထိုမီးကို မယူရဲရုံမက ဝေးရာသို့ပင် ပြေးကြရ၏။

ထို့ကြောင့် တခြားအုပ်စုတစ်စု မွှေးထားသော မီးဖိုတစ်ခုကို လုယူခဲ့ရ၏။ ထိုအကြောင်းကို သူကောင်းကောင်း အမှတ်ရသည်။

နှင်းတွေ အလွန်ကျသော နံနက်ခင်းတစ်ခုမှာ ဖြစ်၏။ ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။ ဘယ်လောက် ချမ်းလိုက်သလဲ ဆိုလျှင် မနက်အိပ်ရာက နိုးသောအခါ အသက်အရွယ် ကြီးရင့်သော အဘိုးကြီးတစ်ယောက်ကို နှိုးလို့မရတော့။ ညက အအေးဒဏ်ကြောင့် သွေးခဲပြီး အသက်ထွက်သွားခဲ့ရခြင်း ဖြစ်၏။

ထိုအဘိုးကြီး၏ အလောင်းကို တောင်ကြားထဲမှာ သွားစွန့်ပစ်ရန် ထွက်လာကြရင်း တစ်နေရာမှာ မီးခိုးတလူလူ တွေ့လိုက်ရ၏။ သစ်ပင်တွေကွယ်ပြီး ချောင်းကြည့်လိုက်တော့...

လူတစ်စုသည် မီးဖိုလေးကို ဝိုင်းထိုင်ပြီး မီးလှုံနေကြ၏။ မိမိတို့ အုပ်စုခေါင်းဆောင်၏ မျက်နှာသည် တင်းမာလာ၏။ သူက လက်မြှောက်အချက်ပေးလိုက်သောအခါ အသံနက်ကြီးများဖြင့် အော်ဟစ်လိုက်ပြီး မီးဖိုဘေးက အုပ်စုဆီသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်ကြလေ၏။ မီးဖိုပိုင်ရှင်အုပ်စုကလည်း အပြင်းအထန် ခုခံကြသည်။ သို့ရာတွင် အငိုက်မိသွားသောကြောင့် မကြာခင်မှာပင် အားလုံး


www.burmeseclassic.com

အသတ်ခံလိုက်ရ၏။

မီးဖိုကိုလည်း သိမ်းပိုက်ရရှိခဲ့သည်။ ထိုတိုက်ပွဲတွင် သူတို့ဘက်မှလည်း လက်တစ်ဖက်၏ လက်ချောင်းများ အရေအတွက်မျှ ရှိသော လူများ ကျဆုံးခဲ့ရသည်။

ဒီလို ခက်ခက်ခဲခဲ ရယူခဲ့ရသောကြောင့် ဒီမီးဖိုလေး သေမသွားအောင် တစ်ယောက်ယောက်က အမြဲ စောင့်ကြည့်ပြီး မီးထိုးပေးနေရ၏။ မီးသေသွားခဲ့လျှင် နောက်ထပ် ပြန်မွေးဖို့ မလွယ်တော့။ အကယ်၍ မတော်တဆ မီးသေသွားခဲ့လျှင် မီးဖိုစောင့်ရန် တာဝန်ကျသူအတွက် အပြစ်ဒဏ်မှာ သေဒဏ်မှတစ်ပါး အခြားမရှိ။

ထို့ကြောင့် လူငယ်သည် မီးလည်းမသေအောင်၊ ထင်းလည်း သိပ်မကုန်ရအောင် ချိန်ဆ၍ မီးထိုးပေးနေရ၏။ တစ်ချက်တစ်ချက် ဂူပေါက်ဝဘက်သို့ လှမ်းမျှော်ကြည့်တတ်သည်။

အပြင်မှာ တော်တော်အေးနေမှာ သေချာသည်။ ဂူပေါက်ဝမှ ဝေ့ခနဲ ဝင်လာတတ်သော လေက စိမ့်ခနဲ ဖြစ်ဖြစ်သွားစေ၏။ ဒါတောင် မီးဖိုမှ အပူငွေ့ရှိနေလို့။

လူငယ်၏ ကိုယ်အောက်ပိုင်းကို ဒရယ်သားရေနှင့် ပတ်ပြီး အနားများကို ငါးရိုးများနှင့် ထိုးသီထား၏။ ကိုယ်အပေါ်ပိုင်းကတော့ ဗလာကျင်းနေသည်။

အုပ်စုစည်းကမ်းအရ ကိုယ်တိုင် တိုက်ခိုက်သတ်ဖြတ်သော သားကောင်၏ သားရေကို ကိုယ့်ဘာသာ ဝတ်ဆင်ခွင့် ရှိ၏။ သူသည် ဒရယ်ကြီးတစ်ကောင်ကို ရရှိခဲ့ဖူးသည်။ သို့တိုင်အောင် ကိုယ်အောက်ပိုင်းအတွက်သာယူပြီး ကျန်သောသားရေကို တစ်စုတစ်ယောက်အား ရက်ရောစွာ ပေးခဲ့၏။ ထိုတစ်ယောက်ကား...

မီးဖိုကလေးက တငွေ့ငွေ့ လောင်နေသလို သူ့ရင်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ရမ္မက်မီးက လောင်မြိုက်နေ၏။

သူသည် အုပ်စုထဲမှ ဆံပင်နီနီနှင့် မိန်းကလေးကို တပ်မက်နေမိ၏။ မိန်းကလေးသည် အရွယ်ရောက်ပြီးကတည်းက ဘယ်ယောကျ်ားလေးနှင့်မျှ မတွဲသေး။ အုပ်စုထဲမှ အခြား ယောကျ်ားပျိုများကိုလည်း ခပ်ရှောင်ရှောင် နေလေ့ရှိ၏။ ချဉ်းကပ်လာသူများကိုလည်း ခပ်ထန်ထန် တုံ့ပြန်တတ်သည်။

အကြမ်းဖက် အနိုင်ကျင့်လို့လည်း မရ။ မိန်းကလေးက အလွန်သန်စွမ်းသည်။ အသတ်အပုတ်လည်း ကျွမ်းကျင်သည်။ တော်ရုံယောကျ်ားတစ်ယောက်ဆိုလျှင် ကိုင်ပေါက်ပစ်လိုက်နိုင်သည်။ ထို့ကြောင့် သူ့ကို အားလုံးက လန့်ကြသည်။

ဒီနေ့တော့ လူငယ်အတွက် ကံကောင်းသည်ဟု ဆိုရမည်။ မီးဖိုကို ဂရုစိုက်သောကြောင့် မီးနတ်ဘုရားက မစလေသလားမသိ။ ဆံပင်နီ မိန်းမပျိုသည်လည်း သူ့လိုပင် ဂူကိုစောင့်ဖို့ တာဝန်ကျသောကြောင့်ပင် ဖြစ်၏။ ယခု မိန်းမပျိုသည် ထင်းခြောက်များကောက်ရန် ထွက်သွားသည်။ မကြာခင် ပြန်ရောက်လာလိမ့်မည်။

လူငယ်သည် အခွင့်အရေးကို လက်လွှတ်မခံချင်။ သို့ရာတွင် မိန်းမပျိုကို ဘယ်လိုစရမှန်း မသိဘဲ ဖြစ်နေ၏။ အကြမ်းနည်းကို သုံးလို့တော့ မဖြစ်။ ကြမ်းလည်း မကြမ်းရဲ။ သူ၏ တပ်မက်မှုကို မိန်းကလေးသိအောင် ဘယ်လိုပြရပါ့မလဲ တွေးရင်း မီးဖိုဘေးက မီးသွေးခဲတစ်ခုကိုယူ၍ ဂူနံရံပေါ်မှာ ဟိုခြစ်ဒီခြစ် ခြစ်နေမိ၏။

နောက်တော့ သူ့ရင်ထဲက ခံစားမှုများသည် ရုပ်ပုံများအဖြစ်သို့ ပြောင်းလဲသွား၏။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ လက်တွဲနေသည့် ပုံတစ်ပုံကို နံရံပေါ်မှာ အလိုအလျောက် ရေးဆွဲနေမိလေသည်။

မိန်းကလေး၏ ပုံကို အပြင်ကအတိုင်းဖြစ်အောင် ကြိုးစား


www.burmeseclassic.com

ဆွဲသည်။ မြေနီမှုန့်များကို အရည်ဖျော်၍ ဆံပင်နေရာမှာ သုတ်သည်။ သစ်ခေါက်တွေသွေးပြီး အသားရောင် ခြယ်သည်။ ပြာများယူ၍ သုတ်သည်။ သူသည် ပုံဆွဲခြင်းအလုပ်ကို စိတ်ဝင်စားနေသဖြင့် မီးဖိုကလေးကိုတောင် မေ့နေမိ၏။

ပုံကို ရနိုင်သမျှ အရောင်တွေခြယ်ပြီးတော့ ကျေနပ်စွာ ကြည့်နေသည်။ လေအေးတစ်ချက် ဝင်လာသဖြင့် စိမ့်ခနဲ ဖြစ်သွား၏။ ထိုအခါကျမှ မီးဖိုကို သတိရပြီး ထိတ်ထိတ်ပျာပျာ လှည့်ကြည့်သည်။

သူအံ့သြသွား၏။ မီးဖိုဘေးမှာ ထိုင်နေသော မိန်းမပျိုကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။ မိန်းမပျိုသည် သူပုံဆွဲနေတုန်း တိတ်တဆိတ် ရောက်ရှိလာပြီး မီးဖိုကို ဆက်လက်ကြည့်ရှုပေးထားခြင်း ဖြစ်၏။

မိန်းမပျိုက ထရပ်လိုက်ပြီး သူ့အနားသို့ လျှောက်လာသည်။ နံရံပေါ်ကပုံကို သေချာစွာ စူးစိုက်ကြည့်သည်။ နံရံပေါ်က မိန်းကလေးပုံကို လက်ညှိုးနှင့် ထောက်သည်။ ပြီးတော့ သူ့ရင်ပတ်ကို ပုတ်သည်။ ထို့နောက် လူငယ်ကိုကြည့်ပြီး ခေါင်းညိတ်ပြသည်။ လူငယ်က မိန်းမပျို၏ လက်ကို လှမ်းကိုင်သည်။

မီးဖိုထဲမှ မီးညွန့်တစ်ခု လူးလွန့်တက်လာသည်။ သူတို့နှစ်ယောက်၏ မျက်နှာပေါ်တွင် မီးရောင်ဟပ်ပြီး မျက်လုံးများက တလက်လက် တောက်ပနေကြလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၁၁၂ ခန့်]

ကြိ နမောဗုဒ္ဓါယ

ဘုရားသခင် သာသနာအနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား...

ဤ အရိမဒ္ဒနပူရပြည်၌ လုလင်တစ်ယောက်သောကား ပြေည့်မည်၏။ ထိုလုလင်သည် အိုပန်းနုကို မေတ္တာသက်တုံ၏။ အိုပန်းနုလည်း ထိုမေတ္တာကို မသိရလေကား ဤမော်ကွန်းကို ငါပြု၏။ အိုပန်းနုလျှင် ဤမော်ကွန်းကို မြင်ပြီး၍၏၊ ငါ့မေတ္တာအား တုံ့စေသတည်း။

*

ပြေည့်သည် ကျောက်စာ၏ နောက်ဆုံးစာလုံးကို ထွင်းထုပြီးသွားလေပြီ။ သူသည် ဤကျောက်စာကို ရက်သတ္တတစ်ပတ်ကြာအောင် ပြုလုပ်ခဲ့ရ၏။ သူသည် ကျောက်စာထွင်းသည့် အလုပ်ကို ကျွမ်းကျင်သူ တစ်ယောက် မဟုတ်။ ဒီအလုပ်မျိုး သီးသန့်လုပ်သည့် ပျူလူမျိုးတို့၏



www.burmeseclassic.com

ရွာမှာ အခပေးပြီး ထွင်းထုခိုင်းလျှင်တော့ ရသည်။ သို့ရာတွင် ယခု ကိစ္စမျိုးက တခြားလူတွေသိလို့ ကောင်းသောအရာ မဟုတ်။ ထို့ပြင် အိုပန်းနုကိုပေးဖို့ ကျောက်စာသည် မိမိကိုယ်တိုင်၏ လက်ရာ ဖြစ်စေချင်၏။

ထို့ကြောင့် သူ့ဘာသာပင် ထွင်းထုခဲ့ခြင်း ဖြစ်၏။

တကယ်တော့ ကျောက်စာထွင်းရသော အလုပ်သည် မလွယ်ကူ။ အလွန် လက်ဝင်သည်။ အချိန်အဆလည်း အင်မတန် အရေးကြီးသည်။ မလိုအပ်ဘဲ ကျောက်သားတွေ ပဲ့ထွက်မကုန်အောင် ဂရုစိုက်ရသည်။ အထူးသဖြင့် အက္ခရာတွေကို မန်ကျည်းစေ့ ပုံသဏ္ဌာန်ဖြစ်အောင် ထွင်းရသည်မှာ အတော် စိတ်ရှည်ရသည်။

မည်သို့ပင်ဖြစ်စေ ကျောက်စာကတော့ ရေးထွင်းလို့ ပြီးသွားပေပြီ။ အချိန်မီအောင် ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ရသဖြင့် လက်များပင် ပေါက်ပြဲပြီး သွေးစို့နေ၏။

ကိစ္စမရှိ။ သူ့အချစ်ကို ဖွင့်ဟပြနိုင်ဖို့သာ အရေးကြီးသည်။ အိုပန်းနုကိုချစ်သော သူ၏ အချစ်ကား တုရင်တောင်ထက် ပို၍ ကြီးမားသည်။ တန့်ကြည့်တောင်ထက် ပို၍ မြင့်သည်။ အကြေအရပ်မှ လာသော ကုန်သည်အချို့ ပြောပြသည့် ပင်လယ်ဟုခေါ်သော ရေအိုင်ကြီးထက်ပင် ပို၍ ကျယ်ပြန့်သည်။ ရွှေစည်းခုံဘုရားမှာ သစ္စာပြုဝံ့၏။

ခက်နေသော အကြောင်းကတော့...

သူသည် ကွန်ပြောက်ငယ်တစ်ခုမှ အမှုထမ်းလုလင်ကလေးမျှသာ ဖြစ်ပြီး အိုပန်းနုကား သံပျင်ကြီး၏သမီး ဖြစ်နေခြင်းပင်တည်း။ အဆင့်အတန်းချင်း အလွန်ကွာလှ၏။ ထို့မျှမက သံပျင်ကြီးကလည်း အိုပန်းနုကို ကလန်အရာရှိငယ်တစ်ဦးနှင့် လက်ဆက်ပေးရန်


www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးရှိကြောင်း သတင်းသဲ့သဲ့ ကြားရ၏။

အိုပန်းနုသည် သူ့အပေါ် စိမ်းစိမ်းကားကားတော့ မရှိ။ တွေ့မိဆုံမိသည့်အခါ ပြုံးပြုံးရယ်ရယ် နှုတ်ဆက်တတ်သည်။ ခင်မင်လိုသော ဟန်လည်းပြသည်။ တစ်ခုပဲ ရှိ၏။ မိမိက ချစ်နေကြောင်း အိုပန်းနုက မသိသေး။ နှုတ်က ဖွင့်ပြောဖို့လည်း မဝံ့ဘဲ ဖြစ်နေရ၏။ တစ်နည်းနည်းနှင့် သိအောင်တော့ ကြံရမည်။ ထို့ကြောင့် ဤကျောက်စာကို ထွင်းထုခဲ့ခြင်း ဖြစ်၏။

ဒီနေ့ လပြည့်နေ့ ဖြစ်၏။ အိုပန်းနုသည် ရွှေစည်းခုံ ဘုရားပွဲသို့ လာလိမ့်မည်။ အပြန်တွင် ဤကျောက်စာကို ပေးလိုက်မည်ဟု ကြံစည်စိတ်ကူးထား၏။

ကျောက်စာကို ရေဖြင့် စင်ကြယ်စွာ ဆေးသည်။ ပြီးတော့ နံ့သာဖြူရည်ဖြင့် ပက်ဖြန်းသည်။ ငဆောင်ချမ်းဘက်သို့ သွားစဉ်က တရုတ်ကုန်သည်များထံမှ ဝယ်ခဲ့သော ပိုးဖျင်စဖြင့် ရစ်ပတ်သည်။ မိမိကိုယ်တိုင်လည်း ဝတ်ကောင်းစားလှ ဝတ်သည်။

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုးကန်တော့သည်။ ယနေ့ ပြုဖွယ်ကိစ္စ အောင်မြင်ပါစေကြောင်း ဆုတောင်းသည်။

“အတို့ကျွန် ရောက်ပါပြီ သခင်”

ဘုရားကျွန်နှစ်ယောက် ရောက်ရှိလာပြီး သူ့ကို နှုတ်ဆက်သည်။

ကျောက်စာချပ်ကြီးသည် အလျားနှစ်တောင့်ထွာ အနံတစ်တောင်နှင့် လက်လေးသစ် ရှိ၏။ အတော်လေးလံသည်။ မိမိကိုယ်တိုင် သယ်ယူရန် မလွယ်။ ထို့ကြောင့် နန်းဘုရားမှ ကျွန်နှစ်ယောက်ကို ကြက်တစ်ကောင်စီပေး၍ ငှားရမ်းခဲ့ရခြင်း ဖြစ်၏။

ကျောက်စာချပ်ကြီးကို လျှော်ကြိုးဖြင့် ဆိုင်း၍ ဘုရားကျွန်နှစ်


www.burmeseclassic.com

ယောက်က ရှေ့နောက်ထမ်းသည်။ သူက ဦးဆောင်ပြီး ထွက်လာခဲ့သည်။ ခုဆိုလျှင် သူသည် နောက်ပါ အခြွေအရံများဖြင့် တင့်တင့်တယ်တယ် ဖြစ်သွားပေပြီ။

ထနောင်းပင်တန်းအကြားရှိ မုဆိုးမတစ်ယောက် တည်ခဲ့သောစေတီကလေးနားက စောင့်ရမည်။ ထိုနေရာက လူလည်း ရှင်းသည်။ အရိပ်လည်း ရသည်။ အိုပန်းနု စီးလာသော လှည်းပေါ်တွင် သူ့အမိပါမလာပါစေနှင့်ဟူ၍သာ ဆုတောင်းရပေတော့မည်။

*



www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၈၆၅]

အဖန်အိုးတစ်အိုးလည်း ကုန်တော့မည်။ ယွန်းခွက်ထဲက မန်းမရွေးလည်း ပြောင်တလင်းခါနေပြီ။ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးလည်း တစ်ဝက်ကျိုးပြီ။ ကွမ်းကလည်း တစ်ယာပြီးတစ်ယာ စားရလွန်းသဖြင့် လျှာတွေ၊ အာတွေတောင် ထုံပေါက်နေပြီ။

ဆရာဆင့်ကား ရေးလို့မပြီးသေး။ ဇျစ်ရည်တစ်ကျိုက် သောက်လိုက်၊ ဆေးပေါ့လိပ်ဖွာလိုက် ခေါင်းကုတ် စဉ်းစားလိုက်၊ ရေးလိုက် လုပ်နေသည်။ စောင့်ရတာ ကြာသဖြင့် ပျင်းရိငြီးငွေ့လာသည်။ ဆရာဆင့်ရေးသည့် တေးထပ်က ကောင်းမှကောင်းပါ့မလားဟူ၍လည်း စိုးရိမ်စိတ်ဝင်နေမိ၏။

ခုချိန်မှာ ရဲစားဆီတေးထပ် ရေးပို့သည့် ဓလေ့က အလွန်ခေတ်စားသည်။ ထိုကိစ္စမှာ မင်းတြားကြီးက စတင်လိုက်ခြင်းဖြစ်၏။ မင်းတြားကြီးသည် သူ၏ မိဖုရားကြီး သုံးပါးဖြစ်သော စကြာဒေဝီ၊ ဆင်ဖြူမရှင်နှင့် ရှင်သဲတို့ကို ရည်၍ တေးထပ်ကဗျာသုံးပုဒ်ကို ကိုယ်တော်တိုင် စပ်ဆိုခဲ့သည်ဟု ဆို၏။



www.burmeseclassic.com

ထိုအခါ ကနောင်ကိုယ်တော်ကြီးကလည်း အားကျမခံဘဲ လှိုင်ထိပ်ခေါင်တင် မိဖုရားထံ တေးထပ်ရေး ပို့ပြန်သည်။ သူကတော့ စစ်မက်ရေးရာသာ ကျွမ်းကျင်သူဖြစ်သဖြင့် ကိုယ်တိုင် မရေးတတ်။ လက်သုံးတော် စာဆိုများကို ရေးခိုင်းရသည်။

ဘုရင်က တစ်ခုခုလုပ်လျှင် လိုက်လုပ်တတ်ကြသည့် ထုံးစံအတိုင်း မင်းသားငယ်များကလည်း သူတို့ မိဖုရားများထံ တေးထပ် ပို့ကြသည်။ မိဖုရားတွေကလည်း အပြန်အလှန် ပို့ကြသည်။ ထိုမှတစ်ဆင့် ရွှေနန်းတော် အသိုင်းအဝိုင်းသို့ ကူးစက်သည်။ ထို့နောက် ရွှေမြို့တော်တစ်ခုလုံး ပျံ့နှံ့သွားပြီး တေးထပ်မှ မစေလျှင် မိန်းမရနိုင်ဖို့ မလွယ်သလောက် ဖြစ်သွား၏။

ကဗျာစာဆိုများလည်း လာဘ်လာဘ အလွန်ရွှင်သော ကာလ ဖြစ်၏။ ကိုယ်တိုင် မရေးတတ်သူတွေက စာဆိုများကို ချဉ်းကပ်ကြရသောကြောင့်တည်း။ ယခင်က ထန်းရည်တောင် အနိုင်နိုင် အကြွေးသောက်ခဲ့ကြရရှာသော ကဗျာစာဆိုတို့မှာ ခုတော့ ဘရန်ဒီလေး တမြမြ ဖြစ်နေကြလေပြီ။

*

သူသည် စလေဆရာ ဦးပုညဆီသို့ သွားဖို့ ကြိုးစားခဲ့သေးသည်။ သို့ရာတွင် စလေဆရာသည် မြင်ကွန်းမြင်းခုန်တိုင် မင်းသားညီနောင်တို့က မြှောက်စားထားသဖြင့် စန်းပွင့်နေသောအချိန်။ ရွှေနန်းတော် အသိုင်းအဝိုင်းမှ မင်းသား၊ မင်းသမီးတို့ စေခိုင်းသော တေးထပ်များကို လက်မလည်အောင် ရေးပေးနေရသော အချိန်၊ ရေသည်ပြဇာတ်၊ ဆဒ္ဒန်ဆင်မင်းပြဇာတ်တို့ကြောင့် တစ်ရှိန်ထိုး နာမည်ကျော်ကြားနေ



www.burmeseclassic.com

သော အချိန်။ ထိုမျှမက ဗေဒင်ယတြာလည်း တတ်ကျွမ်းသဖြင့် သူ့အိမ်မှာ လူစည်ကားနေတတ်၏။

မိမိလို မြို့ဝန်မင်း၏ အိမ်တော်သားမျှသာ ဖြစ်သူအနေဖြင့် တွေ့ခွင့်ရဖို့တောင် မလွယ်။

ထို့နောက် အချုပ်တန်းဆရာဖေ နေထိုင်ရာ မြင်းကုန်းတန်းရှိ အိမ်သို့ သွားသည်။ ဆရာဖေကိုတော့ တွေ့ခွင့်ရသည်။ သို့ရာတွင် ဆရာဖေက လောလောဆယ် တပယ်မင်းသား ရေးခိုင်းသည့် တေးထပ်တွေ ရေးနေရသဖြင့် မအားလပ်ကြောင်း၊ ပြီးလျှင်လည်း မက္ခရာမင်းသားကြီးနှင့်အတူ အင်းဝအုတ်ကျောင်းသို့ လိုက်ပါသွားပြီး ပေစာတွေ ကူးယူလေ့လာရဦးမည် ဖြစ်ကြောင်း၊ အရင်လိုလျှင်တော့ မိမိ၏ တပည့်ရင်းဖြစ်သူ ခေတ္တရာ ဆရာဆင့်ထံ သွားသင့်ကြောင်း လမ်းညွှန်လိုက်၏။

သို့ဖြင့် ဂေါဝိန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသော အင်္ဂလိပ်ကုန်သည် သင်္ဘောမှ ဗျစ်ရည်တစ်အိုး ဝယ်သည်။ ဆရာဆင့် ကြိုက်တတ်သည်ဆိုသောကြောင့် ဖြစ်၏။ ဆရာကတော် ဒေါ်မယ်စိန်အတွက်လည်း ခါသာပိတ်အုပ်တစ်အုပ် ယူသွားရသေးသည်။

*

သူသည် မြို့ဝန်ကတော်၏ တူမလေးကို မေတ္တာသက်ဝင် ချစ်ခင်နေမိ၏။ သူက မြို့ဝန်မင်း၏ ပစားပေးခြင်း ခံရသူဖြစ်၍ သဘောမတူမှာကိုတော့ ပူစရာမလို။ မိန်းကလေးက မေတ္တာတုံ့ပြန်ဖို့သာ အရေးကြီးသည်။

သူ့အနေဖြင့် မိန်းကလေးကို နှုတ်ဖြင့် ချစ်ရေးဆိုရန်မှာ



www.burmeseclassic.com

အသည်သား ဆန်လွန်းသည်ဟု ထင်၏ အထင်အမြင်သေးစရာ ဖြစ်မည်။ ရွှေနန်းတော် အသိုင်းအဝိုင်းနှင့် နီးစပ်သူပီပီ အများသူငါလို တေးထပ်ရေးပေးမှ တော်ပေမည်။ ထို့ကြောင့် ဆရာဆင့်ထံ လာရောက် အကူအညီတောင်းရခြင်း ဖြစ်၏။

*

"အိမ်း… ပြီးတော့ပြီးသွားကပြီ"

ဆရာဆင့်က ရေရွတ်ရင်း သူ့ရှိရာသို့ ထလာသည်။

"စိတ်ချပေရော့ မောင်ရင်၊ ဒီတေးထပ်ကို ဖတ်ပြီးရင် မိန်းကလေးဟာ မောင်ရင့်ကို မေတ္တာမတုံ့ပြန်ဘဲ နေနိုင်မှာ မဟုတ်ပေဘူးကွဲ့"

ဟုပြောပြီး ပေရွက်ကို လှမ်းပေး၏။ သူဝမ်းသာအားရ လှမ်းယူလိုက်သည်။

"ဖတ်ကြည့်လိုက်ပါဦးလေ"

ဆရာဆင့်က တိုက်တွန်းသဖြင့် သူ ဖတ်ကြည့်လိုက်သည်။ ဖတ်ရင်းကပင် ပီတိတွေ ဖြာဝေလာလေတော့၏။

"တဆိတ်ကယ် ချစ်ပါ့
လှစ်ဟလို့ တောင်းပန်။
ဖြစ်သမျှ အကြောင်းကံငယ်
ပေါင်းရန်ဖြင့် ရည်စူး။
ဖူးစာရှင် အစစ်မှန်လျှင်
အချစ်ပြန်ကြားဖို့ စိတ်ကူး"

*



www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၉၀၈]

"အောက်အီးအီးအွတ်"

သက်ကြီးခေါင်းချ ကြက်တွန်သံကြားပြီး မကြာခင် သူတို့ ရောက်လာတတ်ကြလေသည်။ သူတို့ ဆိုသည်မှာ ရွာထဲမှ ကာလသား လူပျိုများ ဖြစ်၏။

ရွာဓလေ့အရ လူကြီးတွေ အိပ်ရာဝင်ပြီးလျှင် ကာလသားတို့က အပျိုရှိရာ အိမ်တွေကို အလည်လာတတ်သည်။ အပျိုတွေက ဗိုင်းငင်ရင်း ကွမ်း၊ ဆေးလိပ်တို့ဖြင့် ဧည့်ခံရသည်။

ဒီအချိန်မှာ ပုံတိုပတ်စလေးတွေ ပြောကြ၊ နောက်ကြ၊ ပြောင်ကြ၊ စကားထာဝှက်ကြရင်း တစ်ယောက်ကို တစ်ယောက် အကဲစမ်းကြသည်။ ထိုမှတစ်ဆင့်တက်ပြီး ချစ်သူရည်းစားတွေ ဖြစ်ကြသည်။ တချို့ ကာလသားတွေကျတော့လည်း အိမ်တကာ လျှောက်လည်ပါလျက် လုံးဝ မစွံဘဲ လူပျိုသိုးကြီး ဖြစ်သွားသည်။

မိန်းကလေးများအနေဖြင့် မိမိတို့ထံ လာလည်သော ကာလသားများကို မချစ်မကြိုက်နိုင်သည်ပင် ဖြစ်စေ၊ မလာပါနဲ့ဟု တည့်တည့်ပြော



www.burmeseclassic.com

ခွင့် မရှိ။ စကားပြောရင်း မသိမသာ သမ်းဝေပြခြင်း၊ ဆေးလိပ် အဆင်သင့် လိပ်မထားခြင်း၊ ကွမ်းယာခိုင်းလျှင် ထုံးပေါက်အောင် များများ ထည့်ပေးခြင်း စသည်တို့ဖြင့်သာ ဥပါယ်တံမျဉ်ဖြင့် မနှစ်သက်ဟန် ပြရသည်။ ထိုအခါ တချို့ကာလသားတွေက သဘော ပေါက်ပြီး နောက်ရက်မှာ မလာတော့။ တချို့ကျတော့လည်း ဘယ်လို လုပ်လုပ် မရ။ မသိဟန်ဆောင်ပြီး နေ့တိုင်း ဇွတ်ကြီးလာနေလျှင် အတော် စိတ်ညစ်ရသည်။

*

ဟောဒီ မောင်ကြီးကျတော့ တစ်မျိုး။ ကိုယ်ကိုယ်တိုင်က လိုလိုလားလား ညှော့ခံနေပါလျက် မတုန်မလှုပ် နေနိုင်လွန်းသည်။ ရိုးချက်၊ အချက်ကလည်း လွန်ပါရော။ အရင်တုန်းက တစ်ယောက် တည်းတောင် မလာရဲ။ အဖော်တစ်ယောက် နှစ်ယောက် အမြဲပါသည်။ ထိုအခါမှာလည်း အဖော်တွေကသာ စကားဖောင်အောင် ပြောသည်။ မောင်ကြီးကတော့ နှုတ်ဆိတ်ပါဘိသနဲ့။

အတူပါလာသူထဲက တစ်ယောက်တလေက မောင်ကြီးနေပုံကို အားမရတော့ဘဲ…

"ဗျို့ကိုရင် သစ်ငုတ်တိုသာဖြင့် အတက်တောင် ပေါက်ရော့ မယ်"

ဟု ပြောယူရ၏။

ဒီနေ့တော့ ထူးထူးခြားခြားတစ်ယောက်တည်း ပေါက်ချလာ၏။ ဖွင့်ဟ ပြောကြားဖြစ်တော့မည်ဟု မျှော်လင့်ရသည်။ နေ့လယ်ကပင် အိမ်ကို အပျိုကြီး ရောက်လာပြီး မောင်ကြီးအကြောင်း ပြောသွား သေးသည်။ မောင်ကြီးက အလွန်သဘောကောင်းကြောင်း၊ ရိုးသား



www.burmeseclassic.com

ကြောင်း စကားမစပ် လုပ်ပြောရင်း မိမိကိုလည်း လင်ကောင်း သားကောင်း ရစေချင်ကြောင်း သွယ်ဝိုက်၍ အောင်သွယ်သွားခဲ့သည်။ ထိုအခြင်းအရာများကို ဆက်စပ်ကြည့်လျှင် အဖြေက သိသာ၏။

ခက်နေတာက မောင်ကြီးသည် ခုချိန်ထိ "လကလည်း သာလိုက်တာနော်"ဆိုသော စကားကိုသာ မကြာခဏ ပြောသည်။ မေးထားသော စကားထာကိုလည်း မဖြေသေး။ "ကျွန်းတုံးကြောင်လျှောက်"ဆိုတာ ဘာလဲဟု မေးထားခဲ့သည်။

မောင်ကြီးသာပါးရည်နပ်ရည်ရှိလျှင် တစ်ခါတည်းတောင် အဆင်ပြေသွားနိုင်သည်။ စကားထာ၏ အဖြေမှာကိုက မိမိသဘောထားက ပါဝင်ပြီး ဖြစ်နေ၏။

သို့ရာတွင် မောင်ကြီးသည် ခေါင်းကုတ်လိုက်၊ အင်းကွက်တွေ ထိုးထားသော လက်မောင်းကို ပွတ်လိုက်၊ အူကြောင်ကြောင် လုပ်နေသေးသည်။ စိတ်မရှည်တော့သဖြင့်…

"ကဲ… ပြောလေ၊ ကျွန်းတုံးကြောင်လျှောက်ဆိုတာ ဘာလဲ"

ဟု ထပ်ပြီးလာတော့မှ လက်ဖဝါးကြီးနှစ်ဖက်ကို ပွတ်လျက်…

"ဟီး… ကျုပ်စိတ်ထင်တော့ ထွန်တုံးမောင်ပျောက်လို့ ဆိုလိုတာ ထင်သာပဲ"

လက်မောင်းနှစ်ဖက်ကို စိတ်ရှိလက်ရှိ ကိုင်ဆောင့်ပြီး ထုရိုက်လိုက်ဖို့ပဲ ကောင်းတော့သည်။

ထိုစဉ်မှာ ထန်းရည်လေး တထွေထွေနှင့် အိမ်ပြန်လာသော မိန်းကလေး၏ မောင်ဖြစ်သူက မောင်ကြီး၏ အဖြေကို အမှတ်တမဲ့ ကြားသွားသည်။ သူက မောင်ကြီး ဘက်တော်သားလေ။ ဒီကိစ္စကလည်း သူမြှောက်ပေးခဲ့တာပေါ့။ ခုလည်း မောင်ကြီး စကားထာအဖြေပေးပုံကို ကြားပြီး အားမလို အားမရ ဖြစ်သွားဟန် တူ၏။ နဖူးကို လက်ဝါး



www.burmeseclassic.com

နှင့် တစ်ချက်ရိုက်လိုက်ပြီး...

"အလိုက် နလိုက်တဲ့လူနှယ်၊ ကျွန်းတုံးကြောင်လျှောက် ဆိုတာ လွမ်းတုန်းမောင်ရောက်လို့ ဆိုချင်တာဟ ယောက်ဖရ"

ဟု အာလေးလျှာလေးကြီးနှင့် လှမ်းအော်လိုက်လေသတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၉၆၅]

"နင့်နာမည်နဲ့ စာရောက်နေတာတွေ့လို့ ယူလာခဲ့တယ်"

အခန်းဖော်က စာအိတ်တစ်အိတ် လှမ်းပေးသည်။ သူလှမ်းယူပြီး ကြည့်လိုက်သည်။ စာအိတ်ပေါ်တွင် ပန်းပွင့်တစ်ပွင့်နှင့် လိပ်ပြာတစ်ကောင်ပုံ ရိုက်နှိပ်ထားသည်။ ဘယ်လိုစာမျိုးလဲဆိုတာ ခန့်မှန်းလို့ရပြီ။ လိပ်စာရေးထားတဲ့ လက်ရေးကတော့ လက်ဝဲစာလုံးဆန်ဆန်ဖြစ်သော်လည်း သပ်သပ်ရပ်ရပ် ရှိသည်။

သူသည် နေ့စဉ် အဆောင်မှထွက်ပြီး ကျောင်းသွားတက်လျှင်ဖြစ်စေ၊ ညနေအဆောင်ကို ပြန်လာသည့်အခါမှာ ဖြစ်စေ၊ ယောကျ်ားကလေးတစ်ယောက်မဟုတ် တစ်ယောက်၏ စကားလိုက်ပြောခြင်း၊ စာလိုက်ပေးခြင်းကို ခံရမြဲ ဖြစ်၏။ သူက ဒီနှစ်အတွက် တက္ကသိုလ်အလှမယ်ဘွဲ့ ရခဲ့တာ မဟုတ်လား။

ဒီလိုအခါမျိုးမှာ "ကျွန်မ ဒါမျိုးတွေ စိတ်မဝင်စားသေးပါဘူး" ဟု ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ခဲ့တတ်၏။ တချို့ သိပ်သဲကြီးမဲကြီး နိုင်သူမျိုးကျတော့ ဣန္ဒြေမပျက်ရအောင် စာကို ယူလာခဲ့ရ၏။



www.burmeseclassic.com

နောက်တစ်ခါ ဆုံတော့မှ "ကျွန်မမှာ အိမ်က သဘောတူထားတဲ့လူ ရှိပြီးသားပါ"ဟု အလိမ္မာသုံး၍ ဖယ်ခွာထုတ်ပစ်ရသည်။

သူတို့ထဲမှ ထူးခြားသူ တစ်ယောက်တော့ ရှိ၏။

တက္ကသိုလ်အနုပညာအသင်းမှ ကိုနန္ဒာ။

သူက စာလည်း လိုက်မပေး။ စကားလည်း လိုက်မပြော၊ ကျောင်းသွား ကျောင်းပြန်ချိန်တို့တွင် စင်္ကြံလမ်းထောင့် တစ်နေရာမှာ ရပ်ရင်း တွေတွေကြီး စိုက်ကြည့်နေတတ်သည်။

တစ်ခါတစ်ခါမှာတော့ အဆောင်ရှေ့ အုတ်ခုံမှာထိုင်ပြီး အဆောင်ဆီသို့ ငေးကြည့်နေလေ့ ရှိ၏။ ညဘက်တွေကျတော့မှ သူ့ ခံစားချက်တွေကို ဖွင့်ဟလာတတ်သည်။ အဆောင်ရှေ့ကိုလာပြီး မယ်ဒလင်တစ်လက်ဖြင့် ကိုစောညိန်းသီချင်းတွေ လာဆိုခြင်းပင် ဖြစ်လေ၏။ သူ့အသံသည် ဆွဲဆွဲငင်ငင်ရှိပြီး ကရုဏာသံ အပြည့် ပါသည်။

ကိုနန္ဒာ၏ ရုပ်ရည်မှာ မဆိုးလှ။ ပင်ကိုအားဖြင့်တော့ ပြေပြစ် သည်ဟု ဆိုနိုင်၏။ ကိုင်းထူထူ မျက်မှန်ကြီး တပ်ထားခြင်း၊ ဆံပင် ကို မဖြီးသင်ဘဲ ဖွာလန်ကြဲထားခြင်း၊ အဝတ်အစား မသေသပ်ခြင်း တို့ကြောင့်သာ ကြည့်ရတာ ညှဉ်းသိုးသိုး ဖြစ်နေရ၏။

*

တက္ကသိုလ်နယ်မြေတွင် စာတစ်စောင်ကို မိန်းကလေး တစ်ယောက် လက်ထဲရောက်ဖို့အတွက်မှာ ကြံတတ်ဖန်တတ်လျှင် ကျောင်းလခ ငွေသွင်းရတာထက်တောင် လွယ်သေးသည်။ အဆောင် ကျောင်းသူတစ်ယောက်ကို ပေးဖို့ဆိုလျှင် ပိုတောင် လွယ်သေးသည်။



www.burmeseclassic.com

 www.burmeseclassic.com 

အဆောင်စောင့်ကြီးကို ချဉ်းကပ်ပြီး ကျောင်းသူတွေဆီ လာတဲ့စာတွေ ထားသောနေရာမှာ သွားထည့်ခိုင်းလိုက်ရသာ ဖြစ်၏။ ဒါမှမဟုတ် လက်ဖက်ရည်ဖိုး ပိုပိုသာသာပေးပြီး လက်ထဲ အရောက် ပို့ခိုင်းလို့တောင် ရသည်။

ခုတော့ ဒီလိုမဟုတ်။ တံဆိပ်ခေါင်းဖိုး အကုန်ခံပြီး စာတိုက်ကနေ တကူးတကန့် ထည့်လိုက်ရှာ၏။ ဒီလို ခပ်အအ အကြံမျိုးကြံစည်တတ်သူဆိုကတည်းက ဒီစာရေးသူဟာ ကိုနန္ဒာပဲ ဖြစ်ရမယ်ဆိုတာ သိလိုက်ပြီ။

ဘာပဲဖြစ်ဖြစ် သူ့စာကိုတော့ ဖတ်ကြည့်ချင်သည်။ ဂီတ အနုပညာသမား ဖြစ်သောကြောင့် အရေးအသား ညက်ညောမှာ သေချာသည်။ ထို့ကြောင့် စာအိတ်ကို ဖောက်လိုက်သည်။ အိပ်ရာပေါ် လှဲအိပ်ပြီး စာကို ဖတ်သည်။

ထင်တဲ့အတိုင်းပဲ၊ ကိုနန္ဒာ၏စာကို ဖတ်ရတာ သီချင်းတစ်ပုဒ် နားထောင်နေရသလိုပါပဲ။ တချို့ စကားလုံးလေးတွေ သဘောကျသဖြင့် နှစ်ခေါက်လောက် ပြန်ဖတ်မိ၏။

“ဝေယံနန်းထက်က ချစ်သူရေ
တိမ်လွှာတွေကြားမှာမှ ဆော့ကစားတတ်တဲ့
လမင်းကြီးကို မြေပြင်ကနေ မော့ကြည့်ပြီး
တပ်မက်လိုချင်မိတဲ့ သူရူးတစ်ယောက်သာ
ရှိမယ်ဆိုရင်
အဲဒီသူဟာ မောင်ပါပဲကွယ်”

တချို့ စကားလုံးတွေကျတော့ နဘောကာရန် ကလေးတွေတောင် ပါသဖြင့် ဖောင်တိန်ထယူပြီး လိုင်းသား၍ မှတ်ထားရသေးသည်။ ဒါမှ စာပြန်တဲ့အခါ ပြန်ချေလို့ရမယ် မဟုတ်လား။



www.burmeseclassic.com

"မေတ္တာဆိုတာ အလျားအနံမရှိပေမဲ့ အသွားအပြန်တော့ ရှိသင့်ပါတယ်"

"လက်ရေး နံ့ချာပေမဲ့ အသက်သွေးပုံကာ ချစ်ရသူရယ်"

"ပြာမလိုလိုနဲ့စိမ်း လာမလိုလိုနဲ့ မတိမ်းလိုက်ပါနဲ့ကွယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၉၈၇]

လှေကားရင်း အုတ်ခုံမှာ ထိုင်စောင့်နေတာ နာရီဝက်ကျော်ပြီ။ ခုထိ ဆင်းမလာသေး။ ဒီကျူရှင်ဆရာကလည်း စေတနာတွေ တော်တော် ကောင်းနေသည်။ ချစ်သူတက်နေသည့် တန်းခွဲက လေးနာရီမှာ ပြီးရမည်။ စာမေးပွဲနီးလို့များ အချိန်ပိုယူပြီး သင်နေသလား မသိ။

သူ့ဟာသူ စေတနာတွေ ပြုနေတာက အရေးမကြီး။ ဒီမှာ စောင့်ရတဲ့ကောင်က စိတ်မရှည်နိုင်အောင် ဖြစ်လာပြီ။ ဒီနေ့ ချစ်သူဆီက အဖြေရဖို့ အလားအလာသာ မရှိလျှင် မစောင့်ဘဲ ထထွက်သွား မိလိမ့်မည်။

ချစ်သူကို စိတ်ဝင်စားနေခဲ့မိတာ ကြာပြီ။ ရန်ကုန်မြို့ကြီးပေါ်မှာ ဒီလောက် မိန်းကလေးပေါင်းများစွာ ရှုပ်ယှက်ခတ် သွားလာနေတဲ့ ကြားက သူတစ်ယောက်ကို ရွေးချယ်မိတာ ထူးဆန်းသည်။ တစ်ဖက်က ကြည့်တော့လည်း သဘာဝ ကျသည်။ ရှိသမျှ မိန်းကလေးတွေ အားလုံး လိုက်ကြိုက်နေလို့လည်း ဘယ်ဖြစ်ပါ့မလဲ။ တစ်ယောက်ဆို တော်ပါပြီ။



www.burmeseclassic.com

ဒီတစ်ယောက်တောင် လွယ်တာမဟုတ်။ ချစ်သူက လမ်းလျှောက် မြန်သဖြင့် နောက်က မီအောင်လိုက်ရတာ မသက်သာလှ။ ပြီးတော့ စွာကလည်း စွာသေးသည်။ စကားလိုက်ပြောကာစက လွယ်အိတ်နဲ့ ရိုက်မယ်တောင် လုပ်သေးသည်။ နောက်တော့မှ သက်သက်လိုက်နှောင့်ယှက်တာ မဟုတ်မှန်းသိလို့ ပျော့ပျောင်းသွားတာ။

ချစ်သူကို စကားတွေ အများကြီး ပြောခဲ့ဖူးသည်။ သို့ရာတွင် လမ်းလျှောက်ရင်း ပြောရတာ၊ အအေးဆိုင်ထိုင်ရင်း ပြောရတာ အားမရ။ မလွတ်လပ်၊ ရင်ထဲရှိသမျှ စိတ်ရှိလက်ရှိ ပြောနိုင်ဖို့ နည်းလမ်းရှာသည်။ စာနဲ့လည်း ရေးမပေးချင်။ စာရေးရတာ ပျင်းစရာကောင်းသည်။ လက်လည်း ညောင်းသေးသည်။

ဒီတော့ ကက်ဆက်ခွေထဲမှာ သူ့ခံစားချက်တွေ ပြောပြီး အသံသွင်းလိုက်သည်။ အေဆိုဒ်ထဲမှာ အပြည့်ပြောချလိုက်၏။ ဘီဆိုဒ်ကိုတော့ ချန်ထားလိုက်သည်။ သူ့ကို ပြန်ချစ်နိုင်လျှင် ဘီဆိုဒ်ထဲမှာ ချစ်တယ်ဆိုတဲ့ စကားလေး တစ်ခွန်းပဲ အသံသွင်းထည့်ပြီး ပြန်ပေးလိုက်ပါဟု မှာလိုက်သည်။

ဒီနေ့ အဖြေရမည့်နေ့ ဖြစ်၏။ ချစ်သူက သူ့အချစ်ကို လက်ခံမှာ ကျိန်းသေသည်။ ဒါကို သိပြီးသား ဖြစ်ပါလျက် စိုးရိမ်စိတ်က ဝင်မိသေး၏။ ဆေးလိပ်မသောက်တတ်တော့လည်း ခက်သား။ စိတ်ငြိမ်အောင် ဘယ်လို လုပ်ရမယ် မသိ။

စိတ်လှုပ်ရှားလာသဖြင့် လမ်းနည်းနည်း လျှောက်လိုက်လျှင် ကောင်းမလားဟု စိတ်ကူးပြီး ထရပ်လိုက်စဉ်မှာပင် အပေါ်ထပ်မှ ဆင်းလာသော ခြေသံများကြားလိုက်ရ၏။ ကျူရှင်က ပြီးသွားပြီ။ ချစ်သူ ဆင်းလာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေသံတွေ အများကြီးထဲက ချစ်သူ့ခြေသံကို ခွဲခြားရွေးချယ် နားစွင့်နေမိ၏။

*


www.burmeseclassic.com

www.burmeseclassic.com

## [အေဒီ ၁၉၉၈]

သူသည် ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ တကယ်လို့သာ ကွန်ပျူတာ မရှိခဲ့လျှင် ဒီအလုပ်ကို လူသုံးယောက် ဝိုင်းလုပ်ရပေလိမ့်မယ်။ အဲဒီလိုဆိုလည်း အကောင်းသား။ စကားလေး ပြောလိုက်၊ အချဉ်ထုပ်လေး စားလိုက်၊ အလုပ်ကလေးလုပ်လိုက် အပျင်းပြေတာပေါ့။

ခုတော့ တစ်ယောက်တည်း ကွန်ပျူတာတစ်လုံးနှင့် ငြီးငွေ့စရာ။ စကားပြောဖော် တစ်ယောက်လောက်ရှိလျှင် ကောင်းမည်ဟု တွေးနေတုန်း ဖုန်းသံမြည်လာ၏။ ဘော့စ်ဆီက ဖုန်းဖြစ်နိုင်သည်။ အဘိုးကြီးက ရောက်ရာအရပ်ကနေ ဆယ်လူလာနှင့် လှမ်းဆက်ပြီး မေးစရာရှိတာမေး၊ ခိုင်းစရာရှိတာ ခိုင်းတတ်သည်။

ဖုန်းကောက်ကိုင်ပြီး ထူးလိုက်၏။ တစ်ဖက်က...

"မိုးနတ်သား ထရိတ်ဒင်း ကုမ္ပဏီကပါလား"

"ဟုတ်ပါတယ်"

"မိပေါက်လား ငါပါဟ၊ ငတိုးပါ၊ အမယ်လေး တော်သေး



www.burmeseclassic.com

တာပေါ့ဟာ၊ နင်အပြင်ထွက်နေလို့ မတွေ့ရရင် ငါဖုန်းဆက်တာ အလကား ဖြစ်တော့မှာပဲ”

“ဒီမှာငတို့ နင်ပိုက်ဆံတွေ သိပ်ပေါနေလားဟင်”

“ဘာဖြစ်လို့လဲဟင်”

“ဒီတစ်ပတ်အတွင်းမှာ ငါ့ဆီ နင်ဖုန်းဆက်တာ သုံးခါရှိပြီ၊ နေစမ်းပါဦး၊ နင်စင်ကာပူမှာ သွားနေတာ အလုပ်လုပ်ပြီး ပိုက်ဆံ ရှာဖို့လား၊ ဖုန်းဆက်ဖို့လား”

“ဒီလိုတော့ မပြောသင့်ပါဘူးဟာ၊ ငါက နင့်အသံကလေးကို ကြားချင်လွန်းလို့ပါ၊ နင့်ဆီ ဖုန်းတစ်ခါဆက်ဖို့ နေ့လယ်စာတစ်နပ် အငတ်ခံပြီး ပိုထွက်လာတဲ့ ငွေနဲ့ ဆက်ရတယ်ဆိုတာ သိရင်၊ နင်ဒီလိုပြောမှာ မဟုတ်ဘူး”

“ဘာ... နင်အဲဒီလိုတော့ မလုပ်နဲ့၊ အစာအိမ်ရောဂါ ဖြစ်နေဦး မယ်၊ ဟိုမှာ ဆေးကုတဲ့ စရိတ်က နည်းတာမဟုတ်ဘူး သိရဲ့လား”

“အဲဒီလို မဖြစ်စေချင်ရင် အဖြေပေးလိုက်လေ”

“ဒီလိုတော့ ဘယ်ရမလဲ”

“ဒါဆိုရင်တော့ မနက်ဖြန်ကစပြီး နင့်ဆီ တစ်နေ့တစ်ခါ ဖုန်းဆက်မယ်၊ နေ့တိုင်း နေ့လယ်စာ တစ်နပ်အငတ်ခံမယ်”

“အဲဒီလိုတော့ အကျပ်မကိုင်ပါနဲ့ဟာ”

“ဒါဆိုရင် အဖြေပေးလေ”

“ဟာ... ငါမပြောချင်ဘူး”

“မရှက်ပါနဲ့ဟာ ဖုန်းထဲကပဲ လူချင်းမြင်ရတာမှ မဟုတ်ဘဲ”

“ဒါပေမဲ့ နင်က နားထောင်နေတာပဲ”

“အေး... ဖုန်းထဲက မပြောတာလည်း တစ်ခုတော့ ကောင်း



www.burmeseclassic.com

တယ်၊ စကားနဲ့က သက်သေမရှိဘူး၊ နောက်တော့မှ ဘယ်တုန်းက ပြောလို့လဲ ဘာညာ လုပ်ချင်လုပ်နေမှာ။ ဒီတော့ ဒီလိုလုပ် တကယ် တရား ဝင်ဖြစ်အောင် ငါ့ကို ချစ်ပါတယ်လို့ နင့်လက်ရေးနဲ့ရေးပြီး ငါတို့ ကုမ္ပဏီရုံးခန်းကို ဖက်စ်နဲ့ပို့လိုက်"

"အမယ် ကြိုက်တတ်လိုက်တာ၊ ဖက်စ်က အလကား ရတယ်များ ထင်နေသလား"

"လုပ်ပါဟာ၊ နင့်ရုံးကစက်တွေ နင်ကြိုက်သလို သုံးခွင့်ရှိတယ် ဆိုတာ ငါသိပါတယ်၊ ငါလေ နင့်လက်ရေးကလေးနဲ့ အဖြေပေးတာကို မြင်ချင်လွန်းလို့ပါ၊ ဟော... ဖုန်းကတ်ထဲက ယူနစ်ကုန်တော့မယ်၊ အချက်ပေးနေပြီ၊ ဖက်စ်နဲ့ ပို့လိုက်နော် ဟုတ်လား၊ ဒါပဲ"

"ဟေ့... ဟေ့... နေဦး"

ဟုပြောလိုက်စဉ် ဖုန်းလိုင်းပြတ်သွားသည်။

"ကောင်စုတ် တော်တော် အနိုင်ကျင့်တယ်"

ဟု ရေရွတ်လိုက်၏။ ထို့နောက် တစ်ချက်ပြုံးပြီး ဖက်စ်ရှိရာသို့ ထသွားလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

[အေဒီ ၂၀၁၅]

အင်တာနက် ဆက်သွယ်ရေး ကွန်ရက်အတွင်း လူသုံးအများဆုံး **Website** တစ်ခုရှိ၏။ ထိုအစီအစဉ်ကို လူငယ်တွေက အများဆုံး အသုံးပြုကြသည်။

ချစ်သူအချင်းချင်း အဆက်အသွယ်ပြုလုပ်ခြင်း၊ ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများ ပေးပို့ခြင်း၊ အချစ်ရေးရာ ပါရဂူများထံမှ အကြံဉာဏ်တောင်းခံခြင်း၊ အချစ်နှင့်ပတ်သက်သည့် ပြဿနာများကို ဆွေးနွေးခြင်း၊ သင်တန်းများ ပေးခြင်းတို့ ပြုလုပ်ကြ၏။ ထိုကိစ္စများအတွက် အသုံးပြုရန် လက်တစ်ဝါးစာမျှရှိသော ကွန်ပျူတာကလေးများကို တီထွင်ထားကြသည်။

ထိုအစီအစဉ်မှာ လူသုံးများလွန်းသဖြင့် ၎င်းအတွက် ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကိုတောင် သီးခြားလွှတ်တင်ထားရ၏။ ဂြိုဟ်တု၏ အမည်ကို **Interlove** ဟု အမည်ပေးထားသည်။

*



www.burmeseclassic.com

သူသည် အချစ်နှင့်ပတ်သက်သည့် ပြဿနာတစ်ခုအကြောင်းကို အင်တာနက်မှတစ်ဆင့် အချေအတင် ဆွေးနွေးသည့် အစီအစဉ်တစ်ခုတွင် ပါဝင်ဆွေးနွေးနေ၏။ ထိုအစီအစဉ်တွင် တစ်ကမ္ဘာလုံးမှ စိတ်ဝင်စားသော လူငယ်အမြောက်အမြား ပါဝင်ကြသည်။

ဒီနေ့ ဆွေးနွေးနေကြတာက မိန်းကလေးများအနေဖြင့် ယောကျ်ားကလေးများကို စတင် ချစ်ရေးဆိုသင့် မဆိုသင့်ဆိုသော အကြောင်းအရာ ဖြစ်၏။

သူက မဆိုသင့်ဟု တင်ပြသည်။ မိန်းကလေးများသည် ကိုယ့်ဣန္ဒြေသိက္ခာနှင့်ကိုယ် နေသင့်သည်ဟု အကြောင်းပြသည်။ ထိုအခါ တချို့က သူ့ကို ရှေးရိုးဆန်လွန်းသည်ဟု ဝေဖန်သည်။ ဥရောပမှ မိန်းကလေးတစ်ယောက်က မိန်းကလေးများအနေဖြင့် ကိုယ်ချစ်နေသော ယောကျ်ားလေးကို စကားမစဘဲ မျိုသိပ်နေလျှင် ယောကျ်ားကလေးက ဘယ်လိုလုပ် သိမလဲဟု ဆိုသည်။ အမေရိကမှ မိန်းကလေးကတော့ ကိုယ်ချစ်နေတာကို ချစ်ကြောင်း ပြောခွင့်ရှိရမည်။ ဒါကို ပိတ်ပင်လျှင် မိန်းမတွေရဲ့ အခွင့်အလမ်းကို ပိတ်ပင်တာပဲဟု စွပ်စွဲသည်။

သူက ဒီလိုမဟုတ်ကြောင်း မိန်းကလေးများသည် ကိုယ့်သိက္ခာနှင့်ကိုယ် နေမှ ယောကျ်ားလေးတွေက တန်ဖိုးထားမည်ဖြစ်ကြောင်း၊ သို့မဟုတ်လျှင် အထင်သေးခံရနိုင်ကြောင်း ပြန်ရှင်းသည်။ ထိုအခါ ကမ္ဘာအနှံ့ရှိ မိန်းကလေး အတော်များများက သူ့ကို ကွန်ဆာဗေးတစ်ဟု စွပ်စွဲကြသည်။ ဂျပန်နိုင်ငံမှ မိန်းကလေးတစ်ယောက်ဆိုလျှင် သူ့ကို ချစ်နေကြောင်း၊ လက်ခံနိုင်လျှင် ယခုပင် အကြောင်းပြန်ပါဆိုပြီး လှမ်းရိလိုက်သေးသည်။

ဆွေးနွေးပွဲမှာ စိတ်ပါဝင်စားနေသဖြင့် ပတ်ဝန်းကျင်ကိုတောင်



www.burmeseclassic.com

ဂရုမစိုက်မိ။ ကွန်ပျူတာ ဖန်သားပြင်၊ ဆောင်းဖောက်၊ အီးမေလ်မှ တစ်ဆင့် ကူးထားသော စာရွက်များနှင့် အလုပ်ရှုပ်နေစဉ်...

"ဟိတ်"

နောက်မှ ခေါ်သံကြားသလို ရှိသဖြင့် လက်ကို လှမ်းကိုင်လိုက်သည်။ လက်ကို မထိမိ။ လေကိုသာ ဖမ်းဆုပ်ရသလို ဖြစ်သွားသည်။ ထိုအခါကျမှ ခုရောက်နေတာ ချစ်သူစင်စစ် မဟုတ်ဘဲ ကိုယ်စား လွှတ်လိုက်သည့် ဟော်လိုဂရမ် ပုံရိပ်တစ်ခုသာဖြစ်ကြောင်း သိလိုက်ရ၏။

သူ ရှက်ပြုံးကို ပြုံးမိတော့သည်။ ။

**[ခေတ်ပေါ်ငါးယောက်စာအုပ် ၂၀၀၀ မှ]**



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းလောင်းထိုးသော
# လူတစ်ယောက်

www.burmeseclassic.com

# ခေါင်းလောင်းထိုးသော လူတစ်ယောက်

ကျောင်းဆရာဆိုတာက နောက်စေ့မှာ မျက်လုံးအပို ပါရသည်။ ကျောက်သင်ပုန်းဘက် လှည့်ပြီး စာရေးနေပေမဲ့ နောက်မှာ ကျောင်းသားတွေ ဘာဖြစ်နေတယ်ဆိုတာ ရိပ်မိဖို့လိုသည်။ သည်အတွက် အကြားအာရုံကို အားကိုးရ၏။ တခြားနေရာတွေမှာ ထူချင်ထူ ထိုင်းချင်ထိုင်းမည်။ ကျောင်းခန်းထဲ ရောက်ပြီဆိုတာနဲ့ နားရွက်တွေက အလိုလို ပါးရည်နပ်ရည်ရှိပြီးသား ဖြစ်နေအောင် လေ့ကျင့်ထားပြီးသား။

ကလေးတွေဆိုတာကလည်း တစ်ချိန်လုံး ဗီဒီယိုကင်မရာနှင့် ရိုက်နေသလို စောင့်ကြည့်နေသော ဆရာ၏ မျက်လုံးများရှေ့မှာ နေနေရတော့ စိတ်ကျဉ်းကျပ်မှာပဲ။ သည်တော့ ဆရာ တစ်ဖက်ကို လှည့်လိုက်တာနဲ့ လွတ်လပ်ခွင့်လေး ရသခိုက် စိတ်ကူးတည့်ရာလေးတွေ လုပ်ချင်တတ်သည်။

ဂူးဂူးဝါးဝါး ဗလုံးဗထွေး ပြောလိုက်သော အသံသဲ့သဲ့ကြားလျှင် ယောက်ျားလေးတွေ တစ်ယောက်နှင့် တစ်ယောက် အလစ်မှာ လက်မောင်းကို လက်သီးနှင့် ထိုးနေကြတာမှန်း သိသည်။ ဖြောက်ခနဲ ဖြောက်ခနဲ မြည်သံကတော့ ရှေ့တန်းက မိန်းကလေးတွေ နေကြာစေ့



www.burmeseclassic.com

ခိုးစားနေကြတာ။ ကြမ်းပေါ်ကို တစ်စုံတစ်ခု တောက်ခနဲ ကျသွားတဲ့ အသံ ကြားရလျှင် လူနောက်တစ်ကောင်ကောင်က ကောင်မလေးတွေကို ဆီးစေ့နဲ့ လှမ်းပေါက်လိုက်ပြီ စသည်ဖြင့် မှန်းလို့ရသည်။

များသောအားဖြင့်တော့ ဒါမျိုးကို မသိချင်ယောင် ဆောင်နေရသည်။ သူတို့လေးတွေရဲ့ အပျင်းဖြေသည့် အချိန်ကလေးကို မနှောင့်ယှက်သင့်။ သိပ်ကျပ်လွန်းလျှင် စာသင်ရတာကို ကြောက်လန့်သွားတတ်သည်။ ကျောင်းကို မုန်းသွားတတ်သည်။

ခင်မောင်ဦးသည် ရယ်ချင်စိတ်ကို မအောင့်နိုင်တော့ဘဲ ပါးစပ်ထဲမှာ ငုံထားသော လေတွေ ခွီးခနဲ ထွက်သွားသည်။ တစ်ခု သတိရပြီး ဟိုဘက်အတန်းကို ကြည့်လိုက်မိ၏။ သူတို့ ကျောင်းကလေးမှာ တစ်တန်းနှင့် တစ်တန်းကြားထဲမှာ ထရံနှင့်ကန့်ပြီး ကာရံထားခြင်း မရှိသဖြင့် တစ်ဖက်ကို မြင်နေရသည်။ ဟိုဘက်ခန်းက ဆရာမလေးက နားစွင့် အကဲခတ်နေရာမှ သူလှမ်းအကြည့်တွင် ဖျတ်ခနဲ ပြန်လှည့်သွားသည်။ ပြုံးယောင်ယောင် ဖြစ်သွားတာကိုတော့ မြင်ဖြစ်အောင် မြင်လိုက်သည်။

သူ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားရ၏။ မနေ့က ကျောင်းကအပြန် အိမ်ရောက်တော့ မောမောနှင့် အဝတ်အစားမလဲနိုင်သေးဘဲ ပက်လက်ကုလားထိုင်မှာထိုင်ပြီး ဆေးပေါ့လိပ် ဖွာနေမိသည်။ ဆေးလိပ်မီးခဲတစ်ခဲက ဘယ်အချိန်ကဘယ်လို ပုဆိုးပေါ်ကျသွားမှန်း မသိ။ အဝတ်မီးလောင်စော် ညှော်တော့မှ ကပျာကယာ ခါထုတ်လိုက်သော်လည်း ပက်စီပုလင်းအဖုံး တစ်ဖုံးစာနီးနီး ပေါက်သွားခဲ့သည်။ ထိုအပေါက်က နောက်တည့်တည့်မှာ ရောက်နေသည်။ ကျောင်းမတက်ခင်တုန်းက ဆရာမတွေလည်း တွေ့မှာပဲ၊ ကွယ်ရာမှာ ပြောပြောပြီး ရယ်နေကြမလားဟုတွေးပြီး ချွေးပြန်ချင်လာသည်။



www.burmeseclassic.com

ခုချိန်ကျမှ ပုဆိုးကို လှည့်ဝတ်လို့လည်း မဖြစ်။ ကလေးတွေက ရယ်ကြဦးမည်။ သည်အတိုင်းထားပြီး စာပြန်လှည့်ရေးဖို့ကျတော့လည်း တစ်ခက် ဖြစ်နေပြန်၏။ ကလေးတွေမှာ နှစ်တန်းကျောင်းသား ကျောင်းသူလေးများဖြစ်၍ အသက် ခုနစ်နှစ် ရှစ်နှစ်ထက် မပိုကြသေး။ သို့ရာတွင် ကလေးပေါင်း လေးဆယ်၏ မျက်လုံးပေါင်း ရှစ်ဆယ် ဖြစ်လာသောအခါ အင်အားက မသေးလှတော့ချေ။ ပြီးတော့ ဟိုဘက်အတန်းက ဆရာမလေးက အပျို။ ဆရာမလေး၏ မြင်ကွင်းထဲမှာ ပုဆိုးလှည့်မဝတ်ရဲ။

ကျောက်သင်ပုန်းပေါ်က စာကြောင်းကလည်း အဆုံးထိ မရေးရသေး။ သူဘာလုပ်ရမှန်းမသိ ဖြစ်နေရာမှ ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။ ဆရာမလေးကို လှမ်းကြည့်တော့ သူ့ဘာသာ စိတ်ပါလက်ပါစာသင်နေသည်ကို တွေ့ရ၏။ ကလေးတွေလည်း မျက်နှာပိုး သေကုန်ကြပြီ။ တစ်နည်းနည်းနဲ့တော့ စာဆက်သင်ရမည်။ သည်အတိုင်းကြီး ထိုင်နေလို့ မကောင်းသဖြင့် ဖတ်စာအုပ်ကို လှန်လှော ကြည့်နေတုန်း ကျောင်းဆင်းခေါင်းလောင်း ထိုးသံ ကြားရသည်။ ထိုအသံကြောင့် သူသည် ကလေးတွေထက်တောင် ပိုဝမ်းသာမိလိမ့်မည် ထင်၏။

"ကဲ... အားလုံး မင်္ဂလာပါ"

ဟု အလျင်အမြန် ပြောလိုက်၏။ ကလေးတွေ ဝုန်းခနဲ ထရပ်ပြီး...

"မင်္ဂလာပါ ဆရာကြီး၊ ကျေးဇူးတင်ပါတယ်"

သူ့အတန်းက အပေါက်ဝနှင့် ပိုနီးသဖြင့် အရင်ထွက်ရသည်။

"နှစ်ယောက်တစ်တွဲ တန်းစီပြီး ထွက်ကြနော်၊ မတိုးကြနဲ့"

ထိုင်လျက်ကပင် လှမ်းအော်ရသည်။ သူတို့အတန်းပြီးတော့



www.burmeseclassic.com

ဟိုဘက်အတန်းက ကျောင်းသားကျောင်းသူတွေ ထွက်ကြသည်။ သူကတော့ စာအုပ်တွေ သိမ်းသလိုလုပ်ရင်း အချိန်ဆွဲနေသည်။ ဆရာမလေးပါ ထွက်သွားပြီး သူတစ်ယောက်တည်း ကျန်တော့မှ ပုဆိုးကို လှည့်ဝတ်လိုက်ရသည်။

လက်မှတ်ထိုးဖို့ ဆရာမကြီးရုံးခန်းသို့အသွားတွင် လက်မှတ်ထိုးပြီး ပြန်ထွက်လာသော ဆရာမလေးနှင့် သွားဆုံသည်။ ဆရာမလေးက ရိုးရိုးသားသားပင် နှုတ်ဆက်ပြုံးပြသည်။ သူကတော့ သူ့ဘာသာ စိတ်မလုံသူမို့ မဲ့သလိုလို ပြန်လုပ်ပြလိုက်မိ၏။

*

အိမ်ပြန်ရောက်ရောက်ချင်း ရေတစ်ခွက်သောက်ပြီး လုပ်ငန်းစသည်။ လစဉ်စာမေးပွဲ အမှတ်စာရင်းလုပ်ဖို့ ကိစ္စမှာ ဦးစားပေးအဆင့်တွင် နောက်သို့ ရောက်သွားသည်။

သူ့မှာ အပ်ချည်အစိမ်းရောင် မရှိ။ ရှိသည့် အဖြူရောင်နှင့် ဖာလို့ကတော့ ပေါက်နေတာထက်တောင် ပိုဆိုးဦးမည်။

အင်္ကျီတွေဘာတွေမှာ အမှတ်အသား လုပ်ချင်လျှင် ကွမ်းရွက်ကို တုတ်နှင့်ခြစ်ပြီး မှတ်ရသည်။ ကွမ်းရွက်ဆိုတာ အကောင်းဆုံး အစိမ်းရောင်ဆိုးဆေးပဲ မဟုတ်လား။

သူငှားနေသော အခန်းပိုင်ရှင်မှာ ကွမ်းရွက်သုံးလေးရွက် သွားတောင်းသည်။ အကြမ်းပန်းကန်လုံးထဲမှာ အရည်ညှစ်ချသည်။ အပ်ချည်ကို လိုတာထက် ပိုပိုသာသာဖြတ်ပြီး စိမ်လိုက်သည်။ ကျောင်းစိမ်းလုံချည်နှင့် အရောင်ချင်းသိပ်မတူသော်လည်း မဖာဘဲထားတာထက်စာလျှင် အဖြူနှင့် ဖာတာထက်စာလျှင် အများကြီးတော်သေးသည်။ စိတ်ကူးကောင်းသွားသည့်အတွက် သူ့ကိုယ်သူ



www.burmeseclassic.com

သောမတ်အက်ဒီဆင်လောက်ကို ထင်မိသေးသည်။

ပုဆိုးဖာနေရင်းက မျက်နှာလေးတစ်ခုကို ဖျတ်ခနဲ မြင်ယောင်မိပြန်၏။ သူ့အတန်းနှင့် ကပ်လျက်အတန်းက ဆရာမလေး ဒေါ်ခင်စိုးမြင့်။ "ဒေါ်"တပ်ပြီး ခေါ်သည့်တိုင် အသက်က နှစ်ဆယ်ငါး နှစ်ဆယ့်ခြောက်လောက်ပဲ ရှိဦးမည်။ မိမိထက် နှစ်နှစ်လောက် ငယ်လိမ့်မည်။

တစ်ကျောင်းလုံးမှာ ယောကျ်ားဆရာဆိုလို့ မိမိတစ်ယောက်တည်း ရှိ၏။ အပျိုဆရာမဆိုလို့လည်း ဒေါ်ခင်စိုးမြင့် တစ်ယောက်ပဲ ရှိ၏။ သည်တော့ ထုံးစံအတိုင်း တခြားဆရာမတွေက သူတို့နှစ်ယောက်ကို ဖြစ်သွားစေချင်ကြတာ သူသိ၏။ သူ့ကို ဘာမှ မပြောကြသည့်တိုင် ဒေါ်ခင်စိုးမြင့်ကို သူနှင့် စစနေတာ ရိပ်မိသည်။ ဆရာမတွေစုပြီး ထိုင်နေတုန်း သူရှေ့က ဖြတ်လျှောက်လျှင် ဒေါ်ခင်စိုးမြင့်ကို အဓိပ္ပာယ်ပါပါပြုံးပြီး ဝိုင်းကြည့်ကြတာ။ ဒေါ်ခင်စိုးမြင့်က ရှက်ပြုံးပြီး ခေါင်းငုံ့သွားတာ လှမ်းမကြည့်သော်လည်း မြင်ကွင်းထောင့်မှာ တစ်စွန်းတစ်စ မြင်ရတတ်၏။

တကယ်တော့ ဆရာမလေး ဒေါ်ခင်စိုးမြင့်မှာ သဘောကျမည်ဆိုလျှင် ကျနိုင်လောက်စရာ အရည်အသွေး ရှိနေသည်။ ရုပ်က လှသည်ဆိုတာထက် ကျက်သရေရှိသည်ဆိုလျှင် ပိုမှန်မည်။ သဘောကောင်းပုံရသော ချိုသာသည့်အပြုံးက သူ၏ ထူးခြားမှုပင် ဖြစ်၏။ အနည်းငယ်ပိန်သည်ဟု ထင်ရသော်လည်း သူ့အရပ်အမောင်းနှင့်သူ ပါးပါးလျားလျားနှင့် ကြည့်ကောင်းသော ကိုယ်ခန္ဓာရှိသည်။ လှုပ်ရှားသွားလာပုံမှာ အေးဆေးငြိမ်သက်သည်။ စာသင်နေသောအခါမှာတော့ သွက်လက် ဖျတ်လတ်နေတတ်ပြန်၏။ ကလေးတွေအပေါ် စေတနာ



www.burmeseclassic.com

ထားတတ်တာလည်း တွေ့ရသည်။

ထို့ကြောင့် ဒေါ်ခင်စိုးမြင့်ကို စိတ်ဝင်စားမည်ဆိုလျှင် ဝင်စားလောက်ပေသည်။ သို့တိုင်အောင် မိမိကိုယ်တိုင်က မပြတ်မသား တွေဝေနေမိတာတော့ ဘာမှ မတတ်နိုင်။

သူသည် ကျောင်းမှာတုန်းကလည်း နှလုံးသားရေးရာကို စိတ်မဝင်စားခဲ့။ စိတ်ဝင်စားဖို့ အခြေအနေ မပေးခဲ့ဆိုလျှင် ပိုမှန်မည်။ ဆရာတော်သာ ရန်ကုန်မှာ ရှိမနေဘူးဆိုလျှင် သူတက္ကသိုလ် တက်ဖြစ်လိမ့်မည်မထင်။

သူ့မှာ မိဘမရှိတော့။ ညီအစ်ကိုမောင်နှမ ငါးယောက်မှာ သူက စတုတ္ထမြောက် ဖြစ်၏။ သူ့အောက်ကညီမက ကလေးသာသာ အရွယ်မှာ ဆုံးသွားသည်။ အစ်ကိုနှစ်ယောက်က စောစောစီးစီး အိမ်ထောင်ကျပြီး တစ်နယ်တစ်ကျေးမှာ သွားအခြေချနေကြသည်။ အစ်မအကြီးဆုံးနှင့် ယောက်ဖတို့က သူ့ကို ဆယ်တန်းအထိ ကျောင်းထားပေးခဲ့ခြင်း ဖြစ်၏။

ဆယ်တန်းအောင်လာသည့် အခါကျတော့ တက္ကသိုလ် ဆက်တက်ဖို့ အခက်အခဲ ဖြစ်နေ၏။ အစ်မကြီးတို့အနေနှင့် သည်လောက်ထိတော့ မတတ်နိုင်တာ သူသိ၏။ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ဆရာတော်ရွာကို ရောက်လာသည်။

ဆရာတော်က သူတို့ရွာသားဖြစ်၏။ ရွာကျောင်းမှာ ပဉ္စင်းလေးအဖြစ် သီတင်းသုံးနေခဲ့ဖူးသည်။ နောက်တော့ ရန်ကုန်ရောက် ဒကာတစ်ယောက်၏ ပင့်ဖိတ်မှုကြောင့် ရန်ကုန် ဆင်ခြေဖုံးတစ်နေရာရှိ ကျောင်းကလေးတစ်ကျောင်းကို ရောက်သွားသည်။ ကြည်ညိုသဒ္ဓါသူ ပွားများလာသဖြင့် အခြေတကျ သီတင်းသုံး ဖြစ်သွားသည်။ သူ့ကိစ္စကို ဆရာတော် ကြားသိသောအခါ…



www.burmeseclassic.com

"တို့ရွာက ပညာတတ် ရှားလှဘိခြင်းကွဲ့၊ ထူးထူးခြားခြား ဆယ်တန်းအောင်လာတဲ့ လူငယ်တစ်ယောက်ကို အလဟဿတော့ ဆုံးရှုံးမခံသင့်ဘူး၊ ကျုပ်ဒီကောင်ကို ရန်ကုန်ခေါ်သွားပြီး ကျောင်းဆက်တက်ခိုင်းမယ်၊ စားရေးနေရေးကတော့ ပူစရာမရှိပါဘူး၊ ဒကာမကြီးတို့လည်း နိုင်သလောက် ထောက်ကြပေါ့"

ဟု မိန့်တော်မူသဖြင့် တက္ကသိုလ်ဆက်တက် ဖြစ်သွားသည်။ တက္ကသိုလ်ကျောင်းသားဆိုသော်လည်း သူများလို ကြော့ကြော့လေး မနေနိုင်။ တစ်ပြိုင်နက်တည်းတွင် ဘုန်းကြီးကျောင်းသားလည်း ဖြစ်နေရသေးသည်။ ဆရာတော် ဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စတွေ နိုင်သလောက် ကူလုပ်ရသေးသည်။ အဝတ်အစား နှစ်စုံလောက်ကို အလဲအလှယ်လုပ်ဝတ်ပြီး ကျောင်းတက်ရသည်။

သည်လို အခြေအနေမျိုးနှင့် ကျောင်းတက်နေရသူ တစ်ယောက် အဖို့ မိန်းကလေးတွေကို စိတ်ဝင်စားဖို့ မဖြစ်နိုင်။ သူကိုယ်တိုင်ကလည်း သည်လိုဘက်မှာ အလိုလိုထက်သန်မှု မရှိဘဲ ဖြစ်နေသည်။

ကျောင်းမှာ ဆုံရသည့် သူငယ်ချင်းတွေထဲမှာ မိန်းကလေးတွေလည်း ပါသည်။ သို့ရာတွင် သူက မိန်းကလေးတွေကို စိတ်ဝင်စားစရာဟု မထင်ခဲ့။ မိန်းကလေးတွေကလည်း သူ့ကို စိတ်ဝင်စားစရာဟု မသတ်မှတ်ခဲ့။

လက်လုပ်လက်စားတစ်ယောက်က ရွှေတောင်ကြားက တိုက်တွေကို ကိုယ်နှင့်မဆိုင်သလို သဘောထားသကဲ့သို့ သူကလည်း မိန်းကလေးတွေကို သူစိတ်ဝင်စားအပ်သည့် အရာမဟုတ်သလို သဘောထားခဲ့ခြင်းပင် ဖြစ်နိုင်လေသည်။

နှလုံးသားက ငယ်ရွယ်လတ်ဆတ်သည့် အချိန်မှာ အသုံးမချခဲ့ရသဖြင့် တစ်ခါမှ မလှီးဖြတ်ရ ဘဲ သံချေးတက်သွားသော ဓား



www.burmeseclassic.com

တစ်လက်လို ဖြစ်ခဲ့ပြီထင်၏။ ခုချိန်မှာတော့ သူ့နှလုံးသားက ထုံထုံထိုင်းထိုင်း ဖြစ်နေပြီ။ အထနေ့းနေပြီ။

ခုနေအခါမှာ အချစ်အကြောင်းကို စဉ်းစားကြည့်သည့်အခါ ဘဝဆိုသော အရာက အမြဲကပ်ပါလာသည်။ ဆယ့်ခြောက်ပဲရည်အပြည့် ရွှေစင်လို အချစ်သက်သက်ဖြစ်ဖို့ ခဲယဉ်းသည်။ တစ်ခါတလေ ကုန်ဈေးနှုန်းနှင့် ထိပ်တိုက်တိုးသည့်အခါများ အချစ်မှာ ဂျပန်ရွှေအဆင့်လောက်ကိုတောင် ထိုးကျသွားချင်သေးသည်။

ဒေါ်ခင်စိုးမြင့်ကို စိတ်ဝင်စားနေမိသလားဟု သူ့ကိုယ်သူမေးကြည့်သည်။ ဟုတ်သလိုလိုတော့ ရှိသား။ သို့ရာတွင် အချစ်ဆိုလျှင် ရင်တွေ တလှပ်လှပ် ခုန်ရမည်။ ခြေဖျားလက်ဖျားတွေ အေးစက်ရမည်။ သွေးလှည့်ပတ်မှုတွေ ကပြောင်းကပြန် ဖြစ်ရမည်ဟု ကြားဖူးနားဝရှိသည်။

ခုဟာက သည်လောက်တော့ မဖြစ်။ ဒါဆို တကယ်ချစ်မိတာမှ ဟုတ်ရဲ့လားဟု သူ့ကိုယ်သူ သံသယ ဖြစ်မိသည်။ ချစ်ချင်လို့ ချစ်တာမဟုတ်ဘဲ ချစ်သင့်လို့ချစ်တာမျိုးများ ဖြစ်နေမလား။ အဲဒါမျိုးဆိုရင်တော့ သန့်စင်သောအချစ် ဖြစ်ပါ့မလား။ တွက်ချက်ပြီးမှ ချစ်တာမျိုးများ ဖြစ်နေမှာလား။ ဒါဆိုရင် အချစ်လို့ ခေါ်နိုင်ပါ့မလား။

စဉ်းစားရင်းက ခေါင်းရှုပ်လာသည်။ ပုဆိုးချုပ်နေသော အပ်ချည်ကလည်း သူ့အတွေးတွေလို ရှုပ်ထွေးကုန်သဖြင့် ပြန်ဖြေ၊ ပြန်ရှင်းရသည်။

သူတစ်ခု စဉ်းစားမိပြီး ပြုံးလိုက်၏။ သူကသာ ဟိုတွေးသည်တွေး တွေးနေသည်။ ဒေါ်ခင်စိုးမြင့်ကတော့ သူ့ကို ရှိတယ်လို့တောင် သဘောထားရဲ့လား မသိ။ ဆရာတစ်ယောက်အဖြစ် လုပ်ဖော်ကိုင်ဖက် တစ်ယောက်အဖြစ်တော့ အသိအမှတ် ပြုလိမ့်မည်။ စိတ်ဝင်



www.burmeseclassic.com

စားစရာ ဆန့်ကျင်ဘက် ယောကျ်ားတစ်ယောက်အဖြစ်တော့ စိတ်ကူးထဲတောင် ထည့်ချင်မှထည့်မည်။ ကိုယ့်ဘာသာ တွေးချင်ရာတွေ လျှောက်တွေးပြီး မနက်ဖြန်ကျောင်းမှာ ဒေါ်ခင်စိုးမြင့်နှင့်ဆုံလျှင် အလကားသက်သက် ကျိတ်ပြီး မျက်နှာပူနေရတော့မှာပဲဟု စိုးရိမ်လိုက်မိပြန်သည်။

*

ဖာထားသည့် ပုဆိုးပေါက် အတွင်းထဲ ထည့်ဝတ်လာတာ သေချာပါလျက် ကျောင်းဝင်းထဲအဝင်မှာ ခြေလှမ်းတုံ့ချင်မိသေးသည်။ ဒေါ်ခင်စိုးမြင့်နှင့် တခြားတခြား ဆရာမတွေက "ဒီနေ့တော့ ပုဆိုးကိုဖာပြီး ဝတ်လာတာဖြစ်မှာပဲ"ဟု အချင်းချင်း ပြောရင်း ကျိတ်ရယ်နေကြမလားဟု တွေးမိသောကြောင့် ဖြစ်၏။

တကယ်တော့ သူ့ဘာသာ လျှောက်တွေးနေခြင်းသာ ဖြစ်သည်။ တခြားသူတွေက သူတို့လုပ်ငန်းကိစ္စနှင့် သူတို့ ရှုပ်နေကြတာ။ သူ့ကို သတိတောင် မရအားကြ။ သူတစ်ယောက်တည်းကို ဝိုင်းပြီး ဂရုစိုက်ရအောင် သူက ရုပ်ရှင်မင်းသားလည်း မဟုတ်။

ဘာပဲဖြစ်ဖြစ် ပုဆိုးအကြောင်း စဉ်းစားမိလျှင် အလစ်သမားတွေကို တော်တော် စိတ်နာမိသည်။ ကျောင်းစိမ်းလုံချည်လေးနှစ်ထည်ရှိတာ တစ်ထည် အခိုးခံလိုက်ရသည်။ လျှော်ဖွပ်ပြီး အိမ်ရှေ့မှာ လှန်းထားတုန်း အလစ်သုတ်သွားခြင်း ဖြစ်၏။ အခိုးခံရသည့် ပုဆိုးက ပိုတောင် လတ်သေးသည်။ အသစ်တစ်ထည် ဝယ်ဖို့လည်း မတတ်နိုင်သေး။ သီတင်းကျွတ် ကျောင်းပိတ်ရက်ကလည်း နီးနေပြီဖြစ်၍ ကျန်တဲ့ တစ်ထည်ကိုသာ ဒုံးချဝတ်နေလိုက်၏။

ကျောင်းထဲဝင်လာပြီး ရုံးခန်းမှာ လက်မှတ်ထိုးဖို့ သွားသည်။ သူဝင်လာတာမြင်တော့ ကျောင်းအုပ်ဆရာမကြီးက ဆီးကြို၏။



www.burmeseclassic.com

"အတော်ပဲ ဆရာရေ့၊ စာမေးပွဲမေးခွန်းစာရွက်အတွက် စက္ကူထုပ်တွေ ကိစ္စအတွက် ပညာရေးမှူးရုံးကို သွားပေးပါဦး၊ စက္ကူထုပ်က ရခဲဘိခြင်းနော်"

"ရပါတယ် ဆရာမကြီး၊ ကျွန်တော့်အတန်းကို ကူကြည့်ပေးဖို့ သွားပြောလိုက်ဦးမယ်"

"ဆရာ့အတန်းကို ကျွန်မ ကြည့်ပေးထားပါ့မယ်"

ဆရာမကြီးက ခရီးစရိတ်နှစ်ဆယ် ထုတ်ပေးသည်။ ခရီးစရိတ်ဆိုသော်လည်း လက်ဖက်ရည်သောက်ဖို့ပါ ပါကြောင်း သူသိ၏။

"ဟိုတစ်ခါလိုလည်း လမ်းစရိတ်နှစ်ကျပ်တည်း သုံးလာတာမျိုး မလုပ်နဲ့ဦးနော်၊ သွားရလာရ ပင်ပန်းတယ်၊ လက်ဖက်ရည် ဝင်သောက်ခဲ့ဦး"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ကျောင်းမှာ တစ်ဦးတည်းသော ယောကျ်ားဆရာ ဖြစ်ရတာ မစားသာလှချေ။ ကျောင်း၏ ဗာဟီရကိစ္စမှန်သမျှ ကိုယ့်ခေါင်းပေါ် ပုံကျလာတတ်သည်။ ပြီးတော့ ကိုယ်က လူပျိုလူလွတ်ဖြစ်ပြီး ကျောင်းနှင့် နီးနီးနားနား နေသူဖြစ်၍ ပိုပြီး တာဝန်ပိသည်။

ပညာရေးမှူးရုံး သွားရသည့်ကိစ္စ၊ ကျောင်းအတွက် လိုအပ်သော ပစ္စည်းအတိုအထွာ ဝယ်သည့်ကိစ္စ၊ ဝန်ထမ်းဆန်ထုတ်ရသည့်ကိစ္စ၊ ဘဏ်သွားရသည့်ကိစ္စ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် ပြင်ဆင်ရသည့်ကိစ္စ၊ ကျောင်းပိတ်ရက်များမှာ ပြုလုပ်ရသည့် အထူးသန့်ရှင်းရေးတို့၊ ဆိုင်းဘုတ်ဖွင့်ပွဲတို့မှာ ကျောင်းက ကလေးတွေပါလျှင်လည်း သူပဲ လိုက်ကြီးကြပ်ရသည်။ တခြားဆရာမတွေက အိမ်ထောင်သည်တွေ ဖြစ်သောကြောင့် တစ်ကြောင်း၊ ကျောင်းနှင့်အိမ် ဝေးသောကြောင့် တစ်ကြောင်း၊ ကျောင်းပိတ်ရက်



www.burmeseclassic.com

တွေမှာ လာဖို့ အခက်အခဲ ရှိသည်။ ဒေါ်ခင်စိုးမြင့်ကတော့ အိမ်ထောင် မရှိသောကြောင့် အခါအားလျော်စွာ သူနှင့်အတူ လိုက်ပေးလေ့ ရှိသည်။

သူ့အနေဖြင့် သည်လို ဗာဟီရကိစ္စတွေ သိပ်မလုပ်ချင်။ အတန်းကိုထားခဲ့ပြီး အပြင်ထွက်ရတာကို သိပ်မလိုလား။ သူ့အတန်းက ကလေးတွေ စာသင်ချိန်လျော့မှာ စိုးရိမ်သည်။ သို့ရာတွင် သည်ကိစ္စတွေ သူမလုပ်လျှင် ဆရာမကြီးပဲ ဖတ်သီဖတ်သီ သွားရမည်။ ဒါကို ငဲ့ညှာ၍ သူပဲ တာဝန်ယူလိုက်ရတော့သည်။

လုပ်တတ် ကိုင်တတ်လျှင်တော့ မဆိုးလှ။ အလုပ်ကိစ္စ အကြောင်းပြပြီး အပြင်လစ်ထွက်လို့ ရသည်။ အသွားအပြန် တစ်နာရီ လောက်သာ ကြာမည့်ကိစ္စကို ပညာရေးမှူး အပြင်သွားလို့ စောင့်နေရလို့ဆိုပြီး တစ်နေကုန်အောင် နေလို့ရသည်။ နောက်နေ့မှ လာပါလို့ ချိန်းလိုက်တယ်ဆိုပြီး နောက်တစ်ရက် ထပ်လစ်လို့တောင် ရသေးသည်။ ခရီးစရိတ်ကို ပိုပိုသာသာလေး ပြလို့ရသည်။ လျှောက်လွှာ အရွယ် စက္ကူငါးထုပ်လောက်ကို ဘတ်စကားနှင့်သယ်ပြီး တက္ကစီခ ထုတ်လို့ရသည်။ မေးခွန်းစာရွက်တွေကို အထက်တန်းကျောင်းကြီးမှာ ဖြစ်ဖြစ်၊ ပညာရေးမှူးရုံးမှာဖြစ်ဖြစ် စာကူးစက်သွားလှည့်ပြီး အပြင်ဆိုင်မှာ လှည့်သယောင်ပြော၍ ငွေထုတ်လို့ရသည်။ ကျောင်းအတွက် လိုအပ် သည့် ပစ္စည်းတွေ ဝယ်ရာမှာ ကုန်ကျစရိတ် ပိုပြလို့ရသည်။

သို့ရာတွင် သူက ဒါမျိုးတွေ မလုပ်တတ်။ ထို့ကြောင့် ဆရာမကြီးက သူ့ကို စိတ်ချလက်ချ မျက်နှာလွှဲထားခြင်း ဖြစ်၏။ သူ အပိုမသုံးတတ်မှန်း သိသောကြောင့်လည်း လက်ဖက်ရည်သောက်ခဲ့ဖို့ တကူးတကန့် မှာလိုက်ခြင်း ဖြစ်၏။ ဒါတောင် သူက လက်ဖက်ရည်ကို "ရှယ်"မသောက်ဘဲ ရိုးရိုးသာ သောက်ခဲ့သည်။ "လပ်ကီး"လေး



www.burmeseclassic.com

ခဲလိုက်ချင်သော်လည်း တစ်လိပ်လေးကျပ်မို့ ဂျိုးသိန်းတစ်လိပ်သာ သောက်ဖြစ်သည်။

ကျောင်းကို ပြန်ရောက်တော့ မုန့်စားတောင် မဆင်းသေး။ သူ့အတန်းဆီသို့ တန်းကာလာခဲ့သည်။ အတန်းက မငြိမ်သက်ဘဲ ဆူဆူညံညံ ဖြစ်နေတာ ခပ်လှမ်းလှမ်းကပင် ကြားရသည်။ ဆရာမကြီး ကိစ္စရှိလို့ ရုံးခန်းပြန်နေတုန်း ကျောင်းသားတွေ ဆော့နေပြီထင်တယ်။ ဒေါ်ခင်စိုးမြင့်ကတော့ ကူထိန်းမှာပါ၊ နှစ်တန်းခွဲထိန်းနေရလို့ မနိုင်ဘူးထင်တယ်ဟု တွေးသည်။

တကယ်တမ်းကျတော့ သည်လိုမဟုတ်။ အတန်းထဲမှာ ဆရာမကြီးတစ်ယောက်လုံး ရှိနေသည်။ သည်ကြားထဲ ဆူနေကြခြင်းဖြစ်၏။ ဆရာမကြီးတောင် မနိုင်ဘူးဆိုတော့ သူ့ကောင်တွေ တော်တော်ဆိုးနေပြီဟု တွက်လိုက်သည်။ ဆရာမကြီးကတော့ ပြုံးပြုံးပြုံးပြုံးနှင့် အတန်းသားတွေကြားထဲ လျှောက်သွားနေသည်။

"ဆူလှချည်လားဟေ့"

သူကအော်လိုက်သည်။ သူ့အသံကြားမှ အားလုံး တိတ်သွားကြ၏။ ဆရာမကြီးက သူ့ဆီလျှောက်လာသည်။

"အဆင်ပြေခဲ့လား ဆရာ"

"ဟုတ်ကဲ့ ဆရာမကြီး၊ ဒါနဲ့ အတန်းက တော်တော်ဆူနေတာပဲ၊ ဒီကောင်တွေ တော်တော်ဆိုးနေပြီ၊ ဆရာမကြီးရှိတာတောင်"

ဆရာမကြီးက ရယ်ပြီး…

"သူတို့ကို ကျွန်မ စကားပြောခိုင်းထားတာပါ"

"ဗျာ"

"ဟုတ်တယ်ဆရာ၊ ဒီနေ့ မိဘကူညီလို့ ရွှေငွေတွေရတဲ့ အကြောင်း ပုံပြင်တစ်ပုဒ်ပြောပြပြီး ကိုယ့်မိဘကို ဘာတွေကူညီခဲ့ဖူးတယ်



www.burmeseclassic.com

ဆိုတာ အချင်းချင်း ပြောပြရမယ်လို့ ပြောထားလို့ တစ်ယောက်နဲ့ တစ်ယောက် အားပါးတရ ပြောနေကြတာလေ၊ တစ်ယောက် တစ်လှည့်စီ ပြောရာက စိတ်မရှည်ဘဲ လုပြောကြလို့ ဆူနေတာပေါ့ ဆရာရဲ့"

"သြော်... မသိပါဘူး၊ ကျွန်တော်က ဆရာမကြီးရှိတာတောင် ဆူနေကြတယ်ဆိုပြီး၊ ကျွန်တော့် အထိန်းအသိမ်း ညံ့လို့များလားလို့"

"ဘယ်ဟုတ်မလဲ ဆရာ၊ အတန်းတစ်တန်းဟာ အပ်ကျသံ တောင် ကြားရမလောက် တိတ်ဆိတ်နေမှသာ အဲဒီဆရာ အထိန်း အသိမ်း ညံ့တယ်လို့ ပြောရမှာပါ"

"ဘယ်လို ခင်ဗျ၊ ဆရာမကြီး စကားက အဆန်းပဲ"

ဆရာမကြီးက ပြုံးသည်။

"ဒီလို ဆရာရဲ့၊ အထက်တန်းကျောင်းကြီး တစ်ကျောင်း ဆိုရင်တော့ ကျောင်းသားတွေ တိတ်ဆိတ် ငြိမ်သက်နေတာ သဘာဝကျတယ်၊ ဒါပေမဲ့ ကျွန်မတို့လို မူလတန်းကျောင်းလေး တစ်ကျောင်းအဖို့တော့ သိပ်တိတ်ဆိတ်နေရင် အဓိပ္ပာယ်မရှိဘူး၊ ဆရာ စဉ်းစားကြည့်လေ၊ မူလတန်းအဆင့်ဆိုတာ တကယ့် ကလေးငယ် လေးတွေပဲ ရှိသေးတာ၊ သူတို့ကို ကဗျာတွေ ရွတ်ခိုင်းရမယ်၊ စာတွေ အော်ဆိုခိုင်းရမယ် မဟုတ်လား၊ ဒါကြောင့် မူလတန်း ကျောင်းမှန်ရင် ဆူညံလှုပ်ရှား တက်ကြွနေရမယ်၊ ဒါမှ မဟုတ်ဘဲ တိတ်ဆိတ်ငြိမ်သက်နေရင် ဆရာ ဆရာမတွေက ရေသာခိုချင်လို့ ကလေးတွေကို စာတွေချည်း လိုမ့်ရေးခိုင်းထားတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဟိန်းဟောက်ရိုက်နက်ပြီး တုတ်တုတ်မှ မလှုပ်ရဲအောင် လုပ်ထားတာ ဖြစ်ချင်လည်းဖြစ်မယ်၊ ဒီအရွယ်လေးတွေဆိုတာက အငြိမ်နေချင်တတ်ကြတာ မဟုတ်ဘူး၊ သိပ်အဆော့သန်တဲ့ အရွယ်ပေါ့၊



www.burmeseclassic.com

အဲဒီလို ပင်ကိုစရိုက် သဘာဝကို အတင်းသွားချုပ်ချယ်ရင် စိတ်ညစ်ပြီး ကျောင်းကို မုန်းသွားလိမ့်မယ်၊ နောက်ပြီး သူတို့အရွယ်လေးတွေက မိဘနဲ့ ရင်အုပ်မကွာ နေနေကြတဲ့ အရွယ်လေ၊ မိဘရင်ခွင်ကနေ ဆရာ ဆရာမရင်ခွင်ကို အချိန် အပိုင်းအခြားနဲ့လာပြီး ခိုလှုံနေကြတာ မဟုတ်လား၊ ဒီတော့ ချော့သင့်ချော့၊ ခြောက်သင့်ခြောက်၊ မြှောက်သင့် မြှောက်ပြီး ကျောင်းမှာ ပျော်အောင်လုပ်ရတယ်၊ တစ်ခါတလေလည်း ဆူပါစေ၊ ဆော့ပါစေဆိုပြီး ခဏတစ်ဖြုတ် လွှတ်ပေးထားရတယ်၊ ပြီးမှ ကိုယ်သင်ချင်တဲ့စာကို အသာလေး ထည့်ပေးလိုက်ကြည့်၊ ဟိန်းဟောက်ပြီး သင်တာထက် ပိုတတ်လွယ်တယ် ဆရာရဲ့၊ ကျွန်မ လုပ်သက်တစ်လျှောက်လုံး ဒီနည်းနဲ့ သင်လာတာပဲ”

သူ ကျေနပ်စွာ ပြုံးလိုက်သည်။ ဆရာမကြီး၏ သမ္မာကိုလည်း လေးစားသွားမိသည်။

“ကဲ... ကျွန်မ လေရှည်နေတာနဲ့ ဆရာတောင် မနားရသေးဘူး၊ ဩော်... ဒါနဲ့ ဒီနေ့ မုန်းစားဆင်းချိန် တာဝန်မှူးက ဆရာပဲ မဟုတ်လား”

“ဟုတ်ကဲ့”

“ဆရာ ပင်ပန်းရင် နားချင်နားပါလား၊ တခြားတစ်ယောက် အစားထိုးလိုက်မယ်”

“ရပါတယ် ဆရာမကြီး၊ ကျွန်တော်ပဲ တာဝန်ယူပါ့မယ်”

မုန့်စားဆင်းဖို့ အချိန်နီးနေပြီဖြစ်၍ စာမသင်တော့ဘဲ ထား လိုက်သည်။ ကလေးတွေကတော့ စောစောက သူအော်ထားသဖြင့် သိပ်မဆူတော့။ တစ်ခု သတိရသဖြင့်...

“ကဲ... မင်းတို့ကို ဆရာမကြီးက မိဘကူညီတဲ့အကြောင်း ပြောသွားတယ်မဟုတ်လား၊ မနက်ဖြန်ကျရင် တစ်နေ့တာအတွင်း



www.burmeseclassic.com

မိဘကို ဘာတွေ ကူညီခဲ့တယ်ဆိုတာ တစ်ယောက်ချင်း ပြောပြရမယ် ကြားလား"

"ကြားပါတယ် ဆရာကြီး"

တစ်ဖက်အတန်းကို လှမ်းကြည့်လိုက်သည်။ ဒေါ်ခင်စိုးမြင့်က အေဘီစီဒီ စာလုံးတွေကို ရေးထားသော ကတ်ပြားများကို ကလေးများအား တစ်ရွက်စီ ဝေပေးနေသည်။

"ကဲ... ကိုယ့်ကတ်ပြားပေါ်က စာလုံးကို ကိုယ်သေသေချာချာ ကြည့်ထားနော်၊ ဆရာမက စကားလုံးတစ်လုံး ပြောမယ်၊ အဲဒီစကားလုံးထဲက စာလုံးပေါင်းအတိုင်း ကတ်ပြားရှိတဲ့လူတွေက ထွက်လာရမယ်၊ ကဲ ပုရွက်ဆိတ်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ"

ရှေ့တန်းက မိန်ကလေးတစ်ယောက်ကို မေးသည်။

"အေ... အင်... တီ... အန့်ပါ ဆရာမ"

"ကဲ... ကတ်ပြား အေရယ် အင်ရယ် တီရယ်ရှိတဲ့လူ အတန်းရှေ့ကို ထွက်ခဲ့ကြ"

ကလေးသုံးယောက် ထွက်သွားသည်။

"တန်းစီ၊ ကတ်ပြားတွေကို မြှောက်ပြီးကိုင်ပြ၊ အေး ဟုတ်ပြီ၊ အားလုံး ဆိုကြည့်စမ်း"

"အေ... အင်... တီ... အန့် ပုရွက်ဆိတ်"

"မှတ်မိတယ်နော်၊ ပုရွက်ဆိတ်ကို မြင်ဖူးကြတယ် မဟုတ်လား"

"မြင်ဖူးပါတယ် ဆရာမ"

"ပုရွက်ဆိတ်မှာ အရောင်ဘယ်နမျိုး ရှိသလဲ"

"နှစ်မျိုး"

"ဘာလဲ"

"အနီနဲ့ အနက်"



www.burmeseclassic.com

"လူကိုကိုက်တတ်တာ ဘာအရောင်လဲ"

"အနီရောင်"

"အေး… ဟုတ်ပြီ"

ထို့နောက် ပုရွက်ဆိတ်နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်များကိုပြောပြီး ပုရွက်ဆိတ်နှင့် နှံကောင်ပုံပြင်ကို ဆက်ပြောပြသည်။

အင်း… တကယ်တော်တဲ့ ဆရာမလေးပဲ၊ ကလေးတွေအပေါ်မှာလည်း တော်တော် စေတနာထားတယ်၊ စိတ်သဘောထားလည်း ပြည့်ဝ ကောင်းမွန်မယ့်ပုံပဲဟု စိတ်ထဲကျိတ်၍ ချီးကျူးနေတုန်း ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရသည်။

*

သူတို့ကျောင်းလေးမှာ အစီအစဉ်တစ်ခု လုပ်ထားတာ ရှိသည်။ ကျောင်းဆင်းချိန်နှင့် မုန့်စားဆင်းချိန်တို့တွင် ဆရာ ဆရာမတစ်ယောက်စီ အလှည့်ကျ တာဝန်ယူပြီး ကလေးတွေကို စောင့်ရှောက်ပေးရန်ပင်ဖြစ်၏။

ကျောင်းရှေ့မှာ ကားလမ်းရှိသည်။ ပင်မလမ်းမကြီး မဟုတ်သော်လည်း ဖြတ်လမ်းလိုဖြစ်နေသဖြင့် ကားအသွားအလာ များသည်။ သူတို့ကျောင်းကလေးမှာ ဆင်ခြေဖုံး မြို့နယ်အစွန်အဖျားရှိ သာမန်ရပ်ကွက်တစ်ခုအတွင်းမှာ တည်ရှိသဖြင့် မြို့ထဲက ကျောင်းကြီးတွေမှာလို ကျောင်းဆင်းချိန်တွင် ယာဉ်ထိန်းရဲတွေက လမ်းရှင်းပေးတာမျိုး မရှိ။ မျဉ်းကြားတွေ ဘာတွေလည်း မရှိ။ "ကျောင်းရှိသည်၊ ဖြည်းဖြည်းမောင်း"ဆိုသော လမ်းညွှန်ဆိုင်းဘုတ်လည်း မရှိ။ ကားတွေကလည်း များသောအားဖြင့် ကျောင်းဆင်းလာပါလားဆိုသော အသိ



www.burmeseclassic.com

စိတ်ဓာတ်ဖြင့် ဖြည်းဖြည်းမောင်းပေးတာမျိုး မရှိ။

သည်တော့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်နှင့်ပင် ကြည့်ရှုစောင့်ရှောက်ပေးရသည်။ နိုင်ငံခြားမှာလို "စတော့ပ်"ဆိုသော ဆိုင်းဘုတ်ကတ်ပြားကြီးကိုကိုင်ပြီး ကားတွေကို ရပ်ခိုင်းလို့တော့ မဖြစ်။ ဒါမျိုးလုပ်ပိုင်ခွင့်လည်း မရှိ။ ကြက်ခြေနီတို့ အရန်မီးသတ်တို့က လုပ်ပေးလျှင်တော့ ရသည်။ သို့ရာတွင် နေ့စဉ်နေ့တိုင်း ကိစ္စကျတော့ အကူအညီတောင်းဖို့ မလွယ်။

လမ်းကူးမည့် ကလေးတွေကို စုပြီး ရပ်ခိုင်းထားရသည်။ ကားတွေရှင်းပြီဆိုမှ တစ်သုတ်ပြီးတစ်သုတ် ကူးခိုင်းရသည်။ လမ်းကူးရာမှာ မပြေးဖို့ သွက်သွက်မှန်မှန်ကူးဖို့ သတိပေးရသည်။ အလုပ်ပိုသော်လည်း ကလေးတွေအတွက် တကယ်လိုအပ်သဖြင့် ဆရာ ဆရာမအားလုံး ကျေကျေနပ်နပ်ပင် အလှည့်ကျ တာဝန်ယူပေးကြသည်။

မုန့်စားဆင်းချိန်မှာတော့ ကလေးအချင်းချင်း ရန်မဖြစ်အောင်၊ အနိုင်မကျင့်အောင်၊ ကစားရာမှာ အန္တရာယ်မဖြစ်အောင် ထိန်းသိမ်းပေးရသည်။ ကျောင်းမုန့်ဈေးတန်းက ဈေးသည်တွေ ကျန်းမာရေးနဲ့ ညီညွတ်အောင် ပြင်ဆင်ရောင်းချရဲ့လား၊ စည်းကမ်းလိုက်နာရဲ့လား၊ ဆက်ဆံရေး ကောင်းရဲ့လား လိုက်စစ်ဆေးပေးရသည်။

ဈေးဆိုင်တွေဘက်လျှောက်ရင်း ကလေးတွေ စားကြ သောက်ကြတာကို ကြည့်သည်။ ကလေးတွေမှာ အလယ်အလတ်မှ အောက်ဆုံးအလွှာထိ ရှိသည်။ မုန့်ဖိုးငါးကျပ်ရသူ၊ လေးကျပ်၊ သုံးကျပ်၊ နှစ်ကျပ်၊ တစ်ကျပ်ရသူထိ ရှိသည်။ တချို့ကျတော့ ငါးမူးသာ ရသည်။ ငါးမူးသမားက ဘာသွားစားမလဲ။ ဆီးထုပ်တောင်



www.burmeseclassic.com

အနိမ့်ဆုံး တစ်ကျပ်ဖြစ်နေပြီ။

သူဟာနဲ့ သူတော့လည်း ဟုတ်နေတာပဲ။ တစ်ကျပ်တန် ချင်းဆီပြားကို နှစ်ထုပ်ခွဲထုပ်ပြီး ရောင်းတာရှိသည်။ ဈေးသည်တွေ သူတို့ဘာသာ အိမ်မှာထိုးသော ဆီးယို၊ မရန်းပြား၊ သရက်ပြားတွေကို အာသာပြေရုံ ဝယ်စားရသည်။ ထူးထူးခြားခြား တစ်နေ့မှ တစ်မတ် ရသူတောင် ရှိသည်။ အကြွေတစ်မတ်စေ့က ရှားပါးနေပြီဖြစ်၍ နှစ်ရက်တွက် ပြားငါးဆယ်တန် ငွေစက္ကူတစ်ရွက် ရသည်။ သူများ ကလေးတွေလို ကျောင်းမုန့်ဖိုး ပေးတယ်ဆိုတာမျိုးလည်း ဖြစ်စေချင်၊ တတ်လည်း မတတ်နိုင်သဖြင့် စတိသဘော ပေးခြင်းမျိုး ဖြစ်လိမ့်မည်။ မုန့်ဖိုးဟု နာမည်ခံရုံသက်သက်။

သည်လိုကလေးမျိုးကျတော့ ရွေးစရာလမ်း သိပ်မရှိ၊ နှစ်ရက် တစ်ခါ ငါးမူးဖိုး ဝယ်စားချင်စား၊ နေ့တိုင်းဝယ်စားချင်လျှင် တစ်ခုပဲ ရှိသည်။ သခွားသီးကို လက်ညှိုးလောက် အစိတ်ကလေးတွေစိတ်ပြီး တုတ်နှင့်ထိုးထားတာကို အချဉ်ရည်နဲ့တို့စား။ တစ်ခု တစ်မတ် ဖြစ်သော်လည်း အမ်းစရာ တစ်မတ်စေ့အတွက် အလွယ်တကူ မရှိသဖြင့် ပြားငါးဆယ်တန် ငွေစက္ကူကိုပေး၊ တစ်ခုယူစားပြီး "အဒေါ်ကြီး တစ်ခုပဲ ယူတာနော်၊ တစ်မတ်ကျန်တာ မနက်ဖြန်မှ တစ်ခုစားမယ်"ဟု ပြောရသည်။ ကလေးဆိုတော့လည်း သူများစားလျှင် ကိုယ်လည်းစားချင်သဖြင့် နေ့တိုင်းစားလို့ရအောင် ကိုယ့်နည်း ကိုယ့်ဟန်နှင့် ကြံဖန်ရခြင်းဖြစ်၏။

"ဆရာကြီး"

ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ သူ့အတန်းက ကျောင်း သူ သက်ထားမော် လက်ပိုက်ပြီး ရပ်နေသည်။

"ဘာလဲ သက်ထားမော်"



www.burmeseclassic.com

"သမီးပိုက်ဆံ ပျောက်သွားလို့"

"ပိုက်ဆံပျောက်တယ်၊ ဘယ်လိုပျောက်တာလဲ၊ သမီးက ဘယ်မှာထားလို့လဲ"

"သမီး ကွန်ပါဘူးထဲမှာ ထည့်ထားတာ မုန့်စားလွှတ်လို့ ကြည့်တော့ မရှိတော့ဘူး"

"အထားများမှားသလား၊ လွယ်အိတ်ထဲမှာ ကြည့်ပြီးပြီလား၊ ခုံအောက်တွေ ဘာတွေကော"

"ဘယ်မှာမှ မရှိဘူး ဆရာကြီး"

"ကွန်ပါဘူးထဲက ပျောက်တယ်ဆိုတော့ သြော်... ဆရာကြီး အပြင်သွားနေတုန်း သမီးတို့ အတန်းထဲမှာ ဟိုသွားဒီသွား လျှောက်သွားကြတယ် မဟုတ်လား"

"ခဏလေးပါ၊ သမီး အိမ်သာခဏသွားတာပါ"

ဖြစ်နိုင်တာက သူအပြင်သွားနေတုန်း ဆရာမကြီးက အတန်းကို ကြည့်ထားသည်။ ဆရာမကြီးကိစ္စရှိ၍ ရုံးခန်းခဏသွားနေတုန်း ကလေးတွေ ဆော့ကြမည်။ သက်ထားမော်က သံလိုက်ကွန်ပါဘူးကို စားပွဲပေါ်တင်ပြီး တခြားခုံမှာ သွားဆော့မည်။ ထိုစဉ်မှာ တစ်ယောက်ယောက်က နောက်ပြောင်သည့်သဘောဖြင့် ပိုက်ဆံကို နှိုက်ထားမည်။ ပြီးတော့မှ လောဘလေး ဝင်လာပြီး ပြန်မပေးဘဲ ထားမည်။

"သမီးခုံနားကို ဘယ်သူတွေလာတာ တွေ့လဲ"

"ဂေါလစ်တို့တွေ ဓားခုတ်တမ်း လာကစားတာ တွေ့ရတယ်၊ သူပဲ ဖြစ်မှာပဲ"

"ဂေါလစ်ယူတာကို သမီး တွေ့လို့လား"

"ယူတာတော့ မတွေ့ပါဘူး၊ ဒါပေမဲ့ သမီးတို့အိမ်သာက



www.burmeseclassic.com

ပြန်လာတော့ သမီးတို့ခုံနားကနေ သူထွက်သွားတာ မြင်တယ်၊ သူပဲ ယူမှာပဲ ဆရာကြီး ပြန်တောင်းပေးပါ"

"သူယူတာ တပ်အပ်မမြင်ဘဲ မစွပ်စွဲကောင်းဘူး သမီးရဲ့၊ တကယ်လို့ မဟုတ်ရင် သူ့ရဲ့သိက္ခာ၊ အဲ... သမီးငရဲကြီးနေဦးမယ်"

"ဒါဆို သမီးပိုက်ဆံ ပြန်မရတော့ဘူးပေါ့"

ပြောရင်း ငိုမဲ့မဲ့ ဖြစ်လာသည်။

"သမီးပိုက်ဆံက ဘယ်လောက်လဲ"

"နှစ်ကျပ်"

"ကဲ... ဆရာကြီး နှစ်ကျပ်စိုက်ပေးမယ်၊ ဒါပေမဲ့ ဒီတစ်ခါပဲ စိုက်ပေးမှာနော်၊ နောက်တစ်ခါ မပျောက်အောင် ကိုယ့်ဟာကိုယ် ဂရုစိုက်ရမယ် ဟုတ်ပြီလား"

သက်ထားမော်က ခေါင်းညိတ်သည်။ သူက ကျပ်တန်နှစ်ရွက်ကို ထုတ်ပေးလိုက်သည်။ သက်ထားမော် ဝမ်းသာအားရ ဖြစ်သွားပြီး မုန့်ဆိုင်ဘက် ပြေးသွားသည်။

ကလေးတွေဆိုတာ တစ်ခါတစ်ခါ ထင်ရာမြင်ရာ ပြောတတ်သည်။ သူတို့ပြောတိုင်းလည်း ယုံနေလို့ မဖြစ်။

အိမ်ကတည်းက ပါမလာတာ၊ လမ်းမှာ ကျပျောက်ခဲ့တာကို ကျောင်းရောက်မှ ပျောက်ပါတယ် ပြောချင်ပြောတတ်သည်။ ကျောင်းမတက်ခင် မုန့်ဝယ်စားခဲ့တာကို မေ့ပြီး ပိုက်ဆံသုံးကျပ်ပါတာ အခု နှစ်ကျပ်ပဲ ရှိတော့တယ်၊ လုပ်ချင်လုပ်သည်။ ခဲတံပျောက်သွားပြီး သူများဆီမှာ ကိုယ့်ဟာနှင့်တူတာတွေ့လျှင် ကျွန်တော့်ခဲတံပါ၊ သမီး ဥစ္စာပါ၊ ပြောချင်ပြောတတ်သည်။ ထို့ကြောင့် ပေါက်ကရတွေဆိုပြီး သူတို့စကားအတိုင်းကို ပစ်ပယ်လို့လည်း မရပြန်။ တစ်ခါတလေ သူတို့ပြောတာ တကယ်ဟုတ်ချင်လည်း ဟုတ်နေတတ်သည်။

ထို့ကြောင့် နည်းနည်း စနည်းနာကြည့်ဦးမည်ဟု တွေးပြီး



www.burmeseclassic.com

မုန့်ဆိုင်တန်းဘက် လျှောက်အလာတွင် အုန်းသီးညှပ်ဝေဖာ တစ်ခု ကိုင်ပြီး မျက်နှာချင်းဆိုင်မှ လျှောက်လာသော ကုလားကပြားလေး ဂေါလစ်ကို တွေ့ရသည်။

"ဟ... မင်းမုန့်က တယ်ကောင်းမယ့်ပုံပဲကွ ဟေ"

သူက နှုတ်ဆက်လိုက်ရာ ဂေါလစ် ကြောင်အအဖြစ်သွားသည်။

"ဘယ်လောက်ဖိုးလဲကွ"

"နှစ်ကျပ်ဖိုးပါ ဆရာကြီး"

နှစ်ကျပ်ဆိုတာကတော့ တူသည်။ သို့ရာတွင် ခိုင်လုံသော အထောက်အထား မဟုတ်။ သူက တစ်ချက်စိုက်ကြည့်လိုက်ပြီး ဂေါလစ် မနေတတ်မထိုင်တတ် ဖြစ်သွားမလားဟု အကဲခတ်ကြည့် သည်။

"ဆရာကြီး စားပါဦး"

ဂေါလစ်က သူ့မုန့်ကို လှမ်းပေးသည်။

"စားပါကွာ မင်းမဝဘဲ နေပါဦးမယ်"

ဂေါလစ်၏လက်တွင် ခြောက်ဆယ် ခုနစ်ဆယ်တန်သည့် ပလတ်စတစ် ကွာ့ဇ်နာရီလေးကို တွေ့လိုက်ရသည်။ နာရီတောင် ဆင်နိုင်သည့်မိဘက မုန့်ဖိုးတော့ မပေးဘဲနေမှာ မဟုတ်ဟု တွက်လိုက် ၏။ သက်ထားမော်၏ ပိုက်ဆံနှစ်ကျပ်ကို ဂေါလစ်ယူတာ မဟုတ်ဟု ဆုံးဖြတ်လိုက်သည်။

*

ကလေးတွေ ခြေထောက်ညောင်းစ ပြုလာကြပြီ။ ဆောင့်ကြောင့် ထိုင်သူက ထိုင်ချကြသည်။ တချို့တော့ ဓောင်းထဲမှာ ကြာလာသော မြင်းတွေလို ခြေလှုပ်လက်လှုပ် ဖြစ်လာကြ၏။ မနက်ခြောက်နာရီခွဲ



www.burmeseclassic.com

ကတည်းက ကျောင်းရှေ့မှာစုပြီး ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ခုနစ်နာရီထိုးကာနီးပြီဆိုတော့ ညောင်းလောက်ပေပြီ။

မိုးမရွာလို့ တော်သေးသည်။ သို့တိုင်အောင် တော်သလင်းနေက မနက်ရှစ်နာရီဆိုသည့်တိုင် အတော်ပြင်းစပြုလာပြီ။ တချို့ ကလေးတွေမှာ ရေဘူးပါလာသည်။ အချင်းချင်း မျှတသောက်ကြရသည်။ မနက်စောစောစာ မစားလာရသည့် ကလေးတွေဆိုလျှင် တော်တော်ဆာနေကြရော့မည်။

သူကိုယ်တိုင်လည်း ဗိုက်ထဲက ဟာလာသည်။ မနက်က ကွမ်းယာဆိုင်မှာ ဆေးလိပ်ဝယ်ရင်း ငှက်ပျောသီးတစ်လုံးသာ စားလာခဲ့ရသည်။ ခပ်လှမ်းလှမ်းမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။ သွားသောက်ချင်သော်လည်း ကလေးတွေကို ထားခဲ့ပြီး ကိုယ့်ဝမ်းကိုယ်သွားဖြည့်တာမျိုး မလုပ်ချင်။

"ဆရာစားပါဦး"

"ဆရာမ ဒေါ်ခင်စိုးမြင့်က လိမ္မော်သီးတစ်ခြမ်း လာပေးသည်။

"စားပါ ဆရာမ၊ မနက်စောစောဆိုတော့ အချဉ်မစားချင်ဘူး"

"လက်ဖက်ရည် သောက်ချင်နေတာ မဟုတ်လား ဆရာ"

သူပြုံးလိုက်သည်။ ဒေါ်ခင်စိုးမြင့်က သူဘာသောက်ချင်နေကြောင်း သိနေသည်။ တစ်ယောက်အတွင်းစိတ်ကို တစ်ယောက်က သိနေခြင်းဟာ နားလည်မှုတစ်ခုလားဟု သူတွေးသည်။ ဒါဆိုရင် ခုချိန်မှာ ဒေါ်ခင်စိုးမြင့် စိတ်ထဲမှာရော ဘာများစားချင် သောက်ချင်နေသလဲဟု မှန်းဆကြည့်လိုက်၏။ သူမသိချေ။ အင်း လိမ္မော်သီးစားချင်လို့ စားနေတာ ဖြစ်မှာပေါ့ဟူ၍သာ သတ်မှတ်လိုက်၏။

"လာခါနီးပြီ ထင်တယ်နော်"



www.burmeseclassic.com

ဒေါ်ခင်စိုးမြင့်က ပြောသည်။

"ဟုတ်တယ် နည်းနည်းတောင် နောက်ကျနေပြီ၊ အထူးသန့်ရှင်းရေး လုပ်အားပေးပွဲတစ်ခု ဝင်စရာရှိနေလို့ ပြောနေသံတော့ ကြားတာပဲ"

ဆိုင်းဘုတ်ဖွင့်ပွဲအတွက် သူတို့ကျောင်းကလေးမှ ကျောင်းသားကျောင်းသူ နှစ်ဆယ်လောက် အကူအညီတောင်းသဖြင့် လေးတန်းကလေးတွေ ခေါ်လာခြင်း ဖြစ်၏။ သူကတော့ ထုံးစံအတိုင်း မပါမဖြစ်။ ဆရာမကြီးက ခရိုင်အစည်းအဝေး ရှိနေသဖြင့် မလိုက်နိုင်။ လေးတန်းဆရာမကလည်း ကိုယ်ဝန်ကြီးနှင့်မို့ ဆရာမကြီးက ဒေါ်ခင်စိုးမြင့်ကို လူစားထည့်လိုက်သည်။ သူနှင့် ဒေါ်ခင်စိုးမြင့်တို့ နှစ်ယောက်တွဲမိအောင် ဆရာမကြီးက တမင်ဖန်တီးလိုက်တာလား၊ ဆရာမကြီးလည်း တခြားဆရာမတွေနဲ့ အလိုတူအလိုပါပဲလားဟု တွေးနေတုန်း…

"ဆရာကြီး"

ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ ကျောင်းသားလေးတစ်ယောက် လက်ပိုက်ပြီး ရပ်နေ၏။

"ဘာလဲကွ"

"သေးပေါက်ချင်တယ် ဆရာကြီး"

ဟုတ်သားပဲ၊ မနက်အစောကြီးကတည်းက ထွက်လာခဲ့တာဆိုတော့ အပေါ့အပါး သွားချင်နေကြမှာပဲ၊ လမ်းဆုံလမ်းခွကြီးမှာ၊ ပြီးတော့ တခြား ဂုဏ်သရေရှိ လူကြီးမင်းတွေရှေ့မှာဖြစ်၍ အဆင်ပြေသလို ကော့ပန်းလိုက်ကွာဟု ပြောလို့မဖြစ်။

"ဒီအနီးအနားက အိမ်တွေ အကူအညီ တောင်းကြည့်ပါလား ဆရာ"

ဒေါ်ခင်စိုးမြင့်က အကြံဉာဏ်ပေးသည်။ တိုက်ခံအိမ်တစ်လုံး၏



www.burmeseclassic.com

ဝင်ပေါက်ဝမှာ လူတစ်ယောက် ထွက်ရပ်နေတာ တွေ့ရသဖြင့် လျှောက်သွားပြီး အကူအညီ တောင်းကြည့်သည်။

"ဟာ... ရပါတယ် ဆရာ၊ အိမ်သာဝင်ချင်တဲ့ ကလေးတွေ အားလုံးသာ ခေါ်ခဲ့ပါ"

ဟု လိုလိုချင်ချင် ခွင့်ပြုသဖြင့် ယောကျ်ားလေးအုပ်စုကို ခေါ်ပြီး အိမ်သာလိုက်ပို့ရသည်။ အိမ်ရှင်က ကလေးတွေကို ရေပါတိုက်ပြီး သကြားလုံးတစ်လုံးစီ ပေးလိုက်သေးသည်။ သူတို့ပြန်ထွက်လာတော့ ဒေါ်ခင်စိုးမြင့်နှင့် မိန်းကလေးအုပ်စု သွားကြသည်။

ဒေါ်ခင်စိုးမြင့်တို့ ပြန်ထွက်လာပြီး မကြာခင် လူစုံသဖြင့် ဖွင့်ပွဲအခမ်းအနား စတင်သည်။ မိန့်ခွန်းပြောခြင်း၊ ဖဲကြိုးဖြတ်ခြင်း၊ မိုးပျံပူဖောင်းလွှတ်တင်ခြင်း၊ အိုးစည်ဒိုးပတ်များဖြင့် ကခုန်ခြင်းတို့မှာ အချိန်သိပ်မကြာလိုက်။

အခမ်းအနားပြီးတော့ ကလေးတွေကို စုရပ်ဖြစ်သော ကျောင်းရှေ့သို့ ပြန်ခေါ်လာသည်။ သူက ရှေ့မှ ဦးဆောင်လျှောက်ပြီး ဒေါ်ခင်စိုးမြင့်က ကလေးများ၏ နောက်ဆုံးမှ လိုက်လာသည်။ ကျောင်းရှေ့ ပြန်ရောက်တော့ တချို့ ကလေးတွေက သူတို့ဘာသာ ပြန်သွားကြသည်။ တချို့ကိုတော့ မိဘတွေက လာကြိုကြ၏။ အားလုံး ထွက်သွားကြသောအခါ ကျောင်းရှေ့မှာ သူတို့နှစ်ယောက်တည်း ကျန်ခဲ့သည်။

"ဆရာမ ဆာနေပြီလား"

ဒေါ်ခင်စိုးမြင့်က ပြုံးသည်။ ဆာနေမှာ ကျိန်းသေသည်။

"တစ်ခုခု စားပါလား ဆရာမ"

ဒေါ်ခင်စိုးမြင့်က ခဏ စဉ်းစားနေပြီး...

"ကောင်းသားပဲ ဆရာ၊ လက်ဖက်ရည် သောက်ပေါ့"



www.burmeseclassic.com

ဟု ပြောသည်။ လက်ဖက်ရည်ဆိုင်ကို လျှောက်လာကြရင်းက ရင်ထဲမှာ တစ်ချက် ထိတ်ခနဲ ဖြစ်သွားရသေးသည်။ ပါးစပ်ဆော့ပြီး ခေါ်ခဲ့မိရာ အိတ်ထဲမှာ ပိုက်ဆံမှ ရှိရဲ့လားဟု တွေးမိသောကြောင့် ဖြစ်၏။ ဆိုင်မှာ သူက ပိုက်ဆံရှင်းမှ သင့်တော်မည် မဟုတ်လား။ အိတ်ထဲမှာ ငွေသုံးဆယ်လောက်တော့ ပါသည်။ ပဲပလာတာနှစ်ချပ်နှင့် လက်ဖက်ရည် နှစ်ခွက်အတွက်တော့ လောက်သည်။ တကယ်လို့ ဒေါ်ခင်စိုးမြင့်က ပက်စီသောက်မယ်ဆိုလျှင်တော့ အရှက်ကွဲတော့မည်။

တကယ်တမ်းကျတော့ ဒေါ်ခင်စိုးမြင့်က အလိုက်သိတတ်သည်။

"ဆရာမ ဘာသောက်မလဲ"

မေးတော့ "ဘာမှ မသောက်တော့ဘူး၊ လက်ဖက်ရည် ကော်ဖီသောက်တဲ့အကျင့် မရှိလို့ပါ၊ စမူဆာပဲ စားမယ်"ဆိုပြီး စမူဆာ တစ်ခုစားသည်။ သည်တော့မှ သူလည်း စေတနာပိုပြီး...

"စားပါဦး ဆရာမရဲ့ တစ်ခုနဲ့ ဘယ်ဝပါ့မလဲ"

ဟု ပြောသဖြင့် တစ်ခု ထပ်စားသည် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ဘာစကားမှ မပြောဘဲ နေလို့မဖြစ်သဖြင့် ပြောစရာတစ်ခုခု စဉ်းစားရသည်။

"ဆရာမအိမ်က ကျောင်းနဲ့နီးတယ် ထင်တယ်"

"သိပ်တော့ မနီးလှပါဘူး၊ ဘတ်စကားနဲ့ ကျောင်းကိုလာရင် ဆယ်မိနစ်လောက်တော့ စီးရတယ်၊ ဘာဖြစ်လို့လဲ"

"ဪ... ဆရာမက ကျောင်းကို စောစောရောက်တတ်လို့ပါ"

"ကျွန်မက တခြား ဆရာမတွေလို သားသမီးကိစ္စ၊ အိမ်ထောင်ကိစ္စ၊ ဗာဟီရတွေမရှိလို့ စောစောရောက်အောင် လာနိုင်တာပါ"

"ဆရာမက တစ်ယောက်တည်း နေတာလား"

မေးပြီးမှ စကားလွန်သွားပြီဟု သိလိုက်သည်။ ဒေါ်ခင်စိုးမြင့်က



www.burmeseclassic.com

တော့ ဘာမှ ထူးခြားဟန် မပြဘဲ…

“အမေနဲ့ နှစ်ယောက်နေကြတာ၊ သားအမိ နှစ်ယောက်တည်းဆိုတော့ ဝန်ကျဉ်းတယ်လေ၊ သိပ်အလုပ်မရှုပ်ဘူးပေါ့”

“ဆရာမက အမေကြီးကို လုပ်ကျွေးနေတာပေါ့နော်”

ဒေါ်ခင်စိုးမြင့်က ပြုံးသည်။

“အမေက ကျွန်မကို လုပ်ကျွေးနေတာပြောရင် ပိုမှန်မလားမသိဘူး၊ အမေ့ဝင်ငွေက ကျွန်မလခထက် ပိုများတာကိုး၊ အမေက ခြင်ထောင်ချုပ်တာ လက်ရာသိပ်ကောင်းတယ်၊ ကျွန်မတို့နားက အိပ်ရာခမ်းနားဆိုင်အတွက် မင်္ဂလာခြင်ထောင်တွေဆိုရင် အမေပဲ ချုပ်ပေးရတာ”

မင်္ဂလာခြင်ထောင်ဆိုသော စကားလုံးကြောင့် မျက်နှာပူသွားသလား မသိ။ ဒေါ်ခင်စိုးမြင့် ခေါင်းတစ်ချက် ငုံ့သွားသည်။ ပြီးမှ…

“ဆရာက နယ်ကနေ လာလုပ်နေတာဆို”

ဟု မေးသည်။

“ဟုတ်တယ် ဆရာမ၊ အညာကပါ၊ မြို့ပေါ်ကတော့ မဟုတ်ဘူး၊ ကျွန်တော်တို့ရွာက နည်းနည်းခေါင်တယ်၊ ကားလမ်းမကနေ ခြောက်မိုင်လောက် အတွင်းထဲကို ဝင်ရတယ်”

“မိဘတွေက အဲဒီမှာပဲပေါ့”

“ကျွန်တော့်မှာ မိဘမရှိတော့ပါဘူး၊ ရွာမှာ အစ်မပဲ ရှိတော့တယ်၊ ကျန်တဲ့ အစ်ကိုတွေက တခြားရပ်ရွာမှာ အခြေချနေကြပြီ”

ထို့နောက် ကံကောင်းထောက်မသဖြင့် ဆရာတော်၏ အထောက်အပံ့ဖြင့် တက္ကသိုလ်တက်ခွင့် ရခဲ့ပုံကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြနေမိ၏။ ဒေါ်ခင်စိုးမြင့်က စိတ်ဝင်စားစွာ နားထောင်နေသည်။ ဘုန်းကြီးကျောင်းမှာနေရင်း ကျောင်းတက်ခဲ့ရပုံများကို ပြောပြနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကရုဏာသက်သော မျက်နှာထားကို မြင်ရသည်။

ဘာကြောင့် တစ်ယောက်အကြောင်း တစ်ယောက် အပြန်အလှန် ပြောပြနေမိကြကြောင်းကိုတော့ စစ်စစ်ပေါက်ပေါက် မတွေးဖြစ်ကြ။ တစ်ယောက်ဘဝကို တစ်ယောက် စိတ်ဝင်စားမှု ရှိကြတာတော့ သေချာသည်။ ဘယ်တော့ကျလျှင် ထို့ထက် ပိုလာမလဲဆိုတာတော့ အချိန်တန်မှပင် သိရပေတော့မည်။

*

"ဆရာတို့က တော်တော် အခြေအနေ တိုးတက်နေမှပဲ၊ ကျွန်မတို့က ဒီလောက်တောင် မထင်ဘူး"

ကျောင်းရောက်ချိန် လက်မှတ်ထိုးပြီး ပြန်အထွက်မှာ ဆရာမ ဒေါ်အေးအေးချစ်နှင့် ဆုံသည်။ မနေ့က ဒေါ်ခင်စိုးမြင့်နှင့် လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြသည့်ကိစ္စကို ဘယ်လိုကဘယ်လို သတင်းရသလဲ မသိ။ တကယ်တော့ ဆရာတစ်ယောက်နှင့် ဆရာမတစ်ယောက်တို့ အလုပ်ကိစ္စအတွက် အတူသွားကြခြင်း၊ စားကြသောက်ကြခြင်းသည် ဘာမှုမဆန်း။ သူတို့နှစ်ယောက်ကျတော့ နဂိုကပင် ဝိုင်းပြီး တွန်းပို့နေကြတာဆိုတော့ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ထပ်ချွန်ကြခြင်းဖြစ်၏။

"ဘယ်လိုလဲ ဆရာ၊ ကျွန်မတို့ စားရဖို့ နီးပြီလား"

"ဟာဗျာ... ဆရာမကလည်း တစ်ယောက်ကို တစ်ယောက် မပြောရဲမဆိုရဲတွေ ဖြစ်ကုန်တော့မှာပဲ၊ ကျွန်တော်တို့က ရိုးရိုးသားသားပါဗျာ"

ဒေါ်အေးအေးချစ်က ရယ်သည်။

"ကျွန်မတို့ကတော့ မရိုးစေချင်ဘူး ဆရာရဲ့"


www.burmeseclassic.com

"မလုပ်ပါနဲ့ဗျာ၊ အေးအေးနေပါရစေ"

"တကယ်ပြောတာ ဆရာ၊ ဆရာ့အနေနဲ့ အိမ်ထောင်ပြုမယ်လို့ စိတ်ကူးမယ်ဆိုရင်တော့ ခင်စိုးမြင့်ကိုပဲ ရွေးစေချင်တယ်"

သူခေါင်းကုတ်လိုက်သည်။ ဘာပြန်ပြောရ ကောင်းမလဲ စဉ်းစားနေတုန်း။

"သူများ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်စွက်ဖက်တယ်လို့တော့ မထင်ပါနဲ့နော်၊ ကျွန်မတို့ကျောင်းမှာက အားလုံး မိသားစုတွေလို နေနေကြတာမို့ မိတ်ဆွေတစ်ယောက်လို မောင်လေးတစ်ယောက်လို သဘောထားပြီး အကြံပေးတာပါ၊ ရှင်းရှင်းပြောရရင်တော့ ကျွန်မတို့က ခင်စိုးမြင့်အတွက် အဓိကထားပြီး စဉ်းစားကြတာပါဆရာ၊ ကောင်မလေးက သိပ်တော်တယ်၊ ရိုးလည်းရိုးတယ်၊ ဒါကြောင့် သူ့အဖို့က ဆရာ့လို လူမျိုးနဲ့မှ သင့်တော်မယ်ထင်လို့ပါ၊ ဆရာ့အတွက်လည်း"

"အတန်းက ဆူနေပြီဆရာမ၊ တော်ကြာ ဘေးခန်းတွေ အနှောင့်အယှက်ဖြစ်နေဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

စကားဖြတ်ပြီး ထွက်လာခဲ့ရသည်။ သည်ဆရာမတွေကြားထဲမှာ ကြာကြာမှ တောင့်ခံနိုင်ပါ့မလားဟု တွေးမိသည်။ ကိုယ်ကကော ခပ်ယိုင်ယိုင်များ ဖြစ်နေပြီလား။ သူတို့တွေကကော မိမိ၏ အတွင်းစိတ်ကို မိမိထက်ပင် ပိုသိနေလို့များ ခုလို ပြောလိုက်တာလား။ သူကိုယ်တိုင်ကတော့ ခုထိ မပြတ်သား တွေဝေနေဆဲ။

*

ရှေ့မှာ လက်ပိုက်ရပ်နေသော ခင်မောင်ဦးကို တွေ့လိုက်ကတည်းက တစ်ခုခု တိုင်တော့မည်ဟု သိလိုက်၏။ ခင်မောင်ဦးသည် စကားလည်း များသည်။ အတိုင်အတောလည်း ထူသည်။ စပ်လည်း


www.burmeseclassic.com

www.burmeseclassic.com

စပ်စုတတ်သည်။ တစ်ခါတစ်ခါတော့လည်း သူ့ဆီက အတန်းသား တွေအကြောင်း သိရသဖြင့် အသုံးတည့်သည်။

"ကဲ... ဘာလဲ ပြော"

သူက မေးလိုက်သည်။

"ကျွန်တော့် ခဲတံဘောလ်ပင်ကို ပြန်မပေးဘူးတဲ့ ဆရာကြီး"

"ဘယ်သူက ပြန်မပေးတာလဲ"

"ဂေါ်လစ်"

"ကဲ... ဂေါ်လစ်ကို သွားခေါ်စမ်း"

ခင်မောင်ဦးက ဂေါ်လစ်ကို သွားခေါ်လေသည်။ ဂေါ်လစ်က ခပ်အေးအေးပင် လိုက်လာသည်။

"ဂေါ်လစ် မင်း သူ့ခဲတံဘောလ်ပင်ကို ပြန်မပေးဘူးဆို"

"သူက ခဲတံဘောလ်ပင်ကို ကျွန်တော့်ဆီမှာ သုံးကျပ်နဲ့ ပေါင် တယ်"

"ဘာ... ပေါင်တယ် ဟုတ်လား"

"ကျွန်တော် သုံးကျပ်ပြန်ပေးတာကို ကျွန်တော့်ဟာ ပြန်မပေး ဘူးတဲ့"ဟု ခင်မောင်ဦးက ဖြတ်ပြောသည်။ ဂေါ်လစ်က ခင်မောင်ဦး ဘက် လှည့်၍...

"သုံးကျပ်တည်းပေးလို့ ရမလား၊ အတိုးတစ်ကျပ်ပေးမယ်လို့ မင်းပဲ ပြောခဲ့ပြီးတော့"

"ဟော့ကောင်တွေ တိတ်စမ်း"

သူက ဟောက်လိုက်ပြီး...

"ဒီမှာ နားထောင်၊ သူငယ်ချင်းချင်းခင်လို့ မုန့်ဝယ်ကျွေး ချင်ကျွေး၊ ပိုက်ဆံချေးချင်ချေး၊ ယူတဲ့လူကလည်း မှန်မှန်ကန်ကန် ပြန်ပေး၊ ပစ္စည်းပေါင်တာတို့၊ အတိုးနဲ့ချေးတာတို့ လုံးဝမလုပ်ရဘူး၊


www.burmeseclassic.com

နောက် တစ်ခါ အဲဒါမျိုး ကြားရင် ရိုက်မယ်၊ မင်းတို့ ငယ်ငယ်လေး ရှိသေးတယ်၊ ဒါမျိုးတွေ မလုပ်ရဘူး၊ ကဲ... မင်းက ပိုက်ဆံသုံးကျပ် ပြန်ပေး၊ မင်းက ခဲတံဘောလ်ပင် ပြန်ပေးလိုက်"

ဂေါ်လစ်က ခဲတံဘောလ်ပင်ကို မကျေမနပ်နှင့် ပြန်ပေးလိုက်သည်။ သူတို့အိမ်က လူကြီးတွေ ဟင်းချက်စရာမရှိလို့၊ ဆန်ဝယ်ဖို့ ငွေလိုလို့၊ လုံချည်တို့ နာရီတို့ မီးပူတို့ ပေါင်ကြန့်ကြတာတွေမြင်ပြီး အတုမြင် အတတ်သင်ကြခြင်းပင် ဖြစ်သည်။

ဂေါ်လစ်ကိုတော့ နည်းနည်း သတိထား စောင့်ကြည့်ရမည်။ သည်ကောင်က နည်းနည်းရှုပ်ချင်သည်။ လည်လည်းလည်သည်။ ပြဿနာလေးတွေကလည်း သည်ကောင်နှင့် ပတ်သက်ပြီး နွယ်နွယ်နေတတ်သည်။

ပညာရည်တိုးတက်မှု မှတ်တမ်းကတ်ပြားကို အိမ်ကိုမပြဘဲ သူ့ဘာသာ လက်မှတ်ထိုးလာတာမျိုး၊ ကျောင်းပြေးပြီး ခွင့်စာတောင်းတော့ ဟိုလိုလို သည်လိုလို လုပ်နေတာမျိုး၊ သူ့ထက်ငယ်သည့် ကလေးတွေဆီက နောက်သလို ပြောင်သလိုလုပ်၍ မုန့်လုစားတာမျိုး၊ ကျောင်းမတက်ခင် လွယ်အိတ်တွေဘေးချပြီး ဆော့နေကြသည့် ကလေးတွေ ထမင်းဘူးထဲက ဟင်းခိုးစားတာမျိုး။

ဟိုတစ်ပတ်ကတော့ ကလေးတစ်ယောက်က လာတိုင်သည်။ ဂေါ်လစ်က သူ့ဆီက ခဲတံတစ်ချောင်း ငှားသည်။ သူ့ခဲတံအသစ်ကို ချွန်ကာစပဲ ရှိသေးသည်။ ဂေါ်လစ်က ရေးစရာမရှိ၍ တစ်ရက်လောက် ငှားပါ ဆိုသဖြင့် ငှားလိုက်သည်။ ညနေပြန်ပေးတော့ ခဲတံက တော်တော်ကြီး တိုနေသည်။ ဂေါ်လစ်က "မင်းခဲတံကို စငှားတုန်းက တိုင်းထားလို့လား"ဟု ခပ်တည်တည်နှင့် ပြန်မေးသေးသည်။ အမှန်တော့ ဂေါ်လစ် ခဲတံအသစ်ကို လက်နှစ်ဆစ်စာလောက် ဖြတ်ယူထား



www.burmeseclassic.com

ပြီး ကျန်တာကို ပြန်ချွန်ပေးလိုက်ခြင်း ဖြစ်၏။ နောက်တစ်နေ့မှာ ခဲတံတိုတိုလေးနှင့် ဂေါ်လစ် စာရေးနေတာတွေ့မှ သဘောပေါက်ရခြင်း ဖြစ်သည်။

ဂေါ်လစ်၏ မိဘများမှာ သိပ်ချို့ချို့တဲ့တဲ့ မဟုတ်နိုင်။ ကလေးကို လက်ပတ်နာရီတောင် ဆင်နိုင်တာ တွေ့ခဲ့ရသည်။ ခုနောက်ပိုင်းမှာတော့ ဂေါ်လစ် နာရီပတ်လာတာ မတွေ့တော့။ ပျက်သွားတာတို့ ဘာတို့ ဖြစ်နိုင်သည်။

ဂေါ်လစ်သည် ပင်ကိုစရိုက်ကပင် နည်းနည်း ပျက်ချင်ချင် ဖြစ်နေလို့လား၊ ရပ်ကွက်ထဲမှာပဲ အပေါင်းအသင်း မှားလေသလား၊ သတိထားပြီး စောင့်ကြည့်ရမည်။ အခြေအနေ ပိုပြီး ယိုယွင်းလာလျှင်တော့ နည်းလမ်းရှာပြီး ပြုပြင်ရပေလိမ့်မည်။

သည်အရွယ်ကလေးတွေကို ဆုံးမရာမှာ ဂရုစိုက်ရသည်။ တချို့ ကိစ္စတွေမှာ မသိမသာ သွယ်ဝိုက်၍ ဆုံးမရသည်။ တစ်ခါ တလေကျတော့ သေသေချာချာ နားလည်အောင် ရှင်းပြရသည်။ တစ်ခါတစ်ရံကျတော့ ဘာမှရှင်းမပြဘဲ "ဒါမလုပ်ရ"ဆိုပြီး ယတိပြတ် အမိန့်ပေးသလို လုပ်ရတာမျိုး ရှိသည်။ တစ်ခါတည်းနှင့် မှတ်သွားအောင် ခပ်စပ်စပ်ကလေး ရိုက်ပေးဖို့ လိုအပ်သော ကိစ္စမျိုးလည်း ရှိသည်။ သူ့အတိုင်းအတာအလျောက် သင့်လျော်သလို မဆုံးမ တတ်လျှင် ကလေးကို အကောင်းဘက် ဆွဲခေါ်ရာမရောက်ဘဲ အဆိုးကို ပိုစိတ်ဝင်စားသွားအောင် တွန်းပို့ရာ ရောက်တတ်သည်။

*

ပထမအစမ်းစာမေးပွဲ နီးပြီ။ ထို့အတူ သီတင်းကျွတ် ကျောင်း ပိတ်ရက်လည်း နီးလာပြီ။ ထုံးစံအတိုင်း ကျောင်းက ပြုလုပ်သော ဆရာကန်တော့ပွဲအပြင် ကျောင်းသားကျောင်းသူများက တစ်ဦးချင်းစီ



www.burmeseclassic.com

လာကန်တော့ကြသည်။

သူတို့ကျောင်းကလေးမှာ လက်လုပ်လက်စား အများစုနေသော ရပ်ကွက်အတွင်းမှာ ရှိသည်။ ကျောင်းသားကျောင်းသူများမှာလည်း ဝန်ထမ်းသားသမီးများ၊ လက်လုပ်လက်စား သားသမီးများသာ များသည်။ ထို့ကြောင့် တချို့ နာမည်ကြီး ကျောင်းတွေမှာလို ငါးရာတန် ထောင်ကျော်တန် နိုင်ငံခြားမုန့်ဘူးတို့၊ ပါတိတ်ဝမ်းဆက်တို့ ဘာတို့ ကန်တော့နိုင်သူ လုံးဝမရှိ။

အတန်းထဲမှာ လူလေးဆယ်ကျော်ရှိရာ ဆယ်ယောက်လောက် ကသာ တစ်ဦးချင်း လာကန်တော့နိုင်သည်။ သည်ထဲမှာ ငါးယောက် လောက်က ကိတ်ခြောက်ထုပ်ကလေး၊ ပူတင်းပေါင်မုန့်ထုပ်ကလေး လောက်သာ ဖြစ်၏။ ခုချိန်မှာ ရိုးရိုး ပလိန်းကိတ်တစ်လုံးတောင် လေးဆယ်ဖြစ်နေတော့ တော်ရုံတန်ရုံ စေတနာနှင့် ကန်တော့ချင်တာ တောင် ကန်တော့လို့ မလွယ်။ တစ်တန်းလုံးမှာမှ တစ်ယောက်စ နှစ်ယောက်စသာ အင်္ကျီပိတ်စလေး၊ လုံချည်လေး ကန်တော့နိုင်သူရှိ၏။

ဝါကျွတ်မှာ မိဘ၊ ဆရာသမား၊ သက်ကြီးဝါကြီးတို့ကို ကန်တော့ခြင်းသည် မြတ်နိုးဂုဏ်ယူဖွယ်ကောင်းသော မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံဖြစ်၏။ ဆရာဆရာမများအဖို့လည်း စိတ်သန့်ရှင်းစွာ လက်ခံရယူနိုင်သည်။

ကန်တော့သူ မိဘတွေဘက်က သူတို့သားသမီးကို ပိုပြီး ဂရုစိုက်အောင်လို့ဆိုသော ဆန္ဒအနည်းနှင့်အများ ပါကောင်းပါမည်။ သို့တိုင်အောင် သားသမီးပညာရေးအတွက် ဆိုသော စေတနာကိုက ကပ်လျက်ပါလာသဖြင့် အပြစ်မယူရက်စရာ ဖြစ်နေ၏။ မိမိအလုပ်ကိစ္စ ပြီးမြောက်ဖို့၊ ရာထူးတည်မြဲဖို့၊ တိုးတက်ဖို့ ပေးရကမ်းရသော တံစိုး လက်ဆောင်ထက်စာလျှင် အပုံကြီး သန့်ရှင်းစင်ကြယ်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်နှစ်တော့ ကုန်စျေးနှုန်းတွေ ပိုတက်လာလို့လားမသိ၊ သူ့အတန်းက တစ်ဦးချင်း လာကန်တော့သူ ကျောင်းသားကျောင်းသူ ဦးရေ လျော့ကျသွားသည်။ ကန်တော့သူတွေထဲမှာလည်း မုန့်နှင့် ကန်တော့သူတွေသာ များသည်။ ပစ္စည်းနှင့် ကန်တော့သူကတော့ တစ်ယောက်တည်းသာ ရှိ၏။ ကျောင်းသူလေး အေးသီရိထွေးပင် ဖြစ်သည်။

ကျောင်းတက်ခါစတွင် မင်္ဂလာဆောင်တို့၊ မွေးနေ့တို့မှာ ပေးသလို ပန်းပွင့်ပုံများပါသော စက္ကူဖြင့် သပ်ရပ်စွာ ထုပ်ထားသော ရှည်မျောမျော ခပ်ပြားပြား အထုပ်ကလေးကို ယူလာပြီး သူ့ကို လက်နှစ်ဖက်ဖြင့် ပေးသည်။

"မေမေက ဆရာကြီးကို ကန်တော့ဖို့ ပေးလိုက်ပါတယ်"

"သြော်… အေးအေး၊ ကျေးဇူးပါပဲကွယ်"

အထုပ်ကို လှမ်းယူသည်။ ခပ်မွမွ အတွေ့အထိကြောင့် အထဲက ပစ္စည်းသည် ပိတ်စတစ်ခုခုဖြစ်ကြောင်း သိလိုက်၏။ အထုပ်ကို စားပွဲပေါ် တင်ထားလိုက်သည်။ အေးသီရိထွေးက ဒူးတုပ်ထိုင်ချလိုက်ပြီး ကန်တော့သည်။

"အေးကွယ်… စာမေးပွဲအောင်ပါစေ၊ ပညာတွေ အများကြီး တတ်ပါစေ၊ သမီးဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဝပါစေ"

ဟု ဆုပေးလိုက်၏။ စာမေးပွဲမှာ ပထမရပါစေဆိုသော ဆုကိုတော့ စိတ်ထဲကပင် ပေးလိုက်သည်။ နှုတ်က ဖွင့်မပြောဖြစ်။ အေးသီရိထွေးက စာတော်သူ ဖြစ်သည်။ တကယ်လို့ သူ့ဘာသာ ကြိုးစားသောကြောင့် ပထမရနေလျှင်ပင် လက်ဆောင်နှင့် ကန်တော့ လို့ဟု အထင်ခံရမှာစိုးသောကြောင့် ဖြစ်၏။

သီတင်းကျွတ်မှာ ကန်တော့သော ပစ္စည်းကို သံသယကင်းရှင်း


www.burmeseclassic.com

စွာ လက်ခံနိုင်ကြောင်း သူနားလည်သည်။ သို့တိုင်အောင် စေတနာကို တန်ဖိုးထားခြင်းကလွဲ၍ တပ်မက်လိုချင်သော စိတ်တော့ ဘယ်တုန်းကမှ သူ့မှာ မရှိခဲ့။

သည်တစ်ခါကျတော့ ထိုလက်ဆောင်ထုပ်ကလေးကို စိတ်ဝင်စားသောစိတ်က ထူးဆန်းစွာ ဖြစ်ပေါ်လာသည်။ လောဘစိတ်မျိုး မဟုတ်တာတော့ သေချာသည်။ အထုပ်ထဲမှာ ပိတ်စတစ်စ ပါသည်။ ထိုပိတ်စသည် အင်္ကျီစလား လုံချည်စလားဆိုတာ သိချင်သော ဆန္ဒသာ ဖြစ်လေ၏။

ကျောင်းချိန်ကြီးမှာဆိုတော့ ကလေးတွေရှေ့မှာ ဖွင့်ကြည့်လို့ မဖြစ်။ စာကိုသာ ဟန်မပျက် ဆက်သင်နေရသည်။ ဒါတောင် တစ်ချက်တစ်ချက် မျက်လုံးက စားပွဲပေါ်က အထုပ်ဆီ ရောက်ရောက်သွားချင်သေးသည်။

အရေးထဲမှာ သည်နေ့သင်ရမည့် သင်ခန်းစာက ဂျီသြမေတြီဆိုင်ရာ ပုံဏ္ဍာန်များအကြောင်း ဖြစ်၏။ ကလေးတွေ နားလည်လွယ်အောင် လက်တွေ့မြင်နိုင်သည့် အရာများနှင့် နှိုင်းယှဉ်သင်ရသည်။

"မော်တော်ကား ဘီးက ဘယ်လိုပုံသဏ္ဍာန် ရှိသလဲဟေ့"

"အဝိုင်းပါ ဆရာကြီး"

"ကဲ... ဟောဒါကို ကြည့်ဦး"

ပုလင်းအဖုံးတစ်ခုကို ပြသည်။

"အေး... အဲဒီလို ဝိုင်းစက်နေတာမျိုးကို စက်ဝိုင်းလို့ ခေါ်တယ်၊ လွယ်လွယ်လေးနော်၊ ဝိုင်းစက် စက်ဝိုင်း၊ အဲဒီလို မှတ်ထား၊ ကဲ... ဟောဒီကျောက်သင်ပုန်းကို ကြည့်စမ်း၊ ဘယ်လိုပုံ ရှိသလဲ"

"လေးထောင့်"

"အေး၊ ဟုတ်တယ်၊ ထောင့်လေးထောင့်ပါလို့ လေးထောင့်လို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်တယ်၊ တစ်ခုရှိတယ်၊ သင်္ချာမှာကျတော့ အဲဒါမျိုးကို ထောင့်မှန် စတုဂံလို့ ခေါ်တယ်၊ ဟောဒီကျောက်သင်ပုန်းကိုကြည့်၊ ဒီလို အလျားက ရှည်တယ်၊ ဟောဒီ အနံက တိုတယ်၊ အပေါ်နဲ့အောက်နဲ့ အရှည်ချင်း တူတယ်၊ စတုဂံလို့ ခေါ်တယ်၊ ဘယ်လိုခေါ်သလဲ"

"ထောင့်မှန်စတုဂံ"

"အဲ... ဟုတ်ပြီ၊ မင်းတို့သိတဲ့ ထောင့်မှန်စတုဂံပုံရှိတဲ့ အရာ တွေ ပြောပြစမ်း၊ ကဲ... အောင်အောင်ပြော"

"စာအုပ်ပါ ဆရာကြီး"

"အေး... မှန်တယ်၊ သက်ထားမော်ပြော"

"ပေတံပါ ဆရာကြီး"

"ဟုတ်ပြီး...၊ ခင်မောင်ဦး"

ခင်မောင်ဦး ဟိုကြည့်သည်ကြည့်ပြီး...

"ပြတင်းပေါက်"

"ဟုတ်တယ်၊ နောက်တစ်ယောက် ဂေါလစ်"

ဂေါလစ် ထရပ်ပြီး ခေါင်းကုတ်စဉ်းစားနေသည်။ အတန် ကြာမှ...

"ဆီးထုပ်"

"အဲ... အင်း... ဟုတ်ပါတယ်၊ ဆီးထုပ်တဲ့ ပလတ်စတစ်အိတ် က ထောင့်မှန်စတုဂံပုံပဲ၊ ကဲ... အေးသီရိထွေး ပြောပါဦး"

အေးသီရိထွေး ထရပ်ပြီး...

"ဟိုဥစ္စာ လုံချည်ဆရာကြီး"

"အင်း မှန်ပါတယ်၊ လုံချည်က ဖြန့်ထားရင် ထောင့်မှန်စတုဂံ ပုံပေါ့"

ဆိုပြီး စားပွဲပေါ်မှ အထုပ်ကို ဖျတ်ခနဲ ကြည့်မိ၏။ "အင်း

ဖြစ်နိုင်တယ်”ဟုလည်း တွေးဖြစ်အောင် တွေးလိုက်မိသည်။

မုန့်စား ကျောင်းဆင်းခေါင်းလောင်း ထိုးသည်။ ကလေးတွေ နှုတ်ဆက်ပြီး မုန့်စားဖို့ ထွက်သွားကြသည်။ တစ်ဖက်အတန်းကို ကြည့်သည်။ ကလေးတွေ ထွက်နေကြတုန်း ဒေါ်ခင်စိုးမြင့်ကလည်း ဘာတွေရေးမှတ်နေမှန်းမသိ၊ ချက်ချင်း မထွက်သေး။ အတန်ကြာမှ ထရပ်သည်။ သူ့ဘက်ကြည့်၍ တစ်ချက်ပြုံး နှုတ်ဆက်ပြီး ထွက်သွားသည်။

*

သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ရွာကိုပြန်သည်။ မန္တလေး အမြန်ရထားနှင့် သာစည်ထိလိုက်သည်။ ထို့နောက် ကားဆက်စီးရသည်။ မြို့မရောက်ခင် လမ်းမှာဆင်းသည်။ ရွာရောက်အောင် ခြောက်မိုင်လောက် ခရီးဆက်ရမည်။ ကြိုတင်မှာထားလျှင် လှည်းလာကြိုနိုင်သည်။ သူက ရောက်မည့်ရက် မသေချာသဖြင့် ဘာမှ မှာမထားခဲ့။ လှည်းကြိုလည်း မရှိ။ အညာသားပဲကွာ သည်ခရီးလောက်ကတော့ဟု တွေးပြီး ခြေကျင်လျှောက်လာခဲ့၏။

တကယ်တမ်းကျတော့ ခြေထောက်တွေက အညာသား မပီသတော့ချေ။ ကိုယ့်ကိုယ်ကို အဟုတ်ကြီးမှတ်ပြီး လျှောက်လာခဲ့ရာ ခရီးတစ်ဝက်မကျိုးခင် ခြေလှမ်းတွေ နှေးလာသည်။ ခုချိန်မှာ သူသည် ရန်ကုန်သားတစ်ပိုင်း ဖြစ်နေပြီ။ မိုင်ဝက်လောက်ခရီးကို ဘတ်စကားလေးပေါ် ပြေးတက်ပြီး လိုက်ပါသွားသည့် အကျင့်က သတ္တိပြလာပြီ။ ငယ်ငယ်က ရွာမှာ နေတုန်းကဆိုရင် သည်ခရီးလောက်ကို အသွားအပြန်တောင် အသာလေး လျှောက်နိုင်သည်။

ရာသီဥတုက ရန်ကုန်မှာ နေလို့ထိုင်လို့ ကောင်းရုံရှိသော်လည်း



www.burmeseclassic.com

သည်မှာက ပူတုန်း ရှိသေးသည်။ ခိုစရာ အရိပ်လည်းမရှိ။ ယာခင်းကွင်းပြင်ကြီးကို ဖြတ်လျှောက်ရခြင်း ဖြစ်၏။

အစကတော့ ရွာကို ထမင်းစားအမီ ရောက်လိမ့်မည် ထင်ခဲ့သည်။ ထို့ကြောင့် သာစည်မှာတုန်းက ပဲပလာတာတစ်ချပ်နှင့် လက်ဖက်ရည် တစ်ခွက်သာ စားသောက်ခဲ့သည်။ ကားတစ်စင်း လွတ်သွားတာ၊ နောက်ကားက လူစောင့်နေတာ၊ လမ်းမှာရပ်ပြီး လူတင်တာ၊ ကုန်ချနေတာကြောင့် နောက်ကျသွားသည်။ သို့နှင့် လမ်းလျှောက်ရင်း ဗိုက်ထဲက ဟာလာသည်။ ယာတဲတစ်ခုခုမှာ ဝင်နားဖို့ ကြည့်ပြန်တော့ လမ်းကြောင်းကနေ မြောက်ဘက်ကို အတော်ဝေးဝေး ဖဲ့ထွက်သွားရမည့်နေရာမှာ သွားတွေ့သည်။ ယာတဲကို ရောက်အောင် သွားရမှာနှင့် လမ်းကြောင်းပေါ်ရောက်အောင် ပြန်လာရမှာနှင့်ဆိုလျှင် ခရီးတာ ပိုရှည်တာကြောင့် ဘာမှမထူး။

ရပ်နေလို့လည်း မဖြစ်သဖြင့် ခပ်ဖြည်းဖြည်းပင် ဆက်လျှောက်လာခဲ့ရသည်။ ခဏကြာမှ နောက်ဘက်က စက်သံလိုလို ကြားသဖြင့် လှည့်ကြည့်သည်။ လက်တွန်းထွန်စက်ငယ်တစ်စီး လာနေသည်။ ခပ်လှမ်းလှမ်းအရောက်တွင် နောက်တွဲလည်း ပါလာကြောင်း တွေ့လိုက်ရ၏။ လက်တားပြီး ခရီးကြုံလိုက်လို့ ရမရ မေးသည်။ ရပါတယ်ဟု ကြည်ကြည်ဖြူဖြူ ခေါ်သဖြင့် တက်လိုက်လာခဲ့၏။

ထွန်စက်မောင်းလာသူမှာ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေး ဖြစ်၏။ သူ့ကို သိပုံမရ။ မေးကြည့်တော့ သူတို့ရွာက မဟုတ်။ အရှေ့ရွာကြီးက ဖြစ်၏။ ထွန်စက်တွေ ဘာတွေတောင် ဝယ်နိုင်ပြီဆိုတော့ သူတို့ဘက်တွေမှာ စီးပွားရေး အခြေအနေ အထိုက်အလျောက် တိုးတက်လာပုံ ရသည်ဟု ခန့်မှန်းလိုက်သည်။

ရွာထိပ်မှာ ဆင်းသည်။ ကျေးဇူးတင်စကားပြောပြီး ရွာထဲသို့



www.burmeseclassic.com

ဝင်ခဲ့၏။ ပြီးခဲ့သည့် နွေကျောင်းပိတ်ရက် ရောက်ခဲ့တုန်းကနှင့်စာလျှင် အိမ်တွေက နည်းနည်း ပိုသပ်ရပ်လာသည်ဟု ထင်မိ၏။

သည်ရက်ပိုင်းအတွင်း သူရောက်လာနိုင်တာကို အစ်မတို့က မျှော်လင့်ထားပြီး ဖြစ်သည်။ ဘယ်နေ့ရောက်မယ် ဆိုတာသာ မသိခြင်း ဖြစ်၏။ သူတို့ အညာသူ အညာသားတို့ ထုံးစံအတိုင်း ဘယ်လောက် အနေဝေးဝေးစိမ်းသွားသည်ဟူ၍ မရှိ။ မောင်နှမနှစ်ယောက် ငယ်ငယ်တုန်းကလိုပင် ချစ်ခင်ရင်းနှီးမြဲ ဖြစ်၏။ ယောက်ဖဖြစ်သူ ကိုချစ်ကလည်း အသက်ချင်း ကွာသည့်တိုင် ငယ်စဉ်ကတည်းက သူငယ်ချင်းပေါင်း ပေါင်းလာသူ ဖြစ်၍ ပြဿနာမရှိ။

အစ်မက သူရောက်လာနိုင်မည့် ရက်ကို မှန်းပြီး ဝက်သားဟင်းလေးချက် ချက်ထားသည်။ ဟင်းလေးချက်က ထားတတ်လျှင် လေးငါးရက်လောက် ခံသောကြောင့် သူရောက်သွားချိန်မှာ အဆင်သင့် ရှိနေ၏။ ဆာဆာနှင့် စားလိုက်ရာ ထမင်းတော်တော်ဝင်သွားသည်ဟု သူက ထင်သည်။ အစ်မကတော့ အစားနည်းသည်ဟု ထင်သည်။ ရန်ကုန်မှာ ထမင်းတစ်လုံးချက်ကို ညမနက်စားတာ တစ်ခါတစ်ခါ ကုန်တောင် မကုန်ဘူးပြောလျှင် အစ်မ အံ့သြလိမ့်မည်။

ညနေစောင်းတော့ ကိုချစ်က ထန်းရည်သွားသောက်ရအောင်ဟု စကားစသည်။ သူသည် အရက်သေစာကို လုံးဝရှောင်ကြဉ်သူ တစ်ယောက်တော့ မဟုတ်။ ရွာမှာနေခဲ့တုန်းက ကိုချစ်သင်ပေးသဖြင့် သောက်လက်စ ရှိခဲ့ဖူးသည်။ နောက်ပိုင်းမှာ အခြေအနေအရ မသောက်ဘဲ နေခဲ့ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ရွာရောက်တုန်း ငယ်ဘဝ အမှတ်တရပေါ့ဆိုပြီး ထန်းတောထဲ လိုက်သွားခဲ့၏။ သမီးယောက်ဖနှစ်ယောက် စကားတပြောပြောနှင့် သောက်လိုက်ကြတာ မှောင်ရီသန်းမှပင် အိမ်ကို ပြန်ဖြစ်ကြ၏။ သူက နှစ်ပုလင်းစာလောက်



www.burmeseclassic.com

သာ သောက်ဖြစ်၏။ ကိုချစ်ကတော့ ငါ့ညီရောက်တုန်း ပျော်သကွာ ဆိုပြီး တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ရာ လေးငါးမြူလောက်တောင် ရှိမလားမသိ။

အစ်မက ညနေစာ အဆင့်သင့် လုပ်ထားသည်။ ရန်ကုန်မှာ စားရဖို့ မလွယ်သော မြူရွက်သုပ်နှင့် ထမင်းမြိန်သွားပြန်၏။

ညကျတော့ မြေပဲကြော်၊ အမဲခြောက်ဖုတ်တို့ကို ရေနွေးကြမ်းနှင့် မြည်းရင်းစကားဝိုင်းဖွဲ့ ဖြစ်ကြသည်။ သည်လိုအရသာမျိုး မကြုံရတာကြာပြီ။ ရွာအကြောင်း၊ စီးပွားရေးအကြောင်း၊ ရန်ကုန်က အကြောင်းတွေ ပြောရင်း...

"မင်းလည်း တစ်ယောက်တည်း မနေသင့်တော့ဘူးကွ၊ အိမ်ထောင်ပြုဖို့လေးဘာလေး စိတ်ကူးဦး၊ ရန်ကုန်မှာ တွေ့ထားတာ မရှိဘူးလား"

ဟု ကိုချစ်က စကားစသည်။ မျက်နှာတစ်ခုကို ဖျတ်ခနဲ မြင်ယောင်မိ၏။ သူဘာမှ ပြန်မပြောနိုင်ခင် အစ်မက အရင်ဦးအောင် ဖြတ်ပြောသည်။

"အမယ် ရန်ကုန်သူတော့ ယူဖို့ စိတ်မကူးနဲ့နော်"

"ရန်ကုန်သူ မဟုတ်ပါဘူး အစ်မရဲ့"

ဟု လွှတ်ခနဲ ပြောထွက်သွားသည်။

"ဘာ... ဘာတဲ့"

အစ်မက မေးသည်။

"မဟုတ်ပါဘူး၊ အစ်မက ရန်ကုန်သူ စိတ်မကူးနဲ့ဆိုလို့"

ဟု စကားကို လွှဲလည်းလွှဲ ပိတ်လည်းပိတ် လုပ်လိုက်ရသည်။ အစ်မက ကိုချစ်ကို တစ်ချက်ကြည့်ပြီး ဘယ်လိုလဲဆိုသော သဘော မေးငေါ့ပြသည်။ ကိုချစ်က အမဲခြောက်တစ်ဖတ်ကို ပါးစပ်ထဲထည့် မြုံ့လိုက်ပြီးနောက် မင်းပြောလိုက်ပေါ့ဆိုသည့် အမူအရာ ပြန်လုပ်ပြ



www.burmeseclassic.com

သည်။ အစ်မက...

"ဒီမှာ မင်းအတွက် သင့်တော်မယ့်သူ ငါရှာထားတယ်"

"ဟင်... ဘယ်သူလဲ"

"ရင်ရင်ရွှေကို သိတယ်မဟုတ်လား"

"ဘယ်က ရင်ရင်ရွှေလဲ"

"ဒေါ်ထွေး သမီးလေကွယ်"

"ဟာ... အရီးထွေးသမီးက ငယ်ငယ်လေး ရှိပါသေးတယ်ဗျာ"

"မငယ်တော့ဘူးဟဲ့၊ ဆယ့်ခုနစ်နှစ်ရှိပြီ"

"ဗျာ"

ဆယ့်ခုနစ်နှစ်ဆိုတာ ဆယ်တန်းကျောင်းသူအရွယ်ပဲ၊ သူ့အဖို့တော့ တပည့်အရွယ်မျှသာ ရှိသေးသည်။

"မဗျာနဲ့ ငါက သင့်တော်မယ်ထင်လို့ စီစဉ်တာ"

"ဘာ... စီစဉ်တာ"

"ဟုတ်တယ်၊ ဒေါ်ထွေးကိုတောင် ငါ တီးခေါက်ကြည့်ပြီးပြီ၊ မင်းနဲ့သာဆို ဟိုက ကတောင် ပေးစားဦးမယ်"

"ဟာ ပြဿနာပဲ၊ အစ်မက ကျွန်တော့်ကို မတိုင်ပင်ဘဲ လျှောက်လုပ်လို့ ရမလား"

"အမယ် ဘာတိုင်ပင်စရာ လိုသလဲ၊ မင်းကို ငါတစ်သက်လုံး ကျွေးမွေး စောင့်ရှောက်ခဲ့တာပဲ၊ ကောင်းမယ်ထင်တာ လုပ်ပေးဖို့ ငါ့မှာ တာဝန်ရှိတာပေါ့"

"ဟာဗျာ... ခက်တော့တာပဲ ကျွန်တော့် အိမ်ထောင်ရေးကိစ္စ ကျွန်တော့်ဘာသာ ဆုံးဖြတ်မှာပေါ့၊ အစ်မက ဘာကြောင့် မပြောမဆို လျှောက်ပြီး လုပ်ရတာလဲ"

"ဘာပြောစရာလိုသလဲ၊ နင်က ငါ့မောင်ပဲ၊ ငါ့စကား နားထောင်



www.burmeseclassic.com

ရမှာပေါ့၊ ငါ့တုန်းကတော့ နင်တို့ ဝိုင်းတိုက်တွန်းလို့ သူ့ကို ငါယူခဲ့တာပဲ၊ ဘာများ အတွန့်တက်ခဲ့လို့လဲ”

ဆိုပြီး ကိုချစ်ဘက်ကို ကြည့်သည်။ ကိုချစ်က

“ဒါလည်း ဟုတ်တာပဲ၊ ကဲပါကွာ၊ မင်းအစ်မက ကောင်းမယ်ထင်လို့ စိတ်ကူးတာ၊ ဒီတော့ ကောင်မလေးကိုလည်း မင်းကြည့်လိုက်ဦးပေါ့၊ သဘောမကျဘူးဆိုလည်း တစ်မျိုးပေါ့”

“ဘာပဲဖြစ်ဖြစ် စကားတွေ သွားကျွံထားတာတော့ ဘယ်ကောင်းမလဲ”

“ကျွံလည်း ဘာဖြစ်သလဲကွာ၊ ကိုယ်ယူမှ ဖြစ်တာပဲ၊ အဲ… ကောင်မလေးက ချောတော့ အတော်ချောသမောင်”

ဆက်ငြင်းနေလျှင်လည်း ပြီးမှာ မဟုတ်သဖြင့် “ကြည့်လုပ်တာပေါ့”ဟု စကားလှအောင် ပြောပြီး ယာယီ ရှောင်တိမ်းလိုက်ရသည်။

*

သို့ရာတွင် ကိစ္စက မပြတ်သေး။ နောက်တစ်နေ့ကျတော့ ဒေါ်ထွေးနှင့် သူ့သမီး ရင်ရင်ရွှေတို့ အိမ်ကို ရောက်လာကြသည်။

“မောင်မြင့်ကြည် ရောက်နေတယ်ကြားလို့ လာခဲ့တာတော့”

ဟု ဒေါ်ထွေးက ပြောသည်။ ဒေါ်ထွေးမှာ သမက်ဖမ်းတတ်သော လည်လည်ဝယ်ဝယ် မိန်းမကြီးတစ်ယောက်၏ ပုံစံမျိုး မဟုတ်။ ရိုးရိုးအေးအေးကြီးသာ ဖြစ်၏။ ခုကိစ္စမှာလည်း အစ်မကြီးက ဦးဆောင်ပြောဆိုထားလို့ လာကြရရှာခြင်းသာ ဖြစ်နိုင်၏။

ရင်ရင်ရွှေကလည်း ကိုချစ်ပြောသလို တကယ်လှပါသည်။ ဝတ်စားဆင်ယင်ပုံ ခေတ်မမီဘဲ ရိုးစင်းလွန်းနေတာသာ ရှိသည်။ ရုပ်ရည်ကတော့ မွေးထုံးရေခြားသလို အတော်ကြည့်ကောင်းလေသည်။



www.burmeseclassic.com

တစ်ခုပဲ ရှိသည်။ ဆယ့်ခုနစ်နှစ်ဆိုသော်လည်း မြို့က ကျောင်းသူလေးတွေနှင့်စာလျှင် ရုပ်နည်းနည်း ရင့်သည်ဟု ဆိုရမည်။

သူသည် ဒေါ်ထွေးတို့ကို နေကောင်းလား ဘာညာ နှုတ်ဆက်စကားပြောရင်းက မျက်နှာပူလာသည်။ ဒါဟာ ငါနဲ့ပေးစားချင်နေတဲ့ ကောင်မလေးကို လာပြနေပါလားဟု တွေးမိသောကြောင့် ဖြစ်၏။ ကောင်မလေးကတော့ ခပ်အေးအေးပင်။ ရှက်ရွံ့နေဟန်လည်း မရှိ။ သူ့ကို စိတ်ဝင်စားပုံလည်း မပြ။ ဘာမှ မထူးခြားသလိုပင်။

ဒေါ်ထွေးတို့သားအမိ ပြန်သွားတော့ အစ်မက "ဘယ်လိုလဲဟေ့"ဟု မေးသည်။

"ကောင်မလေးက ငယ်ပါသေးတယ်"

"ကောင်မလေးက ငယ်ပေမဲ့ မင်းက မငယ်တော့ဘူး၊ သုံးဆယ်နားနီးနေပြီ"

"ဟား… ရန်ကုန်မှာဆို ဒီအရွယ်က အလုပ်လုပ်လို့ ကောင်းတုန်းပေါ့ အစ်မရယ်၊ သိပ်မလောပါနဲ့ဦးလေ၊ စဉ်းစဉ်းစားစား လုပ်ရအောင် ဖြည်းဖြည်းပေါ့"

ဟု အချိန်ဆွဲ နည်းဗျူဟာနှင့် အကာအကွယ်ယူလိုက်ရပြန်သည်။

ခုကိစ္စမှာ အစ်မကြီးကိုလည်း အဆိုးမဆိုသာ။ အစ်မကြီးအနေဖြင့် နေထိုင်ကြီးပြင်းလာခဲ့ရသည့် ဘဝတစ်လျှောက် လုပ်သင့်လုပ်ထိုက်တာတွေကိုချည်း လုပ်ခဲ့ရသည်။ စိတ်ခံစားမှုဆိုတာတွေအတွက် အချိန်မပေးနိုင်ခဲ့။ အဖေအမေဆုံးသွားတော့ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ဦးစီး တာဝန်ကို ယူရသည်။ နောက်တော့ အားကိုးအားထားပြုလောက်စရာ ယောကျာ်းတစ်ယောက်အဖြစ် ကိုချစ်ကို ယူခဲ့သည်။ ပြီးတော့ မောင်တွေအတွက် ရုန်းကန်လှုပ်ရှားရသည်။ သည်တော့



www.burmeseclassic.com

သူများကိုလည်း သူ့လိုပဲ ထင်နေလိမ့်မည်။ ခုကိစ္စမှာလည်း အစ်မကြီးက သင့်တော်မယ်ထင်လို့ ကိုယ့်စိတ်ကူးနဲ့ကိုယ် စီစဉ်တာကို မောင်ဖြစ်သူက အသာတကြည် လက်ခံမှာပဲဟု တွက်ထားပုံ ရသည်။ "အချစ်ဆိုတာ ဖန်တီးယူလို့မရကြောင်း"ဘာညာ ရှင်းပြလို့လည်း နားလည်လက်ခံမှာ မဟုတ်။ သည်တော့ အစ်မကြီးနှင့် ထိပ်တိုက် မတွေ့ဘဲ အလိမ္မာသုံး၍ ရှန်းထွက်သည့်နည်းကိုပဲ သုံးရတော့မည်။

စေ့စေ့တွေးကြည့်တော့ ကိုယ့်ကိုယ်ကို အထင်တောင် ကြီးမိ၏။ ရန်ကုန်မှာဆိုလျှင် ဘွဲ့ရသူတွေများလွန်းလို့ တစ်နေ့တစ်နေ့ လမ်းသွားရင်း ဘွဲ့ချင်းတိုက်မိမှာတောင် စိုးရသည်။ ဘွဲ့နှင်းသဘင်ခန်းမ ရှေ့မှာသာ သွားထိုင်ကြည့်နေလျှင် တစ်သုတ်ပြီး တစ်သုတ် ဘွဲ့ယူနေကြသူတွေမှာ လှတောသားစကားနှင့် ပြောရလျှင် ကျွဲအုပ်ကြီး မောင်းသွင်းထားသလို ထင်ရလိမ့်မည်။

ပြီးတော့ ရန်ကုန်မှာ ကျောင်းဆရာဆိုတာ ကိုယ့်ကျောင်းထဲမှာသာ သြဇာရှိသည်။ တခြားနေရာမှာကျတော့ ဘတ်စ်ကားစပယ်ယာကတောင် "ဟို ပုဆိုးစိမ်းနဲ့ပုဂ္ဂိုလ် ရှေ့တိုးပါဗျ၊ ရှေ့မှာ ပုလိပ်ရောဂါ မရှိပါဘူး"ဟု ဟောက်တာ ခံရနိုင်သည်။

ရွာမှာကျတော့ ဘွဲ့ရဆိုတာ ရှားပါးပစ္စည်းတစ်မျိုးလို ဖြစ်နေ၏။ သုံးလေးနှစ်နေမှ ဆယ်တန်းအောင်သူ တစ်ယောက်စ နှစ်ယောက်စ ထွက်သည်။ များသောအားဖြင့် ကျောင်းဆက် မနေနိုင်ကြ။ အဝေးသင် တက္ကသိုလ်တောင် အနိုင်နိုင်။ သည်တော့ ရွာမှာ ဘွဲ့ရပညာတတ် ဆိုလျှင် ဆရာကြီးပဲ။ သူတက္ကသိုလ် ပထမနှစ်တက်ပြီး ကျောင်း ပိတ်လို့ ရွာခဏပြန်လာတုန်းက အဖြစ်ကို ကောင်းကောင်း မှတ်မိနေသည်။

သူပြန်ရောက်တော့ မိုးချုပ်လုလု ဖြစ်နေပြီ။ သူပြန်ရောက်



www.burmeseclassic.com

ကြောင်း သတင်းကြားတော့ ရွာကလူတွေက တက္ကသိုလ်သွားတက်တာ ဘာများ ထူးခြားပြောင်းလဲလာမလဲ သိချင်မြင်ချင်ကြသဖြင့် မီးအိမ် ကလေးတွေ မီးခွက်ကလေးတွေကိုင်ပြီး သူ့အိမ်ကို ဝိုင်းအုံ ရောက်ရှိ လာကြသည်။

ခုထိလည်း သူရွာကို ပြန်လာလျှင် တွေ့ကြ၊ စကားပြောကြ၊ ရန်ကုန်ကအကြောင်း မေးကြမြန်းကြ ရှိနေတုန်းပင်။ ဒါတင်မကသေး။ ရွာမှာ အငယ်ဆုံး အချောဆုံးဆိုသည့် မိန်းကလေးပင်လျှင် အိမ်တိုင်ရာ ရောက် ကြိုက်မကြိုက် လာပြရသည်။

သည်အကြောင်းတွေ ဒေါ်ခင်စိုးမြင့်ကို ပြန်ပြောပြလျှင် သူ့ကို အထင်ပဲကြီးမလား၊ ဟားပဲ ဟားချင်မလာမသိ။

ရွာမှာနေရတာ ဖိမ်ကျတာတော့ အမှန်ပဲ။ အစ်မက အညာစာ တွေ တစ်နေ့တစ်မျိုး လုပ်ကျွေးသည်။ ရွာက လူတွေကလည်း စားစရာတွေ လာပို့သူကပို့ "ငါတို့အိမ်လည်း ထမင်းလာစားပါဦး" ဟု ဖိတ်သူကဖိတ် တကယ့် ဗီအိုင်ပီပဲ။

တစ်ခါတစ်ခါကျတော့ ရွာကို ပြန်ပြန်လာတာက အစ်မနဲ့ရွာကို သတိရလို့မှ ဟုတ်ရဲ့လား၊ ဖိမ်ကျကျနေချင်လို့များလားဟု တွေးပြီး စိတ်မလုံချင်သလို ဖြစ်မိသေးသည်။

စိတ်မလုံစရာ နောက်တစ်ခု ရှိသေးသည်။ ရွာကို ပြန်လာ သည့်အခါ မြို့ပြန်လက်ဆောင်လေး အနည်းအကျဉ်းသာ ပါတတ် သည်။ သည်တစ်ခေါက်မှာ ပိုက်ဆံပြတ်နေသဖြင့် အစ်မကြိုက်တတ် သည့် ဒူးရင်းယိုတောင် ဈေးကြီးလို့ ဝယ်မလာနိုင်။ ကလေးတွေ ကန်တော့ထားသည့်အထဲက ကိတ်ခြောက်တစ်ထုပ်၊ နံကထိုင်တစ်ထုပ် နှင့် သကြားကပ် ပေါင်မုန့်ခြောက် တစ်ထုပ်သာ ယူလာခဲ့ရသည်။

ရွာမှာ တစ်ပတ်ကျော်ကျော် စရိတ်ငြိမ်း စားရသောက်ရသဖြင့်



www.burmeseclassic.com

အကုန်အကျ သက်သာတာ ရှိသေးသည်။ သူပြန်သည့်အခါ အစ်မတို့က ငွေတစ်ထောင်၊ ထောင့်ငါးရာ ထည့်ပေးလိုက်တတ်သေးသည်။ ခုနောက်ပိုင်း ပဲဈေးနှမ်းဈေး ကောင်းလာသဖြင့် အစ်မတို့မှာ နည်းနည်းချောင်လည်လာသည်။ သားသမီးလည်း မရှိသဖြင့် သူ့ကိုသာ တတ်နိုင်သလောက် ပေးကမ်းခြင်း ဖြစ်၏။ ရန်ကုန်ပြန်ရောက်လို့ လခနှင့် မလောက်မင ဖြစ်သောအခါ အစ်မတို့ပေးသည့်ငွေထဲကပင် စိုက်သုံးရသည်။ ထိုငွေကလေးပါ ကုန်သွားသောအခါ ဖြစ်သလို စားသောက်နေထိုင်ရင်း နောက်တစ်ခါ ကျောင်းပိတ်ရက်မှ ရွာကိုပြန်၊ ကောင်းကောင်းစား၊ ပြန်တော့ အစ်မပေးလိုက်သည့် ငွေကလေးပါလာ၊ ရန်ကုန်မှာ လုံးလည်ချာလည် ပြန်ဖြစ်ဆိုသော ဖြစ်စဉ်အတိုင်း နေခဲ့ရသည်။

သည်တစ်ခေါက် သူပြန်တော့လည်း အစ်မက ငွေထောင့်နှစ်ရာ ပေးလိုက်သည်။ "ရင်ရင်ရွှေကိစ္စကိုလည်း ခေါင်းထဲ ထည့်ထားဦး" ဟု မှာလိုက်သေးသည်။ ရွာကလူတွေကလည်း ပဲခြမ်းကြော်၊ မြေပဲဆန်၊ အမဲခြောက်စသည်ဖြင့် လက်ဆောင်တွေ ပေးလိုက်ကြသေးသည်။

အရင်တုန်းက ရွာကနေ ပြန်ထွက်ရပြီဆိုလျှင် စိတ်မကောင်းသလိုလို၊ မပြန်ချင်သလိုလို ဖြစ်ရတတ်သည်။ ဇာတိမြေကို ခုံမင်တတ်သော အညာသားစိတ်ကြောင့်လည်း ဖြစ်နိုင်သည်။ ရန်ကုန်ပြန်ရောက်လျှင် ဖြစ်သလိုနေ ဖြစ်သလိုစားရမည့်အရေး တွေးပူမိသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

သည်တစ်ခေါက်ကတော့ တော်တော်ထူးဆန်းသည်။ ရန်ကုန်ကို ပြန်ချင်သည့်စိတ်က ရွာကို ခုံမင်သည့်စိတ်ထက် ပိုချင်သလိုလို ဖြစ်နေ၏။ ရွာမှထွက်ပြီး သာစည်ဘက်သို့ ကားစီးလာသောအခါ သူ့စိတ်သည် ရွှင်လန်းတက်ကြွနေသည်။ ရန်ကုန်ကို အမြန်ဆုံး



www.burmeseclassic.com

ပြန်ရောက်ချင်သော ဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်လာ၏။

ကျောင်းကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူလေးများကို လည်းကောင်း သတိရသောကြောင့် မဟုတ်တာတော့ သေချာသည်။ ကျောင်းအုပ်ဆရာမကြီးကိုလည်း မဟုတ်။ ဆရာမ ဒေါ်အေးအေးချစ် တို့ကိုလည်း မဟုတ်။ ဒါဆို တစ်ယောက်ပဲ ကျန်သည်။

ဒေါ်ခင်စိုးမြင့်၊ ကိုယ့်ကိုယ်ကို ညာနေလို့လည်း မထူးတော့သဖြင့် ဝန်ခံလိုက်ရသည်။ သူ ဒေါ်ခင်စိုးမြင့်ကို သတိရနေသည်။ ပွင့်ပွင့် လင်းလင်း ပြောရလျှင် လွမ်းသည်။ ဒေါ်ခင်စိုးမြင့်နှင့် ပြန်တွေ့ရတော့ မည့် အကြောင်းကို စဉ်းစားလိုက်သောအခါ ကြည်လင်လှပသော မျက်နှာလေးတစ်ခုကို အရင်ဆုံး မြင်ယောင်သည်။ ထိုအခါ ခြေဖျား လက်ဖျားတွေက အေးခနဲ ဖြစ်သွားသည်။ ဒါဆို အချက်တစ်ချက် တော့ မှန်သွားပြီ။ ထို့နောက် ခပ်ကြမ်းကြမ်းလူပ်ကာ မြည်ဟိန်းနေသော ရထားသံကိုတောင် ဖောက်ထွက်၍ ကြားရသောအသံ။ သံပတ်ပေးရ သော စားပွဲတင်နာရီတစ်လုံး၏ စက်သံလိုလို၊ သစ်ရွက်ဖားဖားပေါ် ကျသော မိုးစက်မိုးပေါက်သံလိုလို။ တကယ်ကတော့ သူ့ရင်ထဲက ပုံမှန်ထက် စည်းချက်ပိုမြန်နေသော နှလုံးသား လှုပ်သံသာ ဖြစ်၏။

ဒါဆိုလျှင် ကျိန်းသေပြီ။ ဒေါ်ခင်စိုးမြင့်ကို သူချစ်နေမိပြီ။

သူ တော်တော် ဝမ်းသာသွား၏။ ဒေါ်ခင်စိုးမြင့်ကို သူတကယ့် မေတ္တာစစ်နှင့် ချစ်နေမိကြောင်း သိရသောကြောင့် ဖြစ်လေသည်။

ဒေါ်ခင်စိုးမြင့်ကို သူဖွင့်ပြောမည်။ ဆရာမ ဆရာမဟု ခေါ်ရ တာ သိပ်ခံတွင်းတွေ့စရာ မကောင်းလှ။ ဘယ်လိုခေါ်လျှင် ကောင်း မလဲ။ ဟုတ်ပြီ။ စိုးလေးလို့ ခေါ်ရမည်။ စိုးလေး... စိုးလေး။ စိုးလေးကို ကိုယ်ချစ်တယ်။

တကယ်တမ်းကျတော့ စိတ်ကူးထဲမှာသာ လွယ်သည်။



www.burmeseclassic.com

လက်တွေ့ ဖွင့်ပြောဖို့ဆိုတာက…

"ကဲ အားလုံး မတ်တတ်ထ၊ ဆရာကြီးကို ချစ်သလား မချစ်ဘူးလား"

ဟု ကလေးတွေကို မေးသလို လွယ်တာမဟုတ်။ ဒေါ်ခင်စိုးမြင့် ကလည်း လက်ပိုက်ပြီး…

"ချစ်ပါတယ် ဆရာကြီး၊ ကျေးဇူးတင်ပါတယ် ဆရာကြီး"ဟု ပြန်အော်ပြောလိမ့်မည် မဟုတ်။

ပြီးတော့ သူသည် တစ်သက်လုံး ဘယ်သူ့ကိုမှ တစ်ခါမှ ရည်းစားစကား ပြောခဲ့ဖူးသူ မဟုတ်။

သည်လိုနှင့် ရထားက ရန်ကုန်နှင့် နီးလာလေ၊ ရောက်ရောက်ချင်း ဖွင့်ပြောလိုက်မဟဲ့ဆိုသော ဆုံးဖြတ်ချက်က အားလျော့လာလေ၊ နောက်ဆုံး ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ပြီး ကျွိခနဲရပ်လိုက်သည့် အချိန်မတော့ ယဲ့ယဲ့သာ ကျန်လေတော့သည်။

*

ဒေါ်ခင်စိုးမြင့်ကိုပေးဖို့ လက်ဆောင်တွေပါလာသည်။ သို့ရာတွင် တစ်ယောက်တည်းကို ကွက်ပြီးပေးလျှင် ပြောစရာဖြစ်မည်ဟု သတိရသည်။ အားလုံးကို ခွဲပေးလို့လည်း မဖြစ်။ ကိုယ့်အတွက်လည်း အရန်ရိက္ခာအဖြစ် ဖယ်ထားရဦးမည်။ သည်ရက်ပိုင်းမှာ ပဲကြမ်းကြော်သုပ် တစ်လှည့်၊ ပဲရေပွတစ်လှည့်၊ အမဲခြောက်ဖုတ်တစ်လှည့် ခုခုပြီးစားသွားမှ လခနှင့်လောက်မည်။ အစ်မပေးလိုက်သည့်ငွေက နောက်ပိုင်း ရိက္ခာရော ငွေရောပြတ်သွားသောအခါ ထုတ်သုံးဖို့ ဖယ်ထားရမည်။

ဆရာမကြီးကိုတော့ တစ်ခုခု ပေးသင့်သည်။ ထို့ကြောင့်



www.burmeseclassic.com

ပဲကြမ်းကြော်နည်းနည်း၊ မြေပဲဆန်နည်းနည်းနှင့် အမဲခြောက် သုံးလေး မြှောင်းထည့်ပြီး ပေးလိုက်သည်။

တခြားဆရာမတွေအတွက်တော့ မြေပဲကြော်နှင့် အမဲခြောက် ဆီဆမ်းယူသွားသည်။ မုန့်စားဆင်းချိန် ဆရာမတွေစုပြီး စားသောက်နေကြတုန်း…

"ဆရာမတို့အတွက်"

ဆိုပြီး အလယ်မှာ ချပေးလိုက်သည်။ ဆရာမတွေ ဝိုင်းထဲမှာ ဒေါ်ခင်စိုးမြင့်ကို မတွေ့ရ။ ဆရာမတစ်ယောက်က…

"ခင်စိုးမြင့်တော့ စားရမှာ မဟုတ်တော့ဘူး၊ ဒီနေ့ မုန့်စားဆင်းချိန် သူ့ဂျူတီလေ"

ဟု ပြောသည်။ သူက "ရှိတဲ့လူပဲပေါ့"ဟု ပြောပြီး ပြန်လှည့်ထွက်လာခဲ့သည်။ တစ်ယောက်ယောက်က တစ်စုံတစ်ခု ပြောလိုက်သံ မသဲမကွဲ ကြားရသည်။ ခပ်အုပ်အုပ် ရယ်သံကိုလည်း ကြားလိုက်၏။

*

မနက်က ကျောင်းနောက်ကျသဖြင့် အတန်းထဲ ခပ်သုတ်သုတ် အဝင်မှာ ဒေါ်ခင်စိုးမြင့်ကို ပြုံးရုံသာပြုံးပြီး နှုတ်ဆက်ခဲ့ရသည်။ မုန့်စားဆင်းချိန်မှာလည်း ကလေးတွေစောင့်ဖို့ တာဝန်ကျနေသဖြင့် အေးအေးဆေးဆေး မဆုံရ။ စာသင်နေချိန်အတွင်းမှာ ဒေါ်ခင်စိုးမြင့်တို့အခန်းဘက်သို့ တစ်ချက်တစ်ချက် လှမ်းကြည့်မိသည်။ သူ့စိတ်ထဲမှာ မတွေ့ရတာ အတော်ကြာပြီ ထင်နေ၏။ တကယ်တော့ ဆယ်ရက်သာ ရှိသေးသည်။ သည်ရက်အတွင်းမှာလည်း နည်းနည်း ပြည့်လာသည်။ ပိုကြည့်ကောင်းလာသည်ဟုလည်း ထင်မိ၏။

ကျောင်းဆင်းခေါင်းလောင်းထိုးတော့ ကလေးတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com

ထွက်အောင် စောင့်သည်။ ဒေါ်ခင်စိုးမြင့်က ပစ္စည်းတွေ သိမ်းနေတုန်း သူရောက်သွားသည်။ သူ့ကိုမြင်တော့ "သြော်"ဆိုပြီး ပြုံးပြသည်။

"ဆရာ နည်းနည်းဝလာသလိုပဲ"

ဟု ထီးနှင့်စာအုပ်များကို ခြင်တောင်းထဲထည့်ရင်း ပြောသည်။

"ဟုတ်မှာပေါ့ ဆရာမ၊ ဟိုမှာ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားခဲ့ရတာကိုး"

"ကိုယ့်အရပ်ကိုယ်ပြန်ရတာဆိုတော့ တော်တော်ပျော်မှာပေါ့"

"ပျော်တယ်ရယ်တော့ မဟုတ်ပါဘူး၊ တာဝန်ဝတ္တရားတွေ မေ့ထားလို့ရတဲ့ အချိန်ဆိုတော့ အနားယူတဲ့သဘော ဖြစ်နေတာပေါ့လေ"

ဆရာမကိုတော့ မမေ့ပါဘူး၊ အမြဲ သတိရနေပါတယ်ဟု စိတ်ထဲကသာ ဆက်ပြောဖြစ်သည်။

"သြော်... ဒီမှာ ဆရာမအတွက် အညာပြန်လက်ဆောင်"

"ဘာတွေလဲ ဆရာရဲ့"

"သနပ်ခါးတွေပါ"

ဟုပြောပြီး ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ် တင်ပေးလိုက်သည်။

"အားနာစရာကြီး ဆရာရယ်၊ သယ်လာရတာ အလေးကြီးနေမှာ"

"သိပ်မလေးပါဘူး၊ တခြားပစ္စည်းလည်း များများ ပါတာမှ မဟုတ်ဘဲ၊ မုန့်စားဆင်းချိန်ကတောင် ဆရာမတွေကို မြေပဲကြော်နဲ့ အမဲခြောက်ဖုတ် ကျွေးလိုက်သေးတယ်"

"ဟုတ်တယ်၊ ကျွန်မက ဂျူတီရှိနေလို့"

"ဆရာမ မစားလိုက်ရဘူးပေါ့"

ဟုပြောပြီး သနပ်ခါးတုံးထည့်သည့်အိတ်ကို ခြင်းတောင်းထဲ


www.burmeseclassic.com

ထည့်ပြီး…

"ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ဆရာမ"

ဒေါ်ခင်စိုးမြင့်က မော့ကြည့်သည်။

"ဟိုလေ သနပ်ခါးတုံး လက်ဆောင်ပေးတာကို တခြားဆရာမတွေကို ပြောမပြပါနဲ့နော်၊ ကျွန်တော်က ဆရာမတစ်ယောက်တည်းအတွက်ပဲ ယူလာခဲ့မိလို့ပါ"

ဟုပြောပြီး ထွက်လာခဲ့သည်။ ဒေါ်ခင်စိုးမြင့်ကတော့ အမျိုးမျိုးစဉ်းစားရင်း ကျန်ခဲ့လိမ့်မည်။ တကယ်တော့ သိပ်ထွေထွေထူးထူးစဉ်းစားစရာ မလို။ ဘယ်လိုလမ်းမျိုး ခင်းနေပြီဆိုတာ အသိသာကြီး။ တရားဝင် နှုတ်ကဖွင့်ပြောဖို့သာ လိုတော့သည်။ ဘာလဲဆိုတာထက် ဘယ်တော့လဲဆိုတာသာ ပဓာနအချက် ဖြစ်နေပြီ။

*

ကျောင်းကို စောစောရောက်အောင် သွားသည်။ လက်မှတ်ထိုးပြီး သူ့အတန်းရှိရာကို သွားတော့ တစ်ဖက်အတန်းရှေ့က စားပွဲမှာ ဒေါ်ခင်စိုးမြင့် ရောက်နှင့်နေတာ တွေ့ရသည်။ သူက ဒေါ်ခင်စိုးမြင့်ဆီ တန်းလျှောက်သွားသည်။

"ဆရာ ဒီနေ့ လာတာစောတယ်နော်"

ဟု ဒေါ်ခင်စိုးမြင့်က နှုတ်ဆက်စကား ပြောသည်။

"ဟုတ်တယ်ဆရာမ၊ ဩော်… ဒါနဲ့ သနပ်ခါးတုံးတွေက ကောင်းရဲ့လား"

"သိပ်ကောင်းတယ်ဆရာ၊ အမေက သနပ်ခါးအကြောင်း



www.burmeseclassic.com

ကောင်းကောင်းသိတယ်လေ၊ ဆရာပေးတဲ့ သနပ်ခါးတုံးတွေက ရင့်လည်းရင့်တယ်၊ အပွေးလည်းထူတယ်တဲ့၊ ဒီမှာ သနပ်ခါးဝယ်ရတာ မကောင်းဘူးလေ၊ အတုခဏခဏ မိလာတယ်၊ ကျွန်မက ကိုယ်တိုင် သွေးလိမ်းရမှ ကျေနပ်တာဆိုတော့ သနပ်ခါးခဲတွေလည်း ဝယ်မသုံးချင်ဘူး"

"ဒီသနပ်ခါးတုံးတွေကတော့ ကျွန်တော့်သူငယ်ချင်း သနပ်ခါးခင်းက သူကိုယ်တိုင် ဖြတ်ပေးလိုက်တာလေ"

"ဒါကြောင့် ထင်ပါရဲ့ သိပ်မွှေးတာပဲ"

ဟုပြောပြီးမှ သနပ်ခါးဆိုတာ အမွှေးအကြိုင် အလှအပပစ္စည်းဖြစ်ကြောင်း သတိရသွားဟန် တူသည်။ မျက်လွှာချသွား၏။ သိပ်မွှေးတာပဲဆိုပြီး နမူနာ မွှေးကြည့်ခိုင်းလို့ ဖြစ်တာလည်း မဟုတ်။ သည်နေ့တောင် ထိုသနပ်ခါးတုံးကို သွေးလိမ်းလာတာလား မသိဟု တွေးမိပြီး ဒေါ်ခင်စိုးမြင့်မျက်နှာကို ဖျတ်ခနဲ ကြည့်မိ၏။ မျက်နှာမှာတော့ သနပ်ခါး အခံလိမ်းပြီး ခရင်းပတ် တို့လာသလားမသိ။ ခပ်ဖုန်ဖုန်ပဲ။ အင်္ကျီလက်ရှည် ဝတ်ထားသောကြောင့် လက်အဖျားများကိုသာ မြင်ရသည်။ ခပ်ပါးပါး လိမ်းထားသော သနပ်ခါးစများကို မြင်ရသည်။ ပြီးတော့ ခြေထောက်တွေ၊ ခြေဖမိုးပေါ်မှာ သနပ်ခါးဖွေးဖွေးကို မြင်ရ၏။

မျက်နှာကိုတော့ နောက်တစ်ကြိမ် ပြန်မကြည့်ရဲတော့။ ထို့ကြောင့် "ကျောင်းတက်တော့မယ် ထင်တယ်"ဟု ပြောပြီး လှည့်ထွက် လာခဲ့သည်။

ထိုအခိုက်မှာပင် လေပြည်တစ်ချက် ဝေ့ဝင်လာဟန် တူသည်။ သနပ်ခါးနံ့က ဝေ့ခနဲ လိုက်လာ၏။ သည်သနပ်ခါးတုံးတွေ မကုန်ခင် မြန်မြန်ဖွင့်ပြောရင် ကောင်းမယ်ထင်တယ်ဟု စိတ်ကူးပေါက်လိုက်မိ



www.burmeseclassic.com

ပြန်၏။

ထိုစိတ်ကူးလေးမှာ ကြာကြာယဉ်ခွင့် မရလိုက်။ အတန်းထဲမှာ ပြဿနာတစ်ခု ပေါ်လာပြန်သောကြောင့်ပင် ဖြစ်၏။

ကျောင်းတက်ခေါင်းလောင်းထိုးပြီး ကျောင်းသားတွေ စုပြီးသော အချိန်တွင် ဒေဝီနိုင် အတန်းရှေ့ကို ထွက်လာပြီး သူ့ရှေ့မှာ ရပ်သည်။

“ဘာလဲ ဒေဝီနိုင်”

ဒေဝီနိုင်က ဘာမှမပြောသေးဘဲ သူ့ကို ငေးကြည့်ရင်းက မျက်ရည်ဝဲလာသည်။

“ကဲ… ဘာဖြစ်တာလဲ ပြောလေ၊ ဆရာကြီးကို ပြော”

“သမီး… သမီးရဲ့ဆွဲကြိုး ပျောက်သွားလို့”

“ဘာ… ဆွဲကြိုး… ဘာဖြစ်လို့ ဆွဲကြိုးဆွဲလာရသလဲ”

ဒေဝီနိုင် မျက်ရည်ပေါက်ခနဲ ကျလာသည်။ ကျောင်းကို ရွှေငွေလက်ဝတ်ရတနာဝတ်မလာရ။ ဝတ်လာ၍ ပျောက်ဆုံးလျှင် တာဝန်မယူနိုင်ကြောင်း ကြေညာထားပြီး ဖြစ်၏။ မိဘတွေကို အသိပေးထားပြီးလည်း ဖြစ်၏။ သည်ကြားထဲက ဝတ်ဖြစ်အောင် ဝတ်လာသေးသည်။ သို့ရာတွင် လောလောဆယ် သည်အတွက် အပြစ်တင်နေလို့ မဖြစ်တော့။ ကလေးက ငိုနေပြီ။

“နေပါဦး ဆွဲကြိုးက ဆွဲထားရက်နဲ့ ဘယ်လို ပျောက်ရတာလဲ”

ဒေဝီနိုင်က ရှိုက်နေရသဖြင့် ရုတ်တရက် စကားပြန်နိုင်။ ပြီးမှ…

“ကျောင်း မတက်ခင်တုန်းက သမီးတို့ ဆင်ဝင်အောက်မှာ ရေလားကုန်းလား ကစားကြတယ်၊ ကျောင်းတက်ခေါင်းလောင်း ထိုးသံကြားလို့ အတန်းထဲ ဝင်မယ်လုပ်တော့ ဆွဲကြိုး မရှိတော့ဘူး”

“အင်း… ကစားရင်းနဲ့ ဆွဲရင်းလွဲရင်း ပြုတ်ကျတာ ဖြစ်မယ်၊



www.burmeseclassic.com

အဲဒီနားမှာ ရှာကြည့်သေးလား"

"ရှာတယ် ဆရာကြီး၊ အားလုံးဝိုင်းရှာတာပဲ မတွေ့ဘူး"

"ကြွက်တွင်းတွေဘာတွေထဲများ ကျသလား"

"ကြွက်တွင်းလည်း မရှိပါဘူး"

တစ်ယောက်ယောက် ကောက်ရသွားတာ ဖြစ်နိုင်သည်ဟု တွေးမိ၏။ ဘာပဲဖြစ်ဖြစ် ရှာရတော့မည်။

"ကဲ…အားလုံး ခုပေါ်တက် မတ်တတ်ရပ်၊ လက်ပိုက်ထားကြ"

ပြောပြီး တစ်ဖက်အတန်းကို လှည့်ကြည့်သည်။ ဒေါ်ခင်စိုးမြင့်က အခြေအနေကို အကဲခတ်နေတာ တွေ့၏။ သူက ဒေါ်ခင်စိုးမြင့်ဘက် လျှောက်သွားပြီး အခြေအနေကို ပြောပြသည်။

"အဲဒါ တခြားအတန်းက ဆရာမတွေလည်း ပြောပေးပါ၊ ဆရာမကြီးဆီလည်း သတင်းပို့ပေးပါ၊ ကျွန်တော့်အတန်းကို ရှာလိုက်ဦးမယ်"

ဒေါ်ခင်စိုးမြင့်က ခေါင်းညိတ်သည်။ သူ့အတန်းဘက် ပြန်လှည့်လိုက်၏။ ကောက်ရထားသူ ရှိခဲ့လျှင် မရှာခင် ပြန်ပေးနိုင်ဖို့ အခွင့်အရေး ပေးရမည်။ ကလေးဆိုတော့ ကောက်ရပစ္စည်း ပြန်ပေးဖို့ မှာထားသင်ထားသော်လည်း ပစ္စည်းက လှနေလျှင် လိုချင်စိတ်ကလေး ဖြစ်လာနိုင်သည်။ ပြန်ပေးရကောင်းမလား ယူလိုက်ရကောင်းမလား ဝေခွဲမရ ဖြစ်ချင်ဖြစ်နေမည်။ ထို့ကြောင့်…

"ကဲ… သားတို့သမီးတို့ထဲက ဒီနေ့ ကျောင်းမတက်ခင် ပစ္စည်းတွေ ဘာတွေ ကောက်ရတဲ့လူ ရှိလား"

ဘာမှ ပြန်မပြောကြ။ သူက ခဏ စောင့်ကြည့်နေလိုက်ပြီးမှ ထပ်မေးသည်။

"ရှိသလား"



www.burmeseclassic.com

"မရှိပါဘူး"

သူ့မျက်လုံးများသည် ဂေါလစ်ဆီသို့ အမှတ်မထင် ရောက်သွားသည်။ မရှိပါဘူးဟု အော်ကြရာတွင် ဂေါလစ်သည် မဆိုစလောက်ကလေး နောက်ကျနေသည်ဟု သူထင်သည်။ ခဏအကြာတွင် တစ်ဖက်အတန်းမှလည်း ဒေါ်ခင်စိုးမြင့်၏ မေးသံနှင့် မရှိပါဘူးဟု ဖြေသံများ ကြားရသည်။ တခြားအတန်းတွေက အသံတွေပါ ရှေ့ဆင့်နောက်ဆင့် ကြားရသည်။ နောက်တော့ ဆရာမကြီး ရောက်လာသည်။ ဒေဝီနိုင်ကို ဖြစ်ပုံ အရင်မေးသည်။ ကျောင်းသားတွေကို စောစောကအတိုင်း မေးသည်။ မထူးခြား။

"ကဲ... ဆရာရေ တစ်ယောက်ချင်း လွယ်အိတ်တွေ ရှာဖို့ပဲ ရှိတော့တယ်"

"နောက်ဆုံးတန်းက စရှာရင် ကောင်းမယ် ဆရာမကြီး"

သူက ပြောပြောဆိုဆို နောက်ဆုံးတန်းကို လျှောက်သွားသည်။ အတန်း၏ နောက်ဆုံး လက်ဝဲခြမ်းမှာ ဂေါလစ်တို့ ထိုင်သောနေရာ။ အစွန်ဆုံး ကျောင်းသား၏ လွယ်အိတ်ကို စရှာသည်။ ဘာမှမတွေ့။ ဂေါလစ်၏ လွယ်အိတ်ကို ရှာသည်။ အနားတွေ တွန့်လိပ်နေသော ဖတ်စာအုပ်များ၊ အညွှံ့စား ဗလာစာအုပ်များ၊ လက်နှစ်ဆင့်ခန့်ရှိ ခဲတံတစ်ချောင်း၊ ဂျင်နှင့် ဂျင်ကြိုး၊ ဘလိပ်ဓား အကျိုးတစ်ခု၊ ဒါပဲ တွေ့သည်။

တခြား ကျောင်းသားကျောင်းသူများ၏ လွယ်အိတ်ထဲမှာလည်း ကလေးတွေ ထည့်လာလေ့ရှိသည့် ပလတ်စတစ်ရုပ် အသေးအဖွဲ ကလေးတွေ၊ သားရေကွင်း၊ ပို့စကတ်အဟောင်း၊ ပင်ပေါင်ဘောလုံး စသည်တို့သာ တွေ့ရ၏။ တခြား အတန်းတွေကလည်း မတွေ့ကြောင်း



www.burmeseclassic.com

သတင်းလာပို့ကြသည်။

ဒေဝီနိုင်ကတော့ ငိုနေပြီ။ ဆရာမကြီးက ကလေးကျေနပ်အောင် ပျောက်သွားသည်ဆိုသော နေရာကို ခေါ်သွားပြီး ထပ်ရှာသည်။ မတွေ့။ သည်လိုကိစ္စမျိုးမှာ စည်းကမ်းကို မလိုက်နာရကောင်းလားဟု ကလေးကို ဖိပြီး ဆူနေလို့ ဘာမျှ မထူးနိုင်။ ထို့ကြောင့် ဒေဝီနိုင်ကို ချော့မော့ပြီး အတန်းထဲ ပြန်ပို့ရသည်။

ရွှေငွေပစ္စည်း ယူမလာဖို့ ကြိုတင်သတိပေးထားပြီ ဖြစ်၍ ခုကိစ္စမှာ ကျောင်းအနေနှင့် ဘာမှ တာဝန်မရှိ။ သို့တိုင်အောင် ဒေဝီနိုင်၏ မိဘတွေက ရဲစခန်းတိုင်တာတို့ ဘာတို့ လုပ်ချင်လုပ်မည်။ ထိုအခါ ရဲစခန်းကလည်း တာဝန်အရ စစ်ဆေးမေးမြန်းမှုတွေ လုပ်ရမည်။ ကိုယ်နှင့်မဆိုင်သော်လည်း အလုပ်တော့ ရှုပ်ဦးမည်။ ကျောင်းအတွက်လည်း မကောင်း။ အရပ်ထဲက လူတွေက အမျိုးမျိုး မှတ်ချက်ချကြဦးမည်။

သူ့စိတ်ထဲမှာ ကသိကအောက် ဖြစ်နေသည်။ သည်ကိစ္စနှင့် ပတ်သက်ပြီး တစ်ခုခု သိထားသလိုလို ထင်နေ၏။ ဘာလဲဆိုတာ စဉ်းစားလို့မရ။ ဝတ္တရားအတိုင်း စာသင်နေရသော်လည်း စိတ်က မရှင်းဘဲ ဖြစ်နေ၏။

မုန့်စားဆင်း ခေါင်းလောင်းထိုးပြီး ကျောင်းသားတွေ ပြေးထွက်သွားကြသော အချိန်ကျမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ မနက်က ကျောင်းဝင်းထဲ ဝင်အလာတွင် တစ်ဖက်မှ ပြေးလာသော ကျောင်းသားတစ်ယောက်က သူ့ကို ဝင်တိုးမိမလို ဖြစ်သွားသည်။ ဂေါ်လစ်ဖြစ်၏။

“ဟကောင် ဘယ်လိုဖြစ်လာတာတုံး”

“ကန်တော့ ဆရာကြီး”



www.burmeseclassic.com

ဟု ပြောပြောဆိုဆို လှစ်ခနဲ ပြေးထွက်သွားသည်။ ထိုအချက်သည် စဉ်းစားစရာ ဖြစ်၏။ ဂေါလစ်သည် ဆရာတစ်ယောက်လုံး လာနေသည်ကို မမြင်ဘဲ ဝင်တိုးလုလု ဖြစ်ရအောင် ဘာကြောင့် ရေးကြီးသုတ်ပျာ ပြေးလာရသနည်း။ ကျောင်းဝင်းထဲ ရောက်ပြီးမှ ဘာကြောင့် ကျောင်းပြင်သို့ ပြန်ပြေးထွက်ရသနည်း။ ပြီးတော့ ဂေါလစ်သည် ခပ်ရှုပ်ရှုပ် လုပ်တတ်ခဲ့သော သာဓကတွေလည်း ရှိသေးသည်။

သူ မုန့်စားတန်းဘက်သို့ ထွက်ခဲ့၏။ မုန့်ဆိုင်တွေဆီ ခပ်လှမ်းလှမ်းမှ ကြည့်သည်။ ဝိုင်းအုံဝယ်ယူ စားသောက်နေကြသော ကလေးတွေ ကြားမှာ ရှာသည်။ ကြာဆံသုပ်သည်ကြီး ဆိုင်ရှေ့မှာ ဂေါလစ်ကို တွေ့ရသည်။ သူက ကျောဘက်မှပတ်ပြီး မနီးမဝေးမှ အကဲခတ်သည်။ ဂေါလစ်သည် ကြာဆံသုပ်ပန်းကန်ကို လှမ်းယူပြီး ဆယ့်ငါးကျပ်တန် တစ်ရွက် ပေးလိုက်သည်။ ပြန်အမ်းငွေကိုယူပြီး အိတ်ထဲထည့်သည်။ ကြာဆံသုပ်ကို ပလုတ်ပလောင်းစားသည်။ ခဏချင်း ကုန်သွားသည်။ ကြာဆံသုပ်ဆိုင်မှ ထွက်ပြီးနောက် မုန့်မျိုးစုံဆိုင် ဝင်သည်။ ဆီးထုပ် တစ်ထုပ်နှင့် နေကြာစေ့တစ်ထုပ် ဝယ်သည်။ ဂေါလစ်၏ ပုံစံမှာ ပုံမှန်ဝယ်စားနေကျ ဟန်ပန်နှင့်မတူ။ ရုတ်တရက် ငွေအစုအပုံလိုက်ရသော လူတစ်ယောက် ဟိုဟာဝယ်ရကောင်းနိုး သည်ဟာလည်းဝယ်ချင်ဆိုသည့်ပုံမျိုး ဖြစ်နေ၏။

ဖြစ်နိုင်ချေတော့ တော်တော်များနေပြီ။ ထို့ကြောင့် လာရာလမ်းကနေဆီးပြီး စောင့်နေလိုက်၏။ ဂေါလစ်သည် ဆီးထုပ်ကို ပါးစပ်နှင့် ကိုက်ဖောက်၍ မြိန်ရေရှက်ရေစားရင်း လျှောက်လာနေသည်။ သူ့ကိုမြင်တော့ ခြေလှမ်းတစ်ချက် တုံ့သွားပြီးမှ...

"ဆရာကြီး စားပါဦး"



www.burmeseclassic.com

ဟု ပြောသည်။ သူက...

"ဂေါ်လစ် မုန့်တွေက များလှချည်လားကွ၊ မင်းအိမ်က မုန့်ဖိုး ဘယ်လောက်တောင် ပေးလိုက်လို့လဲ"

ဂေါ်လစ် ခဏစဉ်းစားပြီး...

"ဟိုဒင်း... ငါးကျပ် ဆရာကြီး"

ဂေါ်လစ် ညာနေပြီ။ ထို့ကြောင့်...

"ကဲ... ဂေါ်လစ် မှန်မှန်ပြောစမ်း၊ မင်းမှာ ပိုက်ဆံငါးကျပ်ထက် မက ရှိတယ်၊ အဲဒါ ဘယ်ကရသလဲ"

ဂေါ်လစ် ဖြူသွားသည်။

"ကျွန်တော်... ကျွန်တော် ကောက်ရတာပါ"

"ကောက်ရတာ၊ ဘာကောက်ရတာလဲ ပိုက်ဆံလား၊ တခြား ပစ္စည်း တစ်ခုခုလား"

ချောင်ပိတ်မိနေပြီဖြစ်ကြောင်း ဂေါ်လစ် သိသွား၏။ ထို့ကြောင့် ဝန်ခံသည်။

"ဆွဲကြိုးပါ ဆရာကြီး"

"အခု အဲဒီဆွဲကြိုး ဘယ်မှာလဲ"

"ကျွန်တော်... ကျွန်တော် ရောင်းလိုက်ပြီ"

"ဘာ... ရောင်းလိုက်ပြီ"

ကျောင်းမတက်ခင် ဂေါ်လစ် ရေကြီးသုတ်ပျာ ပြေးထွက်သွားတာကို ဖြုတ်ခနဲ သတိရသည်။

"မင်း ဘယ်မှာ ရောင်းလိုက်သလဲ"

ဂေါ်လစ် ခဏဆုတ်ဆိုင်းဆိုင်း လုပ်နေပြီး "ဟင်"ဟု ထပ်မေးမှ...

"လမ်းထိပ်နားက ပုလင်းဆိုင်မှာ"



www.burmeseclassic.com

"ကဲ... လာ... မင်းငါ့ကို လိုက်ပြ"

ဂေါ်လစ် လက်ကိုဆွဲပြီး ခေါ်သည်။ ဂေါ်လစ်က တစ်ချက် တွန့်ခနဲဖြစ်ပြီးမှ ငြင်းလို့မရမှန်းသိပြီး လိုက်လာသည်။ လမ်းမှာ ထပ်မေးကြည့်၏။

"ဆွဲကြိုးကို မင်းဘယ်လောက်နဲ့ ရောင်းလိုက်တာလဲ"

"နှစ်ဆယ်"

"ဘာ... နှစ်ဆယ်"

ကလေးမို့ နှပ်ချပြီး ဝယ်လိုက်ဟန် တူသည်။ ပြဿနာကတော့ သိပ်မလွယ်လှဟု ခန့်မှန်းရသည်။ ဂေါ်လစ်က ဆက်ပြောသည်။

"သူ့ဆွဲကြိုးက အစစ်မှမဟုတ်ဘဲ၊ အင်ကြီးပါ"

"ဘယ်လိုကွ"

"ဟုတ်တယ် ဆရာကြီး၊ ဈေးထဲမှာ ငါးဆယ်နဲ့ရောင်းတဲ့ ရွှေအတုဆွဲကြိုးကြီးပါ၊ ဒါကြောင့် နှစ်ဆယ်ပဲ ရတာပေါ့"

ဂေါ်လစ်လိုက်ပြသည့်ဆိုင်သို့ ရောက်လာသည်။ သတင်းစာ စက္ကူတို့၊ ပုလင်းတို့ တစ်ဆင့်ပြန်ဝယ်သည့်ဆိုင်။ ရှေ့မှာ ဂေါ်လစ်တို့ လိုလူမျိုး ကုလားမတစ်ယောက်ထိုင်ပြီး ပုလင်းအမျိုးအစားတွေ ခွဲခြားရွေးချယ်နေသည်။ သူတို့ကိုမြင်တော့ အလုပ်ကိစ္စထင်၍ မေးမည်ပြုပြီးမှ ဂေါ်လစ်ကို တွေ့သွားသည်။ ကျောင်းဆရာ အဝတ်အစား ဝတ်ဆင်ထားသောသူ့ကို တစ်ချက်ကြည့်သည်။

"အစ်မကြီး ကျွန်တော် တစ်ခုမေးချင်လို့၊ ဒီကလေးက အစ်မကြီးဆီမှာ ဆွဲကြိုးတစ်ကုံး လာရောင်းတယ်ဆို"

"ဟာ... မဟုတ်ပါဘူး၊ ဒီကောင်လေး ရှုပ်ရှုပ်ယှက်ယှက် လုပ်တာ"

ဟု ငြင်းသည်။ ထိုစဉ်တွင် ကလေးမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာသည်။ သူ့လည်ပင်းမှာ ဆွဲကြိုးတစ်ကုံး။

"ဒီမသာမလေးက"

ဟု ရေရွတ်ပြီးမှ စကားမဆက်ဘဲ နေလိုက်၏။

"ဂေါလစ် မင်းရောင်းခဲ့တာ အဲဒီဆွဲကြိုးလား"

ဂေါလစ်က ခေါင်းညိတ်ပြသည်။

"ကဲ... အစ်မကြီး ဒီဆွဲကြိုးက ကျောင်းသူလေး တစ်ယောက်ရဲ့ ဆွဲကြိုးပါ၊ သူက ကောက်ရပြီး အစ်မကြီးဆီ လာရောင်းတာ"

"အဲ... ဟုတ်... ကျွန်မ သမီးလေးက အတင်းလိုချင်တယ် ပူဆာလို့ပါ"

"ကဲပါလေ... အဲဒီဆွဲကြိုးကို နှစ်ဆယ်နဲ့ ရောင်းခဲ့တယ်လို့ ပြောတယ်၊ အခု ကျွန်တော် နှစ်ဆယ်နဲ့ပဲ ပြန်ဝယ်ပါ့မယ်၊ ကဲ... ဂေါလစ် မင်းအိတ်ထဲက ပိုက်ဆံတွေထုတ်"

"ကျွန်တော့်မှာ ဆယ့်လေးကျပ်ပဲ ကျန်တော့တယ် ဆရာကြီး"

"အေးပါ၊ အဲဒါပဲထုတ်"

ဂေါလစ်က ဆယ်တန်တစ်ရွက်နှင့် ကျပ်တန်လေးရွက် ထုတ်ပေးသည်။ သူက ခြောက်ကျပ်စိုက်ပြီး မိန်းမကြီးကို ပေးလိုက်၏။ မိန်းမကြီးက သူ့သမီးလည်ပင်းမှ ဆွဲကြိုးကို ဖြုတ်သည်။ ကလေးက အဖြုတ်မခံဘဲ အော်ငိုသည်။ မိန်းမကြီးက

"တောက်... ငါလုပ်လိုက်မှ၊ ဟိုမှာ နင့်အမေလင်က လာတောင်းနေတာ မတွေ့ဘူးလား"

သူ့မျက်နှာ ရှိန်းခနဲ ဖြစ်သွား၏။ မိန်းမကြီးက ရက်ရမ်းရမ်းပြီး ကလေးကို ရိုက်မောင်းပုတ်မောင်း လုပ်ချင်သေးသည်။ သူက

"ကလေးနဲ့ မဆိုင်ပါဘူးဗျ၊ မလုပ်ပါနဲ့"

ဟု မျက်နှာထားတည်တည်နှင့် ဟန့်လိုက်သောကြောင့်


www.burmeseclassic.com

မရိုက်ဖြစ်လိုက်။ ထိုအခါ ဂေါ်လစ်ဘက် လှည့်လာပြန်သည်။ ဆွဲကြိုးကို ပြန်ပေးရင်း…

"ဒီကောင်လေးကလည်း မလည်ရှုပ်လုပ်ချင်တယ်၊ ပြောတော့ တစ်မျိုး"

"ကျေးဇူးပဲ အစ်မကြီး၊ သွားပါဦးမယ်"

ဟု စကားဖြတ်ပြီး ထွက်လာခဲ့၏။

"ကဲ… ဂေါ်လစ် ဘယ်လိုလုပ်ကြမလဲ"

ဟု လမ်းမှာ သူကမေးသည်။ ဂေါ်လစ်က…

"ကျွန်တော် ခိုးတာမဟုတ်ပါဘူး၊ ကောက်ရလို့"

"အေး… ဘာပစ္စည်းပဲ ကောက်ရ ကောက်ရ၊ ဆရာကြီးဆီ လာအပ်ရမယ်၊ ပိုင်ရှင်ကို ပြန်ပေးရမယ်လို့ ဆရာကြီး ခဏခဏ မှာထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ… ဒီတော့ မင်းမှာ အပြစ်ရှိတယ်"

ဂေါ်လစ် စိုးရိမ်သည့်မျက်နှာ ဖြစ်သွားသည်။ ခုကိစ္စကို အခွင့်ကောင်းယူ၍ ဂေါ်လစ်၏ စာရိတ္တကိုပြုပြင်ဖို့ ကြိုးစားရမည်။

"မင်းကို ငါပြောမယ် ဂေါ်လစ်၊ အခု အကြောင်းကို သူများတွေ သိသွားရင် သိပ်ရှက်စရာ ကောင်းမှာပဲ"

ဆိုပြီး ဂေါ်လစ်ကို အကဲခတ်ကြည့်သည်။ ဂေါ်လစ်မျက်နှာ ငယ်နေကြောင်း တွေ့ရသဖြင့် နည်းနည်း ထပ်ခြောက်လိုက်သည်။

"အခုဥစ္စာက ဆွဲကြိုးအတု ဖြစ်နေလို့နော်၊ ရွှေအစစ်သာဆိုရင် မင်းကို ဖမ်းလို့တောင်ရတယ်၊ အေး… ဒါပေမဲ့ မင်းကို အခွင့်အရေး တစ်ခုပေးမယ်၊ အခုကိစ္စကို ဆရာကြီး ဘယ်သူ့ကိုမှ မပြောဘူး၊ ဆွဲကြိုးကို တစ်နေရာက ပြန်ရှာတွေ့တယ်လို့ ပြော



www.burmeseclassic.com

လိုက်မယ်”

ဂေါ်လစ်မျက်နှာ ဝင်းခနဲ ဖြစ်သွားသည်။

“အေး… ဒါပေမဲ့ မင်း ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်၊ နောက်ကို ဘာပစ္စည်းပဲ ကောက်ရ ကောက်ရ ယူမထားရဘူး၊ ဆရာကြီးဆီ အပ်ရမယ်၊ နောက်ပြီး သူများပစ္စည်းကို သူများမသိအောင် မယူရဘူး၊ အဲဒါမျိုးတွေ နောက်တစ်ခါ လုပ်တယ်ဆိုရင်တော့ မင်းကို ငါမညှာနိုင်ဘူး၊ ဟုတ်ပြီလား”

ဂေါ်လစ် ခေါင်းညိတ်သည်။ သူတို့ကျောင်းဝင်းထဲ ပြန်ဝင်လာတော့ ကျောင်းတောင်ပြန်တက်နေပြီ။ သူက ဂေါ်လစ်ကို အတန်းထဲသွားခိုင်းလိုက်ပြီး ဆရာမကြီး ရုံးခန်းဆီသို့ လာခဲ့သည်။

*

ဂေါ်လစ်၏ကိစ္စကို ဆရာမကြီးအား ပြောပြလိုက်သည်။ ဆရာမကြီးကလည်း ဆရာဆောင်ရွက်ပုံ သင့်လျော်ပါတယ်ဟု ပြောသည်။ ခုနောက်ပိုင်းမှာ ကိစ္စအတော်များများကို အသိပေးတိုင်ပင်လေ့ရှိသော သူတစ်ယောက်ကိုလည်း ပြောပြဖြစ်၏။ ဒေါ်ခင်စိုးမြင့်ပင် ဖြစ်သည်။

ဂေါ်လစ်သည် ကျောင်းဖွင့်ကာစတုန်းက ခြောက်ဆယ် ခုနစ်ဆယ်တန်သော လက်ပတ်နာရီ ပတ်လာနိုင်သည်။ နောက်ပိုင်းလက်ပတ်နာရီ မပတ်နိုင်တော့သည့်အပြင် အဝတ်အစားကလည်း ခပ်စုတ်ချာချာ ဖြစ်လာ၏။ မုန့်ဖိုးကလည်း ပုံမှန်ရပုံ မပေါ်တော့။ သူ့မိဘတွေက စီးပွားရေးအခြေအနေ ကျဆင်းလာခြင်း ဖြစ်မည်။

သို့နှင့် သူ့မိဘတွေအကြောင်း တတ်နိုင်သမျှ စုစမ်းကြည့်သည်။



www.burmeseclassic.com

စိတ်မကောင်းစရာ အကြောင်းအချက်တွေကို သိရ၏။ ဂေါ်လစ်၏ အဖေက အမှုတစ်ခုဖြင့် ထောင်ကျနေသည်။ အမှုဆိုတာကလည်း ခိုးမှုလိုလို၊ ခါးပိုက်နှိုက်မှုလိုလို မသေချာ၊ မရေရာ။ သူ့အဖေရှိစဉ်က ချောင်ချောင်လည်လည် နေနိုင်သည်။ အဖေထောင်ကျသွားတော့ သူ့အမေက ကြုံရာကျရာ အလုပ်လုပ်ပြီး ကျွေးမွေးနေရသည်။ ဂေါ်လစ်၏အောက်မှာ ညီမနှစ်ယောက် ရှိသေးသည်ဟု သိရ၏။

ဂေါ်လစ်မှာ သူ့အဖေ၏ ဗီဇသွေးပါလာသလား။ ဒါမှမဟုတ်၊ အတုမြင် အတတ်သင်ခြင်းပဲလား။ သူများပစ္စည်းကို ခိုးတာဝှက်တာ မကောင်းကြောင်း ဂေါ်လစ်ကို ဆုံးမရခြင်းသည် သူတို့မိသားစုကို ချောင်ချောင်လည်လည် ထားနိုင်သော သူ့အဖေ၏ အလုပ်အကိုင်ကို စော်ကားသလို ဖြစ်နေသလား။ ဂေါ်လစ်ကကော ဒါမျိုးတွေကို မကောင်းသော အပြုအမူဟု နားဝင်လက်ခံနိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် ကျောင်းထားဖြစ်အောင် ဆက်ထားနေသေးသော ဂေါ်လစ်အမေ၏ အမြော်အမြင်ရှိမှုကိုတော့ ချီးကျူးရလိမ့်မည်။ သည်လိုဆိုတော့ ဂေါ်လစ်ကို ဝိုင်းဝန်းထိန်းသိမ်းတည့်မတ်ပေးနိုင်ဖို့ အခွင့်အလမ်းရှိသည်ဟု ဆိုရမည်။

ဂေါ်လစ်မှာ သူခြိမ်းခြောက်ထားသောကြောင့်လား၊ သူ့ဘာသာပဲ အရှက်တရားလေးနှင့် ထိန်းနေလားမသိ။ ပြဿနာ သိပ်မတွေ့လာတော့။ သူကလည်း တစ်ပတ် တစ်ခါလောက် မုန့်ဝယ်ကျွေးသည်။ ဆရာမကြီးက အခါအားလျော်စွာ ခဲတံ၊ ပေတံ၊ ဗလာစာအုပ် စသည်ဖြင့် ပေးသည်။ ဒေါ်ခင်စိုးမြင့်က မကြာခဏဆိုသလို...

"ဂေါ်လစ်ရေ... ဆရာမကို နေကြာစေ့တစ်ထုပ် ဝယ်ပေးစမ်းပါ၊ မင်းလည်း တစ်ကျပ်ဖိုးဝယ်စား"

ဆိုပြီး နိုင်သလောက် ဝင်ကူသည်။



www.burmeseclassic.com

သည်လိုနှင့် ဂေါလစ်အခြေအနေမှာ တိုးတက်လာခဲ့သည်။ ဘာပစ္စည်းပဲ ကောက်ရကောက်ရ လာပေးရမည်ဟု သူက ဆိုထားခဲ့သည်။ ဂေါလစ်မှာ မျက်စိလည်းလျင် နေရာတကာလည်း ရောက်တတ်သူမို့ မကြာခဏ ပစ္စည်းကောက်ရတတ်သည်။ ကောက်ရတိုင်းလည်း လာလာအပ်တတ်သည်။ လက်တစ်ဆစ်လောက်သာရှိ၍ သူများလွှင့်ပစ်ထားသော ခဲတံ၊ လက်သည်းခွံလောက်ရှိသည့် ခဲဖျက်အပိုင်းအစကလေးတွေ နောက်ဆုံး တွယ်ချိတ်တို့ ကလစ်တို့ကအစ လာအပ်သဖြင့် ပြုံးရသည့် အကြိမ်ပေါင်း မနည်းတော့။

သို့တိုင်အောင် သူ၏ အကောင်းဘက် ရောက်လာသော စိတ်ဓာတ်ကလေးကို အားပေးချင်သဖြင့် အပ်သမျှ ပစ္စည်းကို လက်ခံရသည်။ သူ့ကို ချီးကျူးစကား ပြောရသည်။ ဂေါလစ်ကလည်း ဒါကို ကြည်နူးသာယာတတ်လေသည်။

*

အိမ်ပြန်ရောက်တော့ အိမ်ရှင် အဒေါ်ကြီးက စာတစ်စောင် ရောက်သည်ဟု ပြောပြီး ပေးသည်။ စာအိတ်ပေါ်က လက်ရေးကို ကြည့်ပြီး ယောက်ဖ ကိုချစ်ဆီကမှန်း သိလိုက်၏။ စာကို ဖောက်ဖတ်သည်။ အိတ်ပေါ်မှာ ကိုချစ်က လိပ်စာရေးပေးခြင်းသာ ဖြစ်၏။ အထဲမှစာက အစ်မရေးလိုက်ခြင်း ဖြစ်၏။ စာကိုကြည့်ပြီး မျက်လုံးပြူးချင်သွားသည်။

"ရင်ရင်ရွှေနဲ့ကိစ္စကိုလည်း အစ်မကတော့ မြန်မြန်စီစဉ်လိုက်ချင်တယ်၊ လက်ထပ်ပြီးရင် ရန်ကုန်ကို ရင်ရင်ရွှေကို ခေါ်ချင်လည်း ခေါ်သွား၊ သို့တည်းမဟုတ် မင်းအလုပ်က ထွက်ပြီး မိတ္ထီလာက ကိုချစ်သူငယ်ချင်း ပွဲရုံမှာ အလုပ်ဝင်လုပ်



www.burmeseclassic.com

လည်း ရတယ်၊ သူတို့မှာ ယုံကြည်ရမယ့် လူရင်းတစ်ယောက် လိုတယ်ပြောတယ်၊ စရိတ်ငြိမ်း တစ်လသုံးထောင်လောက် ပေးမတဲ့၊ နောက်ပိုင်း ကိုယ်ကျွမ်းကျင်သွားတော့ ပွဲရုံခွဲထောင်ဖို့ အရင်းအနှီးလည်း ထုတ်ပေးပါ့မယ်ဆိုတယ်၊ အေးလေ... ဒါကတော့ သင့်သလို ကြည့်စီစဉ်ကြတာပေါ့"

သည်အတိုင်းဆိုလျှင် အခြေအနေကတော့ သိပ်မလွယ်လှချေ။ အစ်မကို သူက စကားနည်းရန်စဲသဘောဖြင့် "ရင်ရင်ရွှေက ငယ်ပါသေးတယ်၊ နောက်တော့ ကြည့်လုပ်တာပေါ့"ဆိုပြီး ချွေးသိပ်ခဲ့သည်။ အစ်မက တကယ်မှတ်ပြီး သူ့စိတ်ကူးနှင့်သူ လျှောက်လုပ်နေသည်။ ခုကိစ္စကို မျှော်ထားလို့ မဖြစ်တော့။ ခုတောင် တော်တော်စကားကျွံသွားပြီလား မသိ။ ကျွံလည်း မတတ်နိုင်။ စောစောစီးစီး ဇာတ်လမ်းကို ဖြတ်ပစ်မှ ဖြစ်မည်။ မျက်နှာပူစရာရှိလည်း အစ်မဘာသာ ကြည့်လုပ်ပေတော့။

ရင်ရင်ရွှေကို မယူနိုင်ဘူးဆိုတာလောက်နှင့် အစ်မက လက်ခံမည်မဟုတ်။ ငါ့မောင် ငါဖျောင်းဖျရင် ရမှာပဲဆိုပြီး ဆက်လုပ်ချင် လုပ်မည်။ သည်တော့ တစ်နည်းပဲရှိသည်။ ရန်ကုန်မှာ မိန်းမ ရနေပြီလို့ ပြောမလား။ သည်လောက်တော့ ပြောလို့ မဖြစ်သေး။ အစ်မက ယုံရတာမဟုတ်။ ရန်ကုန်ဆင်းချလာလျှင် ခက်မည်။ ရန်ကုန်ရောက်လာလို့ ပြစရာ မိန်းမမရှိလျှင် ဟာသဇာတ်ကားတွေထဲကလို တစ်ယောက်ယောက်ကို မိန်းမအတုအဖြစ် ငှားရမလို ဖြစ်နေလိမ့်မည်။ အကောင်းဆုံးကတော့

"ရွာကိုပြန်ရောက်တုန်းက အစ်မဆူမှာစိုးလို့ မပြောဖြစ်ခဲ့တာ၊ ရန်ကုန်မှာ ကျွန်တော် လက်ထပ်ဖို့ ကတိပေးထားပြီးတဲ့ မိန်းကလေး တစ်ယောက် ရှိတယ်၊ သူက ကျောင်းဆရာမပဲ၊ ရန်ကုန်သူ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ ပဲခူးဘက်ကပါ၊ သိပ်ရိုးသားတယ်၊ ချောလည်း ချောပါတယ်၊ အစ်မမြင်ရင် သဘောကျမှာပါ”

စသည်ဖြင့် စာတစ်စောင်ရေးပြီး အစ်မဆီ ထည့်လိုက်၏။ စာဖတ်ပြီးလျှင် အစ်မတော့ အံ့ပဲအံ့သြမလား၊ စိတ်ပဲဆိုးနေမလား မသိ။

ခုလို အစ်မကို အသိပေးလိုက်သည့်အတွက် တစ်ဖက်မှ ကိစ္စအေးသွားသလို တစ်ဖက်ကလည်း ပြဿနာတစ်ခု ရှိလာသည်။ စာထဲမှာ ရေးထားသည့်အတိုင်း တကယ်ဖြစ်အောင် လုပ်ဖို့ တာဝန် ရှိလာခြင်းပင် ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒေါ်ခင်စိုးမြင့်ကို အနေးနှင့်အမြန် ဖွင့်ပြောရတော့မည်။ သည်လို မပြောမဖြစ်အောင် လုပ်ချင်လို့ပဲ အစ်မဆီကို စာရေးလိုက်မိလေသလား မသိ။ ကိုယ့်ကိုယ်ကို သတ္တိမွေး တွန်းအားပေးချင်နေမှန်း သိသာနေတာတော့အမှန်ပဲ။

*

အမြန်ဆုံး ဖွင့်ပြောမှ ဖြစ်မည်ဆိုသော ဆုံးဖြတ်ချက်သည် စိတ်ကူးအဆင့်မှာပဲ ရှိနေသေးသည်။ သည်ထက် တက်မလာသေး။ မနက်ဖြန် ပြောဖြစ်အောင် ပြောမည်ဟု သိန္နိဋ္ဌာန် ချခဲ့ပြီးမှ နောက် တစ်နေ့လည်းရောက်ရော ညသိပ်ထားသည့် မိုးပျံပူဖောင်း တစ်လုံးလို အားလျော့နေတတ်တာ အကြိမ်ကြိမ်။ သည်နေ့တော့ ကျိန်းသေပဲဆို အားခဲပြီးမှ ကျောင်းလည်းရောက်ရော ဆရာမကြီးက အလုပ်ကိစ္စ တစ်ခုနှင့် အပြင်ကိုခိုင်းလို့ သွားရတာတို့၊ လူမလစ်လို့ မပြောဖြစ်လိုက် တာတို့နှင့် ကြုံရသည်။ စာနဲ့ရေးပြီး ပြောဖို့ဆိုတာကလည်း သည် အသက်အရွယ် ရောက်နေသော ကျောင်းဆရာတစ်ယောက်အတွက် မတင့်တယ်ပြန်ချေ။

သည်လိုနှင့်ဒီဇင်ဘာ ကျောင်းပိတ်ရက်ကို တိုင်ခဲ့သည်။ အစ်မနှင့်


www.burmeseclassic.com

လောလောဆယ် ရင်မဆိုင်ချင်သေးသဖြင့် ရွာကို မပြန်ဘဲ နေလိုက်သည်။ အစ်မကလည်း သူရေးလိုက်သောစာကြောင့် စိတ်ဆိုးသွားသလား မသိ။ စာပြန်မရေးဘဲ နေသည်။

ကျောင်းပိတ်ရက်အတွင်းမှာ စာဖတ်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နှင့်သာ အချိန်ကုန်သည်။ ဒေါ်ခင်စိုးမြင့်တို့အိမ် သွားလည်ရကောင်းမလားဟု စဉ်းစားမိသေးသည်။ သူ့မှာ သည်လောက်သတ္တိမရှိ။

ယောင်ချာချာ လုပ်နေရင်း ကျောင်းဖွင့်ရက် ပြန်ရောက်လာသည်။ ဟိုတစ်ခါတုန်းက ရွာကို ပြန်နေရင်း အဝေးက သတိရတာ။ ခုဟာက ရန်ကုန်မှာ တူတူရှိနေပါလျက် ကိုယ့်သတ္တိနှင့်ကိုယ် မတွေ့ရတာ။ သတိရမိတာချင်းတော့ တူတူပဲဟု ထင်သည်။ ကျောင်းစဖွင့်သည့်နေ့မှာ စိတ်လှုပ်ရှား တက်ကြွစွာ ကျောင်းပြန်တက်ခဲ့ရပြန်သည်။

"ဘယ်လိုလဲ ဆရာ၊ သိပ်အချိန်ဆွဲမနေနဲ့နော်၊ ခင်စိုးမြင့်ကချောတော့ သဘောကျတဲ့လူတွေ များမှာပဲ၊ တော်ကြာ မောပြီးကျန်ခဲ့မယ်နော်"

ဆရာမ ဒေါ်အေးအေးချစ်က စကားစပ်ပြီး တိုက်တွန်းလာပြန်သည်။ သည်တစ်ခါတော့ အရင်လို အကြောက်အကန် မငြင်းမိဘဲ ပြုံးရုံသာ ပြုံးနေလိုက်မိ၏။

"ဆရာ မပြောရဲရင် ကျွန်မ ပြောပေးရမလား"

ဟု ဒေါ်အေးအေးချစ်က နောက်သလိုလို ပြောင်သလိုလိုလုပ်ပြီး သွေးတိုးစမ်းသည်။ ဒေါ်အေးအေးချစ်ကိုပဲ အောင်သွယ်ခိုင်းရကောင်းမလားဟု တွေးမိသေးသည်။ ဒါကျတော့လည်း သတ္တိနည်းရာ



www.burmeseclassic.com

www.burmeseclassic.com

ကျလွန်းသည်ဟု ထင်၏။

ဒေါ်အေးအေးချစ်တို့အနေဖြင့် အတွေ့အကြုံ ရင့်ကျက်သူများပီပီ သူ့မျက်နှာ အမူအရာကို အကဲခတ်ကြည့်ပြီး အတွင်းစိတ်ကို ခန့်မှန်းသိရှိသွားနိုင်သည်။ ဒေါ်ခင်စိုးမြင့်ကိုလည်း "ဆရာ ဦးမြင့်ကြည်က စိုးကို စိတ်ဝင်စားနေပုံ ရတယ်"ဟု ပြောမှာ သေချာသည်။

သည်တော့ ပြောစရာရှိတာ မြန်မြန်ထက်ထက် ဖွင့်ပြောလိုက်ဖို့သာ ရှိတော့သည်။ တစ်ခုပဲ ရှိသည်။ ဒေါ်ခင်စိုးမြင့်ကကော သူ့အပေါ် ဘယ်လိုသဘောထားသလဲဆိုတာ ယေဘုယျသဘော ပြောရလျှင်တော့ မဖြစ်နိုင်စရာ အကြောင်းမရှိ။ သို့တိုင်အောင် သည်လိုကိစ္စမျိုးဆိုတာ မသေချာသေးဘဲ အဆုံးစွန်တွေးလျှင် ကိုယ့်ကိုယ်ကို အထင်ကြီးရာ ကျမည်။

သည်လို အခြေအနေမျိုးမှာ အစ်မဆီက စာတစ်စောင် ရောက်လာခဲ့သည်။

**မောင်မြင့်ကြည်**

အစ်မ စာရေးလိုက်ပါတယ်၊ ခရစ္စမတ် ကျောင်းပိတ်ရက်တုန်းက ဘာကြောင့် ရွာကို ပြန်မလာရသတုံး။ အစ်မကတော့ မင်းလာလိမ့်မယ် ကျိန်းသေပဲဆိုပြီး မင်းလာမယ့်ရက်ကို မှန်းပြီး ဟင်းတွေ ချက်ထားသေးတယ်။ မင်းအစ်ကိုကလည်း မင်းကို မျှော်နေတာပဲကောကွယ်။ အေးလေ... မင်း မလာတာပဲ ခပ်ကောင်းကောင်းရယ်။ ဘာကြောင့်ဆိုတော့ ရင်ရင်ရွှေတို့ သားအမိကို မျက်နှာပူစရာ ဖြစ်နေတာကိုး။ အခုတော့ ရင်ရင်ရွှေလည်း အိမ်ထောင်ပြုသွားပါပြီ။ မလှိုင်က


www.burmeseclassic.com

ကိုသိန်းဝင်းဆိုတဲ့ လူနဲ့ပဲ။ အဲသည်လူက အသက်တော့ ကြီးပါပြီ။
ဒါပေမဲ့ ကုန်ကားသုံးစင်းလောက် ပိုင်တယ် ဆိုတော့ ကောင်မလေးတို့ သားအမိ ချောင်ချောင်လည်လည် ဖြစ်သွားတာပေါ့။

ရန်ကုန်မှာ မင်းလက်ထပ်ဖို့ ရည်စူးထားတဲ့ မိန်းကလေး ရှိနေတယ် ကြားတော့ အစ ပထမတော့ အစ်မလည်း စိတ်ပူမိတယ်။ အစ်မကို ကြိုပြီး အသိပေးဖော် မရရကောင်းလားလို့ စိတ်ဆိုးမိပါသေးတယ်။ နောက်ပြီးကျတော့မှ ရန်ကုန်သူ မဟုတ်ဘူးဆိုလို့ စိတ်သက်သာရာ ရသွားတယ်။ မင်းအစ်ကို ကလည်း ကျောင်းဆရာမဆိုရင် တည်တည်ငြိမ်ငြိမ် ဖြစ်မှာပါလို့ ပြောတယ်။

အစ်မတို့သဘောကတော့ လူငယ်ချင်း သဘောမျှပြီး နေကြပြီပဲဟာ သိပ်အချိန်ဆွဲမနေစေချင်ဘူး။ သည်နွေ ကျောင်းပိတ်ရက်ဆိုရင် ဘယ့်နှယ်နေမလဲ စဉ်းစားပါ။ အစ်မတို့ ရန်ကုန်လာပြီး တစ်ဖက်မိဘတွေကို ပြောဆိုပေးဖို့ကိုလည်း ကြိုကြိုတင်တင် ပြောပါ။ ဒါမှ သည်ကလည်း စီစဉ်စရာရှိတာ စီစဉ်နိုင်အောင်ပေါ့။ မင်းအစ်ကိုကလည်း ကိုယ့်ဘက်က ဂုဏ်မငယ်ရအောင် လက်ထပ်ပွဲကို အတော်အသင့် ခမ်းခမ်းနားနားလေးဖြစ်အောင် ကြိုးစားပြီး လုပ်ပေးဖို့ ပြောတယ်။

မိန်းကလေးကို အစ်မတို့လည်း မြင်ဖူးထားရအောင် ဓာတ်ပုံတစ်ပုံလောက် ပို့ပေးပါလားကွယ်။

အစ်မတို့က လုပ်ချလိုက်ပြန်ပြီ။ ထုံးစံအတိုင်း အကြောင်းအချက်ကလေး တစ်ခုရတာနဲ့ တစ်ခါတည်း အဆုံးစွန်ထိ စွတ်တင်ချလိုက်တာပဲ။ ဘာပဲဖြစ်ဖြစ် တစ်ခုတော့ ကောင်းသည်။ တစ်ဖက်



www.burmeseclassic.com

ပြဿနာတစ်ခု ရှင်းသွားတော့ တစ်ဖက်မှာ အပြတ်ပုံအောလိုက်ဖို့သာ ရှိတော့သည်။

မအောလို့လည်း မဖြစ်တော့။ သည်နွေ ကျောင်းမပိတ်ခင်မှာ ဒေါ်ခင်စိုးမြင့်ကို ဖွင့်ပြောဖြစ်အောင် ပြောရမည်။ အဖြေကိုပါ ရဖို့ လိုသည်။ ဒါမှ ကျောင်းပိတ်ရက် ရွာပြန်သည့်အခါ မင်္ဂလာသတင်းကောင်းကို သယ်ဆောင်သွားနိုင်မည်။

သည်တော့ မနက်ဖြန်မှာ ဖွင့်ပြောဖြစ်အောင် ပြောရမည်။ ပစ်ပစ်ခါခါ ငြင်းဆန်ခံရတာမျိုး မဖြစ်ပါစေနှင့်လို့သာ ဆုတောင်းရပေသည်။

*

စိတ်ရွှင်လန်း တက်ကြွစွာ အိပ်ရာက နိုးခဲ့သည်။ မျက်နှာသစ်ဖို့ ရေကပြင်ကို ထွက်လိုက်သောအခါ ရာသီဥတုက ပုံမှန်မဟုတ်ကြောင်း သတိပြုမိ၏။ ဆောင်းနှောင်းဖြစ်သောကြောင့် အအေးဓာတ် မကုန်သေးသည့်တိုင် ကောင်းကင်က ကြည်လင်နေရမည်။

ခုကျတော့ အုံ့မှိုင်းမှိုင်း ဖြစ်နေ၏။ ကောင်းကင်ကို မော့ကြည့်တော့ မိုးသားတွေကို တွေ့ရသည်။ လေက နည်းနည်းထန်ချင်သလို ရှိပြီး တိမ်မည်းပါးပါးတွေ တရိပ်ရိပ် ပြေးနေ၏။

စိတ်ထဲမှာ နည်းနည်းတော့ လေးချင်သလို ထင့်ချင်သလို ဖြစ်မိ၏။ နိမိတ်တွေဘာတွေ ယုံတတ်လို့တော့ မဟုတ်။ နောက်မှ တစ်ခုသွားစဉ်းစားမိသည်။ သူတို့ အညာမှာဆိုလျှင် မိုးကို အမျှော်ကြီး မျှော်ရသည်။ မိုးရွာလျှင် ပျော်ရသည်။ မိုးနှင့်သည် အောင်မြင်ခြင်းရန် ဖြစ်၏။ သည်တော့ သူ့လို အညာသားတစ်ယောက်အဖို့ မိုးရွာခြင်းသည် လာဘ်ကောင်းသည်ဟု ဆိုနိုင်၏။

မနက်ပိုင်း တစ်ချိန်လုံးကို ဒေါ်ခင်စိုးမြင့်နှင့်တွေ့လျှင် ဘာတွေ



www.burmeseclassic.com

ပြောမည်ဟု လေ့ကျင့်စဉ်းစားရင်း အချိန်ကုန်သည်။ မနက်စာ အတွက်ပင် ဖြစ်ဖြစ်မြောက်မြောက် မစီစဉ်မိတော့။ ထမင်းကို ဆီချက်ကလေးထည့်၊ ပုစွန်ခြောက်မှုန့်ထည့်၊ ငံပြာရည်ဆမ်းပြီး ထမင်းသုပ်လိုလုပ်၍ စားလိုက်သည်။ ကြက်သွန်နီကိုက်မည်ပြုပြီးမှ ပါးစပ်နံမည်စိုး၍ မစားဖြစ်တော့။

ကျောင်းသူလေး အေးသီရိထွေး ကန်တော့ထားသော ကျောင်း စိမ်းလုံချည်ကို ဝတ်သည်။ ဆရာကန်တော့ပွဲကရသော မန္တလေး ရှပ်အင်္ကျီအဖြူ အသစ်စက်စက်ကို ထုတ်ဝတ်သည်။ တိုက်ပုံအင်္ကျီ ကတော့ ပြီးခဲ့သည့်အခေါက်က ရွာမှ အစ်မပေးလိုက်သော ပင်နီချော ဖြစ်၏။ သူ့မှာ ရှိသမျှထဲတွင် အကောင်းဆုံး အသားနားဆုံးဖြစ်အောင် ဆင်ယင်ပြီးမှ ကျောင်းကို ထွက်လာခဲ့သည်။

ကျောင်းဝင်းထဲသို့ ဝင်လိုက်သည့်အချိန်တွင် မိုးစက်ကလေးတွေ တစ်ပေါက်နှစ်ပေါက် ကျလာသည်။ အချိန်အခါမဟုတ် ရွာသော မိုးလိုပင် ရုတ်တရက် ဖွင့်ပြောလာသည့် သူ့စကားကြောင့် ဒေါ်ခင်စိုးမြင့် အံ့သြသွားလေမလားမသိ။

မအံ့သြလိုက်ပါနဲ့ စိုးလေးရေ... ခုမှ ရုတ်ရက် ဖွင့်ပြောရပေမဲ့ ရင်ထဲမှာ ကိန်းအောင်းနေခဲ့တာက ကြာပါပြီ။ ဟိုအရင်ကတည်းက ကိုယ့်မျက်လုံးတွေကို အဓိပ္ပာယ် ကောက်တတ်ရင် သိမှာပါနော်။

"ဩော်... ဆရာ အတော်ပဲ"

ဟု ဆရာမကြီး၏ နှုတ်ဆက်သံ ကြားသဖြင့် အတွေးပြတ် သွားရ၏။

"ဟုတ်ကဲ့ ဆရာမကြီး"

"ဒီလိုပါ ဆရာ၊ ဒီနေ့ ဒေါ်ခင်စိုးမြင့် ခွင့်ယူထားလို့ သူ့



www.burmeseclassic.com

အတန်းကို ဆရာ တွဲကိုင်ပေးဖို့ ပြောမလို့"

"ဟုတ်... ဟုတ်ကဲ့ ရပါတယ် ဆရာမကြီး"

ရုတ်တရက် စိတ်ကျရောဂါ ဝင်လာသလား ထင်ရသည်။ အားအင်တွေ ကုန်ခန်းသွားသလိုပင်။ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့။ သူ့အချစ်မှာ တော်တော် ရင့်သန်နေပြီဖြစ်ကြောင်း ဝန်ခံသိ သိလိုက်ရ၏။

အတန်းထဲ ဝင်လာပြီးနောက် တစ်ဖက်အတန်းကို လှမ်းကြည့်မိသေးသည်။ မရှိမှန်း သိပါလျက် လွတ်နေသော စားပွဲကိုကြည့်ပြီး လွမ်းမိသလိုလို ဖြစ်ရသေးသည်။

အတန်းနှစ်တန်းကိုခွပြီး ထိန်းရသဖြင့် နားဖို့ အချိန်မရ။ တာဝန်ကို လေးစားတတ်သူမို့သာ ဝတ္တရားမပျက် စာသင်နေခြင်း ဖြစ်၏။ သို့မဟုတ်လျှင် အိမ်ပြန်ပြီး အိပ်ရာထဲမှာ လိမ့်ပိန့်နေမိပေလိမ့်မည်။

သည်ကြားထဲ မိုးက နည်းနည်းသည်းလာပြီး ရွာနေပြန်သည်။ အိမ်မှ ထွက်လာတုန်းက မိုးကို လာဘ်ကောင်းသည်ဟု ထင်ခဲ့သော်လည်း ခုကျတော့ မကောင်းသော နိမိတ်ဟု ထင်ချင်လာမိ၏။ အလွန်ကျောင်းတက်မှန်သော လူတစ်ယောက်က သည်နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ခွင့်ယူထားသည်။ မိမိတို့နှစ်ယောက်မှာ ကံမဆုံချင်လို့များလားဟု တွေးပြီး စိုးရိမ်စိတ် ဝင်လာသည်။

အခါမဲ့မိုးကလည်း သူ့စိတ်တွေကို ပို၍ လေးလံထိုင်းမှိုင်းစေသော အကြောင်းတစ်ရပ် ဖြစ်၏။ မုန့်စားကျောင်းဆင်းသည်အထိ မိုးက မစဲသေး။ ကလေးတွေကို လွှတ်လိုက်ပြီးနောက် စားပွဲမှာပင် ထိုင်ငိုင်နေသည်။

ထိုစဉ်မှာပင် ကျောင်းသူလေးနှစ်ယောက် သူ့ရှေ့မှာ လာ



www.burmeseclassic.com

ရပ်သည်။

“ဘာလဲ စန္ဒာထွန်း“

“သမီး ပိုက်ဆံပျောက်သွားလို့ ဆရာကြီး”

တစ်ယောက်က ပြောသည်။

“ပိုက်ဆံပျောက်တယ်၊ ဘယ်လောက်လဲ”

“ဆယ့်ငါးကျပ် ဆရာကြီး”

“ဟဲ့… များလှချည်လား၊ မုန့်ဖိုးက ဘယ်လောက်ရလို့လဲ”

“မဟုတ်ဘူး ဆရာကြီး၊ ဒီနေ့မနက် မေမေ့ဆီ မုန့်ဖိုးတောင်းတော့ ငါးကျပ်တန် မရှိလို့ဆိုပြီး သုံးရက်စာ ဆယ့်ငါးကျပ်တန် ပေးလိုက်တာ”

“ပိုက်ဆံက ဘယ်မှာ ထားလို့လဲ”

“ခါတိုင်းတုန်းကတော့ ကွန်ပါဘူးထဲထည့်တာ၊ ဒီနေ့ ကျောင်းချိန်နီးနေလို့ လွယ်အိတ်ထဲပဲ ထည့်လာခဲ့တာ”

“စာအုပ်တွေဘာတွေထုတ်ရင်း ထွက်ကျတာ ဖြစ်မယ်၊ ခုနားမှာ သေသေချာချာ ရှာပြီးပြီလား”

“ရှာပါတယ်၊ မတွေ့ဘူး”

“အင်း…ဒါဆို ကျောင်းကိုအလာမှာ”

“မဟုတ်ဘူး ဆရာကြီး၊ ဂေါ်လစ်ယူတာ”

အဖော်လိုက်လာသော အေးသီရိထွေးက ဝင်ပြောသည်။

“ဘာ… ဘယ်လို”

“ဟုတ်တယ် ဆရာကြီး ကျောင်းမတက်ခင် သမီးတို့ဆော့နေကြတုန်း သူ သမီးလွယ်အိတ်ကိုကိုင်တာ တွေ့တယ်”

ထစ်ခနဲရှိ ဂေါ်လစ်ကို စွပ်စွဲချင်ကြတာက ခုထိ အစွဲလိုဖြစ်နေကြ



www.burmeseclassic.com

တုန်းပါလား။ ဂေါလစ်မှာ သူဆုံးမသွန်သင် ပြုပြင်ထိန်းသိမ်းထားသဖြင့် တော်တော် လိမ္မာသော ကလေးတစ်ယောက် ဖြစ်နေပြီ။ သို့တိုင်အောင် အရင်ကပြုခဲ့သည့် ပြဿနာလေးများ၏ အကျိုးဆက်ကို ခုထိ ခံနေရတုန်းဖြစ်၏။ ကလေးအချင်းချင်းက သူ့ကို အမြင်မရှင်းကြ သေးကြောင်း ဝမ်းနည်းဖွယ် သိလိုက်ရသည်။ တတ်နိုင်သလောက် အကာအကွယ်ပေးဖို့ လိုအပ်သည်ဟု ယူဆသဖြင့်...

"လွယ်အိတ်ထဲကနေ ပိုက်ဆံကို ဂေါလစ်နှိုက်တာကို သမီးတို့ ကိုယ်တိုင်မြင်သလား"

စန္ဒာထွန်းက...

"မြင်တော့ မမြင်ပါဘူး၊ ဒါပေမဲ့ သူမယူရင် ဘယ်သူယူမလဲ"

"တပ်အပ်မမြင်ဘဲနဲ့ မစွပ်စွဲရဘူးလေ"

သူ့လေသံက နည်းနည်းမာသွားသည်။ စန္ဒာထွန်း မျက်လုံး လေးဝိုင်းပြီး သူ့ကိုကြည့်နေ၏။ အေးသီရိထွေးက...

"ဒါဆိုရင် သူက ဘာလို့ မုန့်ဝယ်စားရတာလဲ၊ ဂေါလစ် ဆယ့်ငါးကျပ်တန်နဲ့ မုန့်ဝယ်နေတာ သမီး မြင်ခဲ့တယ်"

သူ တွေခနဲ ဖြစ်သွားရ၏။ စဉ်းစားစရာတော့ ရှိလာပြီ။ ဂေါလစ်မှာ ဆယ့်ငါးကျပ်တန် ကိုင်သုံးနိုင်လောက်သော အခြေအနေ မရှိ။ ပျောက်သွားသည့်ငွေနှင့် တိုက်ဆိုင်မှုက ရှိလာပြီ။ စန္ဒာထွန်းတို့ ကျေနပ်အောင် ဂေါလစ်ကိုစစ်မေးဖို့ လိုအပ်လာသည်။

"ကဲ... ဒါဆို"

သူက ဦးဆောင်ပြီး မုန့်စားတန်းဘက် ထွက်ရန်လာခဲ့သည်။ ကျောင်းရှေ့ ဆင်ဝင်အမိုးအောက်အရောက်တွင် မိုးစက်မိုးပေါက်တွေ ကြားမှ ပြေးလာနေသော ဂေါလစ်ကို လှမ်းမြင်ရသည်။ ဂေါလစ်၏ လက်ထဲမှာ ဗာဒံရွက်နှင့် ထည့်ထားသော ကြာဆံသုပ်လို စားစရာမျိုး



www.burmeseclassic.com

တွေနှင့် ကျန်လက်တစ်ဖက်မှာ အချဉ်ထုပ်၊ နေကြာစေ့ထုပ်တွေ ကိုင်ထားတာ တွေ့ရ၏။

"ဟိုမှာ တွေ့လား ဆရာကြီး"

စန္ဒာထွန်းက ပြောသည်။ ဂေါ်လစ် တဖြည်းဖြည်း နီးလာသည်။ သူတို့ကိုတော့ မြင်ပုံမရ။ အနားအရောက်တွင်...

"ဟော့ကောင် ဂေါ်လစ်"

ဟု သူက လှမ်းခေါ်လိုက်သည်။ မိုးသံကြောင့်လား၊ သူ့ဆောနှင့် သူမို့လားမသိ။ ဂေါ်လစ်က မကြားဘဲ ရှေ့ကဖြတ်ပြေးသွား၏။

"ဟော့... မပြေးနဲ့"

စန္ဒာထွန်းက ပြောပြောဆိုဆို ဂေါ်လစ်ကို လှမ်းဆွဲလိုက်သည်။ မီရာကို လှမ်းဆွဲရသောကြောင့် အင်္ကျီလက်မောင်းစကို ဆွဲမိပြီး ဗြိခနဲ ပြဲထွက်သွားသည်။ လက်ထဲက ကြာဆံသုပ်အထုပ်ကလည်း မြေပေါ်သို့ ပြုတ်ကျသွား၏။ ဂေါ်လစ် စိတ်ဆိုးသွားပြီး...

"နင်ဘာလုပ်တာလဲ... ဟင်"

ဆိုပြီး လက်သီးနှင့် ရွယ်လိုက်သည်။ သူက "ဟော့ကောင်"ဆိုပြီး ဟန့်မှ တန့်သွားပြီး သူ့ကို မြင်သွားသည်။

"နင် ငါ့ပိုက်ဆံပြန်ပေး"

စန္ဒာထွန်းက ပြောသည်။ ဂေါ်လစ်က...

"ဘယ်က နင့်ပိုက်ဆံလဲ"

"ငါ့လွယ်အိတ်ထဲက နင်ခိုးသွားတဲ့ ပိုက်ဆံပေါ့"

"ဘာပြောတယ် ငါသူခိုးမဟုတ်ဘူး၊ နင့်ပိုက်ဆံ ငါမယူဘူး"

"နင်မယူရင် ဘယ်သူယူမလဲ"

"နင့်ပါးစပ် ပိတ်ထား၊ ငါဆွဲထိုးမိမယ်"



www.burmeseclassic.com

"ဟော့… တော်ကြစမ်း"

သူက ဝင်တားပြီး ဂေါ်လစ်ဘက်လှည့်၍…

"ဂေါ်လစ် မင်းသူ့လွယ်အိတ်ထဲက ပိုက်ဆံယူသလား"

"မယူဘူး ဆရာကြီး၊ သူများပိုက်ဆံ မယူရဘူးလို့ ဆရာကြီး ပြောထားတာပဲ"

"ဒါဆို သူ့လွယ်အိတ်ကို မင်းကိုင်တယ်ဆိုတာရော"

"လှလို့ ကိုင်ကြည့်တာပါ"

"ကောင်းပြီ အခုဝယ်လာတဲ့ မုန့်တွေအတွက် ပိုက်ဆံဘယ်က ရသလဲ"

"ခင်မောင်ဦး ပေးတာ"

"ဘာ… ခင်မောင်ဦးက မင်းကို ဘာအတွက် ပေးရသလဲ"

သူ့အသံက သက်မကင်းသည့် အရိပ်အယောင် ပါနေသည်။ ဂေါ်လစ်က သူ့ကို တစ်ချက်မော့ကြည့်ပြီး ခေါင်းပြန်ငုံ့လျက်…

"ခင်မောင်ဦးက သူ့မှာ ဒီနေ့ထီးမပါလာလို့တဲ့၊ သူက မိုးမိရင် နေမကောင်း ဖြစ်တတ်တယ်တဲ့၊ အဲဒါ မိုးရွာနေလို့ မုန့်ဆိုင် ကို သူသွားလို့မဖြစ်ဘူးတဲ့၊ ဒါကြောင့် သူ့အတွက် မုန့်သွားဝယ်ပေးရင် ကျွန်တော့်ကိုလည်း သုံးကျပ်ဖိုး ကျွေးမယ်ဆိုလို့ အခုသွားဝယ်ပြီး ပြန်လာတာ ဆရာကြီး"

သူ့ရင်ထဲ ကျင်ခနဲ ဖြစ်သွားရ၏။ ဂေါ်လစ်ကတော့ ပြီသွားသော အင်္ကျီလက်မောင်းစကိုကိုင်ရင်း ရွှံ့ဗွက်ထဲ ကျနေသော ကြာဆံသုပ်များကို ငေးကြည့်နေ၏။ ဂေါ်လစ်တစ်ကိုယ်လုံး မိုးရေ ရွဲရွဲစိုနေတာ ခုမှ သတိထားမိသည်။

*



www.burmeseclassic.com

သူ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ဘုန်းကြီးကျောင်းမှာ နေပြီး ကျောင်းတက်ခဲ့ရသည်။ ဘတ်စကားနှစ်ဆင့်စီးမှ ကျောင်းရောက်သည်။ သူက တစ်ဆင့်ပဲ စီးနိုင်သည်။ ကျန်တစ်ဆင့်ကို လမ်းလျှောက်ရသည်။ မကြာခဏဆိုသလို ကျောင်းဆင်းလျှင် ဘုန်းကြီးကျောင်းပြန်ရောက်သည်ထိ လမ်းလျှောက်ပြန်လေ့ ရှိသည်။

မနက်မသွားခင် အရဏ်ဆွမ်းမှကျန်သည့် ထမင်းဟင်းကိုစားပြီး ကျောင်းသွားသည်။ ကျောင်းမှာ ဘာမှ ဝယ်မစားနိုင်။ သူ့အနေနှင့် အပိုသုံးဖို့ကိစ္စကို လုံးဝ မစဉ်းစားနိုင်။ ဒါကိုသိသော သူငယ်ချင်းတွေက ကျွေးမွေးကြခြင်းဖြစ်သော်လည်း သိမ်ငယ်စိတ်ဝင်ရတာတော့ အမှန်ပင်။

သူတို့ သူငယ်ချင်းအုပ်စုထဲမှာ မိန်းကလေးတွေလည်း ပါသည်။ သူ့ကို ကရုဏာသက် ခင်မင်ကြသဖြင့် သူတို့ထမင်းဘူးထဲမှာ ထမင်းဟင်း ပိုထည့်လာပြီး သူ့ကို ကျွေးကြသည်။ သူကလည်း အလိုက်သိစွာ ပြန်လည်ကူညီသည်။ ကျောင်းလခငွေ သွင်းပေးခြင်း၊ ရုပ်ရှင်လက်မှတ် တန်းစီပေးခြင်း၊ ပစ္စည်းအတိုအထွာ ဝယ်ပေးခြင်း၊ အဆောင်သူငယ်ချင်း မြို့ပြန်လျှင် ပစ္စည်းတွေ သယ်ပိုး၍ ဘူတာ၊ သင်္ဘောဆိပ်တို့သို့ လိုက်ပို့ပေးခြင်း စသည်ဖြင့်…

ကြာတော့ ထိုကိစ္စများမှာ ဘာမှ မဆန်းသလို ဖြစ်သွားသည်။ တောက်တိုမည်ရ ခိုင်းစရာရှိလျှင် သူ့ကိုပဲ သတိရကြသည်။ ချိုးချိုးနှိမ်နှိမ်သဘောနှင့် ခိုင်းတာမျိုးတော့ မဟုတ်။ သို့တိုင်အောင် တစ်ခါတစ်ခါ သတိလက်လွတ်ဖြစ်ပြီး "မြင့်ကြည်ရေ ဓမ္မာရုံဝင်းထဲက ပုစွန်ကြော်သုပ် သွားဝယ်ပေးစမ်းပါ၊ နင်လည်း စားခဲ့ပေါ့"ဟု ခိုင်းတတ်တာမျိုး ရှိ၏။

ထိုစဉ်က သူ့ဘဝသည် ဂေါလစ်နှင့် ဘာထူးသနည်း။



www.burmeseclassic.com

တွေးရင်းငေးရင်း လျှောက်လာမိရာ သူနေသည့်လမ်းကို ကျော်လာခဲ့သည်။ အတွေးစပြတ်သွားသည့်အချိန်တွင် အရက်ဆိုင်နား ရောက်နေကြောင်း သတိပြုမိသည်။

သူခြေလှမ်းတစ်ချက် တန့်လိုက်သည်။ အရက်မသောက်ဖြစ်တာ ကြာပြီ။ ရွာပြန်သည့်အခါ ထန်းရည် နည်းနည်းပါးပါး သောက်ဖြစ်တာကလွဲလျှင် အရက်ခွက်ကို မကိုင်မိတာ ကျောင်းဆရာ စဖြစ်ကတည်းကပင် ဖြစ်၏။

ခုတော့ စိတ်ထဲက ထွေနေသဖြင့် သောက်လိုက်လျှင် ကောင်းမလားဟု စဉ်းစားမိသည်။ မိုးမရွာတော့သော်လည်း လေအေးက ဝေ့ခနဲ တိုက်လိုက်သဖြင့် တစ်ချက် စိမ့်သွားသည်။

သူသည် အရက်ဆိုင်က အမြည်းရောင်းသော ဆိုင်တန်းထဲသို့ လျှောက်ဝင်လာခဲ့လေသည်။ ဘယ်ဆိုင်မှာ ထိုင်ရင်ကောင်းမလဲဟု ကြည့်ရင်း လျှောက်လာတုန်း…

"ဆရာကြီး"

ခေါ်သံကြားသဖြင့် တုံ့ခနဲ ရပ်သွားရ၏။ လှည့်ကြည့်သည်။ ခုနစ်နှစ် ရှစ်နှစ်လောက်ရှိမည့် ကောင်လေးတစ်ယောက်က သူ့ဆီ လျှောက်လာပြီး ရှေ့မှာ လက်ပိုက်ရပ်သည်။ သူ့အတန်းက မဟုတ်သော်လည်း သူတို့ကျောင်းက ကျောင်းသားလေးတစ်ယောက် ဖြစ်ရမည်။

"ဆရာကြီး သောက်မလို့လား၊ ကျွန်တော်တို့ အမေဆိုင်မှာ ထိုင်ပါလား"

သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွား၏။

"ဆရာကြီးဆိုရင် အမေက အမြည်းဖိုးယူမှာ မဟုတ်ပါဘူး"

ကျောင်းသားလေးက ထပ်ပြောသည်။ သူချက်ချင်း ခေါင်းခါလိုက်၏။



www.burmeseclassic.com

"သောက်မလို့ မဟုတ်ပါဘူးကွာ၊ အသိတစ်ယောက် လာရှာတာပါ"

ဟုပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့၏။ ကျောင်းဆရာတစ်ယောက်ဆိုသည်မှာ ဂုဏ်သရေရှိ လူကြီးမင်းတစ်ယောက်ထက်ပို၍ အနေအထိုင် ဆင်ခြင်ဖို့ လိုအပ်ပါလားဟု တွေးမိလေသည်။

*

ဆရာတော့်ကျောင်းကို မရောက်ဖြစ်တာ လအနည်းငယ်ကြာသွားပြီ။ မနေ့က ညနေက ဆရာတော်လွှတ်လိုက်သည့် ကျောင်းသားလေးတစ်ယောက် အိမ်ကို ရောက်လာသည်။ အရေးကြီးသော ကိစ္စရှိ၍ လာခဲ့ပါဟု ဆရာတော်က မှာလိုက်သဖြင့် လာခဲ့သည်။

ကျောင်းဝင်းထဲကို ဝင်လိုက်တော့ ကျောင်းသားဘဝကို ပြန်သတိရ၏။ သူမနက်တိုင်း ဟင်းလေးအိုးကျိုရသော မီးဖိုဆောင်၊ ဆရာတော်အတွက် ချိုးရေသုံးရေ ခပ်ပေးရသည့် ရေတွင်း၊ တစ်ရပ်ကွက်လုံးကြားအောင် ခေါက်ခဲ့ရသည့် တုံးမောင်းကြီးစသည်ဖြင့် အမှတ်တရ ဖြစ်စရာ ကလေးများကို လှမ်းကြည့်မိသည်။

ကျောင်းပေါ်သို့ တက်ခဲ့သည်။ ဆရာတော်ကို ဝတ်ပြုပြီးနောက်...

"ဘုန်းဘုန်းဘုရား ခေါ်တယ်ဆိုလို့"

"အေး... ကိစ္စတစ်ခုရှိလို့ကွ"

ဆရာတော်သည် သက်တော်ကြီးရင့်နေပြီ ဖြစ်သော်လည်း အသံက အောင်မြင်ခဲ့ညားတုန်းပင်။

"တင်ပါ"

"ဒီလိုကွ ရှေ့စာသင်နှစ်ကစပြီး ငါတို့ရွာမှာ မူလတန်းကျောင်းဖွင့်တော့မယ်၊ အဲဒီမှာ မင်း ဆရာသွားလုပ်ရမယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ဟို… တပည့်တော်က ဒီကနေ့"

"အေး… ငါအားလုံး စီစဉ်ပြီးပြီ၊ ပြီးခဲ့တဲ့အပတ်က ငါ ပညာရေး ဝန်ကြီးရုံးကို ရောက်ခဲ့တယ်၊ အဲဒီက ပညာရေး အရာရှိက ငါ့ ဒကာရင်းပဲ၊ မင်းငါတို့ရွာက ကျောင်းကို ပြောင်းပေးဖို့ပြောတော့ နယ်က ရန်ကုန်ပြောင်းဖို့သာ ခက်တာပါတဲ့၊ ရန်ကုန်က နယ်ပြောင်းတာကတော့ ပြဿနာ မရှိပါဘူးတဲ့၊ နောက်ပြီး ဒီလို ကိစ္စမျိုးကို အထူးဦးစားပေးပြီး ဆောင်ရွက်ပေးရမှာတဲ့"

ဆရာတော်က သူ့ကို တစ်ချက်စိုက်ကြည့်ပြီး ဆက်ပြောသည်။

"ဒီတော့ကာ မင်း အခု နယ်ပြောင်းဖို့ လျှောက်လွှာတစ်စောင် ရေးခဲ့၊ မနက်ဖြန် ရုံးကဒကာ လာယူလိမ့်မယ်၊ ရှေ့နှစ် ကျောင်းဖွင့်အမီ ပြောင်းရွှေ့ခွင့် စာထွက်လာအောင် လုပ်ပေးလိမ့်မယ်၊ ကြားလား"

"တင်ပါ့ဘုရား"

ဆရာတော် မိန့်မှာသည့် စကားဆိုလျှင် သူငြင်းဆန်ခဲ့ရိုး ထုံးစံမရှိ။ ဆရာတော်က စီမံလျှင် ဘာပဲဖြစ်ဖြစ် သူလိုက်နာရမည်။ ဆရာတော်သည် သူ၏ ကျေးဇူးရှင်ဖြစ်၏။ သူ့ကို ဘွဲ့ရပညာတတ်ဖြစ်အောင် မွေးထုတ်ပေးခဲ့သော ရွာကို တစ်လှည့်တစ်ပြန် ကျေးဇူးဆပ်ဖို့ အတွက် သူဝန်မလေးနိုင်ချေ။ သူသည် ရန်ကုန်မှာ တစ်ယောက်တည်း သမား ဖြစ်၏။ သံယောဇဉ် တွယ်တာစရာဆို၍ တစ်ယောက်သောသူမှ တစ်ပါး…။

*

ဒေါ်ခင်စိုးမြင့်သည် သူပြောနေသည့် စကားများကို တည်ငြိမ်စွာ နားထောင်နေ၏။ အတွင်းစိတ်ထဲမှာတော့ ဘယ်လိုရှိနေမလဲ မသိ။ သူ့ရင်ထဲ၌ကား စကားလုံးများသည် ကျောင်းက လွှတ်လိုက်သော ကလေးများလို သူ့ထက်ငါ တိုးဝှေ့ထွက်ဖို့ ကြိုးစားနေကြသည်။


www.burmeseclassic.com

"ကျွန်တော် အခု ကျောင်းပိတ်ပြီး ပြန်ဖွင့်တဲ့အခါ ဒီကျောင်းမှာ ရှိမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ကျွန်တော် ပြောချင်နေတဲ့ စကားတွေ ပြောခွင့်ပြုပါ၊ ပြောချင်နေတာတော့ ကြာပါပြီ၊ အကြောင်းကြောင်းကြောင့် နှောင့်နှေးနေခဲ့ရတာပါ"

သူက စကားကို အဆက်မပြတ် ပြောနေမိ၏။ "ဆရာမကို ကျွန်တော် လက်ထပ်ပါရစေ"ဆိုသော စကားကို ပြောသောအခါ ဒေါ်ခင်စိုးမြင့်က အံ့သြသွားဟန် မပြချေ။ တကယ်တော့လည်း သည်လိုပြောလာလိမ့်မယ်ဆိုတာ သိသာနေတာ ကြာပြီပဲ။

"ကျွန်တော့်ကို လက်ခံနိုင်မလားဟင်၊ လက်ခံနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်၊ ကျွန်တော့် ဘဝတစ်သက်တာမှာ ဒီစကားမျိုးကို ဒီတစ်ခါပဲ ပြောခဲ့ဖူးပါတယ်၊ ကျွန်တော် ရွာကို မပြန်ခင် ဆရာမရဲ့ သဘောထားကို သိသွားပါရစေ"

BURMESE CLASSIC .com

သူသည် စာမရလျှင် မုန့်စားမဆင်းရဟု အမိန့်ထုတ်ခံထားရသော ကျောင်းသားလေးတစ်ယောက်လို တတ်သမျှ မှတ်သမျှတွေကို အထစ်အငေါ့မရှိအောင် ကြိုးစားပြီး တတွတ်တွတ် ပြောနေမိ၏။

ဒေါ်ခင်စိုးမြင့်က သက်ပြင်းတစ်ချက်ကို သိမ်မွေ့စွာ ချလိုက်ပြီး...

"မနက်ဖြန်ကျရင် ကမ္ဘာကြီး ပျက်တော့မယ်လို့ ဆရာထင်နေလို့လားဟင်"

ဟု မေးသည်။ သူသတိပြန်လည်လာပြီး...

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် သိပ်စိတ်ပူမိလို့ ခုလို လောရတာပါ၊ အင်းလေ... ဆရာမ အေးအေးဆေးဆေး စဉ်းစားပါ၊ တကယ်လို့ ဆရာမ လက်ခံနိုင်မယ်ဆိုရင် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ရွာက ကျောင်းကလေးကို ပြောင်းလို့ရအောင် ဆရာတော့်ဆီမှာ လျှောက်ပေးပါ့မယ်”

“ကျွန်မအမေနဲ့ တိုင်ပင်ပါရစေဦး”

“ကောင်းပါပြီ ဆရာမ၊ ကျွန်တော် ရွာကနေ ဆရာမဆီ စာရေးလို့ရမလား”

“ရပါတယ် ဆရာ၊ ရေးပေါ့”

သူ ခဏစဉ်းစားပြီး...

“စာရေးတဲ့အခါ ဆရာမကို စိုးလေးလို့ ကျွန်တော် ခေါ်ချင်တယ် ခွင့်ပြုနိုင်မလားဟင်”

ဒေါ်ခင်စိုးမြင့်က ပြုံးလိုက်၏။

“ဆရာ့ သဘောပါပဲ”

သူ ထရပ်လိုက်သည်။

“ကျေးဇူးပါပဲ ဆရာမ၊ ကျွန်တော်တို့ ရွာကလေးက ဆရာမကို ကြိုဆိုနေပါ့မယ်”

သူတစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။ “ဆရာ”ဟု ခေါ်လိုက်သံ ကြားသဖြင့် သူလှည့်ကြည့်သည်။ ဒေါ်ခင်စိုးမြင့်က သူ့ကို ပြုံးကြည့်နေရင်း ပြောသည်။


“ဆရာတို့ ရွာကလေးက တော်တော် သာယာမှာပဲနော်”

ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရသည် ထင်၏။ အမှန်က ခေါင်းလောင်းသံ မဟုတ်။ ရင်ခုန်သံများပင် ဖြစ်လေသည်။

**[ငိုအားနှင့်ရယ်အားစာအုပ်၊ ၁၉၉၆၊ ဇွန်မှ]**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com